
# နှင်းဦးဝေ

## မင်းကြောင့်သိပ်စိတ်ညစ်တယ်




နှင်းဦးဝေ



စာမူ ကြို တင် ခွင့် ပြု ချက် အမှတ် {၉၇}
မျက် နှာ ဖုံး ကြိုတင် ခွင့် ပြုချက် အမှတ် {၂၂၀}

ပထမအကြိမ်
၁၉၀၆ ခုနှစ်၊ ဩဂုတ်လ
အုပ်ရေ — ၂၀၀၀
တန်ဖိုး — နှစ်ဆယ်ကျပ်တိတိ

စီစဉ်သူ — မောင်ဥာဏ်ဝင်း {သတ္တမေဓာ}

...ိ်သူ — ဒေါ်ခင်သိန်း {၀၄၁၄}
သန်းထိုက်ရတနာပုံနှိပ်တိုက်
၀၄၊ လမ်း ၅၀၊ ရန်ကုန်မြို့။


...တ်ဝေသူ — ဦးတင်အုန်း {၀၉၄၃}
မိုးမင်းစာပေ
၉၃၊ ရိပ်သာလမ်း၊ လေးဒေါင့်ကန်ရပ်၊
သင်္ဃန်းကျွန်း၊ ရန်ကုန်။

...က်နှာဖုံးပန်းချီ — ပန်းချီမောင်ကျော်ညွန့် နှင့် အဖွဲ့

...ရခံ ပန်းချီ — ပန်းချီ သဲထာ

...ဖုံးရိုက် — စနေလရောင်

...ာလာခွဲ — ဝိန်းထွန်း ကြီးမြင့်



ကြည်ကြည်မြင့်

၁၆၀

ရာစု(၂)ခု လမ်းနှင့်တေဇလာ်းစေါင့်၊မထူးဝင်း

# နှင်းဦးငဝ

မင်းကြောင့် သိပ်စိတ်ညစ်တယ်

## အခန်း ( ၁ )

အပြာရောင် ဆီဒင်ကားလေး ငြိမ့်ကနဲ ထိုးရပ်သွားသည်။ နေရာက ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်၏ ဝိဇ္ဇာခန်းမ ရှေ့တည့်တည့်မှာ။

ကံ့ကော်တော ပန်းချီကားချပ်ကြီးမှာ အပြာရောင် ဆေးစက်ကလေးကြောင့် ပိုမို လှပသွားသည့်နှယ်။

မြကျွန်းသာ။

ဝိဇ္ဇာသိပ္ပံတက္ကသိုလ်နှင့် အပြာရောင် ဆီဒင်ကားတို့ တခုနှင့်တခု လိုက်ဖက်ကာ ပနံရနေသည်။





"ဟောဟိုမှာ....လာပြီ ငါ့မမ"

ဆီဒင်ကားပြာ ရှေ့ခန်း မောင်းသူနေရာ၌ ထိုင်နေသူအသက် နှစ်ဆယ်ခန့်ရှိ လူရွယ်လေးက သူ့ဘေးတွင် ထိုင်နေသည့် အောင်အောင့်ကို ပြောလိုက်သည်။

အောင်အောင်ကလည်း သူနှင့်ရွယ်တူ။

နှစ်ယောက်လုံး ဂျင်းဘောင်းဘီနှင့်၊ တီရှပ်နှင့်၊ ဆံပင်ကရှည်ရှည်နှင့်။

"ဘယ်မှာလဲကွ၊ ကျော်စည်သူ"

"ဟိုမှာလေ၊ ချိတ်အဝါနဲ့လာနေတာ ငါ့မမ"

ကျော်စည်သူ ညွှန်ပြရာသို့ အောင်အောင် ကြည့်သည်။

"အားပါး....တယ်မိုက်ပါလား၊ အဟုတ်ကို လှတယ်ဗျာ"

နှုတ်မှ ထုတ်ဖော်ချီးမွမ်းမိသည်အထိ အံ့သြသွားသည်။

ရခိုင်ချိတ်အကောင်းစား အဝါရောင်ကို အိုရှန် အဝါနုရောင် လက်ရှည်ဖြင့် တွဲဝတ်ထား၏။

လမ်းလျှောက်လာပုံက လှုပ်လီလှုပ်လဲ့။ ဆံပင်များက နက်မှောင်ပြီး တထွေးကြီးမို့ မြင်သူတိုင်း ရှုမော အံ့သြမဆုံး။

"ရှုပက အလင်္ကာမြောက်တယ်ကွ"

အောင်အောင်၏ အသံကျယ်ကျယ်ကြောင့် စည်သူက တံတောင်ဆစ်ဖြင့် တွက်လိုက်သည်။

"တိုးတိုးကွ၊ တိုးတိုးပြော၊ လာနေပြီ"
"နာမည်က ဘာတဲ့လဲ"
"ယမင်းပိုင်"

"အံမယ်....နာမည်လဲ အချောစားပဲကွ"

ိုင် သူတို့ကားရှိရာ လျှောက်လာသည်။

ရှက်ရွံ့ဟန်ကလေးများက ဣန္ဒြေရှင် မိန်း က လေး ဆိုသည်ကို မီးမောင်းထိုးပြသည့်နှယ်ပါ။

မျက်နှာက လှသည်။ မျက်လုံးက တောက် ပ သည်။ မျက်ခုံးစိမ်းသည်။ နှဖူးပြေသည်။

ပါးမို့မို့၊ နှာတံ၊ နှုတ်ခမ်း၊ မေးစေ့ စသည် စသည် တို့မှာ အလှများ စုဝေးနေသည်။

မြန်မာဆန်တဲ့အလှ။

"နေပါဦး စည်သူ၊ မင်းမှာ အစ်မရှိတယ်လို့ အယင်က မကြားမိပါလား"

"တို့အိမ်ကို ရောက်လာတာ ဆယ်ရက်လောက်ပဲ ရှိသေးတယ်ကွ၊ ပြီးတော့ ငါ့ အစ်မအရင်း မဟုတ်ဘူး၊ နှစ်ဝမ်းတောင် ကွဲတာ" –

"ဒါဆို ဘာဂ်လား မောင်နှမ"

"မအေ...."

"အား...."





အောင်အောင့် ပေါင်တွင်းကြော ပြတ်မတတ် ဆွဲလိမ်ခြင်း ခံလိုက်ရ၏။ ဟုတ်ပါသည်။

ယမင်းပိုင်က ကျောက်ဆည်သူပါ။ မန္တလေးတက္ကသိုလ်မှာ ဘွဲ့ရပြီး ယခု ရန်ကုန်တက္ကသိုလ်တွင် မဟာသိပ္ပံတက်ရန် ရောက်လာခြင်းပါ။

ကျော်စည်သူတို့အိမ်မှ ကျောင်းတက်ရန် သူမ၏ ဖခင်က စီစဉ်ခြင်း ဖြစ်သည်။

သမီးကို ဦးလေးဝမ်းကွဲဖြစ်သည့် ကျော်စည်သူ့ ဖခင်ထံ အပ်နှံခဲ့သည်။

ယမင်းပိုင် ရောက်လာပြီး ရာထူးတက်သွားသူက ကျော်စည်သူ။

ဒရိုင်ဘာ ရာထူးပေါ့။

ယမင်းပိုင်ကို နေ့စဉ် ကျောင်းပို့ ကျောင်းကြိုရသည်။

ဆယ်တန်း သုံးခါ ရှုံးပြီး အလုပ်မရှိသည့် ဆန်ကုန်မြေလေး ကျော်စည်သူတယောက် ခုမှ အလုပ်ရတော့သည်။

ဒါပေမယ့် သည်အလုပ်ကို ကျော်စည်သူ ကျေနပ်သည်။ မကျေနပ်ပဲနေမလား။

သည်လောက် လှတဲ့ အစ်မ နှစ်ဝမ်းကွဲကို ကျောင်းပို့ရတာ မျက်နှာရှိလှသည် မဟုတ်လား။

ယမင်းပိုင် ကားနား ရောက်လာသည်။

"ရောက်နေတာ ကြာပြီလား စည်သူ"

အသံကလေးချိုလွင်သည်။ ပီသအေးမြသည်။

"မကြာသေးပါဘူး မမ၊ အဟဲ...."

ကျော်စည်သူ ကားတံခါးကို ဖွင့်ပေးလိုက်၏။ ယမင်းပိုင်က နောက်ခန်းမှာထိုင်သည်။

အောင်အောင်က ကားမှန်ထဲမှ ယမင်းပိုင်ကို ခိုးကြည့်နေသဖြင့် စည်သူက တံတောင်ဖြင့် တွက်ထည့်လိုက်၏။

"အမယ်လေး...."

အောင်အောင် လန့်အော်သည်။

"ဟဲ့....ဘာဖြစ်တာလဲ"

ယမင်းပိုင် ထိတ်လန့်သွားသလို မေးသည်။

"ဟို....ဟို....ကြမ်းပိုးကိုက်လို့ပါ မမ"

အောင်အောင်စွတ်၍ ဖြေလိုက်၏။

"ဟင်....ကားထဲမှာလဲ ကြမ်းပိုးရှိသလား"

ပိုင်က မယုံသလို မေးသည်။

"ဟုတ်....ဟုတ်ကဲ့....ခြောင်"

ပိုင်က နှုတ်ခမ်းလေးစေ့ပြီး ကားမှန်ပေါက်မှ လမ်းပေါ်သို့ ကြည့်နေလိုက်သည်။

သူမ စိတ်ထဲမှာ ထောင့်မကျိုးသော ကျော်စည်သူကို ခပ်ချဉ်ချဉ်။

သူနဲ့တွဲတွဲ ငနဲလေးတွေလည်း သူ့လိုနေမှာဟု မှတ်ချက်ချသည်။





ကျော်စည်သူက ကားကို သွားရိုးသွားစဉ်လမ်းအတိုင်း မမောင်း၊ ပညာပြနေပြီ။

ကားကို တမြို့လုံးနှံ့အောင် ကွေ့ပတ်မောင်းနေသည်။

ပိုင် မျက်စိပင်လည်နေသည်။

ပြီးတော့ မူးနောက်နောက်။

"ဟဲ့....စည်သူ"

"ဗျာ....မမ"

"ဘယ်တွေ လျှောက်မောင်းနေတာလဲ"

"မမောင်းပါဘူး"

"သိမ်ကြီးဈေးနား ရောက်နေပြီမဟုတ်လား၊ ဘယ်လိုလုပ်တာလဲ၊ အိမ်ကိုဖြောင့်ဖြောင့်မပြန်ဘူး"

အိမ်က ကျောက်ကုန်းမှာမို့ လမ်းနီလေး ကုက္ကိုင်းဘက်မှပြန်လျှင် ရောက်တာကြာလှပြီ။

"ဒီလိုပါမမ၊ ဒီကောင်က ဗိုလ်ချုပ်ဈေးရှေ့ ဖြတ်ချင်လို့တဲ့"

"အလိုတော်.... မျက်စိရှုပ်လိုက်တာ၊ မင်းတို့ ဘာသာ တခေါက်သက်သက် လျှောက်မောင်းပါလား"

ပိုင် စိတ်မြန်ပုံရသည်။ ပြီးတော့ သူ့ကိုယ်သူ မာစတာကျောင်းသူကြီးဆိုပြီး ဟန်နှင့်ပန်နှင့်။

ကားကို ဗိုလ်ချုပ်ဈေးရှေ့ဘက်သို့ ကွေ့ချလိုက်သည်။

ဗိုလ်ချုပ်ဈေး ရှေ့တည့်တည့် မျဉ်းကျားတွင် လမ်းပြ ယာဉ်ထိန်းမယ်လေးတစ်ဦး၏ လက်ပြတားမှုကြောင့် သူတို့ ကားလေး ရပ်သွားသည်။

"အလှဆုံးလေးဟေ့"

အောင်အောင့်ပါးစပ်က အငြိမ်မနေ၊ ယာဉ်ထိန်းမယ် ချောချောလေးကို မျက်စိပါမှိတ်ပြလိုက်သည်။

ယာဉ်ထိန်းမယ်လေးက မမြင်ဟန်ပြုပြီး သူ့အလုပ်သူ စိတ်ဝင်စားစွာ ဆောင်ရွက်နေသည်။

"ရှီ...."

ကားများထွက်ရန် ဝီစီသံကြားလိုက်ရ၏။

ကားကလေးကလှိမ့်အထွက် အောင်အောင်က ယာဉ် ထိန်းမယ် ချောချောလေးဘက် လှည့်ကြည့်ပြီးနှုတ်မှ....

"ဂွတ်ဘိုင်" ဟု အော်သည်။

ယာဉ်ထိန်းမယ်လေးက ကြားဟန်ပင်မပြ၊ သူ့တုန္နေရှင့် သူ နောက်ကားတွေကို ဆက်ကြည့်နေသည်။

"ဟဲ့...."

ပိုင်၏နှုတ်မှ ဟဲ့ ဟု ငေါက်ဆတ်ဆတ်ကလေး ထွက်သွား သည်။

ယာဉ်ထိန်းမယ်လေးကို အားနာမိသဖြင့် ကားရှေ့ခန်းမှ ငနဲလေးတွေကို တီးပစ်ချင်လာသည်။

ပိုင့်အသံကြောင့် အောင်အောင် ဇက်ပုသွားသည်။





ကျော်စည်သူက လှည့်ကြည့်သည်။

"ဘာလဲမမ"

"မင်းတို့ သိပ်ရိုင်းတာပဲကွာ"

"ဘာဖြစ်လို့လဲ မမ"

"ခုနက မျဉ်းကျားမှာကားရပ်တုန်း ဘာလုပ်ကြတာလဲ၊ ဒါ ယဉ်ကျေးတဲ့ အပြုအမူလား"

အောင်အောင်၏ မျက်နှာ မဲ့မဲ့ကြီး ဖြစ် သွား သည်။ အပျိုကြီးမမရှေ့မှာမှ ပြစ်မှု ကျူးလွန်မိပြီထင့်....။

"မမမေးတာ ဖြေကြစမ်းပါ"

"ဩော်– မမကလဲ၊ အဲဒါ သူ့ရည်းစားမို့ သူလုပ်ပြ တာဗျ"

စည်သူက ဖာထေးထေး ပြောလိုက်သည်မို့ အောင် အောင် ရယ်ချင်သွား၏။

"မယုံပေါင်၊ ပြောချင်တာ စွတ်ပြောကြ၊ ဟိုက ကြား ယင် မင်းတို့ နာမှာသေချာတယ်"

"မမကလဲ....အဟဲဟဲ...."

စည်သူက မရယ်ချင်ပဲ တဟဲဟဲနှင့် ကားကိုသာ မဲ၍ မောင်းနေမိသလို အောင်အောင် သည်လည်း ကုပ် ကုပ် ကလေးပါလာခဲ့တော့သည်။

ယမင်းပိုင်တဲ့....

ရုပ်ချောသလောက် စည်းကမ်းကြီးပုံရတယ်၊ စပ်စုပုံလဲရတယ်၊ တို့အစ်ကိုကြီး ဝေယံဦးနဲ့သာ တွေ့မိယင်တော့ ဒုက္ခပဲ....။

အောင်အောင်၏ အစ်ကိုကြီးဝေယံဦးက သဘော အင်ဂျင်နီယာလျှောက်ထားသည်။

အသက်သုံးဆယ်ရွယ်လူပျိုကြီး။

အောင်အောင့်စိတ်ထဲမှာ ယမင်းပိုင်ကို ကိုဝေယံဦး နှင့် ယှဉ်တွဲကြည့်နေမိသည်။

* * *



အခန်း ( ၂ )

နေခြည်နုံနုံလေးများက သစ်ပင်တွေကြားမှာ ဖြာဆင်းနေ၏။

မြက်ပင်လေးတွေက စိမ်းပြီး ညီညာနေသည်။

မြက်ခင်းပြင်ပေါ်တွင် ယမင်းပိုင် လမ်းလျှောက်နေသည်။ ညဘက်စာကျက်သဖြင့် အညောင်းမမိအောင် စောစောထပြီး လမ်းလျှောက်ရသည်။

ထိုစဉ်....။

ညှော်ခန်းဘက်မှ ဂစ်တာသံ တဒေါင်ဒေါင် ထွက်လာသဖြင့် ယမင်းပိုင်သည် ခေါင်းကလေးစောင်းငဲ့ပြီး အိမ်ထဲကို ကြည့်လိုက်မိသည်။

ကျော်စည်သူ။

နှစ်ယောက်ထိုင် ဆိုဖာရှည်ကြီးပေါ်တွင် ပက်လက်လှန် ခြေချိတ်ပြီး ကိုးရိုးကားရား ဂစ်တာ ခေါက်နေခြင်းဖြစ်သည်။

ကျော်စည်သူက ခေါင်းလောင်းဘောင်းဘီ ဖိုးရိုးဖားရားဝတ်ပြီး မျက်လုံးလေးစုံမှိတ်ကာ ပြုံးပြုံးလေး မြှိမ့်မြှိမ့်လေး ခေါက်နေသည်။

"ဒေါင်....ဒင်–ဒင်–ဒင်–ဒင်"

ကျော်စည်သူ။

သူ့အသွင်ကိုကြည့်လျှင် ဖရိုဖရဲ၊ ပေါင်းသည့် သူငယ်ချင်းတွေကလည်း ဆံရှည်ငနဲတွေ။

သူတို့အုပ်စုကို ဘယ်အချိန်ကြည့်ကြည့် ဂနာမငြိမ်၊ တခုမဟုတ်တခု လူတွေကို ဒုက္ခပေးတတ်၏။

ယခုလည်းကြည့်။

မိုးမလင်းတလင်း ရောင်နီလာစအချိန်မှာ ဂစ်တာတီးနေရတယ်လို့။

"ဒင်....ဒင်–ဒင်–ဒင်...."

"ဟဲ့–ကျော်စည်သူ"

ပိုင့်အသံ ကြားတော့ မျက်လုံးဖွင့်ကြည့်သည်။ ပြီးတော့ သမ်းဝေလိုက်၏။

"ဘာလဲ မမ"





"ဘယ်သူမှတောင် မနိုးသေးဘူး၊ စောစောစီးစီး ဘာဖြစ်လို့ ဂစ်တာခေါက်နေရတာလဲ"

"ဟာ.... မမကလဲဗျာ....ကျီးကန်းတွေ နိုးနေပြီပဲ"

"ဘာ...."

ပိုင်စိတ်ဆိုးသွားသည်။ ကြည့်စမ်း။

သူ့ကို ကျီးကန်းနှင့် နှိုင်းလိုက်သည်ပေါ့။ အဓိပ္ပာယ်က ကျီးကန်းလို အာသည်ပေါ့။ အသံစာသည်ပေါ့။

"ဩော်....ကျီးကန်းတွေ အော်သံကြားရပြီလို့ ပြောတာပါမမ၊ လူမနိုးခင် ကျီးနိုးတယ်မဟုတ်လား"

"ဟော့....စည်သူ"

"ဗျာ"

"မင်း–ငါ့ကို ကျီးကန်းနဲ့နှိုင်းတာပေါ့လေ"

"မဟုတ်ပါဘူး"

"ဘာ– ခုမှ မဟုတ်ပါဘူး လုပ်နေရသလဲ၊ မင်းသိပ်မိုက်ရိုင်းတယ်၊ တော်ပြီ၊ ငါ့ကို ဒီနေ့ကစပြီး မင်းစကားပြောစရာမလိုတော့ဘူး"

ပိုင် ဒေါပွပွဖြင့် ပြောလိုက်၏။

"မမကို ဘယ်သူကျောင်းပို့ပေးမှာလဲ၊ ဟောဒီက မောင်အကောင်းစားလေးကို သပိတ်မှောက်ယင် ခက်သွားမှာပေါ့"

"ကြည့်စမ်း.... ကြည့်စမ်း၊ မိုက် ရှိုင်း လိုက်တာဟယ်၊ ခွေးလေး"

"ဟာဗျာ....ကျွန်တော့်ကို ခွေးနဲ့မနှိုင်းပါနဲ့ မမကလဲ"

"မိုက်ရိုင်းယင် နှိုင်းရမှာပဲ ဟဲ့ စည်သူ၊ မြဲမြဲမှတ်ထား၊ လူပီသချင်ယင် လူလိုယဉ်ကျေးအောင်နေ"

ပိုင် ပြောပြီး ခြံထဲပြန်ဆင်းခဲ့သည်။ ဒေါ်ပွပြီးငိုပင်ငိုချင်မိ၏။

သည်အိမ်မှာနေရတာ အစစ အဆင်ပြေ သော်လည်း စည်သူ့ကို ကြည့်မရချင်။

ခြံထဲမှာ လမ်းလျှောက်ပြီးတော့ ပိုင် ဘု ရား အိုး တွေ ပန်းလဲသည်။ ပြီးတော့ ဘုရားရှိခိုးသည်။

ရေမိုးချိုး အလှပြင်ပြီး ကျောင်းသွားရန်အဝတ်အစား လဲသည်။

လွယ်အိတ်လွယ်ပြီး ထမင်းစားပွဲသို့လာခဲ့သည်။

ထမင်းစားပွဲမှာ နံနက်စာ ကော်ဖီသောက်ချိန်မို့ လူစုံနေပြီ။ သို့သော် စည်သူ့ကိုမတွေ့ရ။

"စည်သူကော...."

ဦးလေးထွန်းဘော် (စည်သူ့ဖခင်)က မေးသည်ကို စည်သူ့မိခင် ဒေါ်အောင်မေက နှုတ်ခမ်းမဲ့လျက်....

"အိပ်တုန်းပေါ့"ဟု ဖြေသည်။

ပိုင် စိတ်ညစ်သွားသည်။





မိုးမလင်းခင် ဂစ်တာ ထခေါက်ပြီး ယခုတော့ ပြန်အိပ်နေပြီ။

စည်သူ့ကို အဖေရော အမေပါ နိုင်ပုံမရ၊ တစ်ဦးတည်းသောသားမို့ အလိုလိုက်ခဲ့မိသည့် အကျိုးကျေးဇူးတွေ ခံမှ ခံစားနေကြရပြီ။ မိခင်ကဘယ်လောက်ဆူဆူ စည်သူကမဖြုံ၊ ကြားဟန်ပင်မပြ။

အဲ....ဖခင်ကိုတော့ နည်းနည်း လန့်သည်မို့ တော်ပေသေးသည်။

"ပိုင်တောင် ကျောင်းသွားတော့မယ်၊ ကျောင်းပို့ပေးမယ့်သူက ခုထိမထသေးဘူးလားကွ၊ သွားနှိုးလိုက်စမ်းမမေ"

ဒေါ်အောင်မေ ကော်ဖီဝိုင်းမှ ထသွားသည်။

ကျော်စည်သူ၏ ဘွားဘွား ဒေါ်မြစီက ကျေနပ်ပုံမရ၊ ကျော်စည်သူ့ကို သူအဖျက်ဆုံး။

ဒေါ်အောင်မေသည် ကျော်စည်သူ့အိပ်ခန်းထဲ ဝင်ခဲ့သည်။

"ဟဲ့....စည်သူ....စည်သူ"

ထူးသံမကြားရ။

"စည်သူ ခေါ်နေတာမကြားဘူးလား၊ နားလေးနေပြီလား"

"မလေးဘူး....မလေးဘူး၊ တမင်မထချင်လို့ကို မကြားချင်ဟန် ဆောင်နေတာ"

ကျော်စည်သူ့အသံက အိပ်ခန်းတွင်းမှ ရှိုင်းပျ စူးရှစွာ ကျယ်လောင်ပြီး ထွက်လာခြင်းဖြစ်သည်။

ဒေါ်အောင်မေ ဒေါပွသွားပုံရသည်။

"ဟင်....နင် ငါ့ကိုဘာပြန်ပြောနေတာလဲ၊ နားမလေးလို့ ဘာလေးနေသလဲ၊ ထစမ်း"

"ဟာဗျာ....ကောင်းကောင်းကို မအိပ်ရဘူး မေမေ ကလဲ၊ သွားပါဗျာ၊ အိပ်ချင်သေးတယ်"

"ဟဲ့....စည်သူ ထတော့၊ နင့်ဒက်ဒီ နှိုးခိုင်းနေတာဟဲ့"

"ဒက်ဒီကလဲဗျာ သူ့အာဏာချည်းပဲ၊ ခက်ပါတယ်၊ ဒီအိမ်မှာနေရတာ ဇိမ်မရှိဘူး"

စည်သူ အတော်လွန်သည်။

ဒေါ်အောင်မေတော့မသိ၊ ဘေးလူ ပိုင့် နားထဲမှာပင် နားဝင်မချိုလှ။ ဖခင်ဖြစ်သူ ဦးလေးထွန်းဘော် ထိုင်နေရာမှ ထသွားသည်။ သူ့သားအခန်းထဲလိုက်ဝင်သွားခြင်းဖြစ်၏။

"ဟော့ကောင်"

အသံကျယ်ကျယ်ဖြင့်ငေါက်လိုက်တော့ စည်သူဆတ်ကနဲ ထထိုင်သည်။

"ဗျာ....ဒက်ဒီ"

"တံမြက်စည်း လိုချင်သလားကွ ဟေ"

စည်သူအခန်းပြင်သို့ ဆောင့်ဆောင့်အောင့်အောင့်ထွက် လာခဲ့သည်။





ထမင်းစားခန်းကို ဖြတ်လျှောက်လျက် အိမ်သာ နှင့် ရေချိုးခန်းဘက် ထွက်သွားသည်။

"ကလေးပဲအေ၊ အိပ်ချင်လျက်နဲ့ မအိပ်ရအောင် နှိုးကြ တာတော့ လွန်တာပေါ့"

ကော်ဖီစားပွဲသို့ ပြန်ရောက်လာကြသည့် သားဖြစ်သူနှင့် ချွေးမဖြစ်သူကို စည်သူ့ဘွားဘွားက ရန်တွေ့လိုက်သည်။

"မေမေ့မြေးအကြောင်း မေမေဘာသိလို့လဲ၊ မနက် အစောကြီးထ ဂစ်တာတီးပြီး ခုနကမှ ပြန်အိပ်တာ၊ ဒါက ဘာသဘောလဲ"

ဦးလေး ဦးထွန်းဘော်က ခပ်ပြတ်ပြတ် ပြောလိုက်သဖြင့် ဒေါ်မြစီက ဘာမျှ ပြန်မပြောတော့။ သို့သော် ကော်ဖီ စားပွဲမှ ထသွားသည်။

အဲသက်က ခုနစ်ဆယ်အရွယ်ပေမယ့် စိတ်ကလက်တဆစ်၊ အသက်နှင့် အေးဆေးတည်ငြိမ်မှု၊ ရင့်ကျက်မှုတွေ ကွာဟ လှချေကလားဟု ပိုင် တွေးမိ၏။

ကိုယ်တော်ချော စည်သူ ပညာပြနေပြီ။

အိမ်သာထဲမှ ခုထိထွက်မလာသေး၊

ပိုင့် လက်မှ နာရီကို ငုံ့ကြည့်သည်။ ရှစ်နာရီ ထိုးနေပြီ။ ကျောင်းတက်ချိန် ရောက်နေပြီမို့ စည်သူ့ကို စောင့်မနေ တော့ရန် ဆုံးဖြတ်လိုက်၏။

"ပိုင် ဘတ်စ်နဲ့ပဲ ကျောင်းသွားတော့မယ်"

"အို....ဘတ်စ်ကား စီးတတ်လို့လား၊ အိမ်က ကားနဲ့ပဲ သွားပါ၊ ဟိုကောင်ကလဲ အိမ်သာတက်တာ ကြာလိုက်တာ၊ သက်သက်ပညာပြနေတာ ဖြစ်ရမယ်၊ တောက်...."

"နေပါစေ အန်ကယ်၊ ပိုင် ဘတ်စ်နဲ့ပဲ သွားပါရစေ၊ တော်ကြာ စည်သူ့အတွက်နဲ့ ဘွားဘွား စိတ်ပိုပြီး ဆိုးသွားဦးမယ်"

ပိုင် ထိုင်နေရာမှ ထရပ်လိုက်၏။

ဦးထွန်းဘော်က အိမ်သာဘက်လျှောက်သွားပြီး သံကုန်အော်လိုက်၏။

"ဟေ့ကောင်၊ ဒီလောက်ကြာတာ ဘာလုပ်နေလို့လဲကွ၊ ချေးပင်ပေါက်နေပြီလား"

ပိုင် ရယ်ချင်သွားသည်။

"ဟေ့ကောင်....ငါမေးနေတယ်ကွ"

"ချေးပင်ပေါက်နေရုံတင် မဟုတ်ဘူး ဒက်ဒီ၊ ချေးသီးပါသီးနေလို့ ခူးစားနေတာ"

"ခွေးကောင်၊ ထွက်ခဲ့စမ်း"

ပိုင် ရယ်လိုက်မိ၏။

တကယ့် သားအဖတွေပါပဲ။

ပိုင် လွယ်အိတ်လွယ်လျက် အိမ်ထဲမှ ထွက်လာခဲ့သည်။

ဖိနပ်ချွတ်မှာ ဖိနပ်စီးနေစဉ် ဘွားဘွား ဒေါ်မြစီ၏ အသံကျယ်ကျယ်ကြီးကို ကြားလိုက်ရသည်။





"အမယ်လေး....ငါ့မြေးလေး....ချေးတောင် ဝအောင် မပါရတဲ့ ဘဝပါလား ထွန်း ဘော် တို့ အောင် မေ တို့ ရဲ့၊ ဒီလောက်တောင် ငါ့မြေးလေးကို မညှဉ်းဆဲနေကြနဲ့၊ ငါ့ကို လာသတ်၊ ငါ့ကို လာသတ်"

ပိုင် အိမ်ပေါ်မှ ဆင်းလာခဲ့၏၊ ခြံထဲရောက်သည်အထိ အိမ်ထဲမှ အသံဗလံတွေက ကြားရဆဲ။ သည် အိမ် မှာ က သည်လိုပါပဲ။ ဆူဆူညံညံ။ ကြာတော့ သူပါ စိတ်ညစ်လာသည်။

အပြင်ဆောင်ပြောင်းနေဖို့ ဖေဖေ့ဆီ စာရေးမှပါပဲ။

အို....ဖေဖေတို့က အပြင်ဆောင်မှာ စိတ်မချလို့ ဦးလေးတွေနဲ့ ထားတာပဲလေ။ အပြင်ဆောင်နေဖို့ပြောလည်း ရမှာ မဟုတ်ပါဘူး။

ခက်လိုက်တာ။

* * *

အခန်း ( ၃ )

အနီရင့်ရောင် ခန်းဆီးစလေး ရုတ်တရက် လှုပ်သွားသည်။

တစုံတဦးက ဆွဲဖယ်ပြီး ဝင်လာခြင်း ဖြစ်သည်။

ယမင်းပိုင်က ဘယ်သူပါလိမ့်ဟု မော့ကြည့်လိုက်မိသည်။

ပိုင် အံ့သြသွားသည်။

ဝင်လာသူကို ပိုင် တခါမျှ မမြင်ဘူး။

သူက အနက်ရောင် ဘောင်းဘီရှည်ကို ကြည်ပြာရောင် စပို့ရှပ်နှင့် တွဲဝတ်ထားသည်။

ဆံပင်ကို သေသပ်စွာ ဖြီးထားသည်။





သားနားသည်။

သန့်ပြန့် ချောမောသည်။

အသားဖြူပြီး အရပ်မြင့်သည်။

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ ရှင်"

"ဆောရီးနော် ညီမ၊ ကိုယ်က ဒီစာကြည့်ခန်းထဲမှာ အန်ကယ် ဦးထွန်းဘော် ရှိနေတယ် ထင်မိလို့ပါ"

အသံက ယောကျ်ားပီသသည်။

အမူအရာက ချိုသာ ဖော်ရွေသည်။

"အန်ကယ် ဦးထွန်းဘော် ရုံးက ပြန်မလာသေးပါဘူး အန်တီတော့ ထမင်းစားခန်းထဲမှာ ရှိပါတယ်"

"ကောင်းပါပြီ ညီမ၊ ကဲ....အန်တီတို့ဆီ သွားလိုက်ဦးမယ်နော်"

သူ လှည့်ထွက်သွားသည်။

ပိုင် နောက်ဖေးမီးဖိုဘက်သို့ နားစွင့်ထားလိုက်သည်။

"ဟယ်....မောင်ဝေယံဦးပါလား၊ လာ....လာ မန္တလေးက ဘယ်တုန်းက ပြန်ရောက်သလဲ"

"မနေ့ညက အန်တီ"

"ဘယ့်နှယ့်....တော်တော်နှံခဲ့ရဲ့လား"

"ဟုတ်ကဲ့-ဒီမှာအန်တီတို့အတွက် မန္တလေးပြန် လက်ဆောင် မုန့်တွေနဲ့ သနပ်ခါးတုံးတွေ လာပေးတာ"

"အေးကွယ်–ကျေးဇူးပဲ မောင်ဝေယံဦးရေ၊ မင်းသွားတာကြာလို့ အန်တီတို့ အောက်မေ့နေကြတာကွယ့်"

"ဒါနဲ့ စည်သူလဲ မမြင်ပါလားအန်တီ"

"ထုံးစံအတိုင်းပေါ့ ဝေယံရေ၊ မင်းညီ အောင်အောင်နဲ့ အတူလျှောက်လည်နေကြတာ နေမှာပေါ့"

ဩော်– အောင်အောင့်အစ်ကို ဆိုပါလား၊ ပုံစံချင်းကတော့ တခြားစီပဲဟု ပိုင်တွေးလိုက်မိသည်။

"ဒီကလေးတွေအတွက်လဲ ခက်ပါတယ်အန်တီရယ်၊ နှစ်ယောက်စလုံး ဆယ်တန်းရှုံးနေတာ သုံးခါရှိပြီ၊ ဆယ်တန်းလောက်မှ မအောင်ယင် ဒီခေတ်မှာ ဘယ်နေရာ သွားသုံးမလဲ"

ဝေယံဦး ညည်းညည်းညူညူ ပြောနေသည်။

"အန်တီတို့လဲ လက်မြှောက်ထားရပြီ မောင်ဝေယံရေ၊ မင်းလဲကြည့်ပြောဦးကွယ်"

"ကျွန်တော်လဲ အလုပ်မဝင်ခင်တော့ သူတို့ စာမေးပွဲ အောင်မြင်ရေးအတွက် အကူအညီပေးပါ့မယ် အန်တီ၊ ကဲ– ကျွန်တော်သွားဦးမယ်"

"အေး....အေး....ကောင်းပြီ"

ဝေယံဦး အိမ်ရှေ့ဘက် လျှောက်လာသံကြားရသည်။

စာကြည့်ခန်းရှေ့ ရောက်တော့ သူရပ်တန့် သွားသည်။





ပြီးတော့ ခန်းဆီးစကို လုံးဝဆွဲဖယ်ခြင်းမရှိပဲ ခန်းဆီးဟနေသည့်နေရာမှ ပိုင့်ကို ချောင်းကြည့်လိုက်သည်။

ပိုင်က ပြန်အကြည့်နှင့် မျက်လုံးချင်းဆုံမိကြသည်။

ပိုင် ရင်တွေခုန်သွား၏။

ဝေယံဦးလည်း ရင်ခုန်သွားသည်။ သည်လောက် လှတဲ့သူကို သည်တခါပဲ မြင်ဖူးသည်။ ဒါကြောင့် ခန်းဆီးကြားမှ ဒုတိယအကြိမ် ချောင်းကြည့်မိခြင်းရယ်ပါ"

ထိုစဉ်။

"အဟမ်း....အဟမ်း"

စည်သူ အပြင်မှ ပြန်ရောက်လာသည်။

စာကြည့်ခန်းနံဘေးတွင် ပြုံးစိစိရပ်နေသည့် ဝေယံဦးကို တွေ့လိုက်ရသဖြင့် အသံပေးလိုက်ခြင်းဖြစ်၏။

သူ့အစ်မကို ချောင်းကြည့်နေတာဆိုတော့ မကြည်ချင်၊ အူထဲမှာ ယားကနဲခံစားလိုက်ရ၏။

"ဟာ....စည်သူ၊ ခုနကတောင် မင်းကို ငါမေးနေသေးတယ်"

မဝေယံဦးက စတင်နှုတ်ဆက်သည်။ သည်တော့မှ စည်သူက ပြုံးလိုက်ပြီး။

"ကျွန်တော်နဲ့ အောင်အောင် ရေကူးပြီး ပြန်လာတာ အစ်ကိုရ၊သိပ်ပျော်လာကြတယ် အဟဲ"

စည်သူ့ကို ကြည့်ပြီးဝေယံဦး မျက်နှာ တည်သွားသည်။ သည့်ကောင့်ကို တွေ့လိုက်တိုင်းသည်လိုပဲ။

"ကဲ....ရှင်းစမ်းပါဦး"

"အစ်ကိုကလဲ ကောင်မလေးတွေကို ပြောတာ၊ မဒီကညာကြည်စရာတွေလေ"

ရေကူးကန်က ပြန်လာသည်တဲ့။

ပြောနေတာက ရေကူးနည်းအကြောင်းမဟုတ်။ ရေကူးကန်မှာတွေ့ခဲ့သောကောင်မလေးတွေအကြောင်း။

ဝေယံဦးပိုင့်ကို အားနာသွားသလို စည်သူ့ကို စိတ်ပျက်သွားသည်။

"မတွေ့လိုက်နဲ့၊ တွေ့လိုက်ယင်တော့လားကွာ၊ဒီလိုစကားမျိုးချည်းပဲ ကြားရတယ်၊ ဆယ်တန်းတော့ အောင် အောင်မဖြေနိုင်ကြဘူး"

ဝေယံဦးစကားကြောင့် စည်သူမခံချင် ဖြစ်သွားသည်။

"ဒီမှာ အစ်ကို"

"ဘာလဲ ပြော"

"အောင်အောင်နဲ့ ကျွန်တော် ဆယ်တန်းမအောင်တာ၊ စာမေးပွဲ အောင်အောင်မဖြေနိုင်တာ မဟုတ်ပါဘူး၊ မဖြေချင်လို့ပါ"

"မင်းစကားက အဓိပ္ပာယ်မရှိဘူး၊ အလကား စကားပဲ





စည်သူ၊ မင်းတို့နှစ်ယောက် ပွေလွန်းတေလွန်းလို့ မအောင်တာ"

"ဟာဗျာ.... အစ်ကို ဝေယံကလဲဗျာ၊ ကဲ ပြောပါဦး၊ ကျွန်တော်တို့က ဘာပွေလို့လဲ"

"ခုပဲ ကြည့်လေ.... ရေကူးကန်က ပြန်လာပြီး ဘာတွေပြောနေသလဲ"

"အဟဲ....ဒါကတော့ ခေတ်လူငယ်ပဲ အစ်ကိုဝေယံကလဲ"

"အေး....ခေတ်လူငယ်ဆိုတဲ့စကားနဲ့ ခေတ်ကို မင်းတို့က မဖျက်နဲ့၊ ခေတ်လူငယ်ပီပီ ကြိုးစားကြ၊ နိုးကြားကြကွာ"

"အဟဲဟဲ....ဒါကြောင့် တို့အစ်ကိုဝေယံ ခုထိ မစွံတာ၊ ဒါနဲ့ နေပါဦး၊ ဒီခန်းဆီးနားမှာ ဘာလာလုပ်နေတာလဲ"

စည်သူ့အမေးကြောင့် ပိုင် ပျူးပျူးပျာပျာ ဖြစ်သွားမိ၏။

အတော်ဒုက္ခပေးတဲ့ ကောင်လေး။

ဟိုတယောက်ကို အားနာစရာ။

"ကျွန်တော်မေးတာဖြေလေ အစ်ကိုဝေယံ၊ ဒီမှာ ဘာလာလုပ် နေတာလဲလို့"

"ဟ....ကောင်ရ၊ ခါတိုင်းလဲ ဒီစာကြည့်ခန်းထဲ ငါဝင်နေကျပဲ မဟုတ်လား၊ ခုလဲ မင်းဒက်ဒီများရှိမလားလို့ကြည့်နေတာ"

သူ့အဖြေကြောင့် ပိုင်ပြုံးလိုက်မိသည်။ သို့သော်....

"ဟဲဟဲဟဲ....ဟုတ်ရဲ့လားအစ်ကိုဝေယံ၊ မညာနဲ့နော်" ဟု စည်သူက ထပ်ပြောနေပြန်သဖြင့် ပိုင် မျက်နှာလေးမဲ့သွားရ၏။

"ဟေ့ကောင် စည်သူ၊ တော်ပြီကွာ၊ မင်းနဲ့စကားပြောရတာ စိတ်ကုန်တယ်၊ ငါပြန်မယ်"

ဝေယံဦး တချိုးတည်းလစ်ပါတော့သည်။

"မမ...."

စည်သူ အခန်းထဲဝင်လာသည်။

"ဘာလဲ ကိုလျှာရှည်"

ပိုင်က လေသံမာမာဖြင့် မေးလိုက်၏။

"ဘာမှ မဟုတ်ပါဘူး၊ အဲ့ဟဲ....ခုနကလူနဲ့ မမနဲ့ စကားပြောလိုက်ရသေးလား"

"ဘာတွေ လာမေးနေတာလဲ၊ ဘာလဲ.... ဘာ ရှုပ်ရှုပ်ယှက်ယှက် ပြောမလို့လဲ"

ပိုင်က ဆီးငေါက်ပစ်လိုက်၏။

"သတိပေးမလို့ပါမမရဲ့၊ အဲ ဒီ အစ်ကို ဝေယံကိုတော့ ရှောင်ပါ"

ပိုင် စိတ်ဝင်စားသွားသည်။

"ဘာကိုရှောင်ရမှာလဲ"





"ဪ....မရင်းနှီးစေနဲ့လို့ ပြောတာပါမမ"

"နင့်အပူလားစည်သူ"

"သူ့အကြောင်းမမသိထားမှဖြစ်မှာပါ၊ သူကလူပွေကြီး မမရဲ့"

"ဟုတ်လား"

"ပြီးတော့ နှစ်ဘက်ချွန်"

"ဘာလဲ နှစ်ဘက်ချွန်ဆိုတာ"

"ဟိုလေယောကျ်ားတန်မဲ့လင်လဲယူထားတယ်၊မိန်းကလေး မြင်ယင်လဲ ရည်းစားထားလိုက်တာပဲ"

"အလိုတော် ခုမှကြားဖူးတယ်၊ ဒါမျိုးကို"

စည်သူတယောက် ဝေယံဦးကို ကောင်းကောင်း ချောက်တွန်းနေပေပြီ။

ပိုင်ခမျာ စည်သူ၏စကားကြောင့် လန့်ဖျပ်သွားမိသည်။

ဟင်း....ရုပ်ကလေးသနားကမားနဲ့ ကြက်သီးများတောင် ထချင်ပါရဲ့။

"အဲဒီလူက တခါတခါ ဝက်ရူးလဲပြန်တတ်တယ်မမ"

"အမယ်လေး....သူ့အကြောင်းတွေ တော်ပါတော့ စည်သူရယ်၊ ကြားရတာ ကြက်သီးတောင်ထနေပြီ"

"ဟား....ဟား....ဟား ဒါတောင် သူ့အကြောင်း ဆယ်ပုံ တစ်ပုံပဲ ပြောရသေးတာ"

စည်သူက တဟားဟားရယ်ပြီး စာကြည့်ခန်းထဲမှ ထွက်သွားသည်။

ကိုလူချော ဝေယံဦး၏ မျက်နှာကြီးကိုမြင်ယောင်မိယင်း ကျောထဲတွင် စိမ့်ကနဲ ခံစားလိုက်ရပါတော့သည်။

* * *



## အခန်း( ၄ )

ငုပန်းပွင့် ဝါဝါလေးများက လှပစွာဖူးပွင့်နေကြသည်။ နေခြည်နုနုလေးက ငုပန်းပင်ပေါ်ဖြာကျပြီး နွေးထွေးနေသည်။

ငုပန်းပင်အောက်မှ ခုံပုလေးများတွင် ကောင်လေးသုံးယောက် ထိုင်နေသည်၊

သူတို့ပုံစံတွေက ဖရိုဖရဲ၊ မသပ်ရပ်။

ဆံပင်ပုံစံတွေက နောက်ဆုံးပေါ် အတွန့် အလိပ် အခွေ အပြတ်။ ယောကျ်ားခေါင်းနှင့် မိန်းမ ဆံ ပင် လို ကုပ်ဝဲလေးတွေ။

အားလုံး ဘဲလ်ဘောင်းဘီတွေနှင့် တီရှပ်တွေနှင့်။

သူတို့ဆီမှာ ဘာဂျာပါသည်။ ဂစ်တာ ကိုင်ထားသည်။ တယောက်တလှည့်စီတီးသည်။

ဆိုသည်၊ ကသည်။

ကိုးရိုးကားရား အုပ်စု။

သူတို့က ကျော်စည်သူ၊ အောင်အောင်၊ မိုးဇော်ဦးတို့ ဖြစ်သည်။

အချစ်ဆုံး သူငယ်ချင်း သုံးယောက်။

သူတို့သုံးယောက်လုံး မအားကြပါ။

နှဖူးနှင့်ရင်ဘတ်မှာ ချွေးကလေးတွေ စို့နေကြသည် အထိ အလုပ်များနေသည်။

လမ်းသွားလမ်းလာ ကောင်မလေးတွေကို တယောက် မကျန်အောင် အော်ဟစ်နောက်ပြောင် သီဆိုနေကြသည်။

ကျော်စည်သူတို့သည် ခြံတံခါး၀ ငုပင် အောက်မှာ အလုပ်ဖြစ်နေသည်မို့ သူတို့ကို ပိုင် လှမ်းမြင်နေရသည်။

ညှော်ခန်းပြတင်းပေါက်မှ ရပ်ကြည့်နေမိ၏။

သူတို့ဟာ သူတို့တော့ သိပ်ဟုတ်နေကြသည်။ မြင်နေ ကြားနေရသူတွေအဖို့တော့ နားကလောစရာ၊ မျက်စိနောက် စရာပင်။

အသံတွေကို ညှစ်ပြီး ဆိုသည်။

အော်ပြီး ဆိုသည်။

စနေနေ့။





သည်နေ့ တနေ့လေး အနားရသည်မို့ အေးအေး ဆေး ဆေး အနားယူပြီး စာကြည့်မလား အောက်မေ့သည်။ သူတို့ အသံတွေကြောင့် ယမင်းပိုင် စိတ်ညစ်နေရသည်။

ဒီကောင်လေးတွေအုပ်စုကတချက်ကလေးမှငြိမ်ငြိမ်မနေ ကြသေး။

ကြည့်လေ....

စာမေးပွဲနီးနေပြီဖြစ်သော်လည်း တခါမှ စာကျက်တာကို မမြင်ရသေး။

မိန်းကလေး နှစ်ယောက် ခြံရှေ့မှ ဖြတ်လျှောက်သွား သည်။

ငနာလေးတွေက တစခန်းထကြပြီ။

"ဟော့....ချစ်ချစ်....ဟော့....ချစ်ချစ်... ချစ်ချစ်က ပစ်ခွာ သွားတော့ မောင်ဘယ်သူနဲ့ နေရမှာတုံး...."

အောင်အောင့် ညှစ်အော်သံ။

"နာမည်လေး မေ့ လို့ သွား ယင် ခွင့် လွှတ် ပါ ဗျာ.... ဦးနှောက်က မှတ်ရတာလဲ များ နေ ပြီ ဗျာ.... ဟေး.... ကောင်မလေး....ဖြည်းဖြည်းနော်....ဖြည်းဖြည်း"

စည်သူ၏ဟာပ်သံ။

"ဗယ်—ညာ၊ ဗယ်—ညာ၊ ဗယ်—ဗယ်—ညာ၊ ဗယ်—ညာ ဗယ်...."

မိုးဇော်ဦး၏ လျှောင်သံ။

မိန်းကလေး နှစ်ယောက်က လှည့်ကြည့်ပြီး ထွီကနဲ တံတွေးထွေးလိုက်၏။ သည်တော့ အောင်အောင်က "ဝေါ့" ဟု အော့လိုက်သည်။

"သေချင်းဆိုး၊ ကာလနာတွေ၊ နှမချင်း မစာမနာ၊ အလကား ပါးစပ်ချောင်နေကြတယ်"

ကောင်မလေး တယောက်က ဆဲပါတော့သည်။

"နှမချင်းစာနာရအောင် ငါတို့မှာ နှမမရှိဘူး"

အောင်အောင်၏ ပြန်ပြောသံ။

"အလကား ခွေးပိန်အော်သလို အော်နေတဲ့အကောင် အစုတ်ပလုတ်တွေ....ထွီ"

"ကောင်မလေး နှစ်ယောက်သည် တံတွေးဖြင့် ပစ်ကနဲ ထွေးချလိုက်ပြီး သုတ်ခြေတင် လစ်သွားတော့၏။ သူတို့ အုပ်စုနှင့် ပိုင်ပြောချင်ပုံမရကြ။ သူတို့ ရှုတ်နောက်နေပုံကြောင့် ပိုင် အော်ဂလီဆန်လာသည်။

ဟော....လာပြန်ပြီ။

စက်ဘီးစီးလာသော ကောင်မလေးနှစ်ယောက်။

စက်ဘီးတစီးတည်းတွင် နှစ်ယောက် စီးလာကြသည်။ ခြံရှေ့သို့ စက်ဘီးရောက်လာတော့ စည်သူက လှမ်းအော်သည်။

"ဟေ့....ဘယ်တွေ လျှောက်သွားနေတာလဲ၊ အိမ်မှာ သမီး ငိုနေပြီ"





မိုးဇော်ဦးကလည်း လျှာသွက်သည်။

"အချစ်ရေ့....နေလို့မှ ကောင်းရဲ့လား ကိုယ် သိပ်ပြီး စိတ်ပူတယ်"

အောင်အောင်ကလည်း အားကျမခံ။

"အချစ်ရေ့–စက်ဘီးလေးစီးပြီး မြို့တပတ် လျှောက်လည်မယ်"

"ဒင်–ဒင်ဒင်–ဒင်–ဒင်ဒင်"

သူတို့ သုံးယောက်၏ အသံကြောင့် ကောင်မလေးတွေ စက်ဘီးပြန်ကွေ့လာသည်။

"ဟာ....ဟာ ပြန်လာပြီ"

"အချစ်ရေ့....နေလို့မှကောင်းရဲ့လား"

"ဒင်–ဒေါင်–ဒင်–ဒင်–ဒင်"

ကောင်မလေးတွေ ပြန်လှည့်လာတာမြင်တော့ ဂစ်တာကို ဖီး၍ ခေါက်နေကြသည်။

ပါးစပ်မှလည်း ကုန်း၍ အော်ဆိုနေကြသည်။ မြင်ကွင်းက စိတ်မချမ်းသာစရာပါပဲ။

ပိုင်စိတ်ကုန်သွားသည်။

"ဟဲ့–လူငနွားတွေ"

စက်ဘီးပေါ်မှ မချောလေး နှစ်ယောက် ဆင်းလိုက်ပြီး ဖြူဖြူချောချောလေးက အော်ဆဲလိုက်ခြင်းဖြစ်သည်။

"ဝမ်း သော"

သုံးယောက်စလုံး ပြိုင်တူ နွားလို အော်လိုက်ကြသဖြင့် ကောင်မလေးတွေ ရန်ဆက်တွေ့ရအခက်၊ ရယ်ရအခက် ဖြစ်သွား၏။

ပိုင်ပင်ပြုံးလိုက်မိသည်။

"နင်တို့ အတော်ရိုင်းတဲ့ အကောင်တွေ၊ နင်တို့ကိုယ်နင်တို့ ဟုတ်လှပြီ ထင်နေကြသလား"

အသားညိုချောကလေးက ရန်တွေ့ပစ်သည်။

"ရက်(စ်)...." ဟု အောင်အောင်က အော်ပြောသည်။

"မိမဆိုးမ ဖမဆိုးမကောင်တွေ၊ လူကိုဘာထင်သလဲ၊ ပါးကွဲသွားမယ်"

ဖြူဖြူလေးလေးကလည်း ရန်တွေ့နေသည်။

"အချစ်ရေ့.... ပါးရိုက်တာ မကောင်းဘူး၊ ကိုယ် သိပ်သိပ်နာတယ်လေ"

မိုးဇော်ဦးက ဂစ်တာခေါက်ယင်း ထပ်လောင်း လောင်လိုက်သည်။

ကောင်မလေးနှစ်ယောက် ဒေါပွသွားသည်။ စောစောက ကောင်မလေးတွေလို အလျှော့ပေးမည့်ပုံမရ။

"ကဲ....မိမိ၊ ပေးစမ်းလွယ်အိတ်"

အသားညိုလေး လွယ်ထားသည့် လွယ်အိတ်ထဲမှ တစုံတခုကို အသားဖြူဖြူချောချောလေးက ထုတ်ယူနေသည်။

ပိုင်က ဘာများပါလိမ့်ဟု လှမ်းကြည့်သည်။





အလိုလေး၊ လောက်လေးပါလား။

"ကဲဟယ်၊ ကဲဟယ်"

"ဒေါက်"

"ဒု"

"အမယ်လေးဗျာ့"

"အား"

မိုးဇော်ဦးက နဖူးကို လက်နှင့်အုပ်ပြီး ထိုင်လျက် ကျသွားသလို ကျော်စည်သူလည်း နားထင်မှာ ပူကနဲ ခံလိုက်ရ၏။

"လောက်လေးနဲ့ ဆော်တာကွ၊ တောက်.... ငတိတွေ ပြေးပြီ၊ ဂစ်တာနဲ့ လိုက်ရိုက်ကြစို့"

အောင်အောင်က ဒေါသဖြင့် ပြောသည်။

မမချောနှစ်ယောက်က လောက်လေးဖြင့်ဆော်ထည့်ပြီး စက်ဘီးပေါ် တက်နင်းကာ လစ်သွားလေပြီ။

ပိုင်သည် မြင်ကွင်းကို ကြည့်ပြီး ပြုံးမိသည်။

ကောင်းတယ်၊ ထိတာပဲကောင်းတယ်၊ ဒီလောက်ဆိုးတဲ့ ကောင်တွေ၊ ဒါမှ မှတ်မှာ။

* * *

## အခန်း ( ၅ )

ဗြိ–ဗြိ–ဗြိ။

"ကဲ....သွားစမ်းကွာ၊ နောက်တစောင်"

ကျော်စည်သူ အပြတ်ကြိုးစားနေ၏။ သူရည်းစားစာ ရေးနေတာ ဆယ်စောင်ကျော်ပြီ။ သူရေးနေသည့် ရည်းစားစာတွေကို သူ့စိတ်ကြိုက်မတွေ့။

တပြိုင်တည်းကောင်မလေးသုံးယောက်ကို ပေးရန် ရည်းစားစာသုံးစောင်ရေးနေသည်။

ကျော်စည်သူက စာမေးပွဲ တဘုံးဘုံးကျခဲ့ခြင်းမှာ မိန်းမကိစ္စကြောင့် မဟုတ်။





ဂစ်တာတလက်ဖြင့် အပေါင်းအသင်းဖျက်၍ စာမေးပွဲကျရခြင်းဖြစ်၏။ ပြီးတော့ အလည်အပတ်များ၍ ဖြစ်သည်။

ယခုမှ ရည်းစား ထားချင်စိတ် ပေါက်လာခြင်းဖြစ်ပြီး ရည်းစားစာစရေးနေခြင်းဖြစ်၏။

စိတ်ရှုပ်ရှုပ်ဖြင့် ခေါင်းကိုတွင်တွင်ကုတ်သည်။ တခေါင်းလုံးပွနေပြီ။ အဝါရောင်စာရွက်လေးများမှာလည်း လုံးခြေလွှင့်ပစ်ထားသည်မှာ မနည်းလှ။ ခြင်းတောင်း တလုံးပြည့်လုပြီ။

"ငါလဲ လုံးချင်းစာရေးဆရာဖြစ်လုပြီ၊ စာရွက်တွေကို လုံးခြေလိုက်၊ ခြင်းထဲထည့်လိုက်နဲ့ လုံးချင်း တအုပ်စာရပြီ၊ အဟား–ဟား"

တကိုယ်တည်း ပြောနေသည်။

"ရည်းစားစာရေးတာ အနှစ်သာရရှိမှ ဖတ်တဲ့ ကောင်မလေးတွေက ပြန်ကြိုက်ချင်တာတဲ့၊ အောင်အောင်က ပြောတာပဲ၊ ဟီး....ဟီ ငါရေးထားတာတွေကလဲ စွံမယ့်ပုံ မပေါ်ပါဘူး"

တယောက်တည်းပြောပြီး အကြံထုတ်နေ၏။

"ဟား....ဟုတ်ပြီကွ"

ကျော်စည်သူ့ခြေလှမ်းများက ပိုင်၏ သီးခြားအခန်းဆီသို့ ဦးတည်သွားလေပြီ။

ပိုင်ကျောင်းသွားနေသည့်အချိန်မို့ ပိုင့်အခန်းထဲ ခိုးဝင်ခဲ့သည်။

ပိုင်က သူကျောင်းသွားသည့်အခါ သူ့အခန်းကို ဖွင့်သွားတတ်သည်။ တံခါးစေ့ရုံ စေ့ခဲ့မြဲ။ သော့ခတ်သွားလေ့မရှိ။

အခန်းထဲရောက်သည်နှင့် ပိုင့် စာကြည့်စားပွဲ တခုလုံး မွှေနှောက်ရှာသည်။ ဩော် ရှားပါးလိုက်တဲ့ ရည်းစားစာ၊ ဒီလောက်ပဲ ရှားရသလား။

စာရေးစားပွဲပြီးတော့ မှန်တင်ခုံ အံဆွဲတွေထဲမှာရှာသည်။ ရည်းစားစာနဲ့ တူတာတောင်မရှိ။

"ယမင်းပိုင်ဆိုတဲ့ တို့မမဟာ အလကား ပါလားဟ၊ ဒီလောက်ချော ဒီလောက်လှပြီး ရည်းစားစာ တစ်စောင်မှ မရဘူးထင်တယ်၊ ငါကတော့ သူ့ဆီမှာ သိမ်း ထားမယ့် ရည်းစားစာတွေထဲက ငနာ တကောင်ကောင်ရဲ့စာကို ပြန်ကူးပြီး ကောင်မလေးတွေကို ပေးမလို့၊ ခက်တာပဲ ရည်းစားစာနဲ့တူတာဆိုလို့ တစ်စောင်မှလဲမတွေ့ဘူး"

တခန်းလုံးလည်း အတော်ပွသွားနေပြီ။ လက်ရာမပျက်အောင် မနည်းပြန်ရှင်းနေရ၏။

"အလကားမမ၊ ခေါင်းအုံး အောက်ကရော၊ စာရေးစားပွဲပေါ်ကပါ ထွက်လာသမျှဟာ ဂါထာ စာရွက်တွေချည်းပဲ၊ တနေ့တနေ့ ရည်းစားမရှိတိုင်း ဘုရားစာပဲ ဖိရွတ်





နေတယ်၊ သူ့ကိုကြိုက်မယ့်လူ မတွေ့သေးသမျှတော့ ကိန်းခန်းကြီးနေဦးမှာပဲ၊ အဟက်"

ပြောပြီး အခန်းထဲမှ ပြန်ထွက်ခဲ့သည်။ သူ့အခန်းထဲ သူပြန်ဝင်ပြီး ရည်းစားစာဆက်ရေးသည်။ ရေးပြီးသား စာထဲမှ တစ်စောင်ကို ပြန်ဖတ်ကြည့်လိုက်ပြန်၏။

သို့/-

ခင်မမစိုးပိုင်သူ

နာမည်ကသိပ်ရှည်လို့ ခင်လို့ခေါ်ယင် ပါးရိုက်မှာလား၊ ဒါပေမယ့် ခင်လို့ပဲခေါ်ချင်တယ်ကွာ၊ ကျူရှင်ကျောင်းမှာ ခင်အလှဆုံးပဲ။

ခင် ကျူရှင်လာယင် ဝတ်လာတဲ့ ပခုံးမှာ ကြိုးသေးသေး တချောင်းတည်းပါတဲ့ အင်္ကျီမျိုး နောက်တခါ မဝတ်ပါနဲ့ ခင်ရယ်၊ တို့ကြည့်ရတာ ရှက်တယ်ကွာ။

ဟိုလေ....အာဒမ်နဲ့ အေးဝတို့က သိပ်ချစ်ကြတယ်တဲ့၊ ယိုမိရိုနဲ့ဂျူးလီးယက်တို့က သိပ်သစ္စာရှိကြတယ်တဲ့၊ ပြီးတော့ မဟာဗန္ဓုလနဲ့ မာတုကလျာ။

ရည်းစားစာက သည်မှာပြတ်နေသည်။

မာတုကလျာ၏ချစ်သူမှာ မဟာဗန္ဓုလလား၊ နတ်သျှင်နောင်လား၊ အနော်ရထာလား သေချာစွာမသိသဖြင့် ဆက်မရေးဖြစ်တော့။ ရေးချင်တာက ကြီးကြီးကျယ်ကျယ်။

သမိုင်းအကြောင်းကို ဂဃနဏ လေ့လာမထားသဖြင့် ရေး၍လည်း မတတ်။

ဒုက္ခပါပဲ....ဒုက္ခပါပဲ။

ထိုစဉ်....

"ကလင်....ကလင်....ကလင်....ကလင်"

"ဟာကွာ....ရည်းစားစာ ရေးလို့မရတဲ့ကြားထဲ ဒီဖုန်းကလဲ လာပြန်ပြီ၊ မေမေတို့လဲ ဖုန်းမကိုင်ကြဘူး၊ ဘာလုပ်နေကြပါလိမ့်"

သူ့အခန်းထဲမှ အပြေးအလွှားထွက်ခဲ့ပြီး ဖုန်းသွားကိုင်လိုက်ရသည်။

"ဟဲလို....ကျောက်ကုန်း ခြံနံပါတ်( )၊ ဦးထွန်းဘော်အိမ်က ပြောနေပါတယ်"

"ခု ပြောနေတာ စည်သူလား"

"ဟုတ်ပါတယ် ခင်ဗျာ"

"ကျောက်ဆည်က ပြောနေတာ၊ စည်သူ မင်း ဒက်ဒီရှိလား"

"မရှိဘူး ခင်ဗျာ၊ ခု ပြောနေတာ အန်ကယ် ဦးသာလား"

ပိုင်၏ဖခင် ဦးသာထံမှ ဖုန်း ဖြစ်သည်။

"အေး....ဟုတ်တယ်၊ မင်း ဒက်ဒီ မရှိယင် မင်း မာမီကို ခေါ်ပေးစမ်း စည်သူ၊ စကားပြောစရာရှိတယ်"





"ဟုတ်ကဲ့၊ အန်ကယ် ဦးသာ"

ဖုန်းကို စားပွဲပေါ် အသာတင်ပြီး မီးဖိုခန်းဘက် ပြေးခဲ့ရပြန်သည်။

"မာမီ....မာမီ"

"ဟဲ့....ဘာလဲ၊ အလန့်တကြား"

သရက်သီးသနပ် ပုလင်းကို အဝတ်ဖြင့် သုတ်နေရာမှ မာမီက လှမ်းမေးလိုက်သည်။

"ကျောက်ဆည်က ဖုန်းလာတယ်ဗျ"

"ဟုတ်လား"

မာမီ ဖုန်းနား အပြေးအလွှား ရောက်လာသည်။ ဖုန်းခွက်ကိုကောက်ကိုင်သည်။

"ဟဲလို....မေ ပြောနေပါတယ် အစ်ကိုကြီး"

"....  ...."

"ဩော်–ဟုတ်ကဲ့–ဟုတ်ကဲ့၊ အားနာစရာ မရှိပါဘူး၊ အစ်ကိုကြီးရယ်၊ ခေါ်သာ ခေါ်လာခဲ့ပါ၊ ဒီရောက်ယင် မေတို့လဲ ဝိုင်းပြုစုကူညီမှာပေါ့"

"....  ...."

"ဟုတ်ကဲ့....ဟုတ်ကဲ့၊ တပါတည်း ကြုံတုန်း သူ့လဲခေါ်ခဲ့ပေါ့၊ ကောင်းသားပဲ၊ အကဲခတ်ရတာပေါ့၊ အဟင်း....ဟင်း မေ့ တူမချောပိုင်ကတော့ ငြင်းမှာသေချာတယ်"

မေမေ ဘာတွေပြောနေပါလိမ့်။

မေမေ ဖုန်းပြောနေတာကို စည်သူ ရပ်ကြည့်နေယင်း တွေးမရ၊ နားမလည်နိုင်။

“ဒါပဲနော် အစ်ကိုကြီး၊ ဟုတ်ကဲ့–လာသာ လာခဲ့ပါ၊ အားနာစရာမှ မဟုတ်ပဲ”

မေမေ ဖုန်းချလိုက်သည်။

“မာမီ”

“ဘာလဲ”

“ဘာတွေ ပြောနေတာလဲ၊ ဘယ်သူတွေ လာကြမှာ တဲ့လဲ”

“ဩော်–ပိုင့်ညီမကို ပိုင့်ဆီကို ခေါ်လာချင်လို့တဲ့”

“ဗျာ”

စည်သူ ခေါင်းနားပန်းကြီးသွား၏။

“မမပိုင်တယောက်တည်း ကျောင်းပို့ရတာနဲ့ကို စိတ်ကုန်လှပြီ၊ အခု နှစ်ယောက်ပို့ရတော့မှာလား မာမိရဲ့”

“ခိုင်က ကျောင်းထွက်ထားရတယ်၊ စိတ်ရောဂါဖြစ်နေ လို့တဲ့”

“စိတ်ရောဂါ ဟုတ်လား မာမီ”

“အေး–ဟုတ်တယ်၊ ယဉ်ယဉ်လေးရူးနေတာတဲ့၊ ရူးသွား တာ မကြာသေးဘူးထင်ပါရဲ့ သားရယ်၊ အဲဒါ ယမင်းခိုင် အခြေအနေက တမျိုးပြောင်းလာလို့ ရန်ကုန် စိတ္တဇဆေးရုံ ပြင်ပလူနာဌာနမှာ လာပြဖို့ ဖုန်းဆက်တာ”





“မြတ်စွာဘုရား၊ ဒီအိမ်ကိုရောက်လာမှာ အကောင်း မဟုတ်ဖူးပေါ့၊ အရူးမပါလား၊ အဟား”

ကျော်စည်သူက သူ့နဖူးကို သူ့လက်ဝါးဖြင့် ဖြန်းကနဲ ရိုက်ပြီး အော်ရယ်လိုက်သည်။

“ဟဲ့....ရှိင်းစိုင်းလှချည်လား စည်သူ၊ ကိုယ့်ညီမလေးကို ဒီလိုပဲပြောရသလား ဟဲ့”

မာမီက ဟောက်လိုက်သည်။

“နေပါဦးမာမီ၊ ကြုံတုန်းသူ့လဲခေါ်ခဲ့ပေါ့၊ အကဲခတ် ရတာပေါ့၊ ပိုင်ကပြင်းမှာသေချာတယ်ဆိုတာ ဘယ်သူလဲ”

“နှင့် ယောက်ဖလောင်း”

“ဗျာ....”

“နှင့်ယောက်ဖလောင်း ကျောင်းဆရာတဲ့၊ ပိုင်နဲ့ပေးစား ဖို့ သဘောကျလို့ခေါ်လာမှာ၊ နှင့်အန်ကယ်ဦးသာရဲ့ သူငယ် ချင်း သားတဲ့”

“ဟင်.... မမကို ယောကျ်ားပေးစားတော့မယ် ဟုတ် လား”

“ပြောပြီးပါပကော”

“မမက သိပ်လှတာမေမေ၊ မမကို ယောကျ်ားပေးစား လိုက်ရမှာ နှမြောစရာဗျာ”

“အံမယ်....ဒါနှင့်အပူလားဟဲ့၊ လူကြီးတွေက ကောင်း တယ်ထင်လို့ စီစဉ်တာပဲ”

"အန်ကယ် ဦးသာကလဲ ခက်ပါတယ်ဗျာ၊ သမီး နှစ်ယောက်တည်းရှိတာများ ကျွေးမထားနိုင်ဘူး ထင်တယ်၊ ယောကျ်ားပေးစားမယ့် ပေးစားယင် ဟိုရုပ်ဆိုး ခိုင့်ကို ပေးစားရောပေါ့"

"ဟဲ့....တော်စမ်း၊ ဒါ နင်ပြောစရာမဟုတ်ဘူး"

မာမီက မျက်စောင်းခဲပြီး မီးဖိုထဲ ပြန်ဝင်သွားသည်။

"အဟား.... မမ ချောချောလှလှလေးတော့ စွံတော့မှာပဲ၊ ပြီးတော့ သိန်းဆုကြီးတဆုလဲ အပို ပေါက်ပြန်ပြီ၊ ခိုင်ဆိုတဲ့ အရှုံးမလေး ရောက်လာမှာကိုး"

ကျော်စည်သူ တယောက်တည်း အော်ပြောနေသည်။ သူ့မျက်လုံးထဲမှာ ခိုင်ခိုင်ကို ပြန်၍မြင်ယောင်လာသည်။

အသားက ညိုညို။

မျက်လုံးပြူးပြူး။

နှုတ်ခမ်းတွဲတွဲလေးနှင့် ခိုင့်ပုံစံက ပိန်ကပ်ကပ်။

ဒါပေမယ့် ကြည့်ရမဆိုး။ အတော်ယဉ်သည်။ မမပိုင်နှင့်တော့ ယှဉ်၍မရ။

ခိုင့်ကိုမမြင်ရတာ သုံးလေးနှစ်ရှိပြီ။

လွန်ခဲ့တဲ့လေးနှစ်လောက်က ကျော်စည်သူတို့ မိသားစု မန္တလေးသကြင်္န်သွားပြီး ကျောက်ဆည်ရှိ ပိုင်၊ ခိုင်တို့အိမ်သို့ ရောက်သည်။ သည့်နောက်ပိုင်း မရောက်ဖြစ်ကြ။

ခိုင်ကလည်း ရန်ကုန်သို့မလာ။





ခိုင့်ကို ကျော်စည်သူမတွေ့ရတာ လေးနှစ်ရှိပြီ။

ကျောက်ဆည်ကို သူရောက်တုန်းက ခိုင့်မှာ စိတ်ရောဂါရှိသည်ဟု မကြားခဲ့ရ။

ပိုင် သည်အိမ်ကို ရောက်လာစဉ်ကလည်း ခိုင့်အကြောင်း မကြားခဲ့ရ။

သူ့မိဘတွေက ခိုင့်အကြောင်းဖုံးဖိထားကြပုံရသည်။ မမကလည်း သည်အကြောင်းကို တခါမှ မပြောပြခဲ့။

ယခုတော့ ခိုင်သည် အိမ်သို့မကြာခင် ရောက်လာတော့မည်။

ယောက်ဖလောင်း ကျောင်းဆရာလည်း ရောက် လာတော့မည်။

"အဟား.... ရယ်စရာတွေတော့ ဖြစ်ကုန်ပြီ၊ အရှုံးမနဲ့ သားမက်လောင်း၊ အဲ....ခယ်မနဲ့ ခဲအိုကို တပြိုင်တည်းခေါ်လာမယ်တဲ့၊ အင်မတန်စိတ်ကူးကောင်းတဲ့ အန်ကယ်ဦးသာ၊ ဦးသာဘဝကနေ ဦးနာဖြစ်သွားယင်တော့ ဒုက္ခပဲ၊ အဟက်"

ကျော်စည်သူသည် သူ့အိပ်ခန်းထဲ ပြန်ဝင်လာပြီး ရေးလက်စ ရည်းစားစာကို ဆုပ်ပစ်လိုက်သည်။

နောက်မှ ဆက်လုပ်မယ်၊ ခုတော့ ဦး နှောက် ခြောက်သွားပြီ။

* * *

## အခန်း ( ၆ )

ကားကို ရပ်နေကျနေရာ ဝိဇ္ဇာခန်းမရှေ့မှာ ထိုရပ်လိုက်းသည်။ မမကျောင်းဆင်းချိန်ကိုစည်သူလာကြိုခြင်းဖြစ်သည်။

(၁၀)မိနစ်ခန့် စောရောက်နေသဖြင့် ကားပေါ်မှာထိုင်ယင်း ပတ်ဝန်းကျင်ရှိ မိန်းမပျို အားလုံးကို မျက်စိစားပွဲထိုင်နေလိုက်သည်။

ဟော....တင်မေဦးလွင်တို့အုပ်စု လာပြီ၊ တင်မေဦးလွင်က မမထက် အတန်းငယ်သည်။

ရင်ကော့ကော့၊ တင် မော့မော့ လေးကို ရှေ့ နောက်ဘဲလင့်(စ်)မျှအောင် လျှောက်လာသည်။





ဆံပင်တိုကို ခါပြီး လျှောက်သည်။

မျက်လုံးက ပေကလပ် ပေကလပ်။

သူ့ကားနှင့် မနီးမဝေးမှ တင်မေဦးလွင်တို့ အုပ်စု ဖြတ်လျှောက်တော့ စည်သူက ရွှီးကနဲ လက်ခေါက်မှုတ်သည်။

တင်မေဦးလွင်တို့ အုပ်စု လှည့်ကြည့်သည်။ သူ့ကို သူတို့မျက်မှန်းတန်းမိနေကြတာကြာပြီ၊ ကြည့်လို့မရကြ။

တယောက်မှ မေတ္တာမရှိ။

စည်သူက ဇွတ်လှမ်း၍ ပြုံးပြသည်။

"နှာဘူး....နှာဘူး"

တင်မေဦးလွင်တို့ အုပ်စုထဲမှ ကုလား ကပြားမလေးက မကြားတကြား ပြန်အော်သွားသဖြင့် စည်သူဒေါပွသွား၏။

"ကပ္ပလီမ....ထွေ"

ကောင်မလေးတွေ သုံးလေးယောက်စုပြီး တပြိုင်တည်းအော်သွားကြ၏။ ပြန်ပြောမည်အပြု မမရောက်လာသည်။

"ဟဲ့....စည်သူ"

"ဗျာ"

"ဘာဖြစ်နေရပြန်တာလဲ၊ နင်တယောက်အတွက်နဲ့တော့ ...က်ပါတယ်၊ ရောက်ရာအရပ်မှာ ပြဿနာက တန်းလန်းပဲ"

"ကျွန်တော့် ဘာသာထိုင်နေတာ၊ သူတို့အုပ်စုက ရန်စ...သွားတာ မမရဲ့"

"တော်ပါတယ်၊ နင့်အကြောင်းများ မသိယင် ခက်မယ်"

မမက ကားပေါ်တက်လာယင်း ပြောသည်။ မျက်နှာက ရှုတည်တည်။

စည်သူက ကားကို စက်နှိုးပြီး ဝေါကနဲ ဆောင့်ထွက်လိုက်၏။

"ဟဲ့.... အမယ်လေး၊ ဘယ်လိုလုပ်လိုက်ထာလဲ"

မမကိုယ်ကလေးသည် စောင်းလျက် ယိမ်းထိုး သွားပြီး ပါးစပ်မှ လှမ်းဟောက်လိုက်၏။

"ဖြည်းဖြည်းမောင်းစမ်းစည်သူ"

စည်သူက ပြုံးဖြီးဖြီးရယ်ယင်း ကားကို အရှိန်လျှော့လိုက်၏။

"မမ"

"ဘာလဲ"

"ဗေဒင်ကြည့်မလား"

"ဟင့်အင်း...."

"စိုက်ဆံမပေးရပါဘူး မမရဲ့"

"နားငြီးတယ်၊ ပါးစပ်ပိတ်ထား"

"ကျွန်တော် ကြည့်ပေးမှာ"

"ဘာပြောတယ်၊ ပေါက်ကရ ပြောဦးမလို့လား"

"မပြောပါဘူး၊ တို....မမစိတ်ဝင်ကိန်းမြင်လို့"





"အလိုတော် မင်းက ရွှေမြင်နောက်မြင် ပုရောဟိတ်မို့လား"

"မဟုတ်ဘူး"

"မဟုတ်ယင် မပြောနဲ့"

"ပြောပြချင်လို့ပါ"

"ဘာပြောပြချင်လို့လဲ"

ကျောက်ဆည်က ဖုန်းလာတယ်လေ မမရဲ့"

"ဟုတ်လား၊ ဖေဖေ့ဆီက ထင်တယ်"

"သိပ်ဟုတ်"

ပိုင်စိတ်ဝင်စားသွားပုံ ရသည်။

"ဖေဖေက ဘာပြောလဲ"

"တရက်နှစ်ရက်အတွင်း အန်ကယ် ဦးသာ ရန်ကုန်လာမယ်တဲ့"

"ဟုတ်လား"

"ဟုတ်တယ်၊ ပြီးတော့ အန်ကယ်နဲ့အတူ ခိုင်ရယ်၊ လူတယောက်ရယ်ပါလာမှာတဲ့"

"ခိုင်လာမယ်ဟုတ်လား၊ ခိုင်က နေလို့မှ သိပ်ကောင်းပဲ"

"ခိုင့်ကို စိတ္တဇဆေးရုံမှာ ပြမလို့တဲ့"

"ဟင်....ဟုတ်လား၊ ဘယ်လိုများ ဖြစ်လို့ပါလိမ့်"

"ယဉ်ယဉ်လေး ရူးနေတာဆို"

"ဘယ်သူပြောလဲ"

"မမဖေဖေ အန်ကယ်ဦးသာပေါ့၊ မမတို့က ဘာလို့ ဖုံးထားတာလဲ၊ စိတ်ရောဂါဆိုတာ မြန်မြန်ကုမှ ပျောက်တာဗျ"

"ခိုင့်ကို ကြောင်နေမှန်း တိတိကျကျမှ မသိခဲ့ရပဲ စည်သူရယ်၊ ပထမကျောင်းစာထဲ စိတ်မဝင်စားလို့ စာမေးပွဲတဘုံး ဘုံးကျပြီး ကျောင်းမနေချင်တော့ဘူးဆိုပြီး နေ့တိုင်း ငို ငိုနေတာနဲ့ ကျောင်းထုတ်လိုက်ရတယ်၊ နောက်ပိုင်း တယောက်တည်း တွေးပြီး တယောက်တည်းစကားတွေပြော ပြောနေနေလို့ မသင်္ကာဖြစ်လာကြတာ ဒီလောက်ထိ အခြေအနေဆိုးလာမယ်လို့တော့ မထင်မိဘူး"

ပိုင်က မသက်မသာပြောလိုက်၏။

"ခု ဘာတွေဆက်ဖြစ်သလဲမသိဘူး၊ စိတ္တဇဆေးရုံ လာပြမှာတဲ့"

ကျော်စည်သူက ပြောသည်။

"ကောင်းပါတယ်လေ စောစောကုတော့ စောစောပျောက်တာပေါ့"

ပိုင်က စဉ်းစဉ်းစားစားပြောလိုက်သည်။

"မမ"

"ဘာလဲစည်သူ"

"လူတယောက်လဲ ပါလာဦးမှာတဲ့"

"ဘယ်သူတဲ့လဲ"





"ကျောင်းဆရာတဲ့"

ကျော်စည်သူက မမမျက်နှာကို အကဲခတ် ကြည့်ယင်း ပြောလိုက်သည်။

"ကျောင်းဆရာ ဟုတ်လား"

မမ၏မျက်နှာမှာ စိတ်လှုပ်ရှားဟန် တွေ့ရ၏။

"ဟုတ်တယ်လေ၊ ဘာလဲ....မမအဆက်လား"

"ပေါက်ပေါက်ရှာရှာ"

"လုပ်မနေပါနဲ့၊ အဲဒီလူက မမနဲ့ပေးစားမယ့်လူဆို"

"ဗုဒ္ဓေါ"

ပိုင် ဘုရားတလိုက်သည်။

"ဘာဖြစ်သွားတာလဲ မမရဲ့"

"အဲဒီကျောင်းဆရာကို ငါမှမကြိုက်တာ"

"ဒါဖြင့် အဲဒီလူနဲ့ မမကိုပေးစားမယ့်အကြောင်း မမကြိုသိနေပြီပေါ့"

"ကြုံကြုံဖန်ဖန်....သူက ငါ့ကိုပိုးနေမှန်း ငါသိတာတော့ ကြာပြီ၊ ဒါပေမယ့် ဖေဖေတို့က ပေးစားမယ့်အထိ စဉ်းစားကြမယ်တော့ မထင်မိခဲ့ဘူး"

"မမနဲ့ အဲဒီလူက ငယ်သူငယ်ချင်းလား"

"အင်း"

"သူ့အကြောင်း ပြောပြပါဦး မမ"

"သူနဲ့မမနဲ့ မန္တလေးတက္ကသိုလ်မှာ အတူတက်ခဲ့ကြတာ ဘွဲ့ရတဲ့အထိပဲ၊ သူက အခု ကျောက်ဆည်ဒေသကောလိပ်မှာ နည်းပြဆရာ ဝင်လုပ်နေတယ်လေ"

ပိုင်က ရှင်းပြလိုက်သည်။

"မမက သူ့ကိုမကြိုက်ဘူးလား"

"ဟဲ့....ဘယ်နှစ်ခါပြောရမလဲ၊ မကြိုက်ပါဘူးဆိုနေတယ် မဟုတ်လား"

"ဒါဆို မမကို သူနဲ့ပေးစားကြယင် ဘယ့်နှယ့်လုပ်မလဲ"

စည်သူ၏ ဆွပေးမှုကြောင့် ပိုင် စိတ်ပိုဆင်းရဲသွားသည်။

ကျောင်းဆရာ ကိုအုန်းမြင့်။

နာမည်ကတုံးသလို လူလည်း ခပ်တုံးတုံး။

ပုဆိုးတိုတိုဝတ်ပြီး တိုက်ပုံ တကားကား၊ ခေါင်းတုံး ဆံတောက်နှင့်ဆိုတော့ ဖေဖေတို့ လူကြီးတွေ မျက်လုံးမှာ အချိုးကျပေမပေါ့။

ပြီးတော့ ဖေဖေ့သူငယ်ချင်းအရင်းခေါက်ခေါက်ကြီးရဲ့သား မဟုတ်လား။

ပိုင်ကတော့ အုန်းမြင့်ကို လုံးဝ ကြည့်မရ။ အုန်းမြင့် စိတ်သဘောကိုလည်း မကြိုက်။

အုန်းမြင့်က စေ့စပ်လွန်းသည်။

စေးနည်းလွန်းသည်။

ပိုင်တို့ အမျိုးသမီး တသိုက်နှင့် ဘယ်နေရာမှာပဲ ဆုံဆုံ





တွေ့တွေ့၊ တခါမျှ သူက အကုန်အကျခံ ကျွေးမွေးဖူးသည် မရှိ။

မိန်းကလေးတွေ အိတ်ထဲမှ ပိုက်ဆံဖြင့် အားမနာတမ်း မျိုချရက်သူ။

"ဒီလိုလူမျိုးပေါ့၊ မိန်း က လေး ပိုက် ဆံ နဲ့ အရှက် အကြောက်မရှိ စားသောက်ပြီး ချေး ပန်း သေ မှာ" ဟု ပိုင့်၏ အဖော်အချို့ကပင် ထောမနာပြုရသော အုန်းမြင့် ဖြစ်သည်။

"မမ"

"ဘာလဲ"

"အဆက်ကြီးရောက်လာမယ်ဆိုလို့ ဝမ်းသာလုံးဆို့ပြီး ငြိမ်နေတာလား"

ကျော်စည်သူက စလိုက်သည်။

"ဟဲ့ သေနာကောင်လေး၊ ဒီမှာဖြင့် စိတ်ညစ်လို့ သေချင်နေပြီ၊ နင်က ပြောင်လား နောက်လားနဲ့၊ ကဲဟယ်"

ကျော်စည်သူ၏ ဗိုက်ခေါက်ကို ပိုင်က လိမ်ဆွဲပစ်လိုက်သည်။

"အား....အမယ်လေး၊ ကြောက်ပါပြီဗျ"

သည်တော့မှ ကျော်စည်သူတယောက် ငြိမ်ကျသွားလေသည်။

*  *  *

## အခန်း ( ၄ )

"ဟော့....စည်သူ၊ စည်သူ"

"ဟော....အစ်ကို ဝေယံဦးပါလား၊ စောစောစီးစီးလက်ထဲမှာ ပိတောက်ပန်းတွေနဲ့ပါလား"

စည်သူတယောက် စောစောစီးစီးထပြီး လမ်းလျှောက်ရာမှ ပြန်လာယင်း ခြံဝတွင် ဝေယံဦးနှင့် ဆုံကြသည်။

"မင်းမာမီက ပိတောက်ပန်းပွင့်ယင် ခူးပြီးလာပို့ဖို့ မှာထားလို့ကွ"

"ဟား ဟား.... ဟုတ်မှလဲ ပြောနော်အစ်ကိုဝေယံ"

ကျော်စည်သူက ဟားပစ်လိုက်သည်။





"မတွေ့လိုက်နဲ့၊ တွေ့လိုက်ယင် ဒီအတိုင်းပဲ၊ ခွေးကောင်လေး"

ဝေယံဦးက ဒေါပွပွဖြင့် ဆဲလိုက်သည်။

"ခါတိုင်းနှစ်တွေမှာ ပိတောက်ပန်းလာပို့တာ တခါမှ ကျွန်တော် မတွေ့ဖူးပါဘူး အစ်ကိုဝေယံရဲ့၊ ဘာလဲ–ခု ဒီအိမ်မှာ မမရောက်နေလို့ ထင်တယ်"

"ခွေးကောင်"

ဝေယံဦးက ရှက်ရယ် ရယ်သည်။

အမှန်ကို ဝန်ခံရလျှင် ကျော်စည်သူ ပြောတဲ့အတိုင်းပင် ဖြစ်သည်။

ပိုင့်ကို ပိုးပန်းချင်စိတ်ဖြင့် လာခဲ့ခြင်းပါ။

"မင်းအစ်မက ချောတာကိုးကွ"

"ချောမနေနဲ့၊ အင်ဂေ့ချ်လုပ်တော့မှာ"

စည်သူ၏စကားကြောင့် ဝေယံဦး ခေါင်းငိုက်စိုက်ကျသွားသည်။

"တကယ်လားကွာ"

"ကျားကိုက်ပါတယ်ဆိုမှ အပေါက် ကလေးနဲ့ လားလို့ မေးမနေပါနဲ့ အစ်ကိုဝေယံ၊ မနက်ဖြန် သန်ဘက်ခါ ဆိုယင် မမနဲ့ စေ့စပ်မယ့်လူ ရောက်လာတော့မယ်"

"သွားပြီ"

ဝေယံဦး၏ခြေလှမ်းတုံ့သွားသည်။

စည်သူက ဝေယံဦးကို ကြည့်ပြီး ဝမ်းသာသွားသည်။

"ကဲ–ဘယ့်နှယ်ရှိစ၊ ပိုးချင်ဦး မမကို"

အစ်မတယောက် ရောက်နေပါတယ်၊ ဟိုကပိုးချင်၊သည်ကကြိုက်ချင်နဲ့ ကျော်စည်သူ့ အဖို့ ယောက်ဖလောင်းတွေက ပေါပဲပေါနိုင်လွန်း။

ပိတောက်ပန်း တပွေ့တပိုက်နှင့် ငူငူကြီး ရပ်နေသည့် ဝေယံဦးကို ကြည့်ပြီး စည်သူအံ့သြသွားသည်။

ဘယ့်နှယ့်ဖြစ်ပါလိမ့်။

ဂေါမစ္ဆ လူပျိုကြီး အတော်အသည်းအသန် ဖြစ်နေပြီလား။ တကယ်တော့ အံ့သြစရာပါ။

ဝေယံဦး ဘယ်မိန်းကလေးကိုမှ ကြိုက်သည်ဟု မကြားခဲ့ရဖူး။

ဝေယံဦးနှင့် ဘယ်မိန်းကလေး ရည်းစားဖြစ်နေသည်ဟုလည်း မကြားခဲ့။ မသိခဲ့ရ။

ဝေယံဦးက ရိုးရိုးအေးအေး။

ပညာတော်သည်။ ဘွဲ့ရပြီး သဘောလိုက်ရန် လျှောက်ထားသည့် အင်ဂျင်နီယာတယောက်။

ဟိုတလောက ဝေယံဦးအကြောင်း မမကို ပြောပြခဲ့တာက တမင်လုပ်ကြံပြောခဲ့ခြင်းဖြစ်၏။

ဝေယံဦးကို ချောက်ချခဲ့ခြင်း သက်သက်မျှသာ။

"အဟား.... ဘာဖြစ်သွားတာလဲ အစ်ကိုဝေယံ"





"မင်းအစ်မကို ငါတကယ်စိတ်ဝင်စားနေတာပါ စည်သူရာ၊ မင်း ငါ့ကို မကူညီနိုင်တော့ဘူးလား"

"နေပါဦး.... မမကို ဘယ်တုန်းက ရင်းရင်းနှီးနှီး ခေါ်ပြောဖူးလို့လဲ"

"မပြောဖူးပေမယ့် နေ့တိုင်းမင်းတို့ခြံနဲ့ အိမ်ထဲဘက်ကို ငါချောင်းနေတာကွ"

ကောင်းရော၊

ခုမှ ရှင်းသည်။

သူတို့ခြံနှင့် ဝေယံတို့ခြံက ကပ်လျက်ဆိုတော့ ချောင်းကြည့်လို့ ကောင်းကောင်းမြင်ရသည်ပေါ့။

"ကဲ....အစ်ကို ဝေယံ၊ မာမိနိုးနေပြီလေ၊အိမ်ထဲကိုကြွ"

ဝေယံဦးက စိတ်မပါသလို အိမ်ထဲဝင်လာသည်။

စည်သူက သစ်ခွရုံဘက် ထွက်သွား၏။

"အန်တီ....အန်တီ"

အိမ်ထဲဝင်လာယင်း အော်ခေါ်သည်။

"အန်တီမရှိဘူး"

ပိုင်က ဧည့်ခန်းထောင့်မှာရှိသော ပန်းအိုးလေးကို လှမ်းယူနေယင်းမှ ပြောသည်။

ဝေယံဦးကို မြင်တော့ ရှက်ရွံ့သွားသည်။

ဝေယံဦးသူ့ကို နေ့စဉ်ချောင်းကြည့်နေတာ ကြာတော့ ပိုင် ရိပ်စားမိလာသည်။

ဝေယံဦး၏ သဘောကို နားလည်နေမိသည်။

"အန်တီ ဘယ်သွားလဲဟင်"

"ဈေးသွားတယ်"

"စည်သူက ပြောတော့ ရှိတယ်တဲ့"

"စည်သူ လမ်းလျှောက်ထွက်သွားတုန်း အန်တီဈေးသွားတာဆိုတော့ စည်သူက ဘယ်သိမလဲ"

ပိုင်ကရှင်းပြလိုက်ပြီး ပန်းအိုးလေးကို မ ယူလျက် ဝရန်တာဘက် ထွက်သွားသည်။

ဝေယံဦးက ပိုင့်နောက်လိုက်လာသည်။

"မယမင်းပိုင်"

ဝေယံဦး၏ နှုတ်မှ ပိုင့်နာမည်ကို ခေါ်လိုက်သည်။

"ပိုင်လို့ပဲ ခေါ်နိုင်ပါတယ်"

"ကျေးဇူးပါပဲပိုင်၊ အန်တီက ပန်းမှာထားလို့ လာပို့တာပါ၊ ကျွန်တော့်နာမည် ဝေယံဦးပါ"

'သြော်'

ဝေယံဦးလှမ်းပေးသော ပိတောက်ပန်းတွေကို ပိုင်လှမ်းယူလိုက်သည်။

"သိပ်လှတာပဲနော်၊ ဒါကိုဝေယံတို့ ခြံထဲမှာ ပွင့်တာပေါ့နော်"

"ဟုတ်တယ်ပိုင်"

"အတော်ပဲ၊ ပန်းအိုးတွေ ထိုးရမယ်"





"ပိုင်လဲပန်ပေါ့"

"ကောင်းပါပြီရှင့်.... ကောင်းပါပြီ"

"ကျွန်တော်ပြန်လိုက်ပါဦးမယ်နော်"

"ဟုတ်ကဲ့ ကိုဝေယံဦး"

ဝေယံဦး လှည့်ထွက်ခဲ့ရသည်။

တယောက်နှင့်တယောက် စကားပြောမိသည်မှာ ယခု ပထမဦးဆုံး။

သို့ပေမယ့် တယောက်နာမည် တယောက် သိနေကြတာကြာပြီ။

တယောက်အကြောင်းကိုတယောက် တစွန်းတစ လေ့လာပြီးကြပြီ။

မျက်လုံးချင်း ဆုံဖူးကြတာက အခါခါ။

ပိုင်ကို ဝေယံဦးစိတ်ဝင်စားမိ၊ ချစ်မိနေသလို၊ ပိုင်ကလည်း စိတ်ဝင်စားနေခဲ့တာကြာပြီ။

သို့သော် ဝေယံဦး စိတ်မချမ်းမြေ့ဖြစ်ပြီး ပြန်ခဲ့ရသည်။ ပိုင်က စေ့စပ်တော့မှာတဲ့။

နောက်ကျသွားပြီလား ပိုင်ရယ်။

* * *

"စည်သူ"

"ဘာလဲ မမ"

"ကားကို မြို့ထဲဘက်မောင်းစမ်း"

"ဗျာ၊ နားကြားများလွဲသွားသလား"

"မလွဲပါဘူး၊ မမ ကျောက်ဆည်ကို ဖုန်းဆက်မလို့"

"ဟာဗျာ....မမကလဲ၊ အိမ်မှာ ဖုန်းရှိရဲ့သားနဲ့"

"အိမ်ကနေဆက်ယင် အန်ကယ်ထွန်းဘောဲနဲ့ အန်တီတို့ ရိပ်မိသွားမယ်"

"ဘာကိစ္စ ဆက်မှာလဲ"

"ဟိုအကောင်ကို ခေါ်မလာဖို့ ပြောမလို့"

"ကျောင်းဆရာကိုလား"

"အေး"

ကျော်စည်သူက ဆီဒင်ကားပြာလေးကို မြို့ထဲဘက်သို့ ကွေ့ပြီး မောင်းလိုက်သည်။

ဆက်သွယ်ရေးစခန်းရှိရာ မဟာဗန္ဓုလလမ်းသို့ မောင်းခဲ့၏။

ပန်းပဲတန်း ဆက်သွယ်ရေးစခန်း အနီးတွင် ကားကို ရပ်လိုက်၏။

"ကဲ....မမ ဆင်း"

ပိုင်က ကားပေါ်မှ ဆင်းလိုက်သည်။ ပြီးတော့ အထဲသို့ ဝင်လာခဲ့သည်။

ပေါလစ်ရောင် ပြောင်လက်နေသော ကောင်တာရှိရာ လာခဲ့၏။ ကောင်တာပေါ်တွင် ဆိုင်းဘုတ်ကြီးများ၊ ဆိုင်းဘုတ် အသေးလေးများကို အစီအရီတွေ့ရသည်။





ဆိုင်းဘုတ် အားလုံးကို ဝေ့ယမ်းကြည့်ပြီး မိမိနှင့် သက်ဆိုင်သည့် ပြည်တွင်း ဆက်သွယ်ရေး ဆိုင်းဘုတ်ရှိရာဘက် လျှောက်ခဲ့သည်။

ကောင်တာနှင့် မျက်နှာချင်းဆိုင် နံရံတွင် လူတယောက် မတ်တတ်ရပ်စကားပြောၡရနိုင်သည့် မှန်လုံခန်းများ ၄ ခုကို တွဲလျက် တွေ့ရ၏။

၄ ခန်းလုံး လူပြည့်နေသည်။

အဝေးပြောလိုသူအုပ်စုက ကောင်တာရှေ့တွင် တပုံကြီး ပါလား။

နယ်သို့ တယ်လီဖုန်း စကားပြောလိုသူများကို ခေါင်းတွင် နားခွက်ဖြူဖြူလေး သွယ်စိုက် တပ်ဆင်ထားသော မိန်းမချော လေးတယောက်က တဆင့် ဆက်သွယ် ပေးနေသည်။

မိန်းကလေးဘေးမှ အမျိုးသားထံတွင် ငွေပေး၊ နာမည်ပေး၊ ဖုန်းနံပါတ်ပေးပြီး ခေတ္တ စောင့်နေရသည်။

ပိုင်က ဖုန်းမြန်မြန်ရရန် ဆုတောင်းနေသလောက် စည်သူက ပျော်နေသည်။

နားကြပ်ခွက်နှင့်ကောင်မလေးကို ငေးနေသည်။ ပြီးတော့ တံဆိပ်ခေါင်း ရောင်းနေသည့် ကောင်မလေးများနှင့် ကြေးနန်း လက်ခံနေသည့် ကောင်မလေးတွေကိုလည်း အလွတ်မပေး။

သူ့မျက်စိက ကျီးကန်းတောင်းမျှော်ကြည့်နေရသဖြင့် ဇက်က တောင် မြောက် ခါယမ်းနေသည်အထိ မငြိမ်သက်။

"ပိုင်တို့ မောင်နှမပါလား"

ဝေယံဦးက ဆက်သွယ်ရေးစခန်းထဲ လှမ်းဝင်လာရာမှ သူတို့မောင်နှမကို တွေ့သွားသဖြင့် နှုတ်ဆက်လိုက်သည်။

ပိုင် ပြုံးပြလိုက်သည်။ ဝေယံဦးကို ကြည့်ပြီး စည်သူ ရယ် ချင်သွား၏။

ဂေါ်မစွံ လူပျိုကြီးတော့ ငမ်းနေပြီ။

"ကိုဝေယံဦးပါလား၊ ဘာလာလုပ်တာလဲ"

"တံဆိပ်ခေါင်း လာဝယ်တဲ့ သူငယ်ချင်း တယောက်နဲ့ လိုက်လာတာပါ၊ သူက စာအုပ်ထုတ်ဝေသူတဲ့လေ၊ တံဆိပ်ခေါင်း သုံးရာဖိုးတောင် ဝယ်မှာ"

တံဆိပ်ခေါင်း ဝယ်နေသော သူ့ သူငယ်ချင်း ရှိရာသို့ လက်ညှိုးညွှန်ပြယင်း ဝေယံဦးက ပြောသည်။

စည်သူက မချိမချဉ် မျက်နှာပေးနှင့် ကြည့်နေသည်ကို ဝေယံဦးက မသိဟန်ဆောင်နေသည်။

"ပိုင်တို့ကော ဘာအတွက်လာတာလဲ"

"ကျောက်ဆည်ကို ဖုန်းပြောမလို့ပါ"

"ဟင်၊ အိမ်မှာဖုန်းရှိလျက်နဲ့များ"

ဝေယံဦး အံ့ဩသွားသည်။





ပိုင်က ရှင်းမပြတော့ပဲ ပြုံးနေသဖြင့် ဝေယံဦး ဆက်ပြီး မစပ်စုနေတော့။

ထိုစဉ်....

"ကျောက်ဆည်ရပြီ၊ အခန်းနံပါတ် ၃ ထဲ ဝင်ပါ"

နားကြပ် တပ်ထားသည့် မိန်းကလေးက ညွှန်ကြားလိုက်သဖြင့် ပိုင်တယောက် အခန်းနံပါတ် ၃ ထဲသို့ ပြေးဝင်သွားသည်။ အခန်း နံပါတ် ၃ ထဲမှ ဖုန်းခွက်ကို ကောက်ကိုင်သည်။

"ဟဲလို....ဟဲလို"

" .... .... "

အတော်ကြာမှ တဖက်မှ ဖုန်းလာကိုင်၏။

"ဖေဖေရှိလား....ဖေဖေရှိလား"

"ဘယ်သူလဲ....ပိုင်လားဟေ့"

ဖေဖေ့အသံကို မကြားရ။ ဖေဖေ့ညီမ အန်တီအပျိုကြီး ဒေါ်စိန်ပွင့်အသံဖြစ်၏။

"ဟုတ်တယ် ပိုင်ပြောနေတာပါ၊ အန်တီပွင့်.... ဖေဖေကော"

"ရန်ကုန်ဆင်းသွားပြီလေ"

"ဟောတော့"

ပိုင်တယောက် အကြီး အကျယ် စိတ်ဓာတ် ကျသွားလေသည်။

“ပိုင် ဘာအရေးကြီးလို့လဲ”

“ဖေဖေတို့ ဘယ်တုန်းက ရန်ကုန်လာတာလဲ”

“ဒီနေ့ပဲလေ.... မနက်ဖြန်လောက် ရောက်မှာပေါ့၊ ဒါမှ မဟုတ် ညလောက်ရောက်မလားပဲ”

“ဘာနဲ့လာကြသလဲ၊ ဘယ်သူတွေ ပါလာကြသလဲ အန်တီပွင့်”

“အိမ်ကကားနဲ့ပေါ့ပိုင်ရဲ့၊ မိနိုင်ကို ဆေးရုံပြဖို့ ခေါ်လာတာလေ' တို့ သူငယ် အုန်းမြင့်လဲ ပါသွားတာပဲ”

“ဒုက္ခပါပဲ....ဒုက္ခပါပဲ”

ပိုင်ညည်းပစ်လိုက်၏။

“ဘာဖြစ်လို့လဲ ပိုင်ရဲ့”

“အဲဒီလူကို ပိုင်မျက်နှာချင်းမှ မဆိုင်ချင်တာ၊ အလကားလူ”

“ပိုင့် ဖေဖေက သိပ်သဘောတူနေတာ၊ မောင်အုန်းမြင့်တို့ ဘက်ကလာပြီး တောင်းရမ်းကြတယ်လေ ပိုင်ရဲ့”

“အမယ်လေး....အန်တီ ပွင့်က ဒီလူအကြောင်း မသိသေးလို့၊ သိပ်ခက်တာပဲ အန်တီပွင့်”

“ဘာလဲ၊ သိပ်ခက်တယ်ဆိုတာ”

“သိပ်ကပ်စေးနဲတာအန်တီ”

“ဟဲ့....ကပ်စေးနဲတဲ့ လူယူယင် စုမိတာပေါ့၊ ဟုတ်ဘူးလား”





“စုမိယင်တော့ ကောင်းတာပေါ့၊ တော်ကြာ သူ့မိဘ ဆွေမျိုးဘက် ယက်နေမှ ခက်မယ်နော်၊ ပိုင်တော့ သူ့ကို မကြိုက်ဘူး”

“ကပ်စေးနဲတဲ့အပြစ်လေးတခုနဲ့တော့ မငြင်းသင့်ဘူးပိုင်၊ စဉ်းစားဦး ဟုတ်လား”

“ကျောင်းမှာ အတူတူ တက်ခဲ့တာပဲ အန်တီပွင့်၊ သူ့အကြောင်းကို ပိုင်သိပါတယ်၊ မိန်းမအားကြီးပွေတာ”

“ဟုတ်ရဲ့လား....မောင်အုန်းမြင့် ဒီလောက်ရိုးတာ”

“ဘယ်က ရိုးရမှာလဲ၊ မန္တလေးတက္ကသိုလ် တက်နေတုန်း သူ့မှာ ဟိုရောဂါတွေ ဖြစ်လို့ ဆေးရုံတောင်တက်ရတာ”

ပိုင်တယောက် အုန်းမြင့်ကို ချောက်တွန်းနေပေပြီ။

“ဟဲ့...ဘာရောဂါလဲ”

‘ဆစ်ဖလစ်တဲ့ အန်တီ”

“ဗုဒ္ဓေါ”

အပျိုကြီးတခါတည်း ရင်တုန်သွားသည်။

“နေပါဦး....ညည်းက ဘယ်လိုလုပ်ပြီး ဒီကိစ္စသိတာလဲ”

“အဆောင်မှာ ပိုင်နဲ့တခန်းတည်းနေတဲ့ သူငယ်ချင်းမရဲ့ အစ်ကိုက တဆင့်ကြားတာပဲ၊ ဒါမျိုးက လူကြီးတွေကိုသာ ဖုံးထားလို့ရတာ၊ လူငယ်တွေအချင်းချင်း ကြားမှာတော့ ဖုံးလို့ ဘယ်ရမလဲ အန်တီပွင့်ရဲ့”

"ဟုတ်လား၊ သောက်ကျိုးနည်းဲအေ"

"ပိုင် သူ့ကို မကြိုက်ဘူးအန့်တီပွင့်၊ ဖေဖေ့ကို ပြောပေးပါနော်"

"အေး အေး.... အန့်တီပွင့်တာဝန်ထား၊ ခုတော့ သူ ရန်ကုန်ပါသွားတယ်၊ကြည့်ပြီး ပြောဆိုဆက်ဆံပေါ့ ဟုတ်လား"

"ဟုတ်ကဲ့ အန့်တီပွင့်၊ ပိုင်ဖုန်းချလိုက်တော့မယ်နော်"

"ကောင်းပြီပိုင်"

ပိုင်တယောက်ဝမ်းသာအားရ ဖုန်းချလိုက်သည်။ အန့်တီစိန်ပွင့်ကိုတော့ စည်းရုံးလိုက်ပြီ။ ဖေဖေ့ကို အန့်တီစိန်ပွင့် နားပူနားဆာ လုပ်ရုံနှင့် သည်ကိစ္စ ပျက်သွားမှာ သေချာသည်။

ပိုင်အခန်း(၃)ထဲမှ ထွက်ခဲ့သည်။

စည်သူ၏မျက်နှာအောက်သိုးသိုးကို တွေ့လိုက်ရ၏။

"ကြာလိုက်တာဗျာ၊ ဘာတွေပြောနေတာလဲ"

"နှင်သိပြီးသားပဲမဟုတ်လား စည်သူ၊ အပိုလုပ်မေးမနေနဲ့၊ လာ....ပြန်မယ်"

ဝေယံဦးက ပိုင်တို့နားမှမခွာ၊ ပြုံးနေသည်။





"ဩော်....ကိုဝေယံဦးလဲ မပြန်သေးပဲကိုး။

ဝေယံဦးသူငယ်ချင်းကမူ မစောင့်နိုင်၍ ပြန်သွားလေပြီ။

"ပိုင်တို့မောင်နှမကို စောင့်နေတာ၊ ကျွန်တော်လဲ ပိုင်တို့ကားနဲ့ ပြန်လိုက်မလို့၊ သူငယ်ချင်းက ကျွန်တော့်ကားကို ဧကယူသွားတယ်"

"ဩော်"

ပိုင်၏မျက်နှာလေး တည်သွားသည်။

ဝေယံဦး အကြံအဖန်လုပ်နေပြီဆိုတာကို မောင်နှမ နှစ်ယောက်လုံး သိသည်။ သို့သော် အိမ်ချင်းကပ်လျက်ဆိုတော့ အားနာနာဖြင့် သူတို့ကားနဲ့ လိုက်ခဲ့ရန် ခေါ်ကြသည်။

"လမ်းကြုံနေတာပဲ ကိုဝေယံဦး၊ လိုက်ခဲ့ပါ"

နှုတ်ခမ်းရဲရဲလေးကို တင်းတင်းစေ့၊ မျက်နှာ ဝင်းဝင်းလေးကို မော့ပြီး တလှမ်းချင်း ဟန်ပါပါ လက်လွှဲ၍ ပိုင်က ကားရှိရာသို့ လျှောက်သွားလေသည်။

ဝေယံဦးက ပိုင့်နောက်မှ လိုက်လျှောက်လာယင်း ရင်ခုန်သံ မမှန်ချင်တော့။

ခြေတဘက်လှမ်းတိုင်း ပိုင်၏အသားစိုင်များက လှုပ်ခတ်သွားတတ်၏။

ကိုယ်လုံးကိုယ်ထည်ပါဖွံ့ထွား၍ အချိုးအစားပြေပြစ်လှပ
သူ ပိုင့်ကို ဝေယံဦး ရှုမဝနိုင်။

"ကောက်ပေးမယ်ဗျာ"

စည်သူက ဝေယံဦးကို ပခုံးချင်းတိုက်ပြီး နောက်လိုက်၏။

"ဘာကိုလဲ ကျော်စည်သူရာ"

"အစ်ကိုဝေယံရဲ့ မျက်လုံးတွေကိုလေ"

"မင်းကလဲကွာ၊ လိမ္မာသားနဲ့"

ကားရှိရာသို့ ရောက်လာကြ၏။

ပိုင်တယောက်တည်း ကားနောက်ခန်းမှာ ထိုင်သည်။

စည်သူက ကားမောင်းပြီး ဝေယံဦးက စည်သူ့ ဘေးမှာ
ထိုင်သည်။

"စည်သူ"

"ဗျာ"

"ကန်တော်ကြီး ဟိုတယ်ကို မောင်းပါလား"

"ဘာလုပ်ဖို့လဲ အစ်ကို ဝေယံ"

"မင်းနဲ့ ပိုင့်ကို တခုခု ကျွေးချင်လို့"

ဝေယံဦး စေတနာဖြူးနေပုံကိုကြည့်ပြီး စည်သူ ရယ်မော
လိုက်သည်။

ပိုင်က....





"အို....နေပါစေ၊ ပိုင် အိမ်ကိုပဲ မြန်မြန် ပြန် ချင် တယ်၊
ခေါင်းအုံနေလို့" ဟု ပြောလိုက်သည်။

စည်သူက ဝေယံဦးကို ဘယ့်နှယ့်လဲ ဆိုသည့် သဘောဖြင့်
စေါင်းငဲ့ကြည့်လိုက်၏။

ဝေယံဦး လက်လျှော့သွားပုံရ၏။

စည်သူက ကားကို အိမ်ရှိရာသို့ ဦးတည်လိုက်သည်။

ပိုင်က သူ့ အတွေးဖြင့်သူ ငြိမ်ပြီး ပါလာသည်။

ဝေယံဦးက ကားရှေ့မှန်ထဲမှ ပိုင့်ကို ခိုးကြည့်သည်။

လှလိုက်တာ ပိုင်ရယ်။

ပိုင် ဆိုတဲ့ နာမည်နဲ့ သိပ်လိုက်တာပဲ။

ကိုဦး အသည်းထဲမှာ ခိုက်နေပြီဗျ။

*　　*　　*

## အခန်း ( ၈ )

ည(၇)နာရီ တီတီ။

"တီ....တီ....တီ"

အိမ်ရှေ့မှကားဟွန်းသံကြား၍ ဒေါ်အောင်မေ အပြေးကလေး ထွက်လာခဲ့၏။

"ဟော.... အစ်ကိုကြီး ဦးသာတို့ ရောက် လာ မှ ကိုး၊ တူမလေး ခိုင်က ထွားလာပါလား၊ လာ....လာ"

ဒေါ်အောင်မေက ပျာပျာသလဲ ဆီးကြို၍ အိမ်ထဲသို့ ခေါ်လာ၏။ သူ့မျက်လုံးများ က ဦးသာ ဘေးမှ ခပ်ရှိန်ရှိန် ပါလာသည့် လူရွယ်ကို အကဲခတ်သလို ကြည့်သည်။





"ဟဲ့.... ပိုင် တယောက်ကော၊ ဒီမှာ သမီး ဖေဖေတို့ ရောက်လာပြီလေ၊ ဟဲ့စည်သူ....မင်းအစ်မကို သွားခေါ်စမ်း"

စည်သူက အုန်းမြင့်ကို မြင်မြင်ချင်း နှာခေါင်းရှုံ့ပြလိုက်သည်။

ဆံပင်ရှည်ရှည်၊ ပိုသီပတ်သီနှင့် စည်သူ့ကို မြင်မြင်ချင်း အုန်းမြင့်ကလည်း ကြည့်မရ။

"ဟဲ့....စည်သူ"

ဆိုဖာပေါ်တွင် ခြေချိတ်ထိုင်နေရာမှ တစက်ကလေးမျှ မလှုပ်ရှားသော စည်သူ့ကိုဒေါ်အောင်မေကစိတ်မရှည်သလို ငေါက်လိုက်၏။

"ဗျာ....မေမေ"

"ပိုင့်ကို သွားခေါ်ချေ"

စည်သူ ထိုင်နေရာမှ ထရပ်လိုက်သည်။ အုန်းမြင့်ကို ပခုံးချင်းတိုက်မတတ် ပမာမခန့်လုပ်ပြီး ခြံထဲ ဆင်းခဲ့သည်။

စောစောက ပိုင် ခြံထဲဆင်းသွားတာ မြင်လိုက်သည်။

ခြံတောင်ဘက် ခရေပင်တွေ အောက်သို့ စည်သူ ပြေးထွက်ခဲ့၏။

ညတိုင်း ပိုင် ခရေပန်း ကောက်တတ်သည် မဟုတ်လား။ ထင်တဲ့အတိုင်းပါပဲ။

သို့သော် ပိုင် တယောက်တည်း မဟုတ်။

ပိုင့်အနီးမှာ ဝေယံဦး ရှိနေသည်မို့ ကျော်စည်သူ အံ့ဩသွားသည်။ ခြံချင်းကူးသည့် မလှယ်ပေါက်မှ ဝင်လာတာဖြစ်ရမည်။

ကျော်စည်သူက ခြေကို ဖွဖွနင်းလာသည်။ ခရေပင်တပင်ကို ကွယ်ပြီး ချောင်းလိုက်၏။

ပိုင်က ပလတ်စတစ်ဖလားထဲရှိ ကောက်ပြီးသားပန်းများကို နှီးကြိုးသေးသေးဖြင့် သီနေသည်။

ဝေယံဦးက ပိုင့်အနီးမှာထိုင်ပြီး လက်ဝါးနှစ်ဘက်ကိုပွတ်နေသည်။

"ပိုင်"

"ရှင်"

"ကျွန်တော် နေ့တိုင်း ပန်းဝိုင်းကောက်ပေးမယ်နော်"

"ရပါတယ် ကိုဝေယံဦး၊ ပိုင် ကောက်နေကျပါ"

"ကျွန်တော် ကြိုပြီး ကောက်ပေးထားယင်ကော"

"ဒုက္ခရှာလို့ ကိုဝေယံဦးရယ်"

ဝေယံဦး ခေတ္တငြိမ်နေသည်။ အတော်ကြာမှ တံတွေးကိုမျိုချလျက်....

"ပိုင်"

"ရှင်"

"ကျွန်တော့်ကို စကားတခွန်းလောက် ပြောခွင့်ပြုပါ"

"ဘာများလဲ ရှင်"





"ကျွန်တော်လေ ပိုင့်ကို ချစ်တယ်"

"အို...."

ပိုင် ရင်ခုန်သွားသည်။

"ဟား....ဟား....အဟစ်ဟစ်"

စည်သူက သစ်ပင်ကွယ်မှ ပြေးထွက်လိုက်သဖြင့် နှစ်ယောက်စလုံး လန့်ဖျပ်သွားလေသည်။

"ခွေးကောင်လေး၊ ဘယ်တုန်းကရောက်နေတာလဲ"

ပိုင်က စိတ်ဆိုးမာန်ဆိုးဖြင့် ရေခွက်နှင့်လှမ်းခေါက်သည်။ ဝေယံဦးမှာ စည်သူ့ကို ဒေါပွ၍မဆုံး။

ကောင်းခန်းရောက်တုန်း ပုဏ္ဏားဖျက်တယ်ဆိုတာ ဒါမျိုးပေါ့ဟု တွေးပြီး စည်သူ့ မျက်ခွက်ကို လှိမ့်ကန်ချင်သည်။

"ကျောက်ဆည်က မမဖေဖေတို့ ရောက်နေကြပြီ၊ မေမေက ရှာခိုင်းလို့ ခုပဲ လာခဲ့တာပါဗျာ၊ နေပါဦး....ဒီမှာ ဘာလာလုပ်နေကြတာလဲ"

"ဘာလုပ်လုပ်"

ပိုင်က ဘုပြောပြီး အိမ်ကြီးရှိရာသို့ လစ်သွားသည်။

စည်သူက ဝေယံဦးကို စပ်ဖြီးဖြီးကြည့်ပြီး....

"ဆောရီး အစ်ကိုရာ၊ ပွဲကောင်းတုန်း ဒိန်းဒေါင်း ဖျက်သလို ဖြစ်သွားသလား၊ အဟီး...."

"မင်းက မင်းအစ်မကို ငါနဲ့သဘောမတူလို့ လိုက်နှောင့်ယှက်နေတာလား"

"ဟာ....မဟုတ်ရပါဘူး၊ ခုရောက်နေတဲ့ လူကြီးနဲ့စာယင် အစ်ကိုဝေယံက အများကြီး သာနားပါတယ်"

"ဟိုကောင် ပါလာပြီလား"

"အင်း"

"ငါ လိုက်ကြည့်ချင်တယ်ကွာ"

"ဖြစ်ပါတယ်....လာလေ၊ ကျွန်တော်နဲ့ လိုက် ခဲ့ ပေါ့၊ ကျွန်တော့်ကို ဒံပေါက်ကျွေးရမှာနော်"

"ငါ့ညီ စားချင်တာပြော၊ အကုန်ကျွေးမယ်"

"ဒါဆိုလာဗျာ"

ပိုင့်၏နောက်မှ နှစ်ယောက်သား လိုက်ခဲ့ကြသည်။

ပိုင်သည် လှပသည့် သူမ၏ မျက်နှာလေးကို တင်းထား မိ၏။

ဧည့်ခန်းထဲသို့ စိတ်မပါသလို ဝင်လာသည်။

"ဖေဖေတို့ ရောက်နေပြီကိုး၊ သမီးက ခြံထဲမှာ ပန်းသွား ကောက်နေတာ"

အုန်းမြင့်၏ မျက်နှာကို မကြည့်ပဲ ဖေဖေ့ကို နှုတ်ဆက် သည်။ ပြီးတော့ ခိုင့်ကိုကြည့်သည်။

"ခိုင်၊ ညီမလေး နေကောင်းတယ်နော်"

ခိုင့်နားမှာကပ်လျက်သွားထိုင်လိုက်ပြီး မေးသည်။ ခိုင်က မျက်စိမှိတ် သက်ပြင်းချပြီး....





"ခိုင် တရားအားထုတ်နေတယ် မမ၊ ရုပ်နဲ့နာမ်ကို ခွဲပြီး မြင်ရပြီမို့ နေမကောင်းတာတို့ ဘာတို့ မရှိတော့ဘူး၊ ပြီးတော့ ခိုင် သေရတော့မှာ"

"ဟဲ့....ခိုင်ရယ်၊ ဘာတွေ လျှောက်ပြောနေတာလဲ"

ပိုင်ကညီမအတွက် ရှက်ရွံ့ပြီး ဟန့်တားလိုက်သည်။

"ကမ္ဘာကြီးပျက်သွားယင် ခိုင်တို့ အရှင်လတ်လတ် ထွက် ရပ်ပေါက်သွားမှာ မမရဲ့၊ ဒါကြောင့် ကုသိုလ်များများ လုပ် နေရတယ်" ဟု ခိုင်က အသက်မရှူစတမ်း လုရှ် ပြောနေပြန် သဖြင့် ပိုင်သာမက စည်သူရော ဝေယံဦးပါ သြချကုန်ကြ တော့၏။

"သမီး....မောင်အုန်းမြင့်လဲ အလည်လိုက်လာတယ်လေ"

ပိုင့်ဖေဖေက သမီးဖြစ်သူ၏ အမူအရာကိုကြည့်ပြီးနေမထိ ထိုင်မသာဖြင့် ပြောလိုက်သည်မို့ ပိုင် က အုန်းမြင့်ဘက် အလိုက်သင့် ကြည့်လိုက်ပြီး....

"သြော်....ဟုတ်ကဲ့" ဟု ပြောလိုက်ရသည်။

ပိုင့်ကိုမြင်တော့ အုန်းမြင့်၏မျက်နှာမှာ ဝင်းထိန် သွား သည်။ ပိုင်သည် သူ့အချစ်၊ သူ့အိပ်မက် မဟုတ်ပါလား။ ပိုင့်ထံမှ မျက်လုံးမလွှဲ။

"ဆံပင်ရှည်နဲ့ဘိုးတော်၊ ဒီမှာလာထိုင်လေ၊ တရားဆွေး နွေးရအောင်"

ခိုင်က ကျော်စည်သူ့ကိုကြည့်၍ ဟန်နှင့်ပန်နှင့် လှမ်းခေါ်လိုက်သည်မို့ အားလုံးပြုံးသွားကြသည်။

ကျော်စည်သူက ပခုံးနီးပါးလောက် ရှည်ကျနေသည့် သူ့ဆံပင်တွေကို လက်ဖြင့်ယောင်ပြီးသပ်မိလျက် စိတ်ထဲမှ....

"အရှူးမက အလာကြီးပဲ"ဟု ပြောမိသည်။

"မောင်အုန်းမြင့်....သူက အန်ကယ့် တူမောင် ကျော်စည်သူတဲ့၊ တစ်ဦးတည်းသောသားပေါ့ကွာ၊ တစ်ဦးတည်းသောသားဆိုလို့ မင်းလိုတော့ လိမ္မာမယ်မထင်နဲ့၊ ဆယ်တန်းရှုံးတာ သုံးခါရှိပြီကွ"

"ကဲ....ဘယ့်နှယ့်ရှိစ"

အန်ကယ်ဦးသာတို့မျှား လူပုံအလယ်မှာ အပြတ် နှိမ်နေလိုက်တာ အားမနာ ပါးမနာ။ စည်သူစိတ်တိုသွားသည်။

သူ့သားမက်လောင်း ကျောင်း ဆရာကလည်း တစ်ဦးတည်းသောသားဆိုပဲ။

အဟား....ပုံတုံးကြီးများဗျာ။

စည်သူ ရယ်ချင်သွားသည်။

ဝေယံဦးနှင့် အုန်းမြင့်တို့ မျက်လုံးချင်း ဆုံကြသည်။ ဝေယံဦးက အုန်းမြင့်၏ ခပ်တုံးတုံး ပုံစံကိုကြည့်ပြီး ပိုင်နှင့် ဘယ်လိုမှမတန်ဘူးဟု တွေးမိသည်။

"စည်သူ"

"ဗျာ....အန်ကယ်ဦးသာ"





"မနက်ဖြန်အားလား"

"ဟုတ်ကဲ့"

"သမီးပိုင်ကော ကျောင်းအားတယ် မဟုတ်လား"

"ဟုတ်ကဲ့ဖေဖေ"

"မောင်အုန်းမြင့်နဲ့ ခိုင့်ကို မြို့ထဲ လိုက်ပို့ပြီး လည်ကြပတ်ကြပေါ့၊ ဟုတ်လား"

"ဟုတ်....ဟုတ်ကဲ့ဖေဖေ"

ပိုင်က ခေါင်းကုတ်ပြီးပြောသည်။ စည်သူက အင်းအဲ မလုပ်ပဲနေသဖြင့် ဦးသာက....

"ဟေ့ကောင်စည်သူ၊ ငါပြောတာကြားလား"

"ကျွန်တော် ကားမမောင်းနိုင် ဖြစ်နေတယ်အန်ကယ်"

"ဟုတ်လား၊ ဘာဖြစ်တာလဲ"

"ပေါင်ကြားမှာ ကိန္နရာနာပေါက်နေလို့"

"ဟေ....ငါကြားဖူးတာတော့ ကိန္နရာနာဆိုတာ ချိုင်းကြားမှာပဲ ပေါက်တယ်ဆို"

ဦးသာက မကျေနပ်။

စည်သူကလည်း ရှုသိုးသိုး။

"သားကလဲ လူကြီးကိုနောက်စရာ မှတ်နေလား၊ မနက်ဖြန် လိုက်ပို့လိုက်ပါ"

"မေမေကလဲ ကျွန်တော်တကယ်ပြောနေတာ"

စည်သူက ခပ်တည်တည်ပြောလိုက်၏။

အခြေအနေကို ဝေယံဦးက ဝင်ထိန်းသည်။

"ကျွန်တော်အားတယ်အန်တီ၊ အားလုံးကို ကျွန်တော် လိုက်ပို့ပေးပါ့မယ်"

သူ့အတွက်လည်း အကျိုးရှိမယ့် အစီအစဉ်ပါ။ စည်သူ ပြုံးသွားသည်။ ဖွတ်ချေးလူပျိုကြီးက အတော်အကြံညဏ် ကောင်းနေပါလား။

ဒေါ်အောင်မေက ဝေယံဦးကို ကျေးဇူးတင်သည့် အမူအရာဖြင့် ကြည့်ယင်း....

"ကျေးဇူးပဲ မောင်ဝေယံဦးရေ၊ စည်သူက ဒီလိုပဲ၊ တခါတခါ သိပ်ကတ်သတ်တာကွယ့်"ဟု ပြော၏။

ဝေယံဦးက ပြုံးနေသည်။

"သူက မောင်ဝေယံဦးတဲ့၊ အင်ဂျင်နီယာဘွဲ့ ရပြီးပြီ၊ သင်္ဘောလိုက်ဖို့လျှောက်ထားတာ၊ သူကတော့ မောင်အုန်းမြင့်၊ ပိုင်နဲ့ကျောင်းနေဖက် သူငယ်ချင်း"

အုန်းမြင့်နှင့် ဝေယံဦးကို ဒေါ်အောင်မေက မိတ်ဆက်ပေးသည်။

"ကျွန်တော်တို့ ခြံဘက်လဲ အလည် လာနိုင်ပါတယ် ကိုအုန်းမြင့်၊ ခြံချင်းကပ်နေတာပဲ"

"ဟုတ်ကဲ့....လာခဲ့ပါ့မယ်"





အုန်းမြင့်က အလိုက်သင့် ပြန်ပြောယင်း ချောမောလှပ၍ သားနားသောဝေယံဦးကို ငေးကြည့်နေမိသည်။

"ကဲ....အန်တီ....ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး၊ ပြန်ပါဦးမယ် အန်ကယ်၊ ကိုအုန်းမြင့်....ကျွန်တော်ပြန်ပါဦးမယ်"

"ကောင်းပါပြီ–ကောင်းပါပြီ"

"ဟုတ်ကဲ့ခင်ဗျ–ဟုတ်ကဲ့"

ဦးသာနှင့် အုန်းမြင့်တို့ ပြန်ပြောလိုက်သည်။

ဝေယံဦးက ပိုင့်ကို အဓိပ္ပာယ်ပြည့်သော မျက်လုံးအစုံဖြင့် ကြည့်ယင်း အိမ်ထဲမှ ထွက်သွားသည်။

"ဖေဖေ.... သမီး သိပ်အိပ်ငိုက်တာပဲ၊ အိပ်မက်ထဲမှာ လကမ္ဘာကို အလည်သွားရဦးမှာ"

ခိုင်က ဝါးကနဲသမ်းလိုက်ပြီး ဖခင်ကို လှမ်းပြောလိုက်၏။

"အိုဟုတ်သားပဲ.... အမြရေ.... ခိုင့်အတွက် ပြင်ထားတဲ့ အခန်းထဲ ပို့ပေးလိုက်စမ်း"

အိမ်ဖော် ဒေါ်မြအပြေးအလွှား ရောက်လာပြီး ခိုင့်လက်ဆွဲအိတ်ကို ဝိုင်းယူသည်။ ခိုင်က ထိုင်နေရာမှ ထရပ်သည်။

"မမလိုက်ပို့မယ်–လာ–လာ–ညီမ"

ပိုင်က ခိုင့်ကို အခန်းထဲ လိုက်ပို့ပေးသည်။

စည်သူက နောက်ဖေးခန်းထဲဝင်လာခဲ့ပြီး ရေခဲသေတ္တာကို ဖွင့်သည်။

လိမ္မော်ရည် တပုလင်းယူထုတ်ပြီး ဖောက်သောက် နေသည်။ ပြီးတော့ တယောက်တည်း အော်ရယ်နေသည်။

"ဘာရယ်နေတာလဲ စည်သူ"

ခိုင့်အခန်းမှ မီးဖိုရှိရာ ပြန်လာသည့် ဒေါ်မြက စည်သူ့ကို ကြည့်ပြီးမေးသည်။

"ဩော်....အန်ကယ် ဦးသာကို သဘောကျလို့ပါ ဒေါ်လေးမြရာ၊ မမလို သိပ်ချောသိပ်လှတဲ့ သမီးအတွက် ရှာလာတဲ့ သားမက်လောင်းပုံစံက တုံးလွန်းလို့ပါဗျာ"

"အေး....ဟုတ်ပါရဲ့၊ မျက်ခွက်ကြီးမှာ ကျောက်ပေါက်မာတွေကလဲ မထင်မရှား ရှိသေးတယ်"

ဒေါ်မြ ကလည်း မဲ့မဲ့ရွဲ့ရွဲ့ ပြောသည်။

"ခေါင်းတုံးဆံတောက်နဲ့ လုံချည်ကလဲ လယ်တောက ပြန်လာတဲ့ ပုံစံမျိုး၊ အဟား.... ရွှေယောက်ဖလောင်းက အကောင်းစားပဲ၊ မမလောက်ချောတဲ့ မိန်းကလေးကိုများ ဒါကြီးနဲ့ ပေးစားချင်သတဲ့ဗျာ၊ သူ့သမီးအငယ် ငပေါမနဲ့ ပေးစားလိုက်ရောပေါ့"

စည်သူက မကျေမနပ်ပြောနေသည်။

"အို....ဒါကတော့ ဟိုဟာက သမီးရင်းကိုးဟဲ့၊ မောင်ရုပ်ဆိုးနဲ့ ဘယ်ပေးစားမလဲ၊ ပိုင်က သူ့သမီးအရင်းမှ မဟုတ်တာ"

"ဗျာ....ဘယ်လို"





စည်သူ အံ့ဩသွားသည်။

"ဒေါ်လေး ပြောပြမယ်စည်သူ၊ မင်း နှုတ်လုံရမယ်နော်၊ ဒီအကြောင်းကို ပိုင်တောင် သိရှာတာ မဟုတ်ဘူး၊ လူကြီးတွေအားလုံးက ဖုံးထားကြတာကွယ့်"

စည်သူ အသက်ရှူဖို့ပင် မေ့နေ၏။

"ပိုင်က မွေးစားသမီး၊ ပိုင့်ကို မွေးပြီး ပိုင့်ရဲ့အမေ ဆုံးသွားလို့ ဦးသာတို့က ဆက်မွေးတာ၊ ဦးသာတို့ မွေးစားတုန်းက ပိုင်သုံးရက်သမီးပဲ ရှိသေးတယ်၊ ပိုင့် ကို မွေးစားပြီးမှ ခိုင့်ကို ရကြတာ"

"ဟင်....တကယ်လား ဒေါ်လေးမြ"

"ဟဲ့... ငါက အရင်တုန်းက ဦးသာတို့ အိမ်မှာ နေခဲ့ရတာပဲ၊ ပိုင်ငယ်ငယ်က ငါထိန်းခဲ့တာပဲ၊ အစအဆုံးသိတာပေါ့၊ ပိုင့်မွေးစားအမေ ဆုံးသွားမှ သူ့အန်တီ မစိန်ပွင့်ဒဏ် မခံနိုင်လို့ ငါဒီမှာလာနေတာ"

"မမမွေးစားမေမေက ခိုင်ရဲ့မေမေအရင်းပေါ့"

"အေးဟုတ်တယ်၊ ခိုင်သုံးနှစ် သမီးမှာ ဆုံးသွားတာ"

ကျော်စည် သူ့စိတ်ထဲမှာ တမျိုးကြီး။

အို–မမဟာ ငါနဲ့ ဘာမှ မတော်ပါလား၊ ငါက အစ်မ တော်တယ်လို့ ထင်နေတာ....

ကျော်စည်သူ ချက်ချင်း စိတ်ပြောင်း လိုက်ချင်သည်။

သည်လောက်လှတဲ့ မမကို သူတပါးရင်ခွင်ထဲ ထည့်လိုက်ရမှာ နှမြောစရာပါလား....

"ဟဲ့....စည်သူ...."

"ဘာလဲ– ဒေါ်လေးမြ"

"ငါပြောတာတွေကို နင့်အမေ ပြန်မပြောနဲ့နော်"

"မပြောပါဘူး၊စိတ်ချပါ၊မေမေတို့က သည်အကြောင်းကို ပိုသိမှာပေါ့"

"သိတာပေါ့ဟဲ့၊ ဒါပေမယ့် ဖုံးထားကြတယ်"

စည်သူ သူ့အိပ်ခန်းထဲ ဝင်လာခဲ့သည်။ အိပ်ရာပေါ်ပစ်လှဲလိုက်ပေမယ့် အိပ်ချင်စိတ်က မရှိ။

"မောင်နှမ နှစ်ဝမ်းကွဲချင်း ယူထားတဲ့ လင်မယားတွေ တပုံကြီးကွ စည်သူ၊ မင်း မမက ဒီလောက်လှတာ၊ သူများတွေကို မသဒ္ဓါယင် မင်းဘာသာ ပြန်ယူလိုက်"

အောင်အောင်က ခဏခဏ စဖူးသည်။

သည်အချိန်ကတည်းက စိတ်က မခိုင်ချင်။

မမကလှလွန်းသဖြင့် မနောကံဖြင့် ပြစ်မှားခဲ့တဲ့အကြိမ်က မနည်း။သူ့စိတ်သူ အတော်ဘာရိတ်အုပ်ခဲ့ရသည်မဟုတ်လား။

ခုတော့ လွတ်ပြီ၊ ကျွတ်ပြီ။ ကိုယ့်အစ်မပါလား ဆိုသည့် စည်းကမ်းချက်ကြီး မရှိတော့။ ရင်ထဲ အသည်းထဲမှာ လှုပ်ရှား တုန်ယင်စွာ လှိုက်ဖိုလာသည်။

ချစ်တယ်ဗျာ၊ ချစ်နေတာ ကြာပြီ၊ မောင်နှမချင်း





မတော်တရော် အပြောခံရမှာစိုးလို့ မျိုသိပ်ထားတာ၊ အခု လွတ်လပ်ပြီ။

ငနဲတွေရန်ကလည်း တမှောင့်ပဲ။

ကျောက်ဆည်က ငနဲအတွက်တော့ သိပ် စိုးရိမ်စရာမလို။

အဲ.... အစ်ကို ဝေယံဦးအတွက်တော့ နည်းနည်း စိုးရိမ်ရသည်၊ မမ ကိုယ်တိုင်က ဝေယံဦးအပေါ် ဘာလိုလို မဟုတ်ပါလား။

မရဘူး။ စည်သူ့ကိုကျော်ဖို့ စိတ်မကူးကြနဲ့။

* * *

## အခန်း ( ၄ )

တနင်္ဂနွေနေ့။

သည်ကနေ့ ညွှံ့သည်နှစ်ဦးဖြစ်သည့် ခိုင်နှင့် ကိုအုန်းမြင့်တို့ကို ကားဖြင့် ရန်ကုန်နယ်နိမိတ် အတွင်းရှိ ဘုရားပေါင်းစုံ၊ တိရစ္ဆာန်ရုံ၊ ကရဝိက် စသည့် နာမည်ကြီး နေရာများသို့ လိုက်ပို့ရန် အစီအစဉ်ရှိသည်။

ပျော်ပွဲစားထွက်သည့် သဘောမျိုး ဖြစ်၏။

မမတယောက် လှချင်တိုင်း လှနေသည်။-

ရွှံ့ဒိုး အပွင့်ရိုက် ကြည်ပြာရောင် ထက်အောက် ဝမ်းဆက်ကလေးဖြင့် ပိုမို၍ နုပျို ဝင်းစိုနေသည်။





ဝေယံဦးကလည်း ရှပ်ရှင်မင်းသား ရှုံးလောက်ပါသည်။ မီးခိုးနုရောင် တက်ထရက် ဘောင်းဘီရှည်နှင့်၊ အပြာနှင့် အဖြူစင်း ရှပ်လက်တိုကို ဝတ်ထားပြီး ဟပ်(ဖ်)ရှူး အညိုကို စီးထားသည်။

ကျော်စည်သူက အဖြူရောင် ဘောင်းဘီရှည်၊ အနီရဲရဲ စပို့ရှပ် အကောင်းစားနှင့် အပြတ် ရှိုးထုတ်ထားသည်။

ခိုင်က ပန်းနုရောင် ချိတ်ထဘီ၊ အိရှန် ပန်းနုရောင် ရင်စေ့ အင်္ကျီနှင့်၊ ဆံပင်ကို ဖဲပြား ပန်းရောင်ဖြင့် မြင့်မြင့် ချည်ထားသည်။ နှုတ်ခမ်းနီ ပါးနီတွေ အရမ်း ဆိုးထားသဖြင့် တောသငွေးသမီးရုပ် ပေါက်နေသည်။

"ရိပ်သာသွားမှာနော် ကိုကိုလေး....အဟီး"

ခိုင်က ကျော်စည်သူ့နား ကပ်လာပြီး ရယ်ကျဲကျဲ ပြောလိုက်သဖြင့် ကျော်စည်သူကနှာခေါင်းရှုံ့လိုက်ပြီး....

"ဟင်း—ဒါလား ရိပ်သာသွားမယ့် မျက်နှာ၊ နှုတ်ခမ်းနီတင် သုံးပိဿာလောက် ရှိတယ်"

ဟု ပြောလိုက်သည်။ ကျောင်းဆရာကိုအုန်းမြင့်က ခိုင့်ကို ကျော်စည်သူ ဆက်ဆံပြောဆိုပုံကို မနှစ်မြို့သဖြင့်....

"ခိုင်၊ လာ....ကားပေါ်တက်" ဟု ခေါ်သည်။

ခိုင်က ကိုအုန်းမြင့်နောက်မှ လိုက်၍ ကားပေါ်သို့ တက်သည်။

သွားမည့်သူ စုစုပေါင်းခြောက်ယောက်တိတိမို့ ဝေယံဦးက သူ့အိမ်မှ ဝမ်းတွမ်တီးဝိုင် ဒတ်ဆန်းကို ယူလာသည်။

"ကျွန်တော် မောင်းမယ် အစ်ကို ဝေယံ"

အောင်အောင်က သူ့အစ်ကိုကြီး ဝေယံဦးကို ကားနောက်ခန်း ပို့င့်နားတွင် ထိုင်စေချင်သဖြင့် ကားရှေ့ခန်းတွင် သူ မောင်းရန် ပြောသည်။

ဝေယံဦးက....

"သတိနဲ့ မောင်းနော် အောင်အောင်၊ ညွှံသည်တွေ လန့်ဖျပ်သွားအောင်တော့ မလုပ်နဲ့"

"စိတ်ချ အစ်ကို....စိတ်ချ"

ကားပေါ်သို့ အားလုံး တက်ကြသည်။ ကားနောက်ခန်းတွင် ငါးယောက် ထိုင်ကြသည်။ ခိုင်နှင့် ပိုင်က တဘက် ထိုင်ပြီး ကိုအုန်းမြင့်၊ ဝေယံဦးနှင့် ကျော်စည်သူက တဘက် ထိုင်သည်။

မျက်နှာချင်းဆိုင်မို့ ကိုအုန်းမြင့်နှင့် ဝေယံဦးတို့ ပိုင့်ကို မျက်စိစားပွဲထိုင်နေသည်မှာ ပိုင် မျက်နှာပင် မထားတတ်။

သည်ကြားထဲ ကျော်စည်သူကလည်း တမှောင့်ပါလား။

သည်နေ့မှ သူ ပိုင့်ကို ပြုံးပြုံးပြီးကြည့်နေသည်မို့ ပိုင် ပိုပြီး အနေခက်သည်။

ရွှေတိဂုံ၊ ဆူးလေ၊ ဗိုလ်တထောင်ဘုရားများကို ပို့ပေးပြီး သည်နှင့် တိရစ္ဆာန်ရုံကို သွားကြသည်။





ဝေယံဦးမှာ ကင်မရာပါလာသဖြင့် ပိုင်နှင့်ခိုင့်ကို ဓာတ်ပုံ ရိုက်ပေးသည်။

စည်သူကြည့်မရချင်တော့။

"ဖလင် တလိပ်လုံးကုန်အောင် ရိုက်တော့မှာ လားဗျ အစ်ကိုဝေယံ"

"အေးလေ ဘာဖြစ်လို့လဲ၊ မင်းရော ရိုက်ဦးမှာလား"

"စိတ်ကုန်ပါတယ်ဗျာ"

စည်သူစိတ်တိုတိုနှင့် ငှက်ရုံဘက်ထွက်ခဲ့၏။ ကိုအုန်းမြင့်လည်း စိတ်ဓာတ်ကျနေပုံရသည်။

စည်သူ့နောက် လိုက်လာသည်။

အကွက်ဝင်ပြီ။ စည်သူတို့ အကွက်ဝင်ပြီ။

"အဲဒါသာကြည့်တော့ အစ်ကိုအုန်းမြင့်ရာ၊ မမကတော့ ခက်ပါတယ်"

ကိုအုန်းမြင့်လည်း ဝေယံဦးနှင့် ပိုင့် အပေါ် သံသယ ရှင်းပုံမရ။

"ကိုဝေယံဦးနဲ့ ပိုင်က ဒီလိုပဲ အတော်ရင်းနှီးနေကြတာ ကြာပြီလား"ဟု မေးသည်။

"သူတို့က ချစ်သူတွေအစ်ကိုရဲ့"

"ဘာ...."

အုန်းမြင့် ဆတ်ကနဲ တွန့်သွားသည်။

"ဩော်....ကိုဝေယံနဲ့ မမနဲ့ ချစ်နေကြတာ အတော်ကြာနေပြီလို့ ပြောတာပါ၊ ကိုအုန်းမြင့်က မမနဲ့ စေ့စပ်မယ့်သူဆို ဟုတ်လား"ဟု မသိဟန်ဆောင်၍ မေးသည်။

"ပိုင်တို့ ဖေဖေ့ဆီမှာ ကိုယ့်မိဘတွေနဲ့ သွားတောင်းရမ်းပြီးပြီစည်သူ၊ ပိုင်ကခုတော့...."

ကိုအုန်းမြင့် စိတ်ဓာတ်အတော်ကျသွားပုံ ရ၏။

"မမက ဒီလိုပဲအစ်ကိုရ၊ ကျောင်းမှာလဲ ရည်းစားတွေ အံများကြီး"

ကိုအုန်းမြင့် အံ့ဩသွားသည်။

"မန္တလေးမှာ ကိုယ်နဲ့တကျောင်းတည်းနေတုန်းက ပိုင် ဒီလိုမဟုတ်ဘူးစည်သူ၊ ခု ဘာဖြစ်သွားပါလိမ့်"

"အစ်ကိုကလဲ အတော်အတာပဲ၊ ဒါ ရန်ကုန်အစ်ကိုရဲ့၊ မန္တလေးတက္ကသိုလ်မှာနေတုန်းက မမက ဘယ် ရိုးတီးယားတား လုပ်ရဲမလဲ၊ ကျောက်ဆည်နဲ့မန္တလေးက နီးနီးလေးဆိုတော့ အန်ကယ်ဦးသာကို ကြောက်မှာပေါ့"

"အင်း....ဒါလဲဖြစ်နိုင်တာပဲလေ"

ကိုအုန်းမြင့်မှိုင်သည်ထက် မှိုင်သွားသည်။

"ရုပ်ပြောင်းလွဲခြင်း၊ဓာတ်ပြောင်းလွဲခြင်းဆိုတာ အစ်ကို ကြားဖူးမှာပေါ့၊ မမက စိတ်ပြောင်းလဲခြင်း အစ် ကို ရ၊ မန္တလာသူ မမ မဟုတ်တော့ဘူး၊ ခု ရန်ကုန်သူ ဖြစ် နေ ပြီ အဟုတ်...."





ကိုအုန်းမြင့် စိတ်ဓာတ်ကျသည်ထက် ကျအောင် စည်သူဆွနေ၏။

ဝေယံနှင့် ချစ်သူဖြစ်နေသည်ဟု ကြားရသဖြင့် ကိုအုန်းမြင့် အသည်းတွေ ဆတ်ဆတ်ခုန်နေပြီ။

ဝေယံဦးက လူချောပဲ၊ ပြီးတော့ သ ဘော လိုက်မယ့် အင်ဂျင်နီယာ၊ ဒီအချိန်အခါမျိုးမှာ မိန်းကလေးကြိုက်ရုပ် ဝတ္ထုပုစ္ဆည်း စစ်စစ်ပဲမဟုတ်လား....

"ဝေယံဦးအပြင် တခြားရည်းစားတွေ ထားတဲ့ကိစ္စကို ဝေယံဦး မသိဘူးလား ငါ့ညီ"

"အမယ်လေး ဘယ်သိလိမ့်မလဲ အစ်ကိုရာ၊မမတို့က ဖျံ၊ ဒီမှာအစ်ကို၊ မမကိုနေ့တိုင်း ကျောင်းပို့ ကျောင်းကြိုရတဲ့သူက ကျွန်တော်ပါနော်၊ မယုံမရှိပါနဲ့၊ ရည်းစားတွေ ထည့်လဲ တွဲလွန်းလို့ ကျွန်တော်နဲ့ ခဏခဏ ပြဿနာတက်တာ"

ကျော်စည်သူက ခပ်တည်တည်နှင့် ဖြီးလိုက်၏။

"မင်းက အိမ်မှာပြန်မတိုင်ဘူးလား"

"ဘယ်တိုင်မလဲ၊ မမကကျွန်တော့်ကို မုန့်ဝယ်ကျွေးတယ်လေ၊ ကျွန်တော်တောင်းသမျှ ပေးရတာ"

"ကောင်းရောကွာ၊မင်းတို့မောင်နှမက တော်တော်တက်ညီ လက်ညီရှိကြတာပဲ"

အုန်းမြင့်တယောက် ပိုင့်အပေါ် အတော်ကလေး စိတ်ပျက်သွားပြီ ဖြစ်ပါ၏။

ခုလည်းကြည့်လေ၊ ဝေယံဦးနှင့် တတွဲတွဲ။

ပိုင်က အုန်းမြင့်စိတ်ခုတ်ကျအောင် ဝေယံဦးနှင့်တမင်ပို၍တွဲပြသည်။

"ညီမလေး ခိုင်လဲမတွေ့ပါလား၊ ဘယ်သွားနေပါလိမ့်"

အုန်းမြင့်က ခိုင့်အပေါ် ညီမလေး တယောက် လို သံယောဇဉ်ရှိသည်။ ဒါကို စည်သူက အမြင်မှားနေ၏။

ငနဲက ငါးနှစ်ကောင် ဖမ်းချင်တဲ့ပုံပါလား။ ဟင်း.... အန်ကယ် ဦးသာတော့ ဦးနာဘာဝ ရောက်တော့မယ် ထင်တယ်၊ အဟတ်....။

စိတ်ထဲမှာ တယောက်တည်းပြောနေမိ၏။

အုန်းမြင့်က ငှက်ရုံပေါ်မှ ဆင်းသွားပြီး အနီးအနားတဝိုက်တွင် ခိုင့်ကို ရှာနေသည်။

ပိုင်နှင့် ဝေယံဦးတို့ကိုလည်း စောစောက ခုတ်ပုံရိုက်နေသည့် နေရာတွင် မတွေ့ရတော့သဖြင့် စည်သူရော အုန်းမြင့်ပါ ခေါင်းနားပန်းကြီးသွားသည်။

"တယောက်မှလဲ မတွေ့တော့ဘူး၊ လာ.... လိုက်ရှာရအောင်"

ဟော....တွေ့ရပါပြီ။

ဆင်ဆွဲသည့် ရထားကြီးပေါ်မှာ ခိုင်နှင့် အောင်အောင်။ ခိုင်က ပြုံးရယ် ရွှင်မြူးနေသလောက် အောင်အောင်မှာ ခေါင်းတကုတ်ကုတ် လည်တခါခါနှင့် စိတ်ပျက်နေပုံရသည်။





"ဟေ့ကောင်....အောင်အောင်"

စည်သူက အော်ခေါ်လိုက်သည်။ ရထားပေါ်မှ အောင်အောင်က စည်သူ့အသံကြားသဖြင့် လှမ်းကြည့်သည်။

"ဟေ့....လုပ်ပါဦးစည်သူ၊ ဒီမှာ မင်းညီမကိုအောက်ပြန်ဆင်းဖို့ ခေါ်လို့မရတော့ဘူး၊ စီးနေတာ အခေါက်ပေါင်းမနည်းတော့ဘူးကွ"

စည်သူက တဟားဟားရယ်လိုက်မိ၏။

ခိုင်က ဆင်ရထားပေါ်တွင် လက်ခုပ် လက်ဝါးတီးပြီး တဟီးဟီးရယ်နေ၏။ ဆင်ဆွဲရထားကြီးပေါ်ရှိ ကလေး လူကြီးအားလုံး ခိုင့်ကို ကြည့်ပြီး တဟားဟားနှင့် ပွဲကျ နေကြသည်။

ကိုအုန်းမြင့်နှင့် စည်သူတို့သည် ဆင်ရထားရပ်သည့်နေရာနားမှာ စောင့်နေကြ၏။

ရထားရပ်လိုက်သောအခါ စည်သူက လှမ်းခေါ်သည်။

"ဟေ့....ခိုင် ဆင်းခဲ့တော့လေ- ပြန်ကြစို့"

"ဟင့်အင်း.... ဟင့်အင်း.... ခိုင်မပြန်ချင်သေးဘူး၊ လကမ္ဘာသွားမလို့"

"တယ်ခက်ပါလားနော်၊ ဒုက္ခပါပဲ"

စည်သူ ညည်းပစ်လိုက်သည်။

"ခိုင်ရေ.... ဆင်းလာလေညီမလေး၊ ဟိုး ဘက်မှာ လကမ္ဘာသွားဖို့ အပိုလိုယာဉ်ကြီး ရောက်နေပြီ"

"ဟုတ်လား အစ်ကို အုန်းမြင့်"

သည်တော့မှ ခိုင်ရထားပေါ်မှ ဆင်းလာသည်။ အုန်းမြင့်က ခိုင့်အထာကို ကျွမ်းနေပြီ။

ခိုင့်ကို အစ်ကိုပဲ ယူလိုက်ဖို့ကောင်းနေပြီဟု စည်သူက ပြောလိုက်ရန် ပါးစပ်ပြင်ပြီးမှ မပြောဖြစ်တော့။

"လာ–လာ–ခိုင်၊ မျက်နှာကို တည်တည်လေးထားစမ်း၊ သူများတွေ ခိုင့်ကို ကြည့်ပြီး ရယ်နေကြပြီ"

ကိုအုန်းမြင့်က သတိပေးလိုက်၏။

"ခိုင့်ကို ရယ်နေကြတယ်ဟုတ်လား၊ အကြောင်းသိမယ်၊ ကဲဟယ်....ကဲဟယ်"

ခိုင်က ခဲလုံးလေးတွေကောက်ပြီး နီးရာလူကို ပေါက်လိုက်သည်။

"ဟဲ့....ခိုင်၊ မလုပ်ရဘူး"

ခိုင့်လက်ကို ဆွဲပြီး ကိုအုန်းမြင့်က ခေါ်သွား၏။ အောင်အောင်က ဦးနှောက်ခြောက်သည့် ဟန်မျိုးလုပ်ပြသည်။

"မင်းကလဲ မင်းညီမ စိတ်မနှံ့တဲ့အကြောင်း ကြိုပြောထားရောပေါ့စည်သူရာ၊ ငါကသူ့ကို အကောင်း ထင်နေတာ၊ လူကို ဒုက္ခတွေ့ရော"

စည်သူ တဟားဟားရယ်ပစ်လိုက်၏။

"ကောင်းတယ်၊ ဒါမှ မှတ်မှာ၊ မင်းလို ဗူးကျတဲ့ကောင် ထိတာပဲ ကောင်းတယ်"





"ခွေးကောင်"

စည်သူ၏ လက်မောင်းကို အောင်အောင်က လှမ်းရိုက်ယင်း ဆဲသည်။

"အဲဒါက အရေးမကြီးဘူး အောင်အောင်၊ ငါ့အစ်မကို ရှာလို့ မရသေးဘူး၊ မင်းအစ်ကို ဝေယံကြီး သုတ်သွားပြီ ထင်တယ်ကွ"

"ဟာ.... သိပ်ကောင်းတဲ့ သတင်းစကားပါလား"

"သေချင်းဆိုး ငနာ"

စည်သူဆဲလိုက်၏။ ရင်ထဲမှာလည်း အောင့်လှပြီ။ ပိုင်နှင့် ဝေယံဦး ဘယ်သွားနေကြပါလိမ့်။ သည်လောက်ရှိအတော် ခရီးပေါက်နေကြရောပေါ့ဟု တွေးပြီး နေမထိ ထိုင်မသာ ဖြစ်နေရ၏၊

"သိပ်လဲဒေါသမကြီးပါနဲ့စည်သူ၊မိကျောင်းကန်ဘက်ကို သွားတာ ငါမြင်လိုက်ပါတယ်"

စည်သူနှင့်အောင်အောင် မိကျောင်းကန်ဘက် လျှောက်လာကြသည်။ မိကျောင်းကန်အနီးရှိ စားသောက်ဆိုင်ထဲမှာ ပိုင်နှင့် ဝေယံဦးတို့နှစ်ယောက်သည် ရယ်လို့ မောလို့။

စည်သူ ဒေါပွပွဖြင့် သူတို့နား လျှောက်ဝင်လာခဲ့၏။

"ဘယ်တွေ လျှောက်သွားနေတာလဲ မမ.... ညီမတွေ၊ မောင်တွေပါတယ်ဆိုတာလဲ သတိရဦးမှပေါ့"

"ဟဲ့....နင်တို့ကို ရှာမတွေ့လို့ ဒီနေရာ လာထိုင်နေတာ၊ ဘာဖြစ်လာပြန်တာလဲ"

မမက ပြန်ဟောက်သည်။

"လာတာ ခြောက်ယောက်ဗျ၊ ခင်ဗျားတို့ကနှစ်ယောက်တည်း အကြည်ဆိုက်နေလိုက်တာ"

"ဟဲ့....စည်သူ၊ လူတွေကြားမှာမမကိုဒီလိုပြောရသလား၊ မင်းပါးစပ် ပိတ်ထားစမ်း"

ပိုင်က ရှက်ရှက်ဖြင့် တောင်းပန်လိုက်သည်။ ဝေယံဦးက စည်သူ့ကို ဒေါပွသွားသည်။

"ဟေ့ကောင်စည်သူ၊ ဒါ လူပုံအလယ် စားသောက်ဆိုင်ကွ၊ မင်းအာကျယ်နေတာနဲ့ မင်းအစ်မ သိက္ခာကျမယ်"

"ကျပစေဗျာ"

စည်သူ ဒေါပွပွဖြင့်ပြန်ပြောသည်။

"ကဲ....ဘာစားမလဲစည်သူ၊ ပြော"

ဝေယံဦးကမေးသည်။

"ဘာမှ မစားဘူး"

"ဆီချက်ခေါက်ဆွဲ နှစ်ပွဲမှာဗျာ အစ်ကိုဝေယံ၊ ကျွန်တော် ဆာတယ်"

အောင်အောင်က ဝင်ပြောသည်။

ဝေယံဦးက ဆီချက်နှစ်ပွဲ မှာပေးလိုက်၏။





စည်သူ့မျက်နှာက ဒေါပေါင်းနေသည့်အမူအရာ၊ ပိုင်က စည်သူ့ကို နားမလည်နိုင်။

"ခိုင်က အတော် ဆိုးတယ်ဗျာ၊ ကျွန်တော်က သူကြောင်နေမှန်းမှမသိတာ၊ ဆင်ဆွဲတွဲရထား စီးမိပါတယ်၊ ဒုက္ခကိုရောက်ရောဗျာ"

အောင်အောင်က ပြောပြသည်။

"ဟုတ်လား....မမတို့လဲ ခုတ်ပုံရိုက်ပြီး ခိုင့်ကိုရော မင်းတို့ကိုပါ ရှာသေးတယ်၊ လူချင်းကွဲသွားကြလို့"ဟု ပိုင်က ဖျာဖျာထေးထေး ပြောသည်။

ဆီချက်နှစ်ပွဲရောက်လာသည်။ အောင်အောင်ကဆာဆာနှင့် စားသည်။

စည်သူက စိတ်မပါသလို စား နေ သည်။ သို့သော် တပန်းကန်လုံး ပြောင်သွားသည်။

အပြန်လမ်းတွင် စည်သူတယောက် ဝေယံဦးကို ပညာပြနေသည်။

ကန်တော်ကြီး ဟိုတယ်တွင် ထမင်း ကျွေးခိုင်းသည်။ စုပေါင်း ခြောက်ယောက်မို့ ဝေယံဦး ငွေတွေ ဟောကနဲ ကုန်သွားသည်။

ကန်တော်ကြီးပြီးတော့ ကရဝိက်တွင် ရေခဲမုန့် ကျွေးခိုင်းသည်။ ပိုင်က အားနာ၍ မဆုံး။

ကရဝိက်ကအပြန်တွင် ပပဝင်းရုံမှာ ရုပ်ရှင်ပြခိုင်းသည်။

ဝေယံဦး ငွေတွေကုန်နေသလောက် ညှော်သည်တော် ကိုအုန်းမြင့်က တပြားမှ မထွက်။

ကျေးသမျှစားသည်။

ခေါ်သည့်နေရာ လိုက်သည်။ ရုပ်ရှင်ကြည့်သည်။

မျက်နှာကခပ်ပြောင်ပြောင်၊ ငွေတပြားမှ သူ့အိတ်ထဲက မထုတ်။

ရုပ်ရှင်ရုံထဲတွင် ကျော်စည်သူက ပိုင့်ကို သူနှင့် ခိုင့် ကြားမှာ အတင်းထိုင်ခိုင်းသဖြင့် ပိုင်မှာ ဝေယံဦးကို အားနာနာနှင့် ထိုင်လိုက်ရသည်။

သို့သော် စိတ်က ဝေယံဦးဆီ ရောက်နေသည်။

ည ကိုးနာရီနီးမှ အိမ်သို့ တစုတဝေးကြီး ပြန်ရောက်လာခဲ့ကြသည်။

စည်သူ သူ့အခန်းထဲ တန်းဝင်သွားသည်။ မျက်နှာကမကြည်သာ။

ပိုင့်ကို စိတ်တိုနေသည်။ ဝေယံဦးကို ရည်းစားလုဘက်အဖြစ် မြင်နေသည်။ အရူးမ ခိုင့်ကိုလည်း အခြောက်တိုက်ဒေါပွနေသည်။

ပြီးတော့ ကော်တရာ အုန်းမြင့်ကို ဆွဲထိုးချင်နေ၏။

"အလကား.... မသာကောင်ကြီး၊ သူ့ အိတ် ထဲက တပြားမှ မထွက်ဘူး၊ ကော်တရာ ကပ်စေးနှဲ"

"ဟဲ့....သား စည်သူ"





အခန်းထဲသို့ ဒေါ်အောင်မေ ဝင်လာသည်။

"ဗျာ....မာမိ"

"ထမင်းစားဦးလေ"

"ညစာ စားခဲ့ပြီးပြီ မာမိ၊ အစ်ကို ဝေယံ ကျွေးတယ်"

"ဟုတ်လား"

"အစ်ကို ဝေယံတော့ သားတို့ညှဉ်းလို့ အတော်ကုန်တယ် မာမိ၊ ဟို ငနာကောင်ကတော့ သူ့အိတ်ထဲက တပြားမှကို မထုတ်ဘူး"

"ညှော်သည်ပဲ သားရယ်"

"မဆိုင်ပါဘူးဗျာ၊ တချို့ ညှော်သည်တွေများ အလိုက်သိလွန်းလို့ မာမိရယ်"

"ဟဲ့....တိုးတိုးပြောပါ၊ ကြားသွားဦးမယ်"

"သား အိပ်တော့မယ် မာမိ၊ တနေ့လုံး လျှောက်လည်ရတာ မောနေပြီ"

"အေး....အေး အိပ်တော့"

မာမိ အခန်းထဲမှ ထွက် သွား သည်။ စည်သူက အိပ်ရာပေါ် ပစ်လှဲလိုက်သည်။

* * *

## အခန်း ( ၁၀ )

ညနက်ချိန် ရောက်ပြီ။

ကြယ်လေးတွေက မလင်းချင်သလို လင်းချင်သလိုဖြင့် မှိတ်တုတ်တုတ်။

ဖိုး လ မင်း ကြီး က လည်း ဆန်းစရက်မို့ မှုန်ပျပျသာ အလင်းရောင်ပေးနေသည်။

တအိမ်လုံး မီးရောင်ပျပျသာ ထွန်းထားသည်။

ပတ်ဝန်းကျင်တခုလုံး တိတ်ဆိတ် ငြိမ်သက်နေပေပြီ။

အိပ်မပျော်သူက ပိုင်။





ခုတင်ဘေး ပြတင်းဝမှာရပ်လျက် ဆန်းစလရောင်လေးကို မော့ကြည့်ပြီး အတွေး နယ်ချဲ့နေမိ၏။ သည်နေ့ တနေ့လုံး ဝေယံဦးနှင့် လျှောက်လည်ခဲ့တာတွေကို တွေးပြီး ကြည်နူးမဆုံး။ အိပ်မပျော်နိုင်။

သူ့ကို ဝေယံဦး ဓာတ်ပုံ ရိုက်ပေးနေတုန်း ကျော်စည်သူနှင့် ကိုအုန်းမြင့်တို့ ငှက်ရုံပေါ် ထွက်သွားကြသည်။

ခဏကြာတော့ ခိုင်နှင့် အောင်အောင့်ကိုပါ မတွေ့တော့။

သူတို့လေးယောက် တစုတည်း တိရစ္ဆာန်ရုံထဲ လျှောက်ကြည့်နေမှာပဲဟု တွေးပြီး လိုက်မရှာမိ။

"ပိုင် ပျော်ရဲ့လား ဟင်"

ဝေယံဦးက သူ့နားတိုးကပ်ပြီး တိုးတိုး မေးလိုက်သဖြင့် ပိုင် ရှက်ပြုံးလေး ပြုံးလိုက်၏။

"ပိုင် ပျော်ရဲ့လားလို့"

"ပျော်ပါတယ်၊ ကိုဝေယံရော ပျော်ရဲ့လား ဟင်"

"ဟာ— သိပ်ပျော်တာပေါ့ဗျာ၊ အ များ ကြီး ပျော်၊ အားကြီးပျော်၊ သိပ်ကိုပျော်တာပဲ"

နှစ်ယောက် ပြိုင်တူ ရယ်လိုက်မိကြ၏။

"ဟိုးဘက်မှာ မန်ဒါလီလေးတွေ၊ ရေသတ္တဝါ လှလှလေးတွေရှိတယ်၊ သွားကြည့်ရအောင်နော် ပိုင်"

မန်ဒါလီနှင့် ရေငှက်ကလေးများရှိရာ တိရစ္ဆာန်ဥယျာဉ်၏ နေ ရာ ရှိ ရေကန်ကြီးဘေးသို့ လျှောက် လာ ခဲ့ကြ၏။

သံဇကာကွက်ကလေးများဖြင့် ကန်ကြီးကို ကာရံထားလေသည်။

မန်ဒါလီနှင့် ရေငှက်ကလေးတွေက လှုပစွာ မြူးတူးနေကြ၏။

"တို့မှာ ကြည့်စမ်းပိုင်၊ လှလိုက်တာနော်"

ဝေယံဦးညွှန်ပြရာသို့ ပိုင်လှမ်းကြည့်လိုက်ပြီးရှက်သွေးဖြာသွား၏။ မန်ဒါလီ မောင်နှံတို့ လည်ချင်းယှက်နေကြသည်။

"ပိုင်"

"ရှင်....ကိုဝေယံဦး"

ဝေယံဦးက ပိုင်၏လှပဖြူဝင်းသော လက်ကလေးတဘက်ကို ဆုပ်ကိုင်လိုက်ပြီး 'ချစ်တယ်'ဟု ပြောသည်။

"ဟင်"

ပိုင်ရှက် ရှုံ့ရှုံ့ဖြစ်သွား၏။

ဝေယံဦးသဘောကို နားလည် ပြီးသားပါ။

သို့သော် သည်နေရာတွင် နှစ်ယောက်တည်းမို့ ရှက်မိသည်။

ဝေယံဦးက ပိုင့်လက်ဖဝါးကလေးကို ဖျစ် ညှစ် လိုက်သည်။

"ပိုင်"

"ရှင်"

"လက်ထပ်ခွင့် ပေးပါ"





"ဘုရားရေ"

ပိုင်ဘုရားတလိုက်မိ၏။

"ချစ်တယ်၊ လက်ထပ်ချင်တယ်ပြောတာနဲ့ ဘုရားတစရာမလိုပါဘူး ပိုင်ရယ်"

"အို– ဒါကတော့ ပိုင့်ဆီက အဖြေတောင်မရသေးဘူး၊ လက်ထပ်ဖို့တခါတည်း ပြောတာကိုး"

ဝေယံဦး ပြုံးလိုက်သည်။ သွားစွယ်တွေ ဖွေးကနဲ ပေါ်သွား၏။

"ဒါကတော့ ပိုင်ရယ်၊ ပိုင့်နားမှာ ပိုင်ဆိုင်ခွင့် တောင်းထားပြီးတဲ့လူက ရောက်နေပြီကိုး၊ အမြန်ဆုံး ဖွင့်မပြောယင် ကိုယ်ကျန်ရစ်ဖြစ်မှာပေါ့"

"ဟင်....ဒီအကြောင်းတွေ ဘယ်ကသိတာလဲ"

"ပိုင့်ရဲ့ မောင် စည်သူက ပြောပြတာပေါ့"

"ကြည့်စမ်း.... ဒီကောင်လေး သိပ်ဆိုးတာပဲ၊ ပိုင်က ကိုဝေယံမသိဘူး ထင်နေတာ၊ အဟင်းဟင်း"

"ကဲပါဗျာ၊ ဒါတွေထားပါ၊ ပိုင် ကိုအုန်းမြင့်ကို မချစ်ဘူး မဟုတ်လား"

"ဘာဖြစ်လို့ ဒီလိုမေးရတာလဲ ကိုဝေယံ"

"ပိုင့်အမူအရာကို ကိုယ်အကဲခတ်မိလို့ပေါ့၊ ကိုယ့်ကို ပြန်ချစ်ပါလား ပိုင်ရယ်....နော်၊ ကိုယ်လေ ပိုင့်ကို သိပ်ချစ်တာပဲဗျာ"

"အိုး....ရှင်ကလဲ အတင်းအကျပ် ပါပဲလား၊ ပိုင့်ကို စဉ်းစားခွင့် ပေးဦးမှပေါ့၊ ပိုင်က မိန်းကလေး ဆိုတာလဲ သတိရဦးလေ"

ဝေယံဦး သက်ပြင်းချလိုက်သည်။

"ဆောရီး ပိုင်ရယ်....ကိုယ် ဆန္ဒစောသွားပါတယ်၊ ပိုင် ကသာ ကိုယ့်ကိုပြန်မချစ်ယင် ကိုယ်တော့ လေလွင့်သွားမှာ ပဲ ပိုင်"

"ပိုင် စဉ်းစားပါရစေဦး ကိုဝေယံ"

ပိုင်က စဉ်းစဉ်းစားစားပြောလိုက်သည်။

"ကိုယ်နဲ့ပိုင်က နေ့စဉ်မြင်တွေ့ နေကြရတဲ့လူတွေပဲ ပိုင် ရယ်၊ အချိန်ယူစဉ်းစားနေစရာ လိုသေးလားဟင်၊ ကိုယ် ဘယ်လို နေ ထိုင် တယ် ဆို တာ ပိုင် နေ့စဉ်မြင်နေသားပဲ မဟုတ်လား"

ဝေယံဦးအသံက လှိုက်တုန်နေသည်။

ပိုင်တယောက် အုန်းမြင့်နောက် ကောက်ကောက် ပါ သွားမှာ စိုးသည်။ ထို့ကြောင့် အတင်းအကျပ် ချစ်ရေးဆို ...ခြင်းဖြစ်သည်။

ပိုင်က ကျော်စည်သူပြောခဲ့ဖူးသောဝေယံဦးအကြောင်း တွေကို ပြန်သတိရပြီး ကျောချမ်းနေသည်။

"ပိုင်"

"ရှင်....ကိုဝေယံ"





"ငြိမ်လှချည်လား၊ ဘာလဲ ကိုယ့်ကို စိတ်ဆိုးနေတာ လား"

"အို....မဟုတ်ပါဘူးကိုဝေယံ၊ ပိုင် စဉ်းစားနေတာပါ"

"ဘာတွေစဉ်းစားနေတာလဲ၊ ကိုယ့်ကိုချစ်တယ်လို့ ပြော ဖို့လား"

"ဒီမှာ ကိုဝေယံ"

"ပြောပါ ပိုင်"

"ရှင့်မှာ ဟိုဒင်းရှိတယ်ဆို"

"ဗျာ....ဘာရှိတာကို ပြောတာလဲပိုင်"

"ဟို....ဟို....လင်ယူထားတယ်ဆို"

"မြတ်စွာဘုရား....ကျွန်တော်ယောကျ်ားပါဗျ၊ လင်ယူရ အောင် မိန်းကလေးမှ မဟုတ်ပဲ"

ဝေယံဦး အတော်အောင့်သွားသည်။

"ကိုဝေယံက နှစ်ဘက်ချွန်တဲ့"

"ကြံကြံဖန်ဖန်ဗျာ၊ ဘယ်သူက ပါးစပ် ကမြင်းပြီးများ ပြောထားပါလိမ့်"

ဝေယံဦး ဒေါဖောင်းသွားသည်။

"ကိုဝေယံက နှစ်ဘက်ချွန်တဲ့၊ ယောကျ်ားတနမ့် လင်ယူ ထားပြီး ရည်းစားတွေလဲ တပုံတခေါင်းကြီး ရှိတယ်ဆို"

"ဟာဗျာ....ဟာဗျာ၊ သေသာသေလိုက်ချင်တော့တာပဲ

ပိုင်ရယ်၊ ဘယ်သူကများ ဒီလောက် ချောက် ချ ရပါလိမ့်နော်၊ စည်သူပဲဖြစ်ရမယ်"

ဝေယံဦး၏ အမူအယာကိုကြည့်ပြီး ပိုင် ရယ်ချင်သည်။ စည်သူက တောင်ပြောမြောက်ပြောနှင့် အလကား ပါးစပ်ချောင်တာ ဖြစ်မှာပါဟု တွေးပြီး အားနာသွားသည်။

"ကိုဝေယံ"

"ဗျာ"

"စိတ်မဆိုးနဲ့နော်၊ ပိုင်က ကြားထားတာတွေ ပြန်မေးမိတာပါ"

"ပိုင့်ကို စိတ်မဆိုးပါဘူး၊ ပြောတဲ့လူကိုပဲ သတ်ပစ်ချင်တာ"

"အလကားပါ ကိုဝေယံရယ်၊ ကဲပါ....ပိုင် တောင်းပန်ပါတယ်နော်"

ဝေယံဦးက အောင့်သက်သက်ဖြင့် ပြုံးပြလိုက်ရသည်။ တောင်းပန်နေတော့လည်းမပြုံးလို့မရ၊ ပြုံးရသည်ပေါ့။

"ကိုဝေယံ"

"ဗျာ"

"ပိုင်တို့ မိကျောင်းကန်ဘက် သွားကြည့်ရအောင်နော်"

"သဘောပါတဲ့ ပိုင်ရယ်"

မိကျောင်းကန်ဘက် လျှောက်လာပြီး ကြည့်သည်။ ပြီးတော့ စားသောက်ဆိုင်ထဲ ဝင်ခဲ့ကြ၏။





စားသောက်ဆိုင်ထဲ ထိုင်နေစဉ် စည်သူရောက်လာသည်။

"ဒီကောင်လေးလဲ တနေ့လုံး မျက်နှာ မကောင်းဘူး၊ ဘာဖြစ်နေမှန်း မသိဘူး"

သည်နေ့မှ စည်သူ၏ မျက်နှာ အမူအရာက ထူးခြားနေကြောင်း ပိုင်သိသည်။ ဘာဖြစ်နေတာလဲလို့ တွေးမရ။

အလကားပါ၊ ခေါင်းရှုပ်ခံပြီးဒီကောင်လေးအကြောင်း မတွေးတော့ဘူး။

အတွေးထဲသို့ ဝေယံဦး ပြန်ရောက်လာ၏။

ကိုဝေယံဦးက အတော်ချောတာပဲ၊ နဖူးပြေပြေပေါ် ဆံပင်လိုင်းတွန့်လေးတွေ ခွေပြီး ကျနေတာကိုက ကြည့်ကောင်းလွန်းပါတယ်။

ကိုဝေယံဦး....။

ကိုဝေယံဦး....။ သူ့ကို ပိုင်ချစ်မိနေပြီထင်ပါရဲ့။

ထိုစဉ်....

"ဒိုး....ဒိုး....ဒိုး"

ခိုင့်အိပ်ခန်းထဲမှ တဒိုးဒိုး အသံကြားလိုက်ရသောကြောင့် ပိုင်တယောက် ခိုင့်အိပ်ခန်းရှိရာသို့ ပြေးဝင်ခဲ့သည်။

"ဒိုး....ဒိုး....ဒိုး....ဒိုး"

ခိုင်က ခုတင်ပေါ်တွင် တယောက်တည်း ခုန်ပေါက်နေ၏။

"ဟဲ့ ခိုင်၊ ခိုင်....ဘာဖြစ်နေတာလဲ"

"ဥစ္စာစောင့်တွေ ကြွလာလို့ ကြိုဆိုနေတာ"
ခိုင့်မျက်လုံးတွေက ပြုံးကြောင်နေသည်။
ပိုင် ထိတ်လန့်သွား၏။
"ညအချိန်မတော် ခုန်ပေါက်မနေနဲ့ခိုင်ရယ်၊ အိပ်တော့ဟုတ်လား"
ခိုင့်လက်ကို ညင်သာစွာဆွဲ၍ ချော့မော့လိုက်သည်။
"အိပ်ဘူး"
"မမညီမကလိမ္မာပါတယ်၊ အိပ်တော့နော်—မနက်ဖြန်ကျယင် ရုပ်ရှင်ပြမယ်ဟုတ်လား"
ခိုင် ကျေနပ်သွားသည်။
ခုန်ပေါက်နေရာမှ ခုတင်ပေါ် သို့ ပစ်လှဲလိုက်၏။
"မမလဲ ခိုင့်နားမှာအိပ်"
"အေး....အေး အိပ်မယ်"
ပိုင်သည် ခိုင့်နံဘေးမှာ ဝင်အိပ်လိုက်၏။ ခိုင်ကမျက်လုံးမှိတ်ပြီး ငြိမ်နေသည်။
ပိုင်သည် ခိုင့်နားတွင် ခေတ္တမှိန်းနေယင်း အိပ်ပျော်သွားလေသည်။
ညီအစ်မနှစ်ယောက် မျက်နှာချင်းဆိုင်လျက် နှစ်ခြိုက်စွာအိပ်မောကျ နေပါတော့သည်။

*　　*　　*



## အခန်း ( ၁၁ )

"ကိုကိုလေး၊ စကားပြောရအောင်"
ဧည့်ခန်းထဲတွင် ကက်ဆက်နားထောင်နေသော စည်သူ့နားသို့ ခိုင် ရောက်လာသည်။
စည်သူ ခေါင်းကိုမ်းသွား၏။
"ကိုကိုလေးနဲ့ ခိုင် ဆွေးနွေးစရာရှိလို့ပါ"
မြတ်စွာဘုရား၊ ဘာတွေများ ဆွေးနွေးမလို့ပါလိမ့်။ ဘုရားတော့ တနေမိသည်။
"ဆွေးနွေးစရာကိစ္စရှိလို့လား ခိုင်၊ ဆွေးနွေးပေါ့၊ လာ....ထိုင်"

ခိုင်က ကျော်စည်သူ့ ရှေ့ရှိ ဆိုဖာတွင် ဝင်ထိုင်သည်။

"ခု ကိုကိုလေး သီချင်းနားထောင်နေတာနော်"

"ဟုတ်တယ်"

"ဘာ သီချင်းတွေလဲ"

"ကံ့ကော်တော မျိုးအောင်ရဲ့ သီချင်းတွေလေ"

"ကံ့ကော်တော မျိုးအောင်လို့ ဘာဖြစ်လို့ နာမည်ပေးထားတာလဲ ကိုကိုလေး၊ သူက ကံ့ကော်တောမှာ နေလို့လား"

"အေး....ဟုယ်တယ်"

နားအေးစေချန် ခေါင်းညိတ်ပြလိုက်သည်။

"အချစ်အကြောင်းတွေ ဆိုနေတာနော် ကိုကိုလေး"

"အေး"

"ဒီအကြောင်းတွေဖွဲ့ထားတဲ့သီချင်းတွေကိုနားထောင်လို့ အပိုပေါ့ ကိုကိုလေးရယ်၊အချိန်ကုန်မယ်၊လူပန်းမယ်၊ ဒါတွေက ကိုကိုလေးအတွက် ဘာမှ အကျိုးပြုမယ့်ဟာတွေ မဟုတ်ပါဘူး၊ ကိုကိုလေးသေယင် ပါမယ့်ဟာမျိုး နားထောင်ပါလား"

ခက်ပြီ။ စည်သူ ပခုံးတွန့်ပြလိုက်မိ၏။ ဒီကောင်မလေး ရှုပ်နေတာနှင့် သီချင်းကောင်းကောင်း နားမထောင်ရတော့။ နားငြီးလှပြီ။





"ခိုင် ပြောတာ ကြားရဲ့လား ကိုကိုလေးရဲ့"

"ကြားပါတယ် မယ်မင်းကြီးမရယ်"

"ကြားယင် ခိုင် ပြောတာလုပ်"

"ဘာလုပ်ရမှာလဲကွာ"

"သီချင်း နားမထောင်နဲ့၊ ဓာရဏာပရိတ် နားထောင်၊ မင်္ဂလသုတ် ရွတ်၊ ဘာဝနာပွား"

"ဟား....ဟား....ဟား"

စည်သူ အော်ရယ်ပစ်လိုက်၏။

ခိုင်က အလာကြီးပါလား။ စိတ်မနှံ့ပေမယ့် လူအထင်ကြီးအောင်တော့ ဟန်နှင့်ပန်နှင့် ပြောတတ်သားပဲ။

စည်သူ အော်ရယ်လိုက်သဖြင့် ခိုင် စိတ်ဆိုးသွားသည်။ ခိုင့်မျက်နှာက တင်းမာသွား၏။

"ဒီမှာ ကိုကိုလေး"

"ဗျာ၊ အမိန့်ရှိပါဦး"

"ခိုင် ပြောတာ သဘောမပေါက်ဘူး ထင်တယ်၊ ဘုရားတရားအကြောင်းပြောတုန်း ဘာလို့ရယ်ရတာလဲ ကိုကိုလေး၊ ငရဲကြီးလိမ့်မယ်"

"ကြောက်ပါတယ်တဲ့ဗျာ၊ ကဲ....ခဏထိုင်ဦးနော်၊ ငါ သွားစရာရှိလို့"

စည်သူ လစ်ပြေးရန် နေရာမှ ထသည်။

စိတ်မမှန်တဲ့လူနားထိုင်ပြီး နား ငြီး ခံ နေ ရ တာ နှင့်

စာလျှင် တော်ရာ သွားနေတာက ကောင်းမည်။ သို့သော် ခိုင်က စည်သူ့ လက်မောင်းကို ဖက်တွယ်ထားလိုက်သည်။

"ဟင့်အင်း၊ ကိုကိုလေး မသွားပါနဲ့၊ ခိုင် တယောက်တည်း ပျင်းတယ်"

"ပျင်းယင် ပရိတ်ရွတ်၊ တရားထိုင်၊ ပုတီးစိပ်ပေါ့ကွာ"

"ဟင့်အင်း၊ ကိုကိုလေးနဲ့ စကားပြောချင်တာ"

"ငါ မအားသေးဘူး ဟ"

စည်သူက လက်ကိုရုန်းပြီး ပြောသည်။

"ဒီမှာ ကိုကိုလေး၊ ခိုင် တခုမေးမလို့"

"ကဲကွာ၊ မေး....မေး"

"မမနဲ့ခိုင့်ကို ဘယ်သူ့ ပိုချစ်လဲ"

"မမကို ပိုချစ်တာပေါ့"

စည်သူက အလွယ်တကူ ဖြေလိုက်၏။

"ဟင်၊ ခိုင့်ကို မချစ်ဘူး ဟုတ်လား၊ အီး....ဟီး"

"ဟောဗျာ"

အရှူးမတော့ တစခန်းထလေပြီ။

စည်သူ စိတ်ညစ်သွား၏။ ခေါင်းကို တဗျစ်ဗျစ် ကုတ်နေသည်။

"သူ့မမကျတော့ ချစ်တယ်တဲ့၊ အဟင့်– အဟင့်ခိုင့်ကိုတော့ မုန်းတယ်တဲ့–အီး"

"ဟဲ့–ခိုင်ရဲ့၊ နင့်ကို ဘယ်သူက မုန်းတယ်ပြောလို့လဲ"





ခိုင်၏ အော်ငိုသံက ကျယ်လောင်လွန်းသဖြင့် အန်ကယ် ဦးသာ ညော့ခန်းထဲဝင်လာသည်။

"ဟဲ့–သမီး၊ ဘာဖြစ်ရပြန်တာလဲ"

"ဖေဖေ–သမီးကိုလေ သူက မုန်းတယ်တဲ့၊ မမကိုပဲ ချစ်တယ်၊ သမီးကို မုန်းတယ်တဲ့–အီး–ဟီး"

ခိုင်က ဖခင်ကို မြင်သည်နှင့် တိုင်ပါလေတော့သည်။ စည်သူ ဒေါဖောင်းသွားသည်။

အန်ကယ် ဦးသာက စည်သူ့ကို ရှုတည်တည် ကြည့်ပြီး။

"ဒီမှာစည်သူ၊ ကိုယ့်ညီမလေးအကြောင်းလဲ သိသားနဲ့၊ ဘာဖြစ်လို့ သူအားငယ်အောင် ပြောရတာလဲကွ"

"ကျွန်တော် ဘာမှ ကြီးကြီးကျယ်ကျယ် မပြောရပါဘူး အန်ကယ်၊ သူက မမနဲ့သူ့ကို ဘယ်သူ့ ပိုပြီး ချစ်သလဲ မေးလို့ မမကို ပိုပြီးချစ်တယ်လို့ ပြောမိတာပါ"

စည်သူစိတ်ပျက်ပျက်နှင့် ရှင်းပြလိုက်၏။

"ကဲပါ သမီးရယ်၊ ငိုမနေပါနဲ့၊ သမီးကို ဖေဖေရော ကိုကိုလေးရော မမကပါ ချစ်ကြပါတယ်တဲ့၊ မဟုတ်ဘူးလား စည်သူ"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ချစ်ပါတယ်တဲ့ဗျာ"

စည်သူက ပါးစပ်ကို ရွဲ့လျက် ပြောပြီး လစ်ထွက်ခဲ့လေသည်။ ခြံထဲဆင်းပြီး တယောက်တည်း ဂစ်တာခေါက်နေလေသည်။

သို့သော် မကြာပါ။

"စည်သူ"

အန်ကယ် ဦးသာက သူ့နောက်လိုက်လာပြီး ခေါ်လိုက်သဖြင့် စိတ်ခုတ်ကျသွားသည်။

"ဗျာ"

"အန်ကယ်တို့ သားအဖကို ဆေးရုံလိုက်ပို့ ပေးစမ်း၊ ဒီကနေ့မှ ခိုင့်ကို ဆေးရုံသွားပြရမှာဆိုတော့ အန်ကယ်တို့ သိပ်မသွားတတ်မလာတတ်သေးဘူး"

"ဟုတ်ကဲ့ အန်ကယ်"

စည်သူ အိမ်ထဲ ပြန်ဝင်ခဲ့ရပြန်၏။ အင်္ကျီအဝတ်အစား အမြန်လဲပြီး မီးဖိုခန်းထဲ ပြေးဝင်ခဲ့သည်။

"မာမီ—မာမီ"

"ဘာလဲသား"

"ကျွန်တော်မိုးလင်းကတည်းက ဘာမှ မစားရသေးဘူးဗျ၊ သီချင်းနားထောင်နေတာနဲ့ မစားရသေးတာ၊ ခု အန်ကယ်ဦးသာတို့ သားအဖကို ဆေးရုံလိုက်ပို့ ပေးပါ ဆိုလို့ တခုခုစားသွားမလို့၊ စားစရာ ဘာကျန်သေးလဲ"

"လက်ဖက်ရည်နဲ့ ပေါက်စီရှိတယ်လေသား"

စည်သူက လက်ဖက်ရည်စားပွဲမှာ ဝင်ထိုင်သည်။ ပေါက်စီ နှစ်လုံး ကုန်အောင် စားပစ်လိုက်ပြီး လက်ဖက်ရည်ငုံ့သောက်သည်။





"စည်သူ"

ဦးသာ၏ အော်ခေါ်သံ။

"လာပြီ အန်ကယ်"

စည်သူက ပြန်အော်လိုက်သည်။

"မာမီ၊ သားတော့ စိတ်ပျက်လှပြီ၊ ကျောက်ဆည်ကနေ ရန်ကုန်ဆင်းလာတုန်းက သူ့သားမက်လောင်းကို ကားမောင်းခိုင်းခဲ့တယ်၊ ရန်ကုန်ရောက်ပြီး ကတည်းက ဘယ်သွားသွား သားတို့ကိုပဲ မောင်းခိုင်းတော့တယ်၊ အန်ကယ့်သဘောက ဘယ်လိုလဲဗျာ"

စိတ်ပျက်ပျက်နဲ့ပြောမိ၏။

"တိုးတိုးပြောစည်သူ၊ ကြားသွားဦးမယ်၊ သူ့သားမက်က ရန်ကုန်သားမှ မဟုတ်ပဲ၊ ကားတိုက်မှုတွေ ဘာတွေဖြစ်မှာ ကြောက်လို့ မမောင်းခိုင်းတာ ဖြစ်မှာပေါ့၊ မင်းကလဲ ကွာ၊ ကိုယ့်ဘကြီး တခါတလေလာတာများ စိတ်ရှည်ရှည်ထားမှပေါ့သားရယ်"

"မန္တလေးမှာလဲ စိတ္တဇဆေးရုံရှိလျက်သားနဲ့ မေမေရာ၊ ရန်ကုန်မှာမှ လာပြရတယ်လို့"

"ဟဲ့ — ဒီမှာက သမားတော်ကြီးတွေ စုံတာကိုး စည်သူရယ်၊ နင့်ကြောင့်လဲ ခက်ပါတယ်၊ နင်က ယောကျ်ားလေးဖြစ်ပြီး အင်မတန်သဘောပုပ်ပါလား"

"ဟာဗျာ၊ မေမေကလဲ"

စည်သူ လက်ဖက်ရည်စားပွဲမှ ထသွားသည်။

ပေါ်တီကို အောက်က ကားပေါ်မှာ ဦးသာ၊ ခိုင်နှင့် ကိုအုန်းမြင့်တို့ စောင့်နေကြသည်။

ကိုအုန်းမြင့် မျက်နှာ သိပ်မကောင်း။ မနေ့ကပိုင်နှင့် ဝေယံဦးကိစ္စအတွက် စိတ်သောက ခံစားနေရပုံပေါ်သည်။

စည်သူ ကားရှေ့ခန်း မောင်းသူနေရာတွင် ဝင်ထိုင်လိုက်သည်။ ပြီးတော့ ကားစက်နှိုးကာ မောင်းထွက်ခဲ့၏။ ကားလေးက စိတ်ရောဂါအတူးကုဆေးရုံကြီး ပြင်ပလူနာဌာနသို့ ဦးတည်လျက်။

"ဖေဖေ....ခုဘယ်သွားကြမှာလဲဟင်"

"ရိပ်သာလေသမီး၊ တရားအားထုတ်မလို့ဆို"

ဦးသာက သမီး၏ခေါင်းကို ပွတ်သပ်ယင်း ပြောသည်။

"ဖေဖေလဲ တရားအားထုတ်နော်"

"အေး...."

"အစ်ကိုအုန်းမြင့်လဲ တရားအားထုတ်နော်"

"အား ထုတ် မှာ ပေါ့ ညီမလေးရဲ့၊ ခိုင် ပျော် အောင် အစ်ကိုတို့က ရိပ်သာသွားပို့ပေးမှာ"

အုန်းမြင့်အသံက ချိုသာလွန်းသဖြင့် ကျော်စည်သူမဲ့သွားသည်။

ပြင်ပလူနာဌာနရှေ့မှာ ကားလေးထိုးရပ်လိုက်သည်။ ကားပေါ်မှ အားလုံးဆင်းလိုက်ကြ၏။





"ကဲ....သမီးလာ"

ခိုင့်လက်ကိုဆွဲပြီး ဦးသာခေါ်သွားသည်။ အဆောက်အဦလေး၏ ဝရန်တာတွင် စိတ်ဝေဒနာသည်လူနာတွေနှင့်။ သူတို့လို လိုက်ပို့ပြသသူ လူနာရှင်တွေပြည့်နေသည်။

စည်သူက ခိုင့်အတွက် ပြင်ပလူနာ မှတ်တမ်းစာအုပ်လေး ယူပြီး ဆေးလက်မှတ်ထပ်သည့်နေရာတွင် စာ အုပ် သွား ထပ်လိုက်သည်။

တန်းစီစနစ်ဖြင့် စောင့်ဆိုင်းနေကြရ၏။

ဝရန်တာတလျှောက်ရှိ ခုံတန်းရှည် က လေး များ ဖြင့် တစ်စု၊ သည်တစုထိုင်နေကြသည်။

စည်သူတို့ ထိုင်နေသည့် ခုံတန်းနှင့်ကပ်လျက် ခုံတန်းတွင် ကောင်လေး- ချောချောလေး တယောက်ကို သူ့ဖခင်နှင့် အစ်ကိုတော်ဟုထင်ရသည့် လူကြီးတယောက်နှင့်အမျိုးသား လူရွယ်နှစ်ဦးက ချော့မော့နေကြ၏။

ကောင်ချောချောလေးကို စည်သူလှမ်းကြည့်နေမိသည်။

"ငါ့ကို ဘယ်ခေါ်လာကြတာလဲ၊ ပြောစမ်း.... ပြောစမ်း၊ ငါဒေါသဖြစ်လာပြီကွ၊ မင်းတို့ကိုအခုသတ်မယ်၊ မင်းတို့ လည်ပင်းကို ဟောဒီခဲတံချွန်တဲ့ တကျပ်တန်ဓားနဲ့လှီးပြီး သတ်မယ်"

ပါးစပ်မှ အသံကုန်အော်ဟစ်နေသည်။ သူ့ မျက်နှာက ပြုံးနေလေသည်။

ဟော ဟိုဘက်ခုံမှာလည်းတယောက်၊ သူ က မိန်းမ
ဝဝကြီး၊ လက်ထဲမှာ ဆွဲချိုင့်အကြီးကြီး ဆွဲထားသည်။

"ကျွန်မ ယောကျ်ားက စစ်ဗိုလ်ပေါ့ အစ်ကိုကြီးတို့ရဲ့
ဆုံးသွားတာသုံးနှစ်ရှိပြီ၊ ယောကျ်ားဆုံးပြီး သားနှစ်ယောက်
ကလဲ မလိမ္မာကြဘူး၊ တယောက်ကမိန်းမခိုးပြေးပြီး မိန်းမ
နောက် ကောက် ကောက် ပါ အောင် လိုက်သွားတယ်၊
တယောက်က လမ်းသရဲလေ၊ ကျွန်မမှာ အားကိုးအားထား
ဆိုလို့ ဘယ်သူမှမရှိတော့ဘူး၊ ဟောဒီမှာ ဒါတွေပဲ ကျွန်မ
အဖော်"

မိန်းမကြီးက ယဉ်ယဉ်လေးနှင့် ရှုးနေခြင်းပါ၊ စကား
ပြောပြီးသည်နှင့် လက်ထဲမှ ထမင်းချိုင့်ကြီးကို ဆွဲဖွင့်ပြီး
အထဲမှ စားစရာများကို ပလုပ်ပလောင်းစားနေ၏။

"ဟား ဟား ဟား ဟား"

စည်သူ ရယ်ချင်စိတ်ကို မအောင့်နိုင်တော့။ အော်ရယ်
လိုက်သည်။ မိန်းမကြီးကိုကြည့်ပြီးအနီးအနားမှလူတွေလည်း
ရယ်ကြသည်။

ဒါကြောင့် ဒီလောကဝနေတာကိုး။

စိတ်ညစ်တိုင်း အစားပဲဖိစား၍စိတ်ညစ်ဖြေနေပုံရသည်
"အဲဒါပဲကြည့်တော့ဗျာ၊ ဆေးရုံကိုခဏလေးလာပြတ
တောင် ထမင်းချိုင့်ယူလာရတယ်၊ တနေ့လုံး မနားမနေစ





တာပဲ၊ မတရားဝနေတာသာ ကြည့်တော့"ဟု မိန်းမကြီးကို
လိုက်ပို့သည့် အမျိုးသားကပြောသည်။

စည်သူတို့နှင့် မျက်နှာချင်းဆိုင်မှာ လူနာ လာပို့သည့်
အဘွားကြီးက စပ်စပ်စုစုမေးသည်။

"သူပြောတဲ့အတိုင်း သူ့ ယောကျ်ား စစ်ဗိုလ်ဆိုတာ
ဟုတ်သလားမောင်ရင်၊ မင်းကရော သူနဲ့ ဘာတော်သလဲ"

"ကျွန်တော့်အစ်မအရင်းပါ၊ သူ့ယောကျ်ားကစစ်ဗိုလ်
လေ၊ သူ့ မှာ သားနှစ်ယောက်ရှိတယ်၊ သူ့သားတွေက
သူပြောတဲ့အတိုင်းပဲ၊ တကယ့် စုပါစတား တွေ ပေါ့ ဟဲ....
ဟဲ....ဟဲ"

အဘွားကြီးက ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေ
သည်။ ပြီးတော့ စည်သူတို့အုပ်စုကို လှမ်း၍ကြည့်ပြီး မေး
သည်။

"အဲဒီက ဘယ်သူ့ကိုပြမှာလဲ၊ ဟို ဘောင်းဘီနဲ့ သူငယ်
ကို ပြမှာလား"

"ဟာ....ခုမှ ဒုက္ခရောက်ပြီ"

စည်သူ့ကို လက်ညှိုးထိုးပြီး မေးသဖြင့် စည်သူ အထိတ်
တလန့်ဖြစ်သွားသည်။

ခိုင်က သည်ကနေ့မှ ဖြိမ်ချက် သား ကောင်း နေ သည်
မဟုတ်လား၊ သည်တော့ အရှူးလို့မထင်ကြ၊ ဝတ်ထားတာ
ကလည်း အပုံစား၊ အရူးပါဟု ကျိန်တွယ်ပြောမှ ယုံရမလို

ဥာဏ်ဝင်းစာပေ

ဖြစ်နေသည်။

ဘုရားစူး အရှူး။

ဖော့ရှုန် ပွင့်ရိုက် နီညိုရောင် ဝမ်းဆက်နှင့် ဆံပင်ကို သေသပ်စွာ ဖြီးထားသည်။

အကောင်းစား ဒေါက်ဖိနပ် အဖြူရောင်၊ စိန်လော်ကက်နှင့် ရွှေကြိုးအသေးစားလေးကို လည်တိုင်မှာ ကပ်ပြီးဆွဲထားသည်။ နာရီအကောင်းစားနှင့် သားသားနားနား ငြိမ်ကုပ်နေသည်မို့ အရှူးပါဟု ကျိန်တွယ် ပြောရမလို ဖြစ်နေ၏။

စည်သူက ဆံပင်စုတ်ဖွား၊ ဘောင်းဘီရှည်၊ ဂျင်းအင်္ကျီအနား ဖွာဖွာလန်လန်နှင့် လည် ပင်း တွင် ငွေကြိုးရှည်ကို လူရိုင်းခေါင်းလော်ကက်နှင့် ဆွဲထားသည်မို့ အရှူးဟု အထင်ခံရခြင်း ဖြစ်ပါ၏။

"ကောင်းရောကွာ၊ စည်သူတော့ ခံလိုက်ရပြီ"

ဦးသာက ရယ်မောပြီး ပြောသည်။

တူတော်မောင်၏ ဝတ်စားဆင်ယင်မှုကို မြင်ပြင်းကတ်နေတာ ကြာပြီ။ သည်လိုခံရတော့ ဦးသာ ကျေနပ်မဆုံး။

"အဘွားမေးနေတာ ဖြေကြပါဦး၊ ဘယ်သူ့ ပြမှာလဲ"

အဘွားကြီးက ထပ်ရှည်လာပြန်သဖြင့် စည်သူ ဒေါ ဖောင်းသည်ထက် ဖောင်းသွားပြီး....

"ခင်ဗျား ကိစ္စလား" ဟု အော်တောလိုက်၏။ ပြီးတော့ ထိုင်နေရာမှ ထလစ်ခဲ့သည်။





အဆောက်အအုံပြင်ဘက် ထွက်ခဲ့ပြီး မနီးမဝေး လက်ဖက်ရည်ဆိုင်မှာ သွားထိုင်နေလိုက်သည်။

နှစ်နာရီကျော်ကျော် ကြာအောင် ထိုင်စောင့်နေပြီးမှ ခိုင်တို့အုပ်စု အပြင်ဘက် ထွက်လာကြသည်။

"စည်သူ"

"ဗျာ၊ လာပြီ....လာပြီ"

စည်သူက ကားရှိရာ အပြေးလာခဲ့သည်။

ကားပေါ်တက်ယင်း "ဆရာဝန်က ဘာပြောသလဲ" ဟု မေးသည်။

"နောက်တပတ် ရက်ချိန်းပေးတယ်"

သွားပြီ၊ နောက်တပတ် ချိန်းတယ်ဆိုတော့ သည်အုပ်စု အိမ်မှာ တပတ် ထပ်ကြာနေကြဦးမည်။

စည်သူ စိတ်ပျက်၍ မဆုံး။

ကားကို အရှိန်နှင့် ဆောင့်ထွက်လိုက်၏။

"အမယ်လေး"

ကားနောက်ခန်းမှ ခိုင်၏ လန့်အော်သံ။

"ဖြည်းဖြည်း မောင်းပါ ကိုကိုလေးရယ်၊ ရိပ်သာက အရှူးတွေရိုက်လို့မသေပဲ ကားမှောက်ပြီး သေနေပါဦးမယ်"

ကောင်းရော။ ရိပ်သာမှာတွေ့တာ အရှူးတွေမှန်းတော့ အသိသားပါလားခိုင်ရယ်ဟုစည်သူစိတ်ထဲမှ ညည်းလိုက်မိ၏။

* * *

## အခန်း ( ၁၂ )

ကျော်စည်သူ စိန့်ဂျွန်း ဈေးထဲတွင် နှစ်ပတ် သုံးပတ် ခြေရှုပ်ပြီးပြီ။ ဗိုက်လဲဆာလာပြီ။ မေမေ ဝယ်ခိုင်းသည့် မုန့်ဗူး ကို ရှာမတွေ့သေး။

ဗိုက်ဆာဆာနှင့် မုန့်ပဲသွားရည်စာရောင်းသည့် ဆိုင်တွေ ရှိရာသို့ ထွက်လာခဲ့သည်။ ဖာလူဒါ မှာသောက်သည်။

"ဖာလူဒါ နှစ်ခွက်"

သည်အသံ ကြားဖူးပါတယ်။

ဖာလူဒါ သောက်နေရာမှ မျက်လုံးလှန်ပြီး ကြည့်လိုက်မိသည်။





မမပိုင်နှင့်ဝေယံဦး။

နှစ်ယောက်တည်းပါလား။

အကြည်ဆိုက်ပြီး စည်သူ့ကို မမြင်ကြ။

စည်သူ စိတ်ပျက်ပျက်နှင့် ခေါင်းငုံ့ပြီးသောက်နေသည်။ ရင်ထဲမှာ မခံချင်။ ပိုင့်ကို သူချစ်နေတာလည်း မဖွင့်ဟာရ၊ နေမြင့်လေ အရှူးရင့်လေ။

ခုလို ဝေယံနှင့်တွဲနေတာမြင်တော့ ပိုပြီး ဒေါပွသည်။

"သောက်လို့ကောင်းရဲ့လား ပိုင်"

ဝေယံဦး၏ကြင်နာသံ။

"ကောင်းသားပဲ၊ ကိုဝေယံကော"

"ကောင်းပါတယ်၊ ဒီအပြန် ရုပ်ရှင်ကြည့်မလား ပိုင်"

စည်သူ့ရင်တွေ တဒိန်းဒိန်းဖြစ်သွားရပြီ။

"ကိုဝေယံ ကြည့်ချင်လို့လား"

"ပိုင်နဲ့ဆို သိပ်ကြည့်ချင်တာပေါ့"

"ဒါဖြင့် ကြည့်လေ၊ ရုပ်ရှင်က ဘယ်နှစ်နာရီလောက် ပြီးမှာလဲ"

"လေးနာရီခွဲလောက် ပြီးမယ်ထင်တာပဲ"

"ကျောင်းကို စည်သူ လာကြိုယင် လွဲနေပါဦး မယ် ကိုဝေယံ"

"သူငယ်ချင်းမွေးနေ့ လိုက်သွားတာလို့ ညာပြောလိုက် ပေါ့ ပိုင်ရဲ့"

"အို....ကိုဝေယံကလဲ၊ စည်သူက လိုမ့် တိုင်း ယုံမှာ မဟုတ်ဘူး၊ တော်ကြာ အိမ်မှာပြန်တိုင်လို့ ဒုက္ခရောက်နေ ဦးမယ်"

"ဒါဖြင့် ဘာလဲ၊ မကြည့်တော့ဘူးလား"

"ကျောင်းပိတ်တဲ့နေ့မှ ကြည့်ရအောင်၊ ခုကျောင်းကို အချိန်မီပြန်ပြီး စည်သူ့ကိုစောင့်မှဖြစ်မှာ"

"ဟင်း...."

ဝေယံဦး သက်ပြင်းချသံ ကြားရသည်။

စည်သူက သူတို့ကျောခိုင်းထားသည့်ဘက်က စားပွဲမှာ ဆိုတော့ မမြင်ကြ၊ နှစ်ယောက်သား အကြည်ဆိုက်နေကြ သဖြင့် ပတ်ဝန်းကျင်ကို သတိမမူမိကြ။

သူတို့ ဒီအထိ ခရီးပေါက်နေကြပြီပဲ၊ ကိုဝေယံက မမ ကျောင်းကိုလိုက်သွားတာ ဘယ်နှစ်ခါရှိနေပြီလဲ မသိဘူး၊ ရုပ်ရှင်တွဲကြည့်ဖို့တောင် ချိန်းနေကြတာ ဆိုတော့ ချစ်သူ အဆင့် ရောက်နေပြီထင်တယ်။

စည်သူ မသက်မသာတွေးသည်။

မနာလို မရှုဆိတ်ပေမယ့် သူ့မျက်နှာ ဘွားကနဲပြူပြီး အနှောင့်အယှက်မပေးတော့။

အကြံထုတ်နေသည်။

ပိုင်နှင့် ဝေယံဦးတို့ တယောက်ကိုတယောက် စိတ်ကုန် သွားအောင်လုပ်ရမည်။ ဒါမှ သူကြားဝင်လို့ရမှာ မဟုတ်





လား။ ပြောင်ကျကျဟေားလားဝါးလား မ နှောင့် ယှက် တော့ဟု ဆုံးဖြတ်လိုက်ပြီး ငြိမ်ငြိမ်လေးထိုင်နေသည်။

မျက်စိကိုဖွင့် နားကိုစွင့်ထားသည်။

"ပိုင်"

"ဘာလဲ ကိုဝေယံ"

"ခေါ်ပြန်ပြီလား ဒီလိုကြီး"

"အို....ကိုဝေယံကလဲ၊ ပိုင်ရှက်လိုက်တာ"

ပိုင့်အသံက တိုးပေမယ့် ကျော်စည်သူ ကောင်းကောင်း ကြားရသည်။

သေချာပြီ။

သေချာလိုက်သည်မှ သိပ်သေချာပြီ။

ရိုးရိုးခင်တဲ့အဆင့်ကို ကျော်သွားပြီ။

ပိုင်တို့စုံတွဲက သူ့ကိုမမြင်မီ ကျော်စည်သူ ထလစ်လာခဲ့ သည်။

မာမီဝယ်ခိုင်းသည့် မုန့်ဗူးကိုမရှာတော့ပဲ သင့်တော်ရာ မုန့်ဗူးတခုဝယ်ပြီး အိမ်ပြန်လာခဲ့သည်။

စိတ်တိုတိုနှင့် ကားကို ပေါ်တီကိုအောက်မှာ ထိုးရပ် လိုက်သည်။

"ဟော.... ကိုကိုလေးပြန်လာပြီ၊ ခိုင်တယောက်တည်း ပျင်းနေတာ"

ခိုင်က ကားနားပြေးလာပြီးပြောသည်။

ခိုင်ရန်ကုန်ရောက်တာ နှစ်ပတ်ရှိပြီ။ စိတ္တဇဆေးရုံ ပြင်ပလူနာဌာနမှပေးသော စိတ်ငြိမ်ဆေးများကြောင့်ခိုင့်ရောဂါမှာ သက်သာစပြုလာ၏။

ဦးနှောက်ကို ရှော့ရိုက်ခိုင်းပြီးတော့လည်းကုသည်။ ခိုင်အတော်လေး ဝေဒနာ သက်သာလာသည်။

စည်သူက သူ့လက်ထဲမှ မုန့်ဗူးကို ခိုင့်လက်ထဲ ထည့်ပေးလိုက်ပြီး....

"မေမေ့ကို အဲဒီမုန့်ဗူး သွားပေးလိုက်နော်"ဟု ပြောသည်။

"ခိုင့်အတွက် ဘာပါလာသလဲ ကိုကိုလေး"

"အေး ဟုတ်သားပဲ၊ ရော့....ရော့"

ဘောင်းဘီအိတ်ထဲမှ ပလတ်စတစ်တုတ်ထိုး ချိုချဉ်ပြားကလေးတွေကို ထုတ်ပေးလိုက်၏။ ရေခဲချောင်း ပုံစံမျိုးဖြစ်၏။

ခိုင် ဝမ်းသာသွားသည်။

"ဟေး... ဒါမှ တို့ကိုကိုလေး"

စည်သူ့ပါးကိုဖက်နမ်းပြီး ထွက်ပြေးသွားသည်။

"ဟာကွာ....အရူးမလေး"

စည်သူက သူ့ပါးကို လက်ကိုင်ပဝါဖြင့်ပွတ်ယင်း ကျန်ရစ်ခဲ့၏။

စိတ်ပျက်ပျက်ဖြင့် အိမ်ထဲတန်းဝင်ခဲ့သည်။





"စည်သူ၊ မြေးရေ"

"ဗျာ....ဘွားဘွား"

ဘွားဘွား ဒေါ်မြစီက ညှော်ခန်းထောင့် စားပွဲပေါ်တွင် လက်ထောက်ရပ်နေရာမှ ခပ်ပြုံးပြုံးလှမ်းခေါ်သည်။

"လာဦး ခဏ"

"ဟုတ်ကဲ့"

စည်သူ ဘွားဘွားရှေ့ ရောက်လာသည်။

"ငါ့မြေးလဲ ဘွားဘွားနားမကပ်တာကြာပြီ၊ မုန့်ဖိုးပေးမလို့ ရော့....ရော့"

စည်သူ့လက်ထဲ ရာတန်ငါးရွက် ထည့်ပေး လိုက်သည်။ စည်သူ ဝမ်းသာသွားသည်။

စိတ်ညစ်စရာ၊ စိတ်ရှုပ်စရာတွေ ဘယ်လောက်များနေမှန်းမသိ။ ဘွားဘွားဆီက မုန့်ဖိုးတောင်းဖို့ မေ့နေခဲ့တာကြာပြီ။

အတော်ပဲ၊ သည်ပိုက်ဆံဖြင့် မမကို လက်ဆောင် တခုခုဝယ်ပေးရမည်။

"ဘွားဘွား၊ ကျွန်တော် အောင်အောင်တို့ခြံဘက် ကူးဦးမယ်"

အောင်အောင်တို့ခြံဘက် ကူးလာခဲ့ပြီး အောင်အောင်နှင့်အတူ ဂစ်တာတီးသည်။

ဝေယံဦး အိမ်မှာ မရှိ၊ ပိုင်နှင့် ဘယ်လျှောက်သွားနေကြပြန်လည်း မသိ။

စိန်ဂျွန်းမှအပြန် ဘယ်လိုက်လျှောက်လည်နေကြပါလိမ့်။
"စည်သူ"
"ဘာလဲ အောင်အောင်"
"ခုတလော မင်း မရွှင်ပါလား ဟ"
"အေး၊ ငါ စိတ်ညစ်နေတယ်"
"ဘာဖြစ်လို့ လဲကွာ"
"အိမ်မှာညှော်သည်တွေများတော့ နေရထိုင်ရတာ မလွတ်လပ်ဘူးကွာ၊ ပြီးတော့...."
စကားကို ရပ်ပစ်သည်။
"ပြီးတော့ ဘာဖြစ်လဲ၊ ဆက်ပြောကွာ"
အောင်အောင်က စကားဆက်ခိုင်းသည်။
စည်သူက ဆက်မပြော။
"ဟေ့ကောင်၊ ဆက်ပြောလေ"
"မပြောတော့ပါဘူးကွာ"
စည်သူ့ အမူအရာကို အောင်အောင် မကြိုက်၊ သည်ကောင် မှိုင်နေတာကြာပြီ။
"ဘာလဲ၊ လမ်းထိပ်က မင်းလိုက်နေတဲ့ ကောင်မလေးက ပြန်မကြိုက်လို့လား"
"ဘယ်သူလဲ"
စည်သူ မျက်မှောင်တွန့်လိုက်သည်။
"ပိုပိုလေကွာ"





"တော်စမ်းပါ၊ ငါ တကယ်ချစ်နေတယ်လို့ မင်း ထင်နေလို့လား ငအောင်ရ"
"မင်းပဲ လိုက်နေပြီးတော့"
"ဘယ်ကလာ လိုက်ရမှာလဲ၊ အပျော် သဘောလောက်ပါ၊ ရည်းစားစာတောင် ပေးမလို့၊ မရေးတတ်တာနဲ့"
"အဟား၊ မင်း အသက် ဘယ်လောက်ရှိပြီလဲ စည်သူ"
"နှစ်ဆယ်"
"ရည်းစားစာ မရေးတတ်ဘူးဆိုတာ ယုံရမလား"
"မယုံချင်လဲ နေပေါ့ကွာ"
ပြောယင်း ထိုင်ရာမှ ထသည်။
"ဟေ့၊ ပြန်တော့မလို့လားကွ"
"အေး၊ ငါ မမကို သွားကြိုရဦးမယ်လေကွာ"
စည်သူ အိမ်ဘက် ပြန်ကူးလာပြီး ဂစ်တာကို နေရာမှာ ...ားချိတ်သည်။ ပြီးတော့ ကားရှိရာ လာခဲ့ပြီး ကားပေါ် ...က်သည်။
"ကိုကိုလေး ဘယ်သွားမလို့လဲ"
ခိုင်က ကားနား ပြေးလာပြီး မေးသည်။
"မမကို ကျောင်းသွားကြိုမလို့"
"ခိုင်လဲ လိုက်ချင်တယ် ကိုကိုလေး"
"ဟာ၊ ဘယ်ဖြစ်မလဲ၊ လိုက်လို့မရဘူး"
"လိုက်မှာပဲ"

ခိုင်က ကားတံခါးကို ဆွဲထားပြီး အတင်းပူဆာနေသည်။

"ညနေမှ ဘုရားလိုက်ပို့ပေးမယ် ဟုတ်လား"

"တကယ်လား"

"တကယ်ပြောတာပါ ဟာ"

"မညာရဘူးနော်"

"အေးပါ၊ မညာပါဘူး"

"ဒါဖြင့် ခိုင် ပြင်ဆင်ပြီး စောင့်နေမယ်နော်"

"အေး၊ အေး"

မချောင်ပါလား၊ စိတ်ညစ်ရတဲ့ကြားထဲ၊ အရှုံးမက တမျိုး။

ပိုင်က ဟန်မပျက်။

စည်သူ့ ကားကို ကျောင်းရှေ့မှာ ရပ်စောင့်နေ၏။

စည်သူ့ကား ထိုးရပ်လိုက်တော့ သူ့လက်မှ နာရီလေးကို မြှောက်ပြီး ဟန်ပါပါ ကြည့်သည်။

ပြီးတော့ ကားနား လျှောက်လာသည်။

"နောက်ကျလှချည်လား စည်သူ" ကားတံခါးကို ဆွဲဖွင့်ယင်း ပြောသည်။

"ဖာလူဒါဆိုင်ဝင်နေလို့"

စည်သူ၏စကားနှင့်မျက်နှာအမူအရာကြောင့်ပိုင်မျက်နှာ ပျက်သွား၏။





စည်သူ့ဘေးတွင်ဝင်ထိုင်ယင်း စည်သူ့မျက်နှာကို ကြည့်သည်။

"စည်သူ....နင်ဘာပြောတာလဲ"

"မမက ကျွန်တော်နောက်ကျတယ်ဆို"

"အင်းလေ"

"ကျွန်တော်နောက်ကျတာ ဖာလူဒါဝင်သောက်နေလို့ နောက်ကျတာလို့ ရှင်းပြတာပါ"

"ဩော်"

ပိုပြီး မလုံမလဲ ဖြစ်သွားသည်။

"ကျွန်တော်ဒီနေ့ ရင်သိပ်ပူတာပဲ၊ ဒါကြောင့် စိန်ဂျွန်း ဈေးသွားပြီး ဖာလူဒါသောက်တယ်လေ"

ကားစက်နှိုးယင်း စည်သူက ပြောလိုက်၏။

ပိုင့်မျက်နှာ ဣန္ဒြေမဆောင်နိုင်လောက်အောင် အမူအရာ ပျက်သွားသည်။

ကိုဝေယံဦးနှင့် ဖာလူဒါသွားသောက်တာ စည်သူများ သိသွားပြီလား။

အမှန်တော့ ကျောင်းထဲမှာလည်း ဖာလူဒါဆိုင်တွေ ပြည့်လို့ပါပဲ၊ ခိုင့်အတွက် အဝတ်တစုံဝယ်စရာရှိသည်နှင့် ခြေရှည်မိခြင်းပါ။

အဝတ်တွေ ရွေးဝယ်ပြီး ဖာလူဒါ သောက်နေတုန်း တယောက်ယောက် မြင်သွားတာဖြစ်ရမည်။

စည်သူ၏အမူအရာကို ပိုင်က မသိဟန်ပြုသည်။

စကားရှည်နေလျှင် ပိုဆိုးလာမည်စိုးသဖြင့် ငြိမ်နေလိုက်၏။ သို့သော် စည်သူက....

"မမ"

"ဘာလဲ စည်သူ"

"ဒီနေ့ မမ သိပ်ပျော်နေမှာပေါ့"

"ဘာကို ပြောတာလဲ စည်သူ"

"မမဒီနေ့ ကျောင်းလစ်တယ် မဟုတ်လား"

ပိုင်နားလည်ပြီ။

စည်သူတယောက်ပိုင်နှင့် ဝေယံဦး ကျောင်းပြင်ဘက်မှာ လျှောက်လည်သည့် အကြောင်း သေချာသိနေပြီ။

"မင်းက ဘယ်လိုလုပ်သိတာလဲ"

"ကျွန်တော့်ကို ပြန်မမေးပါနဲ့၊ ကျွန်တော်မေးတာ အယင်ဖြေဗျာ"

"ဖြေစရာ မလိုဘူး၊ မင်း သိလို့မေးနေတာပဲ မဟုတ်လား"

"အစအဆုံးသိပါတယ်ဗျာ၊ ဒီနေ့ မမကျောင်းလစ်၊ ရည်းစားနဲ့ချိန်းပြီး လျှောက်လည်နေတယ်မဟုတ်လား"

"ငါ့မောင်က စုံထောက်လုပ်စားဖို့ကောင်းနေပြီ"

ပိုင်က နည်းနည်းလေးမှ ဂရုမစိုက်။

"ဒီမှာ မမ"





"ပြော....ပြော"

"ဒီလိုလုပ်တာ ကောင်းသလား"

"ဘာလုပ်လို့လဲ"

"မိန်းကလေးတန်မဲ့ကျောင်းပြေးတာ ကောင်းသလား၊ ပြီးတော့ ဒီလူ့အကြောင်းကို မမကိုသတိပေးထားလျက်နဲ့"

ပိုင်ရယ်လိုက်သည်။

"ဒီမှာစည်သူ"

စည်သူက ဘုဆတ်ဆတ်လှည့်ကြည့်သည်။

"ကိုဝေယံဦးအကြောင်း နင်ပြောထားတာတွေ တခုမှ မဟုတ်ဘူး ဆိုတာ မမသိတယ်၊ မင်းပါးစပ်က ထွက်တဲ့ အတိုင်း လျှောက်ပြောခဲ့တာတွေ မဟုတ်လား"

"မယုံချင်နေဗျာ၊ တနေ့ဒုက္ခတွေ့မယ်၊ မမနဲ့ ပေးစားမယ့်လူကဖြင့် အိမ်ပေါ်ရောက်နေပြီ၊ မမက ဒီလို မျက်နှာ များနေတာ ကောင်းသလား"

"ဟဲ့– ငါမှ သူ့ကို မချစ်တာ၊ ငါ့ဘာသာ စိတ်ကြိုက် ရွေးတာ ဘာဖြစ်လဲ"

"အန်ကယ်ဦးသာကို ပြန်တိုင်မယ်ဗျာ"

"တိုင်တလုံး ငါးမတ်၊ အဟက်ဟက်"

ပိုင်ရယ်လိုက်သည်။ သို့သော် ဖေဖေ့ကို တိုင်မည်ဆို၍ နည်းနည်းတော့လန့်သည်။

"ကျွန်တော့်ကို လှောင်မနေနဲ့၊ အန်ကယ်ဦးသာကို ပြန်မတိုင်ဘူး ထင်နေသလား"

"တိုင်လိုက်လေ စည်သူ၊ ဒါမှ နားဖောက်ပြီးသား ဖြစ်သွားမှာပေါ့"

စည်သူ ဒေါသလွန်း၍ ရှူးရှူးရှားရှားဖြစ်နေသည်။

အိမ်သို့ ဘယ်လို ပြန်ရောက်လာမှန်းပင် မသိ။ ကားကို တရကြမ်း မောင်းပြီး ပြန်လာခဲ့သည်။

အိမ်ရှေ့မှာ ကားရပ်တော့ ပိုင်က စလင်းဘက် အဖြူလေးကို ဟန်ပါပါလွဲပြီး အိမ်ထဲ လှမ်းဝင်သွားသည်။

လက်တဘက်တွင် ကျောင်း စာအုပ် နှင့် ခိုင့်အတွက် အဝတ်စတွေ ကိုင်ထားသည်။

ခိုင် အိမ်ထဲမှ ပြေးထွက်လာ၏။

"ဟော....မမတို့ ပြန်လာပြီ၊ ကိုကိုလေး ခိုင့်ကို ဘုရားလိုက်ပို့မယ်ဆို"

ကျော်စည်သူက အိမ်ခန်းထဲ တန်းဝင်သွားသည်။ ခိုင့်ကို စကားပြန်ပြောဖော်ပင် မရ။

"ခိုင်ရေ၊ ဟောဒီမှာ ညီမအတွက်"

ပိုင်က ခိုင့်ကို သူ ဝယ်လာသည့် အဝတ်စတွေ ကမ်းပေးသည်။ ခိုင်တယောက် ခုန်ပေါက်နေသည်။

အုန်းမြင့် တယောက် ဘယ်ချောင်ရောက်နေမှန်း မသိ။ အုန်းမြင့်ကို မတွေ့၊ အပြင်သွားနေသည် ထင်ပါရဲ့။





"သမီးကြီး ပိုင်"

ဖေဖေ ဦးသာ လှမ်းခေါ်သဖြင့် ဦးသာ အနီးမှာ သွားထိုင်သည်။

"ဘာလဲ ဖေဖေ"

ဦးသာ မျက်နှာမကောင်းလှ။

"သမီး အမူအရာ အပြောအဆိုတွေကို ဖေဖေ မကြိုက်ဘူး၊ မောင်အုန်းမြင့်ခမျာ လိုက်လာပြီး သမီးက အရေးမလုပ်တော့ သိပ်အားနာဖို့ကောင်းတယ်"

ပိုင် နှုတ်ခမ်းစူသွားသည်။

"သမီးမှ သူ့ကိုမကြိုက်ပဲ ဖေဖေ"

"ဖေဖေက သဘောတူပါတယ်လို့ ခေါင်းညိတ်ပြီးတဲ့ကိစ္စကို သမီးက ငြင်းနေပြီလား"

"ဖေဖေ့စကားကို သမီး အမြဲနားထောင်ခဲ့တာပဲ မဟုတ်လား၊ဒီလူကိုတော့ ဆောရီးပဲ ဖေဖေ၊ သူ့အကြောင်း ဖေဖေ ဘာသိသလဲ"

"ဖေဖေ့ သူငယ်ချင်း အရင်းခေါက်ခေါက်ကြီးရဲ့သားပဲ သမီး၊ မသိပဲနေပါ့မလား၊ မောင်အုန်းမြင့်ဟာ တဦးတည်းသောသား၊ ရိုးတယ်၊ အေးတယ်၊ သူ့မိဘတွေမှာ သမီးတသက် စားမကုန်နိုင်လောက်တဲ့ စည်းစိမ်ဥစ္စာတွေ ရှိတယ်၊ ပြီးတော့ အလိမ္မာ အိမ်ပါမယ့် သားမက်"

"သမီးတော့ သူ့ကို မယူနိုင်ဘူး ဖေဖေ"

ပိုင်က ခပ်တင်းတင်း ပြောလိုက်သဖြင့် ဦးသာ အံ့ဩသွားသည်။

"ဖေဖေ မျက်နှာပျက်အောင် လုပ်မယ် ဆိုပါတော့၊ ဟုတ်လား ပိုင်"

ဦးသာက စိတ်ဆိုးမာန်ဆိုးနှင့် မေးသည်။

"ဖေဖေ ကိုအုန်းမြင့်အကြောင်း သမီးလောက် မသိပါဘူး၊ သမီးက မန္တလေးတက္ကသိုလ်မှာ(၄)နှစ်တိတိ သူနဲ့ အတူ နေလာခဲ့တာ ဖေဖေရဲ့၊ သူ့ အကြောင်း အကုန် သိတယ်"

ဦးသာ၏ မျက်နှာ အနည်းငယ် တင်းမာမှု လျော့သွားသည်။

"ဆိုပါဦး၊ ဘာတွေသိလို့လဲ"

"အဟင်းဟင်း။ သမီး ပြောရမှာရှက်လို့ မပြောပါရစေနဲ့ ဖေဖေ၊ အန်တီစိန်ပွင့်ကိုသာ ဖေဖေ မေးကြည့်ပါတော့၊ သူ့အကြောင်း အန်တီစိန်ပွင့်ကို သမီး ပြောပြပြီးပြီ"

ဦးသာမှာ မယုံရအခက်၊ ယုံရအခက်။

ပိုင်က တည်သည်၊ ရိုးဖြောင့်သည်။ အရာရာကို စေ့စပ်သေချာပြီး စည်းကမ်းကြီးသူ ဆိုတော့လည်း သမီးဖြစ်သူ၏ စကားကို အလေးမထား၍ မဖြစ်။

"သမီး စဉ်းစားဦးပေါ့၊ မောင်အုန်းမြင့်ကို ယူယင် သိပ်ချမ်းသာမှာ"





အုန်းမြင့်မိဘတွေ၏ စည်းစိမ်ချမ်းသာတွေကို မျက်လုံးထဲမြင်ယောင်ယင်း သားမက်လောင်း အုန်းမြင့်ကို မကောင်းမြင်ရမှာ ဝန်လေးနေသည်။

"ဖေဖေရယ်....သမီးတို့က ချမ်းသာပြီးသား မဟုတ်လား၊ သမီး ဒီလူကိုမယူယင်လဲ ထမင်းမငတ်ပါဘူး၊ သမီး စဉ်းစားပါရစေဦး"

"စဉ်းစားလေ၊ ဒါပေမယ့် ဖေဖေက သမီးနဲ့ သူ့ကို သဘောတူတယ်လို့ နှုတ်လွန်နေပြီ"

"သမီးမှ မကြိုက်တာ၊ ဖေဖေ့မှာ ဘာအပြစ်ရှိတာမှတ်လို့"

"စကားကျွံယင် နှုတ်ရခက်တယ် သမီး"

ဦးသာက စိတ်မချမ်းမသာ ပြောယင်း သက်ပြင်းချလိုက်သည်။

"ခိုင်ရေ....လာ....လာ၊ အဝတ်စတွေကို မှန်ရှေ့မှာ သွားကပ်ကြည့်ရအောင်"

ဖခင်နှင့် ဆက်ပြီးမဆွေးနွေးလိုတော့သဖြင့် ခိုင်၏လက်ကိုဆွဲပြီး အခန်းထဲသို့ ပြေးဝင်သွားသည်။

* * *

အခန်း ( ၁၃ )

"ပိုင်"

ညှော့ခန်းထဲတွင် တယောက်တည်း တီဗွီ ထိုင်ကြည့်နေသည့် ပိုင့်နားသို့ အုန်းမြင့်ရောက်လာယင်း မရဲတရဲ ခေါ်လိုက်၏။

စည်သူက တဘက်ခြံကူးသွားသည်။

ဦးသာက ခိုင့်ကိုဘုရားလိုက်ပို့ပေးနေသဖြင့် အိမ်မှာ လူရှင်းနေသည်။

"ဪ....ကိုအုန်းမြင့်၊ ထိုင်လေ"

ပိုင်က ဝတ္တုရားကျေ နှုတ်ဆက်သည်။





အုန်းမြင့်က ပိုင့် မျက်နှာလေးကို မက် မက် မော မော ကြည့်ပြီး ပိုင့်အနီးရှိ ဆိုဖာတွင် ဝင်ထိုင်သည်။

"မနက်ဖြန် ကိုအုန်းမြင့် ကျောက်ဆည်ပြန်တော့မှာဆို"

"ဟုတ်တယ်ပိုင်"

"ရန်ကုန်မှာ ပျင်းသွားပြီလား ကိုအုန်းမြင့်"

"ပျင်းလို့မဟုတ်ပါဘူး၊ ကျွန်တော်ရောက်နေတာ သုံးပတ်တိတိရှိပြီလေ၊ ဒါကြောင့်ပြန်မှာပါ၊ ပြီးတော့ ခိုင်လဲ အတော်သက်သာနေပြီပဲ၊ အလုပ်က ခွင့်ယူခဲ့တာလဲပြည့်ပြီ"

အုန်းမြင့်ကိုကြည့်ပြီး ပိုင်အားနာမိသည်။ သူ့ညီမ ခိုင့်အပေါ်မှာတော့ အုန်းမြင့်ကောင်းရှာပါသည်။ ညီမအရင်းအချာလို ဂရုစိုက်လွန်းသည်။

"ကိုအုန်းမြင့်"

"ဗျာ...."

"ကိုအုန်းမြင့်ရောက်နေတုန်း ပိုင့်ဘက်က ဧည့်ဝတ်မကျေတာလေးတွေရှိယင် ခွင့်လွှတ်ပါနော်"

အုန်းမြင့်မျက်နှာ ဝင်းလက်သွားသည်။

"ကိစ္စမရှိပါဘူးပိုင်ရယ်" ဟု ပြောသည်။

အတန်ကြာ ငြိမ်သက်စွာထိုင်နေကြပြီးမှကိုအုန်းမြင့်က....

"ပိုင်...."

"ရှင်....ကိုအုန်းမြင့်"

"ကျွန်တော်တခု မေးချင်တယ်"

"မေးပါ ကိုအုန်းမြင့်"

"ပိုင်နဲ့ကျွန်တော့်ကိစ္စကို လူကြီးတွေ စီစဉ်ထားကြတဲ့အကြောင်း ပိုင်သိတယ်နော်"

"ဟုတ်ကဲ့....သိပါတယ်"

ပိုင်၏မျက်နှာ နီရဲသွားသည်။

"ပိုင့်ရဲ့သဘောကို ကျွန်တော်သိချင်ပါတယ်"

ပိုင် ချက်ချင်းမဖြေ"

ငိုင်တွေနေသည်။

"ကျွန်တော်မေးတာဖြေပါ"

ပိုင် သက်ပြင်းချသည်။

"အိမ်ထောင်ရေးနဲ့ပတ်သက်ပြီး ဘာတခုမှပိုင်မစဉ်းစားချင်သေးဘူး ကိုအုန်းမြင့်"

အုန်းမြင့် စိတ်ဓာတ်အကြီးအကျယ်ကျသွားပြီ။

ပိုင်နှင့် ဝေယံဦးတို့၏ အခြေအနေကို ဖွင့်မေးချင်ပေမယ့် မေးမထွက်။

ပိုင်နှင့် ဝေယံဦးအကြောင်းကို ရိပ်မိပေမယ့် ပိုင့်ကို သူ မျှော်လင့်နေချင်သေး၏။

ပိုင်လောက် ချောတဲ့မိန်းကလေးကို သက်လွတ် ဆုံးရှုံးရမှာ နှမြောလွန်းသည်။

"ကျွန်တော့်အတွက် မျှော်လင့်ချက် ရှိနိုင်ပါသေးလား"

အုန်းမြင့် အသံတွေက တုန်နေသည်။





စိတ်လှုပ်ရှားနေသည်။

အုန်းမြင့်ကိုကြည့်ပြီး ပိုင် သနားသည်။

ပြီးတော့ ရယ်ချင်သည်။ အားနာမိသည်။ ထို့ကြောင့် တုံးတိတိစကားမျိုး မပြောရက်။

အုန်းမြင့်က ညီမဖြစ်သူ ခိုင့် အပေါ်မှာလဲ အနွံအတာခံ ချစ်ရှာသူ မဟုတ်ပါလား။

"ပိုင်....ကျွန်တော်မေးတာဖြေလေ၊ ကျွန်တော့်အတွက် မျှော်လင့်ချက် ရှိသေးသလားလို့"

"ဩော်....ကိုအုန်းမြင့်ရယ်၊ ပိုင်စဉ်းစားပါရစေဦးနော်"

မတတ်နိုင်။

ပိုင်မတတ်နိုင်။

အုန်းမြင့်ကို လှည့်စားရာ ရောက် သွား ပြီ လား တော့ မသိပါ။

*ဖခင်က သဘောတူပြီးသား၊ စကားလွန်ပြီးသားဆိုတော့လည်း အရမ်းမပြောပစ်ရဲ....။*

ဝေယံဦးနှင့် ချစ်နေသည့်ကိစ္စကို ဖြည်းဖြည်းမှ အသိပေးရမည်ဟု တွေးပြီးအလိုက်အထိုက်ပြောဆိုနေ၏။

အုန်းမြင့်မျက်နှာ အနည်းငယ်ကြည်လင်လာ၏။ အင်း၊ ပိုင့်မှာ ရည်းစားအများကြီးရှိတယ်လို့ စည်သူပြောခဲ့ဖူးတာပဲ၊ ဝေယံဦးကိုလဲ အပျော်ရည်းစားထားတာ ဖြစ်မှာပါ၊ နောက်ဆုံးတော့ ငါ့လောက် ချမ်း သာ ပြီး ရိုးသားတဲ့

ကောင်တို့ကိုပဲယူမှာ သေချာပါတယ်လေဟု တဘက်သတ် သေချာပစ်လိုက်သည်။

ပိုင်....ပိုင်၊ ကြည့်လေလှလေပဲ။

"ငါ့လက်ထဲ ပိုင်ဆိုင်ခွင့်ရလာမှ ပြုပြင်ယူပါတော့မယ် လေ၊ အပျိုဘဝမှာ လွတ်လွတ်လပ်လပ်နေပါစေ"

စိတ်ကူးအပြတ်ယဉ်ပစ်လိုက်ပြီး ပိုင်၏ မျက်နှာလေးကို တစိမ့်စိမ့်ငေးနေသည်။

ထိုစဉ်ခိုင်ပြေးဝင်လာသည်။ လက်ထဲမှာလည်း နှင်းဆီ ပန်းတွေ တပွေ့တပိုက်နှင့်။

"မမ"

"ခိုင်ပန်းတွေ အရမ်းမခူးရဘူးနော်၊ ပန်းခူးချင်ယင် မမကို ပြောပြီးမှ ခူး၊ အန်ကယ်ထွန်းပေါ်နဲ့ အန်တီဒေါ် အောင်မေကပန်းပင်တွေကိုစနစ်တကျအလှထားတာကွယ့်"

"ဟင်း....မမကတော့ တွေ့လိုက်ယင် ဒီလိုချည်းပဲ၊ခူးမှာ ပဲ၊ ခူးမှာပဲ"

ခိုင်က နှုတ်ခမ်းစူပြီး ကိုအုန်းမြင့် အေးမှာဝင်ထိုင်သည်။

ခိုင်၏ ဆေးဂါအခြေအနေမှာ အတော်သက်သာနေပေ ပြီ။ ယဉ်ယဉ်ကလေးရှူးနေသည်မို့ ဆေးရုံမတက်ရပဲ ဆေး စားရုံ၊ ဓာတ်နှိပ်ရုံဖြင့် ရောဂါသက်သာလာသည်။

ဦးသာကလည်း သူ့သမီးလေးကို စိတ္တဇဆေးရုံမှာ ပစ် ထားရမှာ မလိုလား။





တပတ်တခါ ဆရာဝန်နှင့် ပြပြီး ဆရာဝန်၏ ညွှန်ကြား ချက်အတိုင်း ဆေးကျွေးသည်။ ပြုစုသည်။

"အစ်ကိုအုန်းမြင့်"

အုန်းမြင့်လက်မောင်းကို ဖက်တွယ်ပြီး ခေါ်သည်။

"ဘာလဲညီမလေး"

"မနက်ဖြန်အစ်ကို ပြန်တော့မယ်ဆို"

"ဟုတ်တယ်ညီမလေး"

ခိုင့်မျက်နှာလေး ညှိုးကျသွားသည်။

"မပြန်ပါနဲ့ဦး အစ်ကိုရာ၊ ညီမလေး ပျင်းကျန်ရစ်မှာ ပေါ့"

"အစ်ကိုက ညော်သည်ပဲခိုင်ရယ်၊ အကြာကြီးနေလို့ ဘယ် ကောင်းပါ့မလဲ၊ ပြီးတော့ အစ်ကို့ခွင့်က စေ့ပြီ"

"ဒါဖြင့် ခိုင်လဲ ပြန်လိုက်မယ်"

"ခိုင်က ဆေးကုနေတဲ့သူ၊ ပြန်လိုက်လို့မရဘူး၊ ခိုင်နေ ကောင်းတဲ့အခါ အစ်ကိုလာခေါ်မယ်လေ"

"ဟင့်အင်း....ဟင့်အင်း"

ခိုင်ငိုနေပြီ။

ပိုင်ပင် အံ့သြသွား၏။

အုန်းမြင့်က ခိုင့်ကို ချော့မော့နေသည်။

"ညီမလေးကလဲကွာ၊ ညီမလေး နေကောင်းယင်

ကျောင်းပြန်နေမယ်ဆို၊ နေကောင်းအောင် ဆေးကုဦးမှပေါ့”

“အစ်ကိုအုန်းမြင့်မရှိယင် ခိုင့်ကို ဘယ်သူက ရုပ်ရှင်လိုက်ပြမှာလဲ”

“ညီမဖေဖေကို ပြခိုင်းပေါ့၊ ပိုင်လဲရှိသားပဲ”

“ဟုတ်သားပဲခိုင်ရယ်၊ မမလိုက်ပြမှာပေါ့”

ပိုင်ကလည်း ခိုင့်ကို ချော့မော့လိုက်သည်။

“မမက ခိုင့်ကို တခါမှ ရုပ်ရှင် လိုက်မပြပါဘူးနော်၊ ဟို သူ့အဖွဲ့တွေနဲ့ပဲ သွားတာပါ၊ ခိုင့်ကို အစ်ကိုအုန်းမြင့် ကလွဲယင် ဘယ်သူမှ အလိုမလိုက်ကြဘူး၊ မချစ်ကြဘူး”

ခိုင်က ငိုယင်း မကျေမနပ်နှင့်ပြောသည်။

ခိုင့်ကို ကြည့်ပြီး ပိုင်စိတ်မကောင်း။

ဩော်.... ကိုအုန်းမြင့်– ကိုအုန်းမြင့်၊ သူ ခိုင့် အ ပေါ် အတော်အနွံအတာခံရှာသားပဲ၊ အင်း....ဖေဖေ သားမက်ရွေးတာမှန်ပါတယ်၊ ဒါပေမယ့် ကိုအုန်းမြင့်ကို ခိုင်နဲ့ ပေးစားလိုက်ယင် ခိုင့်အတွက် ဘာတခုမှ ပူစရာ လိုတော့မှာ မဟုတ်ဘူး၊ အို.... ငါဘာတွေတွေးနေပါလိမ့်။

“မငိုပါနဲ့ ညီမရယ်၊ အစ်ကို ကျောက်ဆည်ကို ခဏပဲပြန်မှာ၊ အစ်ကိုခိုင့်ဆီ အမြန်ဆုံးပြန်လာခဲ့မှာပါ”

အုန်းမြင့်က ခိုင်ကျေနပ်အောင် ညာပြောလိုက်သည်။ ခိုင်ကျေနပ်သွား၏။ မျက်ရည်သုတ်သည်။





“အစ်ကိုပြန်လာယင် ကျောက်ဆည်က ဘာဝယ်လာမှာလဲ ဟင်”

“ကျောက်ဆည်က မျောက် ဝယ်ခဲ့မယ်လေ ခိုင်ရဲ့ ဟား....ဟား”

“သွား....ခိုင်က အကောင်း ပြော နေ တာ၊ ငိုလိုက်ရမလား”

“မငိုပါနဲ့ခိုင်ရယ်၊ အစ်ကို ပြန်လာယင်လေ ခိုင့်အတွက် လက်ဆောင်တွေ အများကြီး ဝယ်လာမှာပေါ့”

အုန်းမြင့်က ခိုင့်ခေါင်းလေးကို လှမ်းပုတ် လိုက် ပြီး ပြောလိုက်သည်။

ပိုင်....အုန်းမြင့်ကိုကြည့်ပြီး နည်းနည်းတော့ အထင်ကြီးသွား၏။

ဩော်....ကိုအုန်းမြင့်ဟာ ကြင်နာတတ်တဲ့အသည်းနှလုံးပိုင်ရှင်တယောက်ပါလား....။

* * *

## အခန်း ( ၁၄)

"ဟော့ကောင်....ပျောက် လှချည်လား"

စည်သူ့ကို မြင်မြင်ချင်း အောင်အောင်က ဆီးပြော
သည်။

စည်သူက ဂစ်တာပိုက်လျက် အောင်အောင်တို့ အိမ်ထဲ
ဝင်လာခဲ့သည်။

"ပျောက်ဆို အိမ်မှာစိတ်ရှုတ်လွန်းလို့ အပြင်ပဲ ထွက်ပြီး
ရှပ်ရှင်ရုံတွေဆီ ရောက်နေတာကိုး"

အောင်အောင်တို့ညှော်ခန်းထဲမှာ အောင်အောင်၊ သော်ဇ
နှင့် မြင့်ဆွေတို့ သုံးယောက်က ဂစ်တာ ခေါက်နေကြ၏





စည်သူက သူတို့နားမှာ ဝင်ထိုင်သည်။

"ဘယ့်နှယ်လဲ....မင်း ညီမတွေ မပြန်ကြ သေးဘူးလား"

"ဟင့်အင်း....မပြန်ကြသေးဘူး"

"ဒါဆို မင်းတော့ အတော်ခေါင်းရှုပ်နေမှာပဲ"

အောင်အောင်က ရယ်ယင်း ပြောလိုက်၏။

"ဟာ....မပြောနဲ့၊သေချင်စော်ကို နံရောပဲ" ဟု စည်သူက
ပြန်ပြောသည်၊

"ဘာဖြစ်လို့လဲကွ"

သော်ဇင်က နားမလည်စွာ မေးသည်။

"စည်သူ့ ညီမက ကြောင်နေတာကွ"

"ပြောတော့မယ်"

မြင့်ဆွေက အောင်အောင် နောက်နေသည် ထင် ပြီး
ပြောလိုက်၏။

"ငါတို့နဲ့တခါက တိရစ္ဆာန်ရုံ သွားကြတုန်း ဆင်ဆွဲတဲ့
ရထားစီးမိပါတယ်ကွာ၊ဒုက္ခကိုရောက်ရော"

အောင်အောင်က ပြန်ပြော ပြသည်။

"ဘာဖြစ်လို့လဲ"

"သူက ဘရိန်းချောင်နေတဲ့သူဆိုတော့ ဆင်ဆွဲ ရထား
ပေါ်က ဆင်းခိုင်းလို့မရတော့ဘူးကွ၊ တခေါက်ပြီးတခေါက်
စီးနေလိုက်တာ ငါတော့မူးတောင် မူးတယ်"

"မင်းနဲ့အတူစီးတာလား"

"ဟား....ဟား၊ ဒီကောင် ငါ့ညီမကို အကောင်းမှတ်ပြီး ပိုးကြေးပန်းကြေးနဲ့ ဆင်ဆွဲတဲ့ရထား စီးခိုင်းတာကွ၊ ရထားပေါ်က မဆင်းရပဲ ကိုးရိုးကားယားဖြစ်မှ အရှက်ကွဲတာလေ အဟား...."

"ဟား....ဟား ကြားရတာ ပျော်စရာကြီး"

အောင်အောင့်ကို ဝိုင်းဟားပစ်ကြ၏။

"အံမယ်....ဒီကောင့်ညီမက အတော်ချောတာကွ၊ အခု စိတ္တဇဆေးရုံမှာသွားပြုပြီး ကုနေတာ အတော်ကောင်းသွားပြီ၊ နှာမည်ကလဲ အပျံစား ယမင်းခိုင်တဲ့"

အောင်အောင့်၏စကားကြောင့် သော်ဇင်နှင့် မြင့်ဆွေ စပ်ဖြီးဖြီး ဖြစ်သွားသည်။

"ဟုတ်လားစည်သူ၊ အရူးရောဂါပျောက်သွားယင် တို့နဲ့ မိတ်ဆက်ပေးလေ"

"ယောက်ဖကလဲကွာ စျေးကိုင်နေတာလား"

"ခွေးမသားတွေ ဒီမှာဖြင့် စိတ်ညစ်ရလွန်းလို့ သေချင်နေပြီ၊ ညီမနဲ့အစ်မ နှစ်ယောက်စလုံး တယောက်မှ အသုံးကျတာ မဟုတ်ဘူး"

စည်သူကဝေယံဦးကို ရိပ်ကနဲမြင်လိုက်ရ၍အသံကိုမြှင့်ပြီး ပြောလိုက်သည်။

စည်သူ၏စကားကြောင့် ဝေယံဦး နားစိုက်နေလိုက်၏။

"ဘာတွေအသုံးမကျလို့လဲ ပြောပါဦးကွ"





အောင်အောင်ကမေးသည်။

"မင်းအစ်မကြီးက သိပ်လှတာပဲကွနော်၊ သိပ်လှတဲ့မမကွ ဟား....ဟား"

မြင့်ဆွေက စည်သူမခံချင်အောင်စသည်။

"လှမနေနဲ့၊ လှလွန်းလို့ ခက် နေ တာ ကွ၊ ငါ့ အစ်မ ကြောင့် ငါစိတ်ညစ်လှပြီ"

"ရှင်းပြစမ်းပါဦး"

"ငါ့မမက လှသလောက်ရှုပ်တာကွ၊ အစ်မ မကောင်းတော့ မောင်မျက်နှာပူတဲ့ကိန်း ဆိုက်နေပြီ"

"ဟုတ်လား....ဘာဖြစ်နေလို့လဲ"

"ဟာကွာ....သိပ်ရည်းစားများတာကွ"

"ဟော....ဟုတ်ရဲ့လား"

"ကိုယ့်အစ်မအကြောင်းပဲ မဟုတ်ပဲ ပြောပါ့မလားကွ၊ မမလောက် ရည်းစားများတဲ့ မိန်းကလေးမျိုး ငါမမြင်ဖူးဘူး"

စည်သူ၏စကားကြောင့် ဝေယံဦး အံ့သြသွားသည်။ ရင်တုန်သွားသည်။ ပိုင့် အကြောင်း စည်သူ ပြောတာတွေက တကယ်များလား။

"ဒါကတော့ မင်း အစ်မက သိပ်ချောလွန်းတာကိုးကွ၊ ကြိုက်တဲ့သူတွေ သိပ်များတာ မဆန်းပါဘူးကွာ၊ ရည်းစား တထောင် လင်ကောင်တယောက်ပေါ့"

သော်ဇင်က အားမနာတမ်း ဝေဖန်ပစ်လိုက်သည်။

"မမလှလွန်းတာကိုပဲ ငနဲတွေက အပေါ်ယံ သိတာကိုးကွ၊ တို့မမအကြောင်း သေသေချာချာမှ မသိကြပဲ၊ မမက သိပ်ညစ်ပတ်တာကွ၊ သူ့တကိုယ်လုံး ပွေးတွေ ထူနေတာပဲ"

သော်ဇင်၊ မြင့်ဆွေနှင့် အောင်အောင်တို့ နှာခေါင်းရှုံ့သွားသည်။

ဝေယံဦး မျက်လုံးပြူးသွားသည်။

"ဟုတ်ရဲ့လားစည်သူ၊ မင်းမမမှာပွေးရှိတာ ငါလဲမတွေ့ပါလား"ဟု အောင်အောင်က မေးသည်။

"ဟာကွာ....ပွေးက ဝမ်းဗိုက်တပြင်လုံးနဲ့ ပေါင်မှာကွ၊ မင်းမြင်ရမလား"ဟု စွတ်ပြောလိုက်၏။

"နေပါဦး....မင်းကရော ဘယ်လိုလုပ်မြင်တာလဲ"

"ငါလား....ငါလဲမြင်တာ မဟုတ်ဘူး"

"မမြင်ပဲပြောရလား"

"ခိုင် ပြောပြတာကွ"

"အရှုံးမပြောတာများ ယုံနေလားကွ"

"မမ မှန်တင်ခုံပေါ်မှာ ပွေးဆေးဗူးတွေကို ပြည့်လို့၊ မယုံယင် ငါ့မှာမှာပေါ့ ကိုယ့်လူတို့ရာ"

ဝေယံဦး စိတ်မေသွားသည်။





ပိုင်ရယ်....ရုပ်ရည်ကလေး သန့်ပြန့်သလောက် ပွေးတွေ စွဲနေတယ်ဆိုပါလား။

"ငါ့အစ်မအကြောင်းမသိပဲ ကြိုက်နေတဲ့ ငနဲတွေတော့ မောကြောပဲကွာ၊ မမက သူ့ အဖေအမေတွေ အလိုလိုက်ခဲ့လွန်းလို့ ပေါ်ကြော့ပဲကွ၊ ပြီးတော့ ခုအရွယ်ကြီးထိ အိပ်ရာ ဖဲ့ သေးပေါက်တုန်းပဲ"

"ဟာ...."

"ဗုဒ္ဓေါ"

"ဟား....ဟား...."

ဝေယံဦး မျက်လုံးပို၍ ပြူးသွားသည်။

"ပြီးတော့ မမက သိပ်အပျင်းကြီးတာဟ၊ သူ့ အခန်းတောင် သူမလျှော်တတ်ဘူး၊ ထမင်းဟင်း ချက်တတ်ဖို့တော့ ဝေးရော၊ အဲ—ရည်းစားစာ ထိုင်ရေးဖို့ ဆိုယှင်တော့လား တကြွယ်မပျင်းဘူးကွာ၊ မိုးချုပ်ကနေ မိုးလင်းသွားပါစေ၊ တထိုင်တည်း အယ်ယောက်အတွက် ရေးတာ"

"ဒီလောက်တောင်ပဲလားဟ"

"ဒီအကြောင်းတွေက သဘော့ လောက်ပဲ ရှိသေးတယ်၊ ထုတ်မပြောချင်တာတွေ အများကြီးကွ"

တော်ပါတော့—ဝေယံဦး သူ့နားသူယောင်၍ ပိတ်လိုက်မိပါပြီ။

"ငါ့အစ်မနဲ့ ပေးစားမယ့်လူကို ကြည့်ပါလား အောင်အောင်၊ အဲဒါငါ့အစ်မအကြောင်း ကောင်းကောင်း သိတဲ့ အန်ကယ်ဦးသာတို့က အနှံ့အတာခံနိုင်မယ့် ငတုံးကို ရွေးထားတာ"

ဟုတ်မှာပေါ့လေ....၊

အုန်းမြင့်ကိုကြည့်ရတာ ပိုင်ရှေ့ ရောက်လျှင် ထိုင်ရှိခိုးတော့ မတတ်။

"မင်းယောက်ဖလောင်းကြီး ပြန်သွားပြီလား"

"ဒီမနက်ပဲ ပြန်လစ်သွားတယ်လေကွာ"

"ဘာလဲ....စိတ်ပျက်ပြီး ပြန်လစ်သွားပြီလား"

"ဘယ်ကလာ စိတ်ပျက်ရမှာလဲ၊ ငါ့မမက ပျားရည်နဲ့ ဝမ်းချလွှတ်လိုက်တာ"

"ဘယ်လို...."

ဝေယံဦး နားစိုက်နေသည်။

"ဩြော်....ကိုအုန်းမြင့်ကိုလက်ထပ်ဖို့ သူ သဘောတူပါတယ်တဲ့လေ၊ ဒါပေမယ့် အပျိုဘဝနဲ့ နေပါရစေဦးတဲ့"

ဝေယံဦး မခံချိမခံသာ ဖြစ်သွားသည်။

"အုန်းမြင့်ဆိုတဲ့ ငတုံးကလဲ ဘာပြော သွား တယ်ထင်သလဲ၊ ပိုင်ရယ်....ကြိုက်သလောက် အပျိုကြီးဘဝမှာနေပါ၊ ပိုင် လက်ထပ်တဲ့အခါသာ ကိုအုန်းမြင့်နဲ့ လက်ထပ်ရမယ်နော်တဲ့"





"သည်တော့ မင်းအစ်မက ဘာပြောသလဲ"

"ပြောပြီး ပြီ မဟုတ် လား၊ အုန်းမြင့်က ဒီလောက်ချမ်းသာတာ၊ သူ့ဖဲယူမှာပေါ့ကွ၊ ငါ့မမအကြောင်း ငါ အသိဆုံးပဲ"

စည်သူက မဟုတ် မဟပ် လုပ်ဇာတ် ခင်းပြီး ပြောနေသည်။ ရင်ထဲမှာတော့ တဟားဟား ရယ်ချင်နေသည်။

ဝေယံဦးခမျာမှာတော့ အသားများပင် တဆတ်ဆတ်တုန်လာသည်အထိ ဒေါပွနေလေပြီ။

ပိုင့်ကို အထင်ကြီးမိတာ မှားလေစွ။

ကြည့်တော့ဖြင့် တည်တည်ရိုးရိုးနဲ့ ခုတော့ အပြစ်အနာအဆာတွေက များလှချည်လား၊ ကိုယ်ကတော့ ချစ်လိုက်ရတာ။

မနေ့ကလည်း ပိုင်ကအတွေ့မခံဘူး၊ အုန်းမြင့်ကို ဘူတာလိုက်ပို့စရာ ရှိတယ်တဲ့လေ။

ငါကတော့ ရိုးရိုး ထင်နေတာ၊ လက်စသတ်တော့ အုန်းမြင့်နဲ့ပိုင်က မရိုးကြပါလား။

ဝေယံဦးအသည်းကို ကွဲခတ်နေပြီ။

သူပြောချင်တာပြောပြီး ကျော်စည်သူက သူငယ်ချင်းတသိုက်ဖြင့်မြူးထူးစွာ ဂစ်ခေါက်နေသည်။

အောင်အောင်ကလည်း ပိုင် နှင့် သူ့ အစ်ကိုအကြောင်း မသိသောကြောင့် သီချင်း အော်ဆိုနေသည်။

ဝေယံတယောက်သာ အတော် ခံစားနေရ၏။

စည်သူက ဝေယံကြားအောင် ပေါက်ကရ ပြော ပစ်လိုက်ရသဖြင့် ကျေနပ်၍မဆုံး။

*  *  *



## အခန်း ( ၁၅ )

ဆည်းဆာ ညနေခင်း။

လမ်းမကြီးပေါ်မှာ လူတွေက ဟိုတစု သည်တစုံ ရပ်နေကြသည်။

ကောင်လေးတစုက တနေရာသို့ တအံ့တဩ စူး စိုက်ကြည့်နေကြသည်။

သူတို့တခါမှ မမြင်ဖူးသည့် ကောင်မချောချောလေးကို မြင်လိုက်ရသောကြောင့် ဖြစ်ပါ၏။

သူတို့တအံ့တဩ ပြူးပြဲကြည့်နေသည့် ဂူတ္တိယကလေးကတော့ ယမင်းခိုင်။

ကိုယ်လုံးလှလှလေးကို ခါယမ်းပြီး ကောင်လေးတွေ ရှေ့မှာလျှောက်သွားသည်။

အချိုးအဆက်ကျလှသည့် ကိုယ်ခန္ဓာ ပြည့်ပြည့်လေးက ဗယ်ညာယမ်းနေ၏။

မျက်နှာလေးကို မော့ထားသည်။ ရင်ကလေး ချီ ပြီး လက်ကလေးတွေကို ဆတ်ကနဲ ဆတ်ကနဲ လွဲသွား၏။

ခိုင့်နောက်မှ ကောင်လေးတွေ တစုကြီး ပါသွားသည်။

"အဲဒီ ကောင်မလေး တခါမှလဲမမြင်ဖူးပါလား၊ တအိမ် အိမ်က ဧည့်သည်ထင်တယ်"

ကောင်လေးတယောက်က သူ့ဘေးမှ အပေါင်းအသင်း များကို ပြောလိုက်သည်။

တယောက်က ခိုင့်ကို ပြုံးပြုံးကြည့်ယင်း....

"စည်သူ့ ညီမလေးလား မသိဘူး၊ ကျောက် ဆည် က ရောက်နေတာတဲ့" ဟု ပြော၏။

"ဟုတ်လား"

တယောက်က မေးသည်။

ခိုင်က တယောက်တည်း ခြံထဲမှ ထွက်လာခဲ့ခြင်း ဖြစ်၏။ ဖေဖေ့ကို ဘုရားလိုက်ပို့ပေးရန်ပူဆာခဲ့သည်။ ဖေဖေက ငြင်း သည်။ လိုက်မပို့ပေး။ ထို့ကြောင့် စိတ်တိုပြီး တယောက် တည်း ထွက်လာခြင်း ဖြစ်သည်။

"ရှိ...."





ခိုင့် အနောက်မှ ပါလာသူများအနက် သော်ဇင်က လက် ခေါက် မှုတ်လိုက်သည်။ ခိုင်က နောက်သို့ လှည့်ကြည့်ပြီး ရှေ့ ဆက်လျှောက်သည်။

"ရှိ...."

သော်ဇင်က ထပ်မံ၍ အသံပေးလိုက်၏။

ခိုင်က လမ်းလျှောက်နေရာမှ ရပ်ပစ်လိုက်သည်။ နောက် လှည့်ကြည့်ပြီး သော်ဇင်တို့အုပ်စုကို ရင်ဆိုင်လိုက်၏။

သော်ဇင်တို့အုပ်စုမှာ ခိုင့် မျက်လုံးကို ကြည့်ပြီး လန့်ဖျပ် သွားကြ၏။

ခိုင့် မျက်လုံးတွေက မီးဝင်းဝင်းတောက်နေသည်။ ခိုင် ဒေါသထလာချေပြီ။ အိမ်ကအထွက်၌လည်း ဖခင်ကိုစိတ်ဆိုး ခဲ့သည် မဟုတ်လား။

"ထွီ...."

ခိုင်က ဟန်ပါပါ ခါးထောက်ပြီး တံတွေးကို ထွီကနဲ တချက် ထွေးလိုက်၏။

ပြီးတော့ ဆက်လျှောက်သွားသည်။

"စည်သူ့ညီမဆိုတာ သေချာပြီကွ၊ ငါ တမင် စမ်းကြည့် တာ"

သော်ဇင်က ဘေးမှ သူငယ်ချင်းတွေကို မသိမသာ ပြော လိုက်သည်။ သူငယ်ချင်းတွေက သော်ဇင်ဆိုလိုသည့် အဓိပ္ပာယ် ကို နားမလည်နိုင်ကြ။

"အဲဒီ ကောင်မလေးက စိတ်မမှန်ဘူးကွ"

"ဟာ....ဟုတ်ရဲ့လားကွာ"

"လုပ်တော့မယ်၊ ဒီလောက်ချောတာများ"

"ချောတဲ့သူ စိတ်မနောက်ရတော့ဘူးလားကွ၊ ယဉ်ယဉ်လေးရှုးနေလို့ စိတ္တဇဆေးရုံမှာ လာပြနေရတာ"

သော်ဇင်၏ စကားကို သိပ်မယုံကြ။

ဒီလောက် ချောတဲ့၊ မှည့်တဲ့ ကောင်မလေးကို အရူးပါဟု မယုံချင်ကြ။

"သူ့နာမည် ဘယ်သူတဲ့လဲ"

"အောင်အောင်တို့ သူ့အကြောင်း ဓောစော ပြောတာကြားတာတော့ ခိုင်တို့ကွ"

သော်ဇင်က ပြောပြလိုက်သည်။

"ကဲ....အဲဒီကောင်မလေး တကယ် ရူးမရူး ငါ စမ်းကြည့်လိုက်မယ်"

ကျော်အောင်ကြီး၏စကားကြောင့် သော်ဇင်က ပိတ်ပင်လိုက်သည်။

"မလုပ်နဲ့ကွ ကိုယ့်လူတို့၊ စည်သူသိသွားယင် မလွယ်ဘူး"

"အံမယ်....ငါ့နှမတွေကိုလဲ စည်သူက စတာပဲ၊ သူ့နှမကျတော့ ဘယ်သိတတ်ပါလား"

ကျော်အောင်ကြီးက ခိုင့်နောက်မှ ခပ်မြန်မြန် လျှောက်ယင်း....





"ဒီမှာ....ဒီမှာ ခိုင်" ဟု အော်ခေါ်သည်။

ခိုင်က လမ်းလျှောက်နေရာမှ ရပ်ပစ်လိုက်ပြီး လှည့်ကြည့်သည်။ ကျော်အောင့်ကို ခါးထောက်ကြည့်ပြီး "ဘာလဲ....ကိုချေးတုံး" ဟု ပြန်အော်သည်။

"ဟား ဟား....ကျော်အောင်တော့ ခံရပြီ"

"အဟတ်ဟတ်...."

အားလုံး ဝိုင်းရယ်ကြ၏။

ကျော်အောင်လည်း ရှက်ရယ် ရယ်လိုက်မိသည်။

"ဘာကိစ္စနဲ့ တကောက်ကောက် လိုက်ခေါ်နေကြတာလဲ ပြောစမ်း၊ ပြောကြစမ်း....သေနာတွေ၊ ထွီ...."

ခိုင် ရန်တွေ့သည်။ တံတွေးဖြင့် ထွေးသည်။

"ကြောက်ပါပြီဗျာ၊ တကယ့်ကို ကြောက်ပါပြီတဲ့ ဒေါ်ဒေါ်သာရယ်"

ကျော်အောင်ကြီးက သူ့နဖူးကို လက်ဝါးဖြင့် ဆလံပေးသလို လုပ်ပြယင်း ပြောသည်။

"မင်းနာမည်က သိပ်လှတာပဲ"

ထွန်းအောင်ကလည်း နောက်သည်။

"နင့်ရုပ်က သိပ်နာတာပဲ"

ခိုင်က ထွန်းအောင်ကို ပြန်ပက်သည်။

"ငါ့ရုပ်က သိပ်နာတယ်တဲ့ဟေ့....တောက်....ဒီလောက် သားနားတဲ့ ကိုယ့်ရုပ်ကိုများ"

ထွန်းအောင်က သူ့အင်္ကျီကော်လာကို ဆွဲစေ့ပြီး ချိုင်းမခံချင်အောင်လုပ်နေသည်။

"ဟဲ့.... ဒီမှာ၊ နင့်ရုပ်က မသားနားဘူး၊ ဟိုဒင်းနဲ့ တူတယ်"

"ဘယ်ဒင်းနဲ့လဲ"

"ကုလားမသား သနပ်ခါး လိမ်းထားသလိုပဲ၊ ထွီ"

"ဟား ဟား....ဟား"

ထွန်းအောင်အသားက မည်းချိတ်နေသည်။ မျက်နှာမည်းမည်းပေါ်မှာ သနပ်ခါးလိမ်းထားသဖြင့် ခိုင်၏ မညှာမတာပြောတာကို ခံလိုက်ရသည်။

ထိုစဉ်လမ်းဘေး လက်ဖက်ရည်ဆိုင်ထဲမှ အောင်အောင် ထွက်လာသည်။

"ဟေ့ကောင်တွေ....ကောင်မလေး တယောက်တည်းကို ဝိုင်းပြီး ဗရုတ်ဗရက်ပြောနေတာ မကောင်းပါဘူးကွာ၊ ပြီးတော့ အဲဒါ စည်သူ့နှမကွ"

အောင်အောင် ပြောလိုက်သဖြင့် သူတို့တစုလုံး ငြိမ်သွားလေသည်။

"အစ်ကိုအောင်"

ခိုင်က အောင်အောင့်ကို မှတ်မိသည်။

အောင်အောင်သည် စည်သူ့ထံ မကြာခဏ လာတတ်သည့်အတွက် ပိုပြီး မျက်မှန်းတန်းနေသည်။ ပြီးတော့





တိရစ္ဆာန်ရုံထဲမှာ ဆင်ဆွဲရထားစီးခဲ့ကြတာ အတူတူပဲမဟုတ်လား။

"ခိုင်တယောက်တည်း ဘယ်သွားမလို့လဲ"

အောင်အောင်က မေးသည်။

"ဘုရား သွားမလို့"

"ဘယ်ဘုရားလဲ.... ရွှေတိဂုံလား၊ ဆူးလေလား၊ ဗိုလ်တထောင်လား"

"အားလုံးသွားမယ်"

"ဘယ်ဖြစ်မလဲ ခိုင်ရဲ့"

"အို....ဖြစ်ပါတယ်"

"ခိုင်ထွက်လာတာ အန်ကယ်တို့ မသိဘူးထင်တယ်၊လာ–လာ–အိမ်ပြန်ပို့ပေးမယ်"

"ဟင့်အင်း....ဟင့်အင်း.... ခိုင် မပြန်ချင်ဘူး"

"မိုးချုပ်နေပြီ ခိုင်ရဲ့၊ အစ်ကိုအောင့် စကားကို နားထောင်စမ်းပါ၊ လာ....ခိုင့်ကို ပြန်ပို့ပေးမယ်"

"မပြန်ဘူး"

ခိုင်က အသံပြတ်ဖြင့် အော်သည်။

ခက်တာပဲ၊ ဒီကောင်မလေးတယောက်တည်း ထွက်လာတာ မသိကြဘူးထင်ပါရဲ့။

"ဒါဖြင့် ခဏနေဦး၊ ငါလိုက်ပို့ပေးမယ်"

အောင်အောင်က ခိုင့်နောက်မှ ပြေးလိုက် သွားသည်။ ခိုင်က သူနှင့် ဘေးချင်းယှဉ်လျှောက်လိုက်လာသည့် အောင်အောင့်ကို စောင်းငဲ့ကြည့်ပြီး။

"အစ်ကိုအောင် တကယ်လိုက်ပို့မှာလား" ဟုမေးသည်။

"ခိုင့်အိမ်က ဆူယင်ကော"

"ဆူဆူပေါ့၊ ခိုင်တောင်သွားရဲသေးတာ၊ အစ်ကိုအောင်က ခိုင့်အတွက် စိုးရိမ်မနေနဲ့"

အတော်လာတဲ့ ခိုင်ပါပဲ။

သူရဲကောင်းမကြီးသဖွယ် ပြောနေသည်။

"အဟင်း....သိပါတယ်နော်၊ ခိုင့်ကို ဆိုယင် ဘယ်သူကမှ အရေးမစိုက်ချင်ကြဘူး မဟုတ်လား၊ ခိုင့်ကို ချစ်တဲ့ခင်တဲ့လူ တယောက်မှ မရှိကြဘူး၊ တော်ပါပြီ၊ ခိုင့်ဘာသာပဲ သွားတော့မယ်"

ခိုင်က ခြေဆောင့်ပြီး ထွက်သွားပြန်သည်မို့ အောင်အောင် ပြေးလိုက်သွား၏။

"ဒုက္ခပဲ၊ ဒီကောင်မလေးတော့ မသွားတတ် မလာတတ်နဲ့ ခြေဦးတည့်ရာ လျှောက်သွားယင် ဒုက္ခတွေတော့မှာပဲ"

ပါးစပ်မှ တတွတ်တွတ် ရေရွတ်ယင်း ခိုင့် နောက် မှ တကောက်ကောက်လျှောက်လိုက်လာသည်။

ခိုင်က ဘယ်သူ့ကိုမှ ဂရုမစိုက်၊ ပြုံး ပြုံး က လေး လျှောက်နေသည်။





ခိုင်ပြုံးနေသလောက် သူ့အိမ်မှ လူတွေအားလုံး မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် ခိုင်ရှာပုံတော် ဖွင့်နေရပြီ။

တအိမ်လုံးနှံ့အောင်ရှာပေမယ့် ခိုင့်ကို မတွေ့။

တခြံလုံး နှံ့အောင်ရှာပေမယ့် ခိုင်မရှိ။

"အန်ကယ် ဘုရား လိုက်မပို့ဘူးဆိုလို့ စိတ်ကောက်ပြီး ထွက်သွားတာဖြစ်နိုင်တယ်၊ ကျွန်တော်လိုက်ရှာဦးမယ်"

စည်သူက ကားပေါ်အမြန်တက်၍ မောင်းထွက်ခဲ့သည်။ စည်သူတို့ ခြံရှိသောလမ်းကို လွန်လာခဲ့ပြီး လမ်းမပေါ် ရောက်တော့ ခပ်လှမ်းလှမ်းတွင် ခိုင့်ကို တွေ့ရသည်။

အနီးမှာ အောင်အောင်ပါလား။

စည်သူက ကားကလေးကို ခိုင်တို့နားမောင်းလာခဲ့သည်။ စိတ်တိုနေသည်။

အစ်မက ဝေယံဦးနှင့်တွဲ၊ ညီမက ဝေယံဦးညီ အောင်အောင်နှင့် တွဲနှင့်၊ အတော်ရှုပ်တဲ့ ဇာတ်ပဲ။

စိတ်ထဲမှာ ဤသို့တွေးပြီး ဒေါသပိုဖြစ်၏။

ခိုင်တို့နားရောက်တော့ ကားကိုရပ်ပြီး ဆင်းသည်။

"ဟော့....ခိုင်"

ခိုင်က လှည့်ကြည့်သည်။ စည်သူ့ကို မြင်တော့ ဘာမှမမှုသည့် မျက်နှာဖြင့်....

"ဘာလဲ ကိုကိုလေး" ဟု ပြောသည်။

"ဒါက ဘယ်သွားမလို့လဲ၊ အိမ်က လူတွေကတော့ ရှာလိုက်ရတာ သေတော့မယ်၊ နင်ကတော့ သိပ်ပျော်နေတယ် ပေါ့လေ"

ဒေါ်သဖြစ်ဖြစ်နှင့် ဟောက်လိုက်သည်။

"ဘုရားသွားမလို့ပဲ၊ ဘာဖြစ် သေးလဲ"

"ကဲ....ကားပေါ်တက်၊ ပြန်မယ်"

"ပြန်ဘူး"

"ဘာ...."

စည်သူ ဒေါ်သပိုကြီးလာသည်။

ခိုင့် နားရင်းကို အုပ်ထည့်လိုက်သဖြင့် ခိုင် ရပ်နေရာမှ ထိုင်လျက်ပင် ကျသွား၏။

"မသာကောင်....ငါ့ကို ရိုက်တယ် .... အီး........ဟီး...."

ခိုင်က လမ်းမလယ်တွင် ခြေဆင်း ထိုင်လျက် အရှက်မရှိ ငိုပါတော့သည်။

"အရှက်မရှိတဲ့ ကောင်မလေး၊ ကဲဟယ်...."

"ပြန်း........ပြန်း...."

ခိုင့် ကျောကုန်းကို လက်ဝါးဖြင့် နှစ်ချက် တီးထည့်လိုက်ပြန်သည်မို့ အောင်အောင်က စည်သူ့ကိုဝင်ဆွဲသည်။

"မလုပ်ပါနဲ့ကွာ၊သူက စိတ်မှ မမှန်ပဲ"





"မင်း ဘာသိလဲ အောင်အောင်၊ မင်းတို့ကတော့ အကြည်ဆိုက်ပြီး ဘုရားသွားကြမလို့ မဟုတ်လား၊ အိမ်က လူတွေကတော့ စိတ်ပူပြီး သေကြတော့မှာ"

အောင်အောင့်ကိုပါ အပြစ် တင်လိုက်၏။

"ဟာကွာ....မင်းမှားနေပြီ စည်သူ၊မင်းညီမ တယောက်တည်း ထွက်လာတာမြင်လို့ စိတ်ပူပြီး ငါက အကောင်းလိုက်ထိန်းပေးနေတာကွ၊ သူ့ကို အိမ်ပြန်ဖို့ ငါတောင်းပန်နေတာ၊ မင်းတို့ စိတ်ပူနေမယ်ဆိုတာသိလို့ ငါသူ့နောက် လိုက်ကြည့် ပေးနေတာ ပါကွ"

စည်သူ နောင်တရ သွားသည်။အောင်အောင် အပေါ် အမြင်မှားမိလေခြင်း။

"ကဲ.... ကား ပေါ် တက်စမ်း"

စည်သူ့ လက်သံပြောင်ပြောင်ကို ခိုင် လန့် သွားပြီး ကားပေါ်သို့ ဆောင့်အောင့်တက်ယင်း–

"အိမ်ရောက်ယင် ဖေဖေနဲ့တိုင်မှာပဲ" ဟု ပွစိပွစိ ပြောနေ၏။

"တိုင်....တိုင်....နင့်အဖေမကလို့ နင့်ဘိုးအေပဲ တိုင်တိုင်၊ နင့်ကို ဝိုင်းတီးကြဖို့ တအိမ်လုံး စောင့်နေကြတယ်"

စည်သူ့စကားကြောင့် ခိုင်ငြိမ်ကုတ် သွားသည်။ခိုင်က နှုတ်ခမ်းစူပြီး ဘာမျှ ထပ်မပြောတော့ပါ။

* * *

## အခန်း(၁၆)

ပိုင် တယောက်တည်း စိတ်ညစ်နေသည်။

ဝေယံဦးကို မမြင်ရတာ သုံးရက်ရှိပြီ။

ဝေယံဦး သူ့အိမ်မှာမရှိ။

ဘယ်သွားနေပါလိမ့်....

ပိုင့်ကို သူဘယ်သွားမည်ဟု အသိမပေးပဲ သွားလေသည် မဟုတ်လား။

ကိုအုန်းမြင့် မန္တလေးပြန်သွားပြီးနောက် တနေ့ညနေက စ၍ ဝေယံဦးကိုမမြင်ရ။





ပိုင် မျှော်နေပေမယ့် သူက ပေါ်မလာ။

ကျောင်းကိုလည်းမလာ၊ အိမ်သို့လည်း မရောက်လာခဲ့။ အောင်အောင့်ကိုလည်း မမေးချင်။

ယနေ့ညနေလည်း ပိုင်တယောက်တည်း ခြံထဲမှာ လမ်းလျှောက်ယင်း ဝေယံဦးတို့ အိမ်ဘက်သို့ မျှော်ငေးကြည့်နေမိသည်။

ခြံစပ်ရှိ ခရေပန်းပွင့်လေးတွေ ကောက်မိ ပြန်တော့ ဝေယံဦးကို ပို၍ပင် သတိရမိတော့၏။

"တီ....တီ....တီ"

ပိုင် ဝမ်းသာသွားသည်။

တဘက်ခြံမှ ကားသံကြားရပြီ။

တဘက်ခြံသို့ ပိုင်လှမ်းကြည့်လိုက်သည်။

ဝေယံဦး၏ ကားကလေးကို မြင်လိုက်ရ၍ ပိုင် ရင်တွေခုန်သွားသည်။

ဝေယံဦး ကားပေါ်မှဆင်းလာသည်။

အိမ်ထဲသို့ဝင်ရန် လျှောက်သွား၏။

ပိုင် မနေနိုင်တော့....

"ကိုဝေယံ....ကိုဝေယံ"

ပိုင် လှမ်းခေါ်လိုက်သည်။

ဝေယံဦး လှည့်ကြည့်၏။

ပိုင် အံ့သြသွားသည်။

ဟင်....သူ မျက်နှာလဲမကောင်းပါလား၊ သူ ဘာဖြစ်နေတာပါလိမ့်။

ဝေယံဦး၏ မျက်နှာထား တင်းတင်းကြောင့် ပိုင် စိတ်ထဲမှာ တမျိုးကြီးခံစားရသည်။

ဝေယံဦး ပိုင့်အနားသို့ လျှောက်လာသည်။

"ကိုဝေယံ...."

"ကိစ္စရှိလို့လားပိုင်"

ပိုင် စိတ်တိုသွားသည်။

"ဩော်.... ကိစ္စရှိမှ စကားပြောရတော့မှာလား ကိုဝေယံရဲ့"

"ပိုင်ပြောစရာရှိယင် အကုန်ပြောနိုင်ပါတယ်ဗျာ"

ဝေယံဦး၏ အမူအရာက တခုခုကို အလိုမကျသလို ဖြစ်နေသည်။

"ဘယ်ပျောက်နေတာလဲ၊ ပိုင် နေ့တိုင်း မျှော်နေတာ"

ဝေယံဦးက စိတ်မပါသလိုဖြင့် ပြုံးသည်။

"ကျွန်တော့်ကို မျှော်နေတယ် ဆိုလို့ ဝမ်းသာပါတယ်ဗျာ"

ပြန်၍ ခနဲ့လိုက်၏။

"ကိုဝေယံ ဘာဖြစ်နေတာလဲဟင်၊ ပြောပုံ ဆိုပုံကလဲ တမျိုးပဲ"





"ဩော်....ဟုတ်လား၊ ကျွန်တော်က ဒီလိုပဲပိုင်ရဲ့၊ ရင်ထဲမှာ ခံစားရတာတခုကို ဘယ်တော့မှသိုဝှက်မထားတတ်ဘူး၊ ရှေ့တမျိုး နောက်တမျိုးလဲ မလုပ်တတ်ဘူး သိလား"

ဝေယံဦး၏စကားကြောင့် ပိုင်စိတ်ပို၍ တိုလာ၏။

"ကိုဝေယံနော်၊ စကားပြောယင်ကြည့်ပြောပါ၊ ဘယ်သူက ရှေ့တမျိုး နောက်တမျိုး လုပ်တတ်လို့လဲ"

"ဒါကတော့ ပြောပြနေစရာ လိုမယ် မထင်တော့ပါဘူး ပိုင်"

"ကဲ....ပြောစမ်းပါ၊ နေယင်းထိုင်ယင်း ဘာဖြစ်တာလဲ"

ပိုင် စိတ်တိုတိုဖြင့် မေး၏။

"ပြောနေစရာ လိုသေးသလား"

ဝေယံဦးက မထီတရီပြောသည်။

"လိုတာပေါ့....မပြောပဲသိရအောင် ပိုင်ကပုရောဟိတ်မမှမဟုတ်တာ၊ ရှင် ဘာတွေ မကျေမနပ်ဖြစ်နေမှန်း ကျွန်မဘယ်လို နားလည်ရမှာလဲ"

ဝေယံဦးက ပိုင့် မျက်နှာကို နာကျည်းသလို ကြည့်လိုက်ပြီး....

"ကဲ.... ဘယ်လိုမှ နားလည်ဖို့ မကြိုးစားနဲ့တော့၊ အကောင်းဆုံးကတော့ ကျွန်တော့်ကို မေ့ပစ်လိုက်ပါ"

ဝေယံဦး၏စကားကြောင့် ပိုင် တုန် လှုပ် အံ့ဩသွားသည်။

ပြီးတော့ ရှက်၍ နှာကျည်းသွား၏။

"ဪ....ကိုဝေယံဦးက ဒီလိုလား၊ ကောင်းပါပြီ၊ ရှင့်ကို ကျွန်မက စပြီး ကြိုက်ခဲ့တာတော့ မဟုတ်ပါဘူးနော်၊ ရှင်က ကျွန်မ သနားအောင် အမျိုးမျိုး အသနားခံလို့ ပြန်ချစ်ခဲ့ တာပါ ကိုဝေယံဦး၊ ခုတော့ ရှင်က ကျွန်မကို သက်သက် အပြစ်ရှာ မုန်းချင်ပြီပေါ့လေ၊ ဟုတ်လား"

ပိုင့် အမေးကို သူက မဖြေ။ ရှုတည်တည်နှင့်ရပ်နေသည်။

"ကျွန်မ မေးတာ ဖြေစမ်းပါ၊ ဒီမယ် ရှင်က ဒီစကားမျိုး ပြောလာမှ ပိုင်တို့က မျက်ရည်ခံထိုး တောင်းပန်မယ့် အစား မျိုးလဲ မဟုတ်ဘူး မှတ်ပါ၊ တောင်းပန်စရာ အကြောင်းလဲ မရှိဘူးလို့ ယူဆတယ်၊ ဒါကြောင့် ရှင့်ကို ဒီနေ့ဒီအချိန်ကစပြီး မုန်းလိုက်၊ မေ့လိုက်ပြီလို့ မှတ်လိုက်ပါတော့ ကိုဝေယံဦး"

ပိုင် လှည့်ထွက်ခဲ့၏။

အသားတွေ တဆတ်ဆတ်တုန်ပြီး မျက်ရည်မကျအောင် အံကြိတ်ထားသည်။

အကြောင်းမဲ့ အမုန်းခံရသဖြင့် ရှက်နာ နာသွားသည်။

အိမ်ပေါ် ပြေးတက်ခဲ့ပြီး သူမ အခန်းထဲသို့ ပြေးဝင်သွား သည်။

အိပ်ခန်းထဲရောက်မှ ခေါင်းအုံးနှင့် မျက် နှာ အပ် က တရှုံ့ရှုံ့ ငိုနေသည်။





"ရှက်လို့ ကျတဲ့ မျက်ရည်ပါ ကိုဝေယံဦး၊ ရှင့်လို လူကို မလွမ်းဘူး မှတ်ပါ" ဟု တယောက်တည်း ပြောနေမိသည်။

စည်သူတယောက် ပျော်လို့မဆုံး။

ခြံထဲမှာ ပိုင်နှင့်ဝေယံဦး ဘုကျနေသည်ကို သစ်ပင်ကွယ်၍ ချောင်းနားထောင်နေသည်။

ဝေယံဦး အိမ်ပေါ်မှာ တနေ့က သူ သွားပြောခဲ့သည့် စကားများအရ ပိုင့် အပေါ်မှာ ဝေယံဦး စိတ် ပျက် နေ ကြောင်း စည်သူ နားလည် သဘောပေါက်သည်။

ထို့ကြောင့် ကျိတ်၍ ဝမ်းသာမဆုံး။

ဝေယံနှင့်ပိုင် မုန်းသွားမှ ပိုင့်ကို သူ ချဉ်းကပ်ခွင့်ရမည် မဟုတ်လား။

ငါနဲ့ပိုင်နဲ့ ဘာမှ မတော်ဘူး၊ မမကို ငါ ချစ်ခွင့်ရှိတယ်၊ ချစ်နိုင်တယ်၊ ရအောင် ကြိုးစားမယ် ဟု စည်သူ့ ရင်ထဲမှာ အမြဲ ကြုံးဝါးနေမိတာ ကြာပေပြီ။

ခု....သူဆင်တဲ့ အကွက်ထဲ ဝင်ခဲ့ကြပြီ။

ဝေယံက ပိုင့်ကို စိတ်ပျက်သည်။

ပိုင်က ဝေယံကို မုန်းသွားပြီ။

ပိုင် အိမ်ပေါ် တက်သွားပြီး အတော်ကလေး ကြာမှ စည်သူ အိမ်ပေါ်သို့ တက်လာခဲ့၏။

ပိုင့် အခန်းဘက်သို့ မသိမသာ ကြည့်သည်။

ပိုင့် အခန်းတံခါး ပိတ်ထားသည်။

ပျင်းပျင်းနှင့် ဧည့်ခန်းထဲ တီဗွီကြည့်ရန် လာခဲ့ပြီး ဆိုဖာ တလုံးပေါ်တွင် ထိုင်သည်။

တီဗွီကြည့်မယ်ကြံကာရှိသေး၊ ဧည့်ခန်းထောင့်မှာ ခိုင့်ကို မြင်လိုက်ရ၍ စိတ်ရှုပ်သွား၏။

ခိုင်က သူ့ကိုမြင်သည်နှင့် ရန်စွယ်တငေါငေါ။

ဟိုတနေ့က သူ့ကိုလိုက်ရှာယင်းက စည်သူ နား ရင်း အုပ်ထားသည့်အတွက် ယခုထိ မကျေနပ်။

ခိုင်တယောက် တဘက်သို့ လှည့်သွားပြီး ဧည့်ခန်း နံရံကို မြေဖြူခဲဖြင့် ခြစ်နေသည်။

ခိုင်က မြေဖြူခဲဖြင့် ရေးပြီးသား စာလုံးတွေကို အော်ဖတ်နေသည်။ ပါးစပ်မှလည်း တဟားဟား ရယ်နေသည်။

"ဟား....ဟား....ဟား"

ကျော်စည်သူ တီဗွီကြည့်ရန် စိတ်မပါတော့။

အရူးမ ခိုင် ရှိရာ လှမ်းကြည့်သည်။ နားစွင့်သည်။

"ကျော်စည်သူ၊ ကျော်စည်သူ....

ဝဲက ခပ်ထူထူ

ဘောင်းဘီရှည် ကွတတ

မျောက်လွှဲကျော်နဲ့ တူသဗျ...."

"ဟား–ဟား–ဟား"

ခိုင့် အသံ ကျယ်ကျယ်ကြီးကို ကြားလိုက်ရသည်။

သွားပြီ။





နံရံ လှလှလေးတော့ အရုပ်ဆိုးသွားပြီ။

ကျွန်းသားကွက်များ တဖိတ်ဖိတ် တောက်နေသည့် [နံ]ရံပေါ်တွင် မြေဖြူဖြင့် စာလုံးတွေက ဟိုစုစု သည်စုစု။

ခိုင်က တဟားဟားရယ်ပြီး သဘောကျမဆုံး။

"ဟော့....ခိုင်"

ကျော်စည်သူက လှမ်းအော် လိုက်သည်။

"ဘာလဲ"

"နင် အတော်ဆိုးပါလားဟင်၊ အစ်ကိုမှန်းမသိ၊ လူကြီး [မှ]န်း မသိ"

"ဘာ အစ်ကိုလဲ....ခိုင့်ကို ဟို တနေ့က ရိုက်ထားတာ [မေ့]သွားပြီလား ကိုကိုလေး"

"မမေ့ဘူး ဟေ့"

"ခိုင်နဲ့ကိုကိုလေး ဘယ်သူ ပိုဆိုး လို့လဲ၊ ကိုကိုလေး [ကျ]တော့ လမ်းသရဲတွေနဲ့ သွားချင်ရာသွား၊ နေချင်သလို [နေ]ပြီး ခိုင့်ကိုကျတော့ ဗိုလ်ကျချင်သလား၊ ဆိုးမတယ်ဆို[တ]ာ ဆိုးမတဲ့လူမှာ ပင်ကိုယ် အရည် အချင်း ရှိရမယ်၊ [သိ]ရဲ့လား၊ ထွီ...."

"ဟေ့....ခိုင် ....နင် သိပ် မမိုက်ရိုင်းနဲ့........ငါ ထ ထိုး လိုက်ရ"

"ထိုးကြည့်ပါလား.... နင့်ကို ပြန်ချဖို့ တွေလား....ဒီမှာ [...]ား" စည်သူ ရယ်ချင်သွားသည်။

ခိုင့်လက်ထဲမှာ ခဲတံချွန်သည့် တကျပ်တန် ဘရိတ်ဓာ
လေး ဆုပ်ကိုင်ထားသောကြောင့်။ စည်သူ တီမွဲကြည့်ချ
စိတ် ကုန်သွားပြီ။

ခိုင့်နားမှ လစ်ထွက်ခဲ့၏။

သူ့ အခန်းထဲ ဝင်လာခဲ့ပြီး ဂစ်တာယူမည်။ ပြီးတော့
ခြံထဲ ဆင်းမည်။

သို့သော် အခန်းထဲရောက်တော့ စည်သူ ရင်ကွဲရပြီ။

"အမယ်လေး ကုန်ပါပြီဗျာ.... ကုန်ပါပြီ"

အခန်းထောင့် ခုတင်နားတွင် စည်သူ့ ဂစ်တာလေးမှာ
အစိတ်စိတ် အမြွှာမြွှာ ကြေနေသည်။

"ကြည့်စမ်း၊ဒါ ဟိုအရူးမ လက်ချက်ပဲ ....တောက်"

ဝုန်းကနဲ ဧည့်ခန်းထဲ ပြေးထွက်ခဲ့သည်။

ဦးသာနှင့် ပက်ပင်းတိုး၏။

"အန်ကယ် ဦးသာ၊ ခိုင်ရော"

စည်သူ့ပုံစံက ရှူးရှူး ရှားရှား ဖြစ်လာသည်မို့ ဦးသာ
အံ့သြသွားသည်။

"ဘာဖြစ်လို့လဲ စည်သူ"

"ကျွန်တော့် ဂစ်တာတခုလုံး သူ ရိုက်ချိုးထားတယ်၊
ကျွန်တော် သူ့ကို သတ်ပစ်မလို့"

ဦးသာက စည်သူ့ပခုံးကို လှမ်းဖက် လိုက် ပြီး ချော့
မော့သည်။





"မင်းနှမက စိတ်မှသိပ်မမှန်သေးပဲ စည်သူ....မင်းဂစ်တာ
ဖိုး အန်ကယ် လျော်ပေးပါ့မယ်၊ စည်သူတို့ မိသားစုကို
အားကိုးပြီး အန်ကယ်တို့လာနေတာပါကွာ၊ကဲ....ကဲ....ရော့
ဒီမှာ ဂစ်တာဖိုး"

ဂျာကင်အိတ်ထဲမှ ငွေအထပ်လိုက်ကို နှိုက်ပြီး ပေးလိုက်
သည်။ စုစုပေါင်း ငွေတထောင်။

စည်သူ ကျေနပ်သွားသည်။

ငွေ့တွေကို ပိုက်ပြီး အခန်းထဲ ပြန်ဝင်ခဲ့၏။

စုတ်ပဲ့ကျိုးကြေနေသော ဂစ်တာလေးကို ပြန်ကောက်
ယူပြီး ငုံ့ကြည့်မိ၏။

စိတ်ထဲမှ နှမြော၍ မဆုံး။

"ဒီ ဂစ်တာလေးကို ငါ ခေါက်လာတာ လေးငါးနှစ်
ရှိပြီ၊နှမြောလိုက်တာ၊ ခိုင်....ခိုင်....နင်လဲ ဘယ်တော့များမှ
အရူးရောဂါပျောက်ပါ့မလဲနော်၊နင်တို့မြန်မြန်ကျောက်ဆည်
ပြန်ဖို့ ဆုတောင်း ပါတယ်...."

တယောက်တည်း မ သက် မ သာ ပြောနေ မိပါတော့
သည်။

* * *

## အခန်း ( ၁၇ )

အကြောင်းမဲ့ လမ်းခွဲရတော့မလို ဖြစ်နေသည့် ချစ်သူစုံတွဲကတော့ ဝေယံဦးနှင့် ပိုင်။

ပိုင်က မိန်းကလေး မာန ဖြင့် ဝေယံဦးတို့ ခြံဘက်သို့ လှည့်၍မျှပင် မကြည့်တော့။

အကြောင်းမဲ့သက်သက် ပိုင့်ကို သူ ရန်စခဲ့သည် မဟုတ်လား။

ဝေယံဦးလောက်တော့ ပိုင်တို့က ဘာအရေးလဲ၊ မချစ်ချင် သွားပေါ့၊ အသစ်ရှာချင်ယင်လည်း ရှာနိုင် ပါတယ်လေ၊အရေး မစိုက်ပေါင်....





ပိုင်လို ချောတဲ့သူ၊ပိုင်လိုဣန္ဒြေရှိတဲ့သူ၊ပိုင်လိုချမ်းသာတဲ့သူမျိုး ရနိုင်ယင်ရှာပေါ့....

ပိုင်တို့က ခပ်တင်းတင်းပဲ ....

ကျောင်းသွားမပျက် အစား မပျက်....

အအိပ်လည်း မပျက်ပေါင်၊ ကိုယ့်ကိုယ်ကိုလှအောင်ပိုပြီးသနေလိုက်သေးသည်။

ပိုင်က တင်းမာသလောက် မနေနိုင်တဲ့သူက ဝေယံဦး။

စည်သူ့စကားများကြောင့် အသည်းကို ကျွဲခတ်သလိုခံစားရပြီး ပိုင့်ကို စိတ်နာနာဖြင့် ပဲခူးရှိ သူငယ်ချင်းထံ ထွက်သွားသည်။ပဲခူးမှာ နှံ့အောင် လည်ပြီးမှ ပြန်လာခဲ့၏။

ပြန် ရောက် ရောက် ချင်း ပိုင့်ကို ဘုတောလိုက်မိသည် မဟုတ်လား။

သည်နောက်ပိုင်းပိုင့်ကို မမြင်ရတော့။

ပိုင်က သူ့ကို ရှောင်နေသည်။

ပိုင်တို့အိမ်ဘက် အလည်သွားခဲ့ပေမယ့် ပိုင်က ထွက်၍မတွေ့၊ အရေးပင် မစိုက်။

ခြံထဲဆင်းလာနိုးနှင့် အခါခါ မျှော်ပေမယ့် ပိုင်ကထဲ ခြံသို့ လုံးဝဆင်းမလာ။

ခရေပန်းလည်း လာမကောက်တော့ဘူး။

ဆွေးပြီ။

ဝေယံဦး ဆွေးပြီ။

တကယ်တော့ သဝန်တိုသည့် ချစ်ဒေါသကြောင့် ပိုင့်ကို ဘုပြောခဲ့မိသော်လည်း ချစ်စိတ်က မပျက်ပြယ်နိုင်။ ပို၍ပင် ဇီဂရိတက်လာသည်။

ပိုင်၏ကျောင်းသို့ လိုက်သွားခဲ့တာလည်း အကြိမ်ကြိမ်၊ ပိုင်ကလှည့်၍မျှ မကြည့်။

ယနေ့လည်း ပိုင့်၏ကျောင်းသို့ ဝေယံဦး လိုက်ခဲ့သည်။ ပိုင်နှင့်တွေ့ဖို့ ဆုံးဖြတ်သည်။ တွေ့နိုင်ရန် ကြိုးစားရမည်။

ပိုင်အတန်းလွှတ်ချိန်တွင် ပိုင့်အတန်းဝမှ ဆီး၍စောင့်သည်။

ပိုင်အတန်းထဲမှ မော့မော့လေး ထွက်လာသည်။ ကြည်ပြာရောင် ကိုမိုနိုဝမ်းဆက်နှင့် လှလိုက်သည့် ဖြစ်ခြင်း။

"ပိုင်"

ဝေယံဦးကို မြင်တော့ ပိုင်မျက်နှာ လွှဲပြီး ထွက်သွားသည်။ ဝေယံဦးက ပိုင်နှင့် ဘေးချင်းယှဉ်လျက် လျှောက်ယင်း....

"ကိုယ်တောင်းပန်ပါတယ်ပိုင်၊ စကားပြောခွင့်ပေးပါ'

ဟု ပြောသည်။

"အို....မလိုပါဘူး၊ ကိုဝေယံဦး ဇာတ်လမ်းက ပြီးခဲ့ပြီပဲရှင့်"

ပိုင်က အသံမာမာဖြင့် ပြောလိုက်၏။ ဝေယံဦးအလျှော့မပေး။ ပိုင့်အနားမှ ကပ်လိုက်သည်။





"ကိုယ့်ကို စကားပြောခွင့် မပေးတော့ဘူးလား"

"မလိုတော့ပါဘူး ကိုဝေယံဦး၊ ရှင်ပြန်ပါ"

"မပြန်နိုင်ဘူးပိုင်၊ ကိုယ့်ကို စကားပြောခွင့်ပေးပါ"

"ဒီမှာ၊ ရှင်ဗမာစကား နားမလည်ဘူးလား"

"အပိုတွေပြောမနေနဲ့ပိုင်၊ ပိုင်နဲ့ စကားမပြောရမချင်း ကိုယ်မပြန်ဘူးသိလား၊ ကိုယ့်ကို ပိုင်ကြိုက်သလိုလုပ်"

ဝေယံဦးအသံက မာနေသည်။ ပိုင်က ဘေးပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်ပြီး အနည်းငယ် ရှက်ရွံ့သွားပုံ ရသည်။

"ကဲ....ပြော....ပြော၊ ပြောပြီးပြန်"

"အေးအေး ဆေးဆေး ပြောမှ ဖြစ်မယ်ပိုင်၊ ကိုယ်နဲ့ အင်းလျားကန်ဘက်လိုက်ခဲ့ပါ"

"မလိုက်နိုင်ဘူး ကိုဝေယံဦး၊ ရှင်ခေါ်တိုင်း လိုက်မယ့် အစား မှတ်နေသလား"

"ဒါဖြင့် ဂျပ်ဆင်ရှေ့ ခဏလိုက်ခဲ့ပါ"

ပိုင် စိတ်ညစ်ညစ်ဖြင့် ဝေယံဦး နောက်မှ လိုက်လာခဲ့သည်။

ဂျပ်ဆင်လှေကားရင်းတွင် ပိုင် ထိုင်ချလိုက်၏။ ဝေယံဦးက ပိုင့်ဘေးမှာ ဝင်ထိုင်သည်။

"ပိုင်ရယ် ကိုယ်တောင်းပန်ပါတယ်"

"မလိုပါဘူး၊ ရှင့်ကို ကျွန်မမုန်းတယ်၊ ပြီးတော့ မေ့လိုက်ပြီ"

"ဟား.... လွယ်လှချည်လား ပိုင်ရဲ့၊ ပိုင့်ရဲ့ ရင်ထဲမှာ အသည်းနှလုံးရော ရှိရဲ့လား၊ ပြီးတော့ စိတ်ထဲက တကယ်ပါလို့ ပြောနေတာလား"

"ပိုင်တို့ကလျှာအရိုးမရှိတိုင်းဟိုတမျိုးဒီတမျိုးပြောတတ်ညာတတ်တဲ့ အစားထဲမှာ မပါဘူးသိလား၊ ရင်ထဲကမပါပဲ လူမြင်တိုင်း ညာနေတတ်တဲ့ခရာနေတတ်တဲ့အစားမဟုတ်ဘူး။ ရှင်သာလူညာ၊ ပိုင့်ကို တကယ်မချစ်ပဲ လှည့်စားခဲ့တာ၊ ရှင်နဲ့ ကျွန်မ ရှေ့ဆက်ပြီးဘယ်လိုမှ မပတ်သက်ချင်တော့ဘူး၊ ဖြစ်ပြီးခဲ့တာတွေကို အိပ်မက်လို့ပဲ သဘောထားလိုက်ပါတော့။ ရှင့်အတွက် အမြတ်လို့ပဲသဘောထားလိုက်ပါတော့၊ ကဲ.... ကျွန်မသွားမယ်"

ပိုင်က စကားဆုံးသည်နှင့် ထရပ်လိုက်သည်။ မျက်ရည်တွေက ရစ်ဝဲလာသည်။ စိတ်တင်းထားပေမယ့် မိန်းကလေးတို့၏ ပျော့ညံ့ချက်က မျက်ရည် မဟုတ်လား။

ဝေယံဦးက ပိုင်၏လက်ကို အတင်းဆွဲပြီး ပြန်ထိုင်ခိုင်းနေသည်။

"နေပါဦး ပိုင်ရယ်၊ ပိုင်က ဖြတ်ချင်ပေမယ့် ကိုယ်က မဖြတ်နိုင်ဘူး"





"အဟောင် ဟောင်.... ဘယ်သူက ဖြတ်ခိုင်းခဲ့လို့လဲ၊ ရှင်ပဲ ဖြတ်ဖို့စကားမျိုး ပြောခဲ့တာ၊ မေ့သွားပြီလား၊ ရှင်ဟာ ယောကျ်ားဖြစ်ပြီး ခုတမျိုး၊ တော်ကြာတမျိုး စကားမျိုး မပြောပါနဲ့"

ကက်ကက်လန်ရန် ၊တွနေသည့် ပိုင်၏ လက်ဖဝါးလေးကို ဝေယံဦးက ဖျစ်ညှစ်ပစ်လိုက်သည်။

"အာ့–ရှင်–ရှင် လူကို အနိုင်မကျင့်နဲ့"

"ကျုပ်ကို ယီးတီးယားတား လုပ်ယင်တော့ ကားတင်ပြေးမှာပဲ၊ လူလဲ သတ်ဖို့ ဝန်မလေးဘူး"

ဝေယံဦး ခပ်မိုက်မိုက် ပြောလိုက်၏။ ပိုင်က မဲ့လိုက်ပြီး–

"နေပါဦး၊ ရှင် ရူးနေသလား၊ ပိုင့်မှာ ဘာအပြစ်မှ မရှိပဲ မုန်းတော့လဲ ရှင်၊ ခုတခါ အခြောက်တိုက် ကြိမ်း ဝါး နေပြန်ပြီ"

"ခင်ဗျားကိုချစ်လွန်းလို့ ကျုပ် ရူးသွားတာ ဖြစ်မှာပေါ့၊ ခင်ဗျားက သိပ်မျက်နှာများတာကိုး"

"ရှင်နော်၊ မတရား မပြောနဲ့"

"ဒီမှာ ပိုင်၊ ပိုင် ဘယ်လောက်ပဲ မျက်နှာများများ ကိုယ်ကတော့ ချစ်နေမှာပဲ၊ ဒါပေမယ့် ကိုယ့်ကိုတော့ မလှည့်စားနဲ့"

"အလိုတော်၊ ရှင့်စကားတွေကလဲ လူကို တယ်စော်ကားပါလား၊ ရှင့်ကို ဘယ်တုန်းက လှည့်စားခဲ့လို့လဲ"

"တနေ့ ပိုင် လက်ထပ်တဲ့အခါ ကိုယ့်ကို လက်ထပ်မှာ ပဲလား"

"ဒီမှာ ကိုဝေယံဦး၊ ပိုင်တို့က မျက်နှာများတဲ့ အစားထဲက မဟုတ်ဘူးဆိုတာ မှတ်ထားစမ်းပါ၊ ရှင့်စကားတွေက ပိုင့်အပေါ် သိပ်အယုံအကြည်နည်းရာ ကျပါတယ်၊ ဒီတော့ ရှင်နဲ့ကျွန်မ လမ်းခွဲကြတာပဲ ကောင်းပါတယ်"

"ဒီမှာ ပိုင်"

ဝေယံဦး မျက်နှာက ရှုတည်တည်၊ အသံက အနည်းငယ် ကျယ်လောင်သည်။

"ဘာလဲ၊ ပြော"

"မင်း တနေ့ လက်ထပ်မယ့်သူဟာ အုန်းမြင့်ပဲ မဟုတ်လား"

"ဒီမှာ ကိုဝေယံဦး၊ သူနဲ့ကျွန်မအကြောင်း ရှင် သိသားပဲ၊ ဘာမှ သဝန်ကြောင်နေစရာ မလိုဘူး"

"မင်းပြောတော့ ဒီလူ့ကို မချစ်ဘူးဆို"

"အင်းလေ၊ အဲဒါ ဘာဖြစ်သလဲ"

"မချစ်ပေမယ့် သူ့ကိုပဲ လက်ထပ်ပါမယ်လို့ နှစ်ကိုယ်ကြား ကတိပေးလိုက်တယ် မဟုတ်လား"





"ကြုံကြုံ ဖန်ဖန် .... တော်ပြီ၊ ရှင့်စကားတွေ တခုမှ အဓိပ္ပာယ်မရှိဘူး၊ ကျွန်မပြန်မယ်"

ပိုင်က လက်ကို ဆောင့်ရုန်းပြီး ဝေယံဦးနားမှ ပြေးထွက်သွားသည်။

ဝေယံဦးစိတ်တိုတိုဖြင့် ဆက်မလိုက်တော့။

သည်လောကထဲမှာနေတာ စည်သူ ပြောတဲ့အတိုင်း ရည်းစားတွေပေါလို့ ဖြစ်မှာပဲ။

ပြီးတော့....ဟိုကောင်အုန်းမြင့်နဲ့ လက်ထပ်ဖို့ ဆုံးဖြတ်ပြီးသား မို့ သည်လောက် မာနထက်နေတာဖြစ်မှာပါလေ။

ပိုင်ရယ်....မင်းက စိမ်းကားနိုင်ပေမယ့် ကိုယ်ကတော့ မင်းကို မခွဲနိုင်မခွာနိုင်အောင် စွဲနေမိပြီ။

* * *

## အခန်း ( ၁၇)

နေ့ည....

အိပ်မပျော်သူကပိုင်။

အိပ်ရာထဲမှာ လူးလွန့်ပြီး တွေးချင်ရာတွေးနေမိ၏။

အန်ကယ်ထွန်းဘော်နှင့် အန်တီ ဒေါ်အောင်မေတို့က မန္တလေးအလည်သွားသည်။

ဖေဖေ ဦးသာနှင့် ခိုင်က ပဲခူးသို့ အလည်သွားသည်။

အိမ်တွင်ပိုင်၊ စည်သူနှင့် ဘွားဘွား ဒေါ်မြစီတို့ သုံးယောက်သာ ကျန်ခဲ့သည်။





အစေခံတွေက သူတို့တန်းလျားမှာ အိပ်ရ၏။

ပိုင်တယောက်တည်း ပျင်းရိငြီးငွေ့နေမိ၏။

စည်သူကလည်း ပြန်မလာသေး။

ဂစ်တာပိုက်လျက် ထွက်သွားသည်မှာ ယခုည (၁၀) နာရီခွဲပေပြီ။ ပြန်မလာသေး။

ယခုတလော စည်သူညဥ့်နက် သန်းခေါင် အချိန်အထိ လည်နေတတ်သည်။

ညအတော်နက်မှ ပြန်လာတတ်၏။

စာလည်း ကျက်တာမမြင်။

ဆယ်တန်းအောင်ဖို့တော့ တွေးပင်မတွေးရဲ။

အိုက်စပ်စပ်ဖြစ်လာသဖြင့် ပိုင်အိပ်နေရာမှ ထရပ်ပြီး အိပ်ခန်းတံခါးကို ဖွင့်၍ ဝရန်တာဘက်ထွက်ခဲ့၏။

ဝရန်တာမှ ရပ်ကြည့်လျှင် တဘက်ခြံနှင့်အိမ်ကို ကောင်းစွာ မြင်ရသည်။

ဝေယံဦး အိပ်ခန်းဘက် လှမ်းကြည့်မိ၏။

"ဟင်...."

ပိုင် အံ့ဩသွားသည်။

ဝေယံဦးက အိပ်ခန်း ပြတင်းမှာ ရပ် နေပြီး မိမိထံ လှမ်းကြည့်နေသည်။

ပိုင်က ဝရန်တာကို ကျောခိုင်းပြီး ရပ်နေလိုက်သည်။ ဝေယံဦးဘက်သို့ မကြည့်တော့။

ဝေယံဦး အသည်းအသန် ခံစားနေရတာ ပိုင်နားလည် နေသည်။

ပိုင့် နောက် တကောက်ကောက် လိုက်သည်။

အကြိမ်ကြိမ် တောင်းပန်သည်။

ပိုင်က မလျော့။

ယခုတော့ ပိုင့် ရင်ထဲမှာ သနားမိသလိုလို....

ကိုဝေယံဦး ဟိုတလောက ငါ့ကို ဘုတောတာတွေဟာ အကြောင်း တခုခုကြောင့် များလား....

သူ့ကို တယောက်ယောက်ကများ စိတ်ပျက်အောင် ပြောခဲ့တာများလား....

ဟုတ်ပြီ။

စည်သူကိုမယုံရ၊ ဝေယံဦးမကောင်းကြောင်းသူအခါခါ ပြောခဲ့သည်။

ယခုလည်း မိမိမကောင်းကြောင်း ဝေယံဦးကို များ သွားပြောခဲ့လျှင်....

ပိုင် စဉ်းစားရပြီ။ ဝေယံဦးအပေါ်လည်း စိတ်ကျေ အေးစ ပြုပြီ။





ပိုင် ဝရန်တာမှ ခွာခဲ့သည်။ ပြီးတော့ အိပ်ခန်းထဲ ပြန်ဝင်လာသည်။

အိပ်ခန်း တံခါးမှန်ပေါက်မှ ဝေယံဦးကို အတော်ကြာ အောင် မြင်နေရ၏။

ပိုင်၏ အခန်းက မီးပိတ်ထားသဖြင့် ပိုင့်ကို ဝေယံဦး မမြင်ရ။

ပိုင်က ဝေယံဦးကို လှမ်းမြင်နေရ၏။

ဝေယံဦးက ပြတင်းမှာ ရပ်နေဆဲ။

ပိုင့် အခန်းကို လှမ်းကြည့်နေဆဲ။

ဩော်....သူ....ငါ့ကို တကယ်ချစ်တာ ပါလား။

ပိုင် သက်ပြင်းရှိုက်လိုက် မိသည်။

ထိုစဉ် လူခေါ် ခေါင်းလောင်း ဘဲလ် သံကို ဧည့်ခန်း တံခါးဝမှ ကြားရ၏။ ပိုင် အခန်းထဲမှ ပြေးထွက်လာခဲ့ပြီး ကျော်စည်သူကို တံခါးဖွင့်ပေးလိုက်၏။

"မမ....မအိပ်သေးဘူးလား"

"မိုးချုပ်လှချည်လား စည်သူ....အိမ်မှာ လူတွေနည်း နေမှန်းသိလျက်နဲ့"

ပိုင်က အပြစ် ပြောလိုက်သည်။

"ကျွန်တော် အိမ်မှာမနေချင်ဘူး မမ"

"နင်အိမ်မှာ နေချင်တဲ့အခါ ရှိဖူးလို့လား"

"ခု ပိုပြီး မနေချင်သေး"

"ဘာလဲ....ခိုင်တို့ကြောင့်လို့ ပြောဦးမလို့လား"

"ဒါက အသေးအဖွဲ့ပါဗျ....မမ မသိချင်ပါနဲ့ အလကား ပြဿနာတွေ တက်ကုန်မယ်၊အဟား...."

စည်သူ့မျက်နှာကိုမျက်နှာထားတင်းတင်းဖြင့်ကြည့်ယင်း ပိုင် လှည့်ထွက်လာခဲ့သည်။

စည်သူက ပိုင့်ကို မနောက်ဖြင့် ပြစ်မှား ကျူးလွန်၍ မဆုံး။

ပိုင် သူ့အိပ်ခန်းတံခါးကို အထဲမှ ချက်ချ လိုက်၏။ စည်သူ့ မျက်လုံးတွေကို ပိုင် မကြိုက်။

ပိုင်ကို သူကြည့်တာ ယခင်ကနှင့်မတူ။

တကိုယ်လုံးကို စူးစိုက် ကြည့်တတ်သည်။

ပိုင် အိပ်ရာပေါ် ပစ်လှဲ လိုက် ၏။

အိပ်ပျော်အောင် ကြိုးစားလိုက်သည်။အတော်ညဥ့်နက်မှ မှေးကနဲ အိပ်ပျော် သွားလေသည်။

မနက်စောစောပိုင်နိုးလာသည်။

ရောင်နီလာစ ဝေလီဝေလင်း အချိန်။

ပိုင် အိပ်ရာမှထခဲ့၏။ခြံထဲဆင်းလာခဲ့ပြီး ခရေပင်အောက် သို့ လျှောက်သွားသည်၊





ခရေပန်းရနံ့က ပိုင်၏ရင်ကို အေးမြ စေလေသည်။ တယောက်တည်း ခရေပွင့်လေးတွေကို ကောက်သည်။

"ပိုင်"

"ဟင်"

ဝေယံဦးကို ဘွားကနဲ မြင်လိုက်ရသဖြင့် ပိုင်ထိတ်လန့် သွားသည်။

"ပိုင် အချစ်ရယ်"

ပိုင့်ကိုယ်ကလေးကို ဝေယံဦးက သိမ်းကျုံး ဖက်ပွေ့ လိုက်သည်။

"အို.......လွှတ်....လွှတ်"

ပိုင်က ဝေယံဦးကို တွန်းပစ် လိုက်၏။ ဝေယံဦးက လွှတ်မပေး။

"အချစ်ရယ်၊ ကိုယ့်ကို ရက်စက်လှချည်လား"

"ဘယ်သူက အယင်ရက်စက်တာလဲ"

"ကိုယ်တောင်းပန်ခဲ့တာ အကြိမ်ကြိမ်ပါ၊ ကျေနပ်ဖို့ ကောင်းပါပြီ အချစ်ရယ်"

ပိုင့် ကို သူ တိုး ၍ ဖက်သည်။ နှုတ်မှ တ တွတ် တွတ် တောင်းပန်သည်။ ပြီးတော့ နမ်းရန်ကြိုးစားသည်။

"အို....လွှတ်ပါ၊ ပိုင် စိတ်ဆိုးတယ် သိလား"

ပိုင်က ရှန်းယင်းပြောသည်။

ကိုယ့်ကို ကျေအေးပါပြီ၊ ခွင့်လွှတ်ပါပြီလို့ ပြော”

“မပြောဘူး”

“မပြောယင် မလွှတ်ဘူး”

ဝေယံဦးက ပိုင့် မျက်နှာ အနှံ့အပြားကို တအားနမ်းပစ်လိုက်သောကြောင့် ပိုင် ဆွေ့ဆွေ့ခုန် သွားသည်။

ဝေယံဦး၏ ရင်ဘတ်ကို တဘုံးဘုံး ထုရိုက်ပစ်လိုက်၏။

“ကိုယ့်ကို အသေသာ သတ်လိုက်ပါတော့ ပိုင်ရယ်”

“အပိုတွေ ပြောမနေနဲ့၊ ရှင် သေရဲလို့လား”

“သေရဲပါတယ် ပိုင်ရယ်”

“သွား၊ရှင့်ကို ရှံတယ်”

“ကိုယ်မျက်နှာ သစ်လာပါတယ်၊ သွားလဲ တိုက်လာပါတယ် ပိုင်ရဲ့”

“တော်ပါတော့၊ ရှင့်ရောဂါဆိုးကြီးထလာယင် ကျွန်မဒုက္ခဖြစ်မှာ....၊ ဖယ်....ဖယ်....ကျွန်မ အိမ်ပေါ် တက်တော့မယ်”

“ဘာ ရောဂါဆိုးလဲ ပိုင်ရဲ့”

“ဟင်— ရှင့် ရောဂါကို ရှင်မသိဘူးလား”

“ဘာရောဂါလဲ”

“ရှင် ခဏခဏ ဝက်ရူး ပြန်တယ်ဆို”





“ဟာကွာ....လာပြန်ပြီ၊ ပေါက်ကရရှစ်ဆယ်တွေ ပြောတော့မယ်၊ ဘယ်သူပြောသလဲ”

“စည်သူ”

ဝေယံဦး ဒေါကန်သွားသည်။

“စည်သူ့ စကားတွေ မယုံပါနဲ့ ပိုင်ရယ်၊ သူ့ကြောင့် ကိုယ်နဲ့ပိုင် ကွဲကြတော့မလို့၊ကံကောင်းလို့ သိလား၊ကိုယ်သာ သူပြောတဲ့အတိုင်း မဆင်မခြင်ဆက်ပြီး ယုံမိခဲ့ယင် အချစ်နဲ့ ကိုယ် ပြန်ပြီး ခုလိုချစ်နိုင်ကြတော့မှာ မဟုတ်ဘူး”

ပိုင် ထင်တာတွေမှန်နေပြီ။ စည်သူ အတော် ချောက်ချတတ်တဲ့ ခွေးကောင်လေး။

“ဘာတွေ ပြောလို့လဲ ကိုဝေယံ”

“မောင်လို့ ခေါ်ပါ အချစ်ရယ်”

“သွား၊ပိုပြီ”

“ခေါ်စမ်းပါကွာ၊ကြားပါရစေနော်”

ပိုင့်၏ ပခုံးလေးကို တအား ဖျစ်ညှစ်လိုက်သဖြင့် ပိုင် အနည်းငယ်မဲ့သွားသည်။

“ခေါ်စမ်းပါ အချစ်ကလဲကွာ”

“ဩော်....အရေးထဲမှာ ရှင်ကလဲ၊စည်သူ ဘာတွေပြောခဲ့သလဲ ဆိုတာ ပြောစမ်းပါ”

"မောင်လို ခေါ်တာလေး ကြားရပြီးယင် ပြောပါ့မယ် အချစ်ရယ်....ခေါ်စမ်းပါ"

"ဩော်....ဒုက္ခပါလားနော်၊ ကဲ....ခေါ်ပါ့မယ်၊မောင် မောင်....မောင်"

"အဟား.... သုံးခွန်းကြီးများတောင်"

ဝေယံဦးက ပိုင့်ကို ရွှတ်ကနဲ နမ်းပစ်လိုက်သည်။ပြီးမှ ပြော၏။

"ပိုင့်ကို ပြန်ပြောပြယင် ပိုင် အရမ်းစိတ်ဆိုးသွားမှာပဲ"

"ပြောမယ့်ဟာ ပြောစမ်းပါ"

"ပိုင့်မှာ ရည်းစားတွေတပုံကြီးပဲတဲ့"

"ဩော်....သူက ဒီလိုပဲ ပြောသလား"

"ပြီးတော့ ပိုင့်တကိုယ်လုံး ပွေးတွေ ထူနေတာဆို"

"အမယ်လေး....ပိုင့်မှာ ပွေး ရှိ မရှိ ရှင်မမြင်ဘူးလား ကိုဝေယံရဲ့"

"မမြင်အပ်တဲ့ နေရာမှာ ရှိ တာ တဲ့ သူ တောင် ခိုင်က ပြောလို့ သိတာဆိုပဲ"

"မြတ်စွာဘုရား၊ဟင်....မမြင်အပ်တဲ့နေရာဆိုတာ ဘာလဲ ရှင် မယုတ်ပတ်နဲ့နော်"

"စည်သူပြောတာပါ၊ပိုင့် ဗိုက်တပြင်လုံးနဲ့ပေါင်တွေမှာ ပွေးထူနေတာတဲ့"





"ဟင်....သိမယ်....သိမယ်၊ခွေးလေး"

"သိပ် ဒေါသမကြီးပါနဲ့ ပိုင်ရယ် ကိုယ် ဆက်မပြောတော့ ပါဘူး"

"အို....စည်သူပြောတာတွေ ပိုင့်ကို အကုန်သာပြန်ပြော၊ ပိုင် အရမ်းကို စိတ်ဆိုးတယ်သိလား"

ဝေယံဦးက စည်သူ့ကို ချဥ်ချဥ် ရှိသည်နှင့် စည်သူ ပြောသမျှ အကုန်ပြန်ပြောလိုက်၏။

"ပြီးတော့... ပြောရမှာတော့ အားနာ ပါတယ်ပိုင်ရယ်"

"အို....ရှင်ကလဲ ဘာ အားနာစရာ လိုသလဲ၊ ပြောစမ်းပါ"

"ပိုင်က ခုအရွယ်ထိ အိပ်ရာထဲမှာ သေးပေါက်တုန်းဆို"

"သေလိုက်ပါတော့"

ပိုင်က သူ့ရင်ဘတ်ကို သူ့လက်နှင့် ဖြန်းကနဲ ရိုက်လိုက်ပြီး ငိုချင်သွားသည်။

"သေချင်းဆိုးလေး၊ အခု သွားလုပ်ပစ်မယ်"

ပိုင် အိမ်ဘက်ပြန်သွားပြီး စည်သူ့ကိုတီးပစ်ရန် လှည့်ထွက်လိုက်၏။

"နေပါဦး ပိုင်ရယ်၊ မောင်နဲ့ စကား ပြောပါဦး"

"တော်ပါတော့ ဦးဝေယံရယ်၊ရှင်က ဒီ သေချင်းဆိုးလေး ပြောသမျှ ယုံပြီး ပိုင့်ကို အဆက်ဖြတ်ဖို့ စိတ်ကူးမိခဲ့သေးတယ်ပေါ့လေ၊ ဟုတ်လား"

ပိုင် ဒေါသဖြစ်လာပြီ။

မျက်ရည်တွေပင် ရစ်ဝဲနေ၏။

ဝေယံက ပိုင့် ပခုံးလေးကို ညင်သာစွာ ဖက်ပွေ့လိုက်၏။ ပိုင်က ဝေယံ၏လက်ကို ပုတ်ချလိုက်သည်။

"အို....ကျွန်မကိုမထိနဲ့၊ ရှင့် ဘိုးအေ စည်သူ ပြောတာ အမှန်ပဲ၊ ကျွန်မ အိပ်ရာထဲ သေးပေါက်ပြီး ထွက်လာတာ သိပြီလား၊ ရှင် နှံနေဦးမယ်"

"ဒီလိုတော့ မရှဲ့ပါနဲ့ ပိုင်ရယ်၊ မောင် စိတ်ဆိုးပြီး ပိုင့်ကို ဘုကျခဲ့တာ ဒီအကြောင်းတွေ မဟုတ်ပါဘူး၊ ဒီပြင် အကြောင်းတခုကြောင့်ပါ"

"ဩော်....ရှင် ကြားထားတာတွေက ကုန်ပဲ မကုန်နိုင်သေးဘူးကိုး၊ ဒီမှာ ကိုဝေယံ၊ ကျွန်မ အကြောင်း တွေ ဒီလောက် မကောင်းကြောင်း ကြားထားရတာ ကျွန်မကို ရှင် အဆက်ဖြတ်ဖို့ ကောင်းနေပြီသိရဲ့လား"

ပိုင် ရန်တွေ့သည်။ ဝေယံက ပိုင့် လက်ဖျားလေးတွေကို အတင်းဆုပ်နယ်ယင်း....

"မောင်သဝန်တိုခဲ့၊ ခံစားခဲ့ရတာက အခြားပါ ပိုင်ရယ်၊ ခု ပြန်ပြောခဲ့တဲ့ အကြောင်းတွေက စည်သူ့ရဲ့အကျင့်ကို ပိုင် သိရအောင် ပြန်ပြောရတာပါ" ဟု တောင်းပန်နေသည်။





"ကဲ....ပြောစမ်း....ပြောစမ်း၊ ဘာလဲ တခြားအကြောင်း ဆိုတာ"

"ပိုင်က ကိုအုန်းမြင့်ကို ကတိပေးလိုက်တယ် ဆိုလို့ပါ၊ ပိုင်က ကိုအုန်းမြင့်ကို လက်ခံလိုက်ပြီ ဆိုလို့ပါ၊ အချစ်ရယ်၊ မောင် သိပ်ခံစားခဲ့ရလို့ပါ"

ဝေယံဦး အသံက ညင်သာလွန်းသည်၊

ပိုင် သနားအောင် ခယယ ပြောနေသည်။

"ဒီမှာ ကိုဝေယံ၊ ရှင် ပညာတတ်တယောက်ပါ၊ သူများ ပြောတိုင်း ယုံနေတော့မလား၊ ဟုတ်တယ် မဟုတ်ဘူး ဆိုတာ ချင့်ချိန်သင့်တာပေါ့"

"ရုတ်တရက် သဝန်ကြောင်မိတာပဲ အချစ်ရာ၊ ခု ပြန် စဉ်းစားချင့်ချိန်လို့ ခုလို လိုက်တောင်းပန်နေတာပေါ့"

"နေပါဦး၊ စည်သူလိုကောင်ကပြောတာများ ဒီလောက် အထိ အဖက်လုပ်နားထောင်နေရသလား"

ပိုင် အပြစ်တင်လိုက်သည်။ ရန်တွေ့သည်။

"ကိုယ့်ကို လာပြောတာမှ မဟုတ်တာ၊ ကိုယ့်အိမ် လာ လည်ယင်း အောင်အောင်တို့ တသိုက်ကို ပြောနေတာ၊ ကိုယ် က အိပ်ခန်းထဲကနေ ကြားရတာ၊ ဒီတော့ ယုံတာပေါ့"

"ရှင် ကြားအောင် တမင်ပြောတာ ဖြစ်မှာပေါ့"

"ခု ကိုယ် သဘောပေါက်ပါပြီ"

"ခွေးကောင်လေးတော့လား နားရင်း အုပ်ပစ်ရမယ်၊ တောက်....."

"ပြီးခဲ့တာတွေ ပြီးခဲ့ပြီပဲ ပိုင်ရယ်၊ ရန်သူ့ားဖြစ်မနေပါနဲ့တော့"

"အဟင်း၊ ဘယ်ရမလဲ၊ ပိုင့်ကို ဒီလို အပုပ်ချလို့ ဘယ်ရမလဲ"

ပိုင် ဒေါသဖြစ်နေပုံလေးကြည့်ပြီး ဝေယံဦးက ရယ်လိုက်သည်။ ပိုင့် ခါးကလေးကို ခပ်တင်းတင်း ပွေ့ယူလိုက်ပြီး....

"ကဲပါ....ဒါတွေ မေ့ထားလိုက်ကြရအောင်၊ မောင်နဲ့ပိုင် လက်ထပ်ဖို့ကိစ္စ ဆွေးနွေးကြရအောင်နော်"

"အမယ်တော်၊ ဘယ်သူက ကိုဝေယံကို လက်ထပ်မယ် ပြောသေးလို့လဲ"

"ဘာလဲ ကိုအုန်းမြင့်ကို လက်ထပ်မလို့လား"

"လာပြန်ပြီလား၊ သံသယ မရှင်းယင် မချစ်နဲ့တော့၊ စောစောဖြတ်လိုက်"

"ကျုပ်က ခင်ဗျားလို အသည်းမှ မမာပဲ၊ ဘယ် ဖြတ်နိုင်မလဲ"

"ကျွန်မကလဲ ရှင့်ကို မယုံသေးဘူး၊ စုံစမ်းဦးမယ်၊ လေ့လာဦးမယ်"





"တကယ် မောင့်ကို မယုံသေးဘူးလား"

"မယုံသေးဘူး"

"ကဲကွာ၊ မယုံတဲ့ အချစ်ကလေးကို ယုံသွားအောင် ပြုလိုက်မယ်"

"အို၊ ကြောက်ပါပြီ၊ ယုံပါတယ်.... ယုံပါတယ် ကိုဝေယံ"

"မောင်လို့ ခေါ်ပါဆို၊ ကဲ–ကဲ"

"ရှင် သိပ်မကဲနဲ့နော်၊ စိတ်ပြန်ကောက်ပစ်လိုက်ရမလား၊ ပြော"

ပိုင်က ဝေယံဦး နှာခေါင်းကို လက်ဖြင့် ဆွဲညှစ်ပစ်လိုက်ယင်း ရန်တွေ့လိုက်၏။

* * *

## အခန်း ( ၁၈ )

"စည်သူ"

"ဘာလဲ၊ မမ"

"မင်းနဲ့ ဆွေးနွေးစရာရှိတယ်၊ ခဏ ထိုင်ပါဦး"

ပိုင်က စည်သူ့ကို ညှော်ခန်းထဲ ဖိတ်ခေါ်လိုက်သည်။

စည်သူက ရှုတည်တည်ဖြင့် ပိုင့်ရှေ့မှာ ဝင်ထိုင်သည်၊

"ဘာ ဆွေးနွေးမလို့လဲ"

"မင်းနဲ့ သေသေချာချာ ဆွေးနွေးရမယ်"

ပိုင့် မျက်နှာတင်းတင်းကြောင့် စည်သူ စိတ်ပျက်သွားသည်။





"ကဲ–ပြောဗျာ၊ ကြာတယ်"

"မင်းတို့အိမ်မှာ မမ ကျောင်းလာတက်တာ မင်းအနေနဲ့ သဘောကျရဲ့လား စည်သူ"

"တသက်လုံးနေယင် ပိုကြိုက်သေးတယ်၊ မမ စကား တွေက သူစိမ်းဆန်လှချည်လား"

"မင်း မမ အပေါ် ဘာ မကျေနပ်စရာ ရှိလို့လဲ"

"မရှိပါဘူး"

"ဒါဆို မမ သိက္ခာကျမယ့်စကားတွေကို လူကြားထဲမှာ ဘာဖြစ်လို့ လုပ်ကြံပြောရတာလဲ"

"ကျွန်တော် ဘာပြောလို့လဲ"

"အောင်အောင်တို့အိမ်မှာ မင်းသွားပြောခဲ့တာတွေမေ့ သွားပြီလား စည်သူ၊ ဘာသဘောနဲ့ ဒီလိုလုပ်ရတာလဲ"

စည်သူ မျက်နှာမည်းသွားသည်။

ငြိမ်ကျသွားသည်။

"မမမေးတာဖြေလေ"

စည်သူမဖြေ။ ပိုင့်မျက်နှာကိုလည်းမကြည့်။

"စည်သူ၊ မမမေးတာဖြေစမ်းပါ၊ ဘာ ရည်ရွယ်ချက်နဲ့ မမ သိက္ခာကျအောင် ဒီလောက်ပြောရတာလဲ ဟင်"

ပိုင့်အသံက တင်းမာကျယ်လောင်နေသည်။

စည်သူက ပိုင့်မျက်နှာကိုပြန်ကြည့်ပြီး အံကြိတ်လိုက်၏။

“ကျွန်တော်ဖြေပါ့မယ် မမ၊ ရည်ရွယ်ချက်ကတော့ မမ အပေါ် ကိုဝေယံဦး စိတ်ပျက်သွားအောင်ပါ၊ သူနဲ့ မမကို ကျွန်တော် သဘောမတူဘူး”

“ငါ့ကိစ္စထဲ မင်းဝင်ရှုပ်စရာ မလိုပါဘူး”

ပိုင်က ခပ်တည်တည် ဟောက်ပစ်လိုက်သည်။

“လိုတယ်ထင်လို့ ဝင်ရှုပ်တာပါ”

“မလိုပါဘူးစည်သူ၊ ငါဟာ အရွယ် ရောက်နေပြီဖြစ်တဲ့ မိန်းကလေးတယောက်ပါ၊ ဘွဲ့တခုရပြီးလို့ နောက်ထပ် ဘွဲ့ တခုယူဖို့တောင် လုပ်နေတာ၊ ငါ့မှာ စဉ်းစား ဝေဖန်နိုင်တဲ့ အသိဉာဏ်ရင့်ကျက်နေပြီ၊ မင်း ဘာမှ ငါ့ကိစ္စထဲဝင်မရှုပ်နဲ့”

“ရှုပ်မှာပဲ”

“အေး....နောက်တခါ ငါ့အကြောင်း မဟုတ် တရုတ် တွေပြောယင်တော့ အသိပဲ”

“ပြောမယ်ဗျာ”

စည်သူ စိတ်တိုတိုဖြင့် ဘုပြောသည်။

“ဘာ....”

ပိုင် အော်ပစ်လိုက်တော့ သူငြိမ်သွားသည်။

“မင်းက ငါ့မောင်၊ ငါက အစ်မပဲ၊ အစ်မတယောက် အနေနဲ့ ငါ့အပေါ် မင်း လေးစားသင့်တယ်၊ အရွယ်ရောက် နေတဲ့ ငါ့အနေနဲ့ ချစ်ချင်တဲ့ လူကိုချစ်မယ်၊ လက်ထပ်သင့်





တယ် ထင်တဲ့လူကို လက်ထပ်ရမယ်၊ ဒါပဲစည်သူ၊ မင်း စိတ် ဓာတ်ကိုမင်းပြုပြင်သင့်ပြီ၊ မင်းစိတ်ဓာတ်ဟာ နည်းနည်းမှ ယောကျ်ားမဆန်ဘူး”

ပိုင်ပြောပစ်ပြီး နေရာမှ ထသွားသည်။

စည်သူတယောက်တည်း ကျန်ရစ်သည်။

စည်သူ့နှုတ်မှ ပြောချင်တာတွေ တပုံ တခေါင်းကြီး၊ ဒါပေမယ့် ပြောမထွက်။

“မမကို ကျွန်တော်ချစ်လွန်းလို့ တခြားလူတွေလက်ထဲ အရောက်မခံနိုင်လို့ ခုလို ပြောဆိုမိတာပါ”ဟု ရင်ထဲမှာ ထပ်ခါတလဲလဲ ပြောသည်။

ခဏကြာတော့ ပိုင်ကျောင်းသွားရန် အိမ်ထဲမှ ထွက်ခဲ့ သည်။

စည်သူက ထိုင်နေရာမှထရပ်လိုက်ပြီး ကားရှိရာလာခဲ့၏။ ကားတံခါးကိုဖွင့်သည်။ ပြီးတော့ ပိုင့်ကို လှမ်းခေါ်သည်။

“မမ....”

“ကျေးဇူးပါပဲစည်သူ၊ မမဘတ်စ်ပဲ စီးတော့မယ်”

စည်သူ ထောင်းကနဲ ဒေါသထွက်သည်။

“မစီးယင်နေဗျာ၊ လိုက်မပို့ရတော့သက်သာတာပေါ့”

“နင့်လောက် မိုက်ရိုင်းတဲ့လူမျိုး စကား မပြောတာပဲ ကောင်းပါတယ်”

"ဘတ်စ်ပဲစီးမယ်ဆိုတာ ကျွန်တော့်ကို သက်သက်ရှဲတာ မဟုတ်လား"

"မင်းကြိုက်သလိုထင်"

ပိုင်ခြံထဲမှ ဘောက်ဆတ်ဘောက်ဆတ်နှင့် ထွက် သွား၏။ စည်သူ တယောက်တည်း ဒေါဖောင်းပြီး ကျန်ရစ်ခဲ့သည်။

* * *

"ပိုင်"

"ဟင်...."

ဝေယံဦးကိုမြင်သဖြင့် ပိုင် အံ့သြသွားသည်။

"ပိုင်.... ဘယ်လဲ"

"ကျောင်းသွားမလို့"

"စည်သူ့ ကားနဲ့ မသွားဘူးလား"

"ဟင့်အင်း....သူ့ကို ပိုင်ခုပဲ ရန်တွေ့ခဲ့တာ"

"ပိုင်ကလဲကွာ.... ကိုယ့်မောင်လေးပဲ၊ ခွင့်လွှတ်မှပေါ့"

"အို....ခွင့်မလွှတ်နိုင်ဘူး၊ ဒီလောက်ဆိုးတဲ့ကောင်လေး၊ သူ့ပါးစပ်ထဲတွေ့ရာ လျှောက်ပြောနေတာကို ပိုင်ကသည်းခံနေရမှာလား"

"ပိုင် တယောက်တည်း ဘတ်စ်စီးနေရမှာပေါ့"

"ရပါတယ်"





"မောင် စိတ်မချဘူး၊ ခဏစောင့်ပါလား၊ မောင်ကား သွား ယူလိုက်မယ်"

"မောင် ဘယ်က ပြန်လာတာလဲ"

"လမ်းထိပ်က စာအုပ်ဆိုင်က ပြန်လာတာ"

"ဪ"

"ကဲ....ခဏစောင့်၊ မောင် ခုပြန်လာမယ်"

ဝေယံဦး ခြံထဲ ပြေးဝင်သွားသည်။

ခဏကြာတော့ သူ့ ကားလေးကိုယူပြီး ပြန်ထွက်လာသည်။

"လာ....တက် ပိုင်"

ပိုင်ကားပေါ်တက်သည်။

"ပိုင်"

"ဘာလဲ....မောင်"

"ဒီနေ့ ကျောင်း မတက်ပါနဲ့လား"

"အိုး....ဘာဖြစ်လို့လဲ"

"မောင်တို့ လျှောက်လည်ရအောင်"

"အတန်းပျက်တာ များ ပြီ မောင်ရဲ့"

"သံလျင်ဘက် သွားရအောင်နော် အချစ်"

"အို....မောင်ကလဲ အတန်းပျက်တာ များယင် စာမေးပွဲ ကျမှာပေါ့"

"ကျပါစေပေါ့"

"ကြည့်စမ်း....ဒါလား ပိုင့်ကိုချစ်တာ"

"ပိုင်ကလဲကွာ.... မောင်က ရှာကျွေးရမယ့်သူပဲ၊ ပိုင် စာမေးပွဲမအောင်လဲ ဘာ ဖြစ်သေးလဲ"

"သွား၊မောင်က အလုပ်တောင် မရသေးပဲနဲ့"

"ရတော့မှာပါ....ဘာလဲ၊ မောင့်ကို အလုပ်မရသေးတဲ့ သူဆိုပြီး အချစ်က အထင်သေးနေပြီလား"

"မသေးပါဘူး မောင်ရယ်"

"မောင်တော့လေ၊ ပိုင့်ကို စိတ်မချဘူး၊ ဟို သဌေး နောက် ပါသွားမှာ သိပ် စိုးရိမ်တယ်"

"မစိုးရိမ်ပါနဲ့၊ ကိုအုန်းမြင့်လို ကော်တရာကို ပိုင် ဘယ် တော့မှ မယူဘူး စိတ်ချ"

"အုန်းမြင့်က ကော်တရာ ဟုတ်လား"

"ဟုတ်တယ်လေ"

"ဒါဖြင့် မောင်က ကပ်စေးနှဲ ဆိုယင်ကော"

"မောင် စေးမနှဲဘူးဆိုတာ ပိုင်သိသားပဲ"

"တကယ်လို့ စေးနှဲယင်ကော မောင့်ကိုချစ်မှာလား"

"ဟင့်အင်း"

"ဟောဗျာ"

"ဒါက ဘာဖြစ်သွားရတာလဲ"





"ဒါနဲ့ မောင့်ကိုပဲ လက်ထပ်မှာဆို"

"ကပ်စေးမနှဲနဲ့ပေါ့၊ ပိုင့်ကို ချစ်ယင် အစစအလိုလိုက် ပေါ့"

"အစစအရာရာ အလိုလိုက်ယင် မောင် ကျန်ရစ် ဖြစ်မှာ ပေါ့"

"မောင့် စကားက မရှင်းဘူး"

"အလိုလိုက်လွန်းတော့ နောက် လူ နောက် ကောက် ကောက် ပါသွားမှာပေါ့ပိုင်ရဲ့၊ဒါကြောင့် ပိုင် မောင့်စကား ကို အခုကတည်းက နားထောင်ရမယ်"

"အံမယ် စီးပိုးလိုက်တာ"

"ကဲ....မောင်ပြောတာတွေ နားထောင်စမ်းပိုင်၊ တစ် အချက် အနေနဲ့ အုန်းမြင့်ကို ပိုင် လုံးဝအရောမဝင်ရဘူး"

"အင်း....ဟုတ်ပြီ"

"နံပါတ်နှစ်အနေနဲ့ ပိုင် ကျောင်းက ငနဲတွေကို အရော မဝင်ရဘူး"

"ကဲ....နံပါတ်သုံး အနေနဲ့ကော"

"အချိန်တိုင်း မောင့်ကိုသတိရ"

"အတော် နားထောင်စရာ ကောင်းတဲ့ စကားတွေပဲ ဦးရွှေလိပ်ကြီးရဲ့"

အားကလေးကို အင်းလျားကန်စပ် တနေရာကို မောင်း လာခဲ့သည်။

လူရှင်းသည့် နေရာလေး တခု။

"ပိုင် ကျောင်းပျက်နေပါမယ် မောင်ရယ်"

"ခဏလေးပါကွာ၊ ပြောစရာရှိလို့"

"ကဲ....ကိုလျှာရှည်၊ဘာတွေ ပြောမှာလဲ ပြော"

"ချစ်တဲ့ အကြောင်း"

"ပြီးတော့ကော"

"ကြိုက်တဲ့အကြောင်း"

"နောက်တော့ကော"

"လက်ထပ်ချင်တဲ့အကြောင်း"

"ဒါပဲလား....ပြောပြီးယင်ကျောင်းကိုပို့"

"ပြောလို့ မကုန်သေးဘူး၊ လက်ထပ်ပြီးယင် မောင့် အတွက် သားသားလေး ဆယ်ယောက်လောက် မွေးပေးပါ လို့"

"ကြည့်စမ်း.... ကြည့်စမ်း.... ရှက်စရာကြီးတွေ ပြောဦး ကဲ–ကဲ"

ဝေယံဦး၏ ရင်ဘတ်ကို ပိုင်တဘုံးဘုံးထုလိုက်သည်။

"အား....နာတယ်ပိုင်ရဲ့၊ ရင်ဘတ်ကို မထုရဘူး"

"ထုမှာပဲ"





"ရင်ဘတ်ကို ထုတော့ ရင်ဘတ်စောင့်တဲ့နတ်က စိတ်ဆိုး မယ်"

"ဒါဖြင့် ဗိုက်ကိုထုမယ်၊ ကဲ....ကဲ"

"ဗိုက်ကိုထုတော့ အစာအိမ်စောင့်တဲ့နတ်က စိတ်ဆိုး မယ်"

"ဒါဖြင့် ဗိုက်ကို မထုဘူး၊ ကဲ....ကဲ"

ပိုင်က ဝေယံဦးကျောပြင်ကို တဘုံးဘုံးထုပစ်သည်။

ဝေယံဦးက ပိုင့်လက်တွေကို ဖမ်းချုပ်လိုက်၏။

"ပိုင်"

"ပြော–ပြော"

"မောင်တို့ လက်ထပ်ကြစို့"

"သွား၊သူဖြင့် အလုပ်မရသေးပဲနဲ့"

"ရွှေလမှာ ရမှာ သေချာတယ်ပိုင်ရဲ့၊ မောင်သဘော်ာ မလိုက်ခင် ပိုင်နဲ့ လက်ထပ်သွားချင်တယ်"

"ဖေဖေ့ကိုပိုင်အကျိုးအကြောင်းပြောရဦးမယ်မောင်"

"ယောက္ခမကြီးက သဘောမတူဘူးဆိုယင် ဘယ်နှယ့် လုပ်မလဲ"

"သဘောမတူဘူးဆိုယင် ခိုးရာလိုက်မှာပေါ့"

"ကြားရတာ အားရှိလိုက်တာပိုင်ရာ၊ အဟဲ"

ဝေယံဦးက ပိုင့်ပါးလေးကို ရွတ်ကနဲ နမ်းပစ်လိုက်သည်။

"အခွင့်အရေးတွေ သိပ်မယူနဲ့နော်၊ ဗိုက်ခေါက် ဆွဲလိမ်ပစ်လိုက်မယ်"

"ကြောက်ပါတယ်ဗျာ"

"ကျောင်းကို ပို့တော့မောင်ရာ၊ စာမေးပွဲက ကပ်နေပြီ၊ စာမေးပွဲဖြေဖို့ ရက်ပိုင်းပဲလိုတော့တာ"

"အချစ်"

"ဘာလဲ ကိုလျှာရှည်ရဲ့"

"မောင့်ကို တကယ်ချစ်တယ်နော်"

"နှုတ်က ပြောတာထက် ရင်ထဲက ပိုချစ်တယ်"

"မောင့်အချစ်က ပိုပြီးတော့လေးနက်ပါတယ်ပိုင်ရယ်"

"ကဲပါ၊ ကားစက်နှိုးပါတော့"

ဝေယံဦး ကားစက်နှိုးသည်။ ပြီးတော့ မောင်းထွက်ခဲ့၏။

ကားကလေးက ဝိဇ္ဇာခန်းမဘက်ကွေ့ဝင် လာခဲ့သည်။ ဝိဇ္ဇာခန်းမရောက်တော့ ကားလေးကို ရပ်ပေးလိုက်သည်။

ဝေယံဦး ကား တံခါးဖွင့်ပေးသည်။

ပိုင်ကားပေါ်မှ လှမ်းဆင်းသည်။

"မောင်ပြန်မယ်နော်၊ ညနေ မောင်လာကြိုမယ်"





"ကောင်းပါပြီ"

ဝေယံဦးကားလေးပြန်ထွက်သွားသည်ကို မျက်စိတဆုံးငေးကြည့်လျက် ပိုင်ကျန်ရစ်၏။

ဝိဇ္ဇာခန်းမနှင့် မနီးမဝေးသစ်ပင်ရိပ် တခုအောက်တွင် ထိုးရပ်ထားသော ဆီဒင်ကားပြာပြာလေးတစီး။

ကားပေါ်တွင် စိတ်ညစ်နေသည့် စည်သူ။

ဆီဒင်ကားပြာလေးကို ပိုင်မမြင်ပါ။ စည်သူတယောက် စိတ်ပျက်လက်ပျက် လာစောင့်ကြည့်နေတာကိုလည်း ပိုင်မသိပါ။

ပိုင်တယောက် သူ့စာသင်ခန်းရှိရာဘက်သို့ ကျော့ကျော့မော့မော့လေး ထွက်သွားပါတော့သည်။

မခံချိမခံသာ ကျန်ရစ်သူက တိတ်တခိုး ချစ်နေရသူ စည်သူ။

* * *

စည်သူစိတ်ညစ်သည်။

သိပ်စိတ်ညစ်သည်။

စိတ်ညစ်ညစ်ဖြင့် ကားလေးကို စက်နှိုးလိုက်ပြီး တက္ကသိုလ်ဝင်းထဲမှ မောင်းထွက်ခဲ့၏။

ရုပ်ရှင်ကြည့်ရန် ဆုံးဖြတ်သည်။

ကားကို မြို့လယ်ရုပ်ရှင်ရုံများရှိရာသို့ ဦးတည် မောင်း
သည်။

ပပဝင်းရုံရှေ့နားမှာ ကားကို ရပ်လိုက်သည်။ သော့
ပိတ်၊ မှန်တံခါးပိတ်ပြီး ရုပ်ရှင်ရုံအောက် လျှောက်လာ
ခဲ့သည်။

ရုပ်ရှင်ရုံအောက်တွင် လက်မှတ်ရရေးအတွက် လူတွေ
တန်းစီ တိုးဝှေ့နေကြ၏။

"ဟင်"

စည်သူ မျက်လုံးပြူးသွားသည်။

မမျှော်လင့်ပဲ ခိုင့်ကို တွေ့လိုက်ရသောကြောင့်။

ခိုင်က အမျိုးသားများ အလယ်တွင် ချွေးတလုံးလုံးဖြင့်
တန်းစီ တိုးဝှေ့ နေသည်။

မိန်းမချောလေးတယောက်တည်းမို့ လူရှုပ်လူပွေများက
စပ်ဖြဲဖြဲ။

ခိုင့်ဘေးတွင် ဝိုင်းဝိုင်းလည်နေကြ၏။

ခိုင်က အနားကပ်လာသည့်ငတိများကို တံတောင်ဆစ်နှင့်
တွတ်သည်။ မျက်စောင်းခဲသည်။ ပါးစပ်မှလည်း ပွစိပွစိနှင့်
ရန်တွေ့နေသည်။

စည်သူက ခိုင့်ကို ကြည့်ပြီး ဒေါကန် သွား သည်။
ယောကျ်ားတွေအလယ်မှာ ပျာယာခတ်နေသည့် နှမဖြစ်သူကို
နားရင်းပြေးအုပ်ချင်မိ၏။





မနေ့က ခိုင်တို့သားအဖ ပဲခူးသွားကြ၏။ ယခု ခိုင် ရုပ်ရှင်
ရုံအောက်ရောက်နေသည်မို့ စည်သူ အံ့ဩသည်။

အမှန်တော့ ခိုင်က အိမ်ပြန်ရောက်ပြီးပြီ။ အိမ်မှ တဖန်
ပြန်ထွက်လာခဲ့ခြင်း ဖြစ်၏။

ဖေဖေတို့ မသိအောင် ခိုးပြီး လစ်လာခဲ့သည်။

သည် ရုပ်ရှင်ရုံကို ဖေဖေနှင့် ခဏခဏ လာကြည့်ဖူးသဖြင့်
ခိုင် လာတတ်သည်။

"ဟဲ့....ခိုင်"

စည်သူ၏ အသံကို ကြားသဖြင့် သူ အထိတ်တလန့် ဖြစ်
သွားသည်။

"ဟင်–ကိုကိုလေး"

စည်သူ့ကို မြင်တော့ သရဲအခြောက်ခံရသည့် အလား
ပြူးတူးမြဲတဲ ဖြစ်သွား၏။

"နင် တယောက်တည်း ဘာလို့ လာရတာလဲ"

"ကိုကိုလေးကလဲ၊ ခိုင် ရုပ်ရှင်ကြည့်ချင်လို့"

"နင် ထွက်လာတာ အန်ကယ် ဦးသာ သိရဲ့လား၊ အိမ်က
လူတွေတော့ ခုလောက်ဆို ခေါင်းမီးတောက်နေရောပေါ့"

စည်သူ၏ စကားကြောင့် ခိုင် မျက်လုံးလေး ကလယ်
ကလယ်နှင့် ငြိမ်ပြီး ရယ်နေသည်။

"လာ–ခိုင်၊ ပြန်ကြမယ်"

"အိုး၊ မပြန်ဘူး"

"မပြန်လို့ရမလား.... အိမ်ကလူကြီးတွေ စိတ်ပူနေမှာပေါ့"

"ပူပါစေ"

"ဟာ....ဒီကောင်မလေး ငါ အကောင်း ပြောနေတာမရဘူးလား"

"အကောင်းပဲပြောပြော အဆိုးပဲပြောပြော ခိုင်တော့ ရုပ်ရှင်ကြည့်ပြီးမှပြန်မယ် ကိုကိုလေး"

ခိုင်က ဇွတ်တရွတ်။

စည်သူ့ကို ကျောခိုင်းရပ်ပြီး လက်မှတ်တိုးနေသည်။

စည်သူ ဦးနှောက်ခြောက်ရပြီ။

ခိုင့်ကို တယောက်တည်းထားခဲ့ပြီး အိမ် ပြန် သွားရန်လည်းမဖြစ်။

ရုပ်ရှင် ကြည့်နေလျှင်လည်း ခိုင် ပျောက် နေ သ ဖြင့် အန်ကယ်ဦးသာတို့ ခေါင်းမီးတောက်ကြတော့မည်။

"နောက်နေ့မှကြည့်ပါခိုင်ရယ်.... နင့်အဖေ စိတ်ပူနေမှာပေါ့"

"ပူပါစေလို့ ပြောပြီးပြီ မဟုတ်လား"

ခိုင်က ဘုပြန်ပြောသည်။





"ခက်တာပဲကွာ၊ လာပါ ပြန်ရအောင်"

"မပြန်ဘူး၊ ကြည့်ပြီးမှပြန်မယ်"

ခိုင့်လက်ကို စည်သူ ဆတ်ကနဲ လှမ်းဆွဲလိုက်၏၊

"ဟဲ့....ခိုင်၊ လာပြန်မယ်"

"မပြန်ဘူး....ခိုင့်ကိုလွှတ်"

ခိုင်က သူ့လက်ကို ဆောင့်ရုန်းသည်။

"ပြောနေတာမရယင် ရိုက်ပြီးခေါ်မယ်"

"ခိုင့်အသားကိုထိကြည့်၊ အပြတ်ပြန်ချဲဖို့ ဆုံးဖြတ်ထားတယ် သိလား"

ခိုင့်အသံကျယ်ကျယ်ကြောင့် အနီးရှိလူတွေ ပြုံးမဲ့ကြည့်သည်။

"ရန်ဖြစ်ချင်ယင် အိမ်ပြန်ပြီးဖြစ်ကြပါဗျာ၊ အဟား....ဟား၊ လင်နဲ့မယား လျှာနဲ့သွားတဲ့နော်"

မကြားတကြား ရိသံတသံ ထွက်လာ၏။

"ကောင်မလေးကို လွှတ်လိုက်"

စည်သူ ဒေါ်ဖောင်းသွားသည်။

ခိုင့်အနားတွင်တိုးနေသူငနာတွေက စည်သူ့ကို ဟားနေ၊ လှောင်နေကြပြီ။

စည်သူ့ကိုမှုန်းမှုန်းနှင့် မကြားတကြား မထိတထိနောက်ကြသည်။

ခိုင်၏အနားမှာ တိုးလို့ကောင်းနေတုန်းစည်သူက ခိုင့်ကို အိမ်ပြန်ဖို့ ခေါ်နေသည်မို့ ငနာတွေက စည်သူ့ကို အမြင်ကပ်နေသည် မဟုတ်လား။

စည်သူ သူ့ဒေါသကို မနည်းမျိုချနေရ၏။ ခိုင့် ပုံစံကို ကြည့်၏။

စည်သူ၏ စကားကို နားထောင်ဖို့ နေ နေ သာ သာ၊ လက်မှတ်ပေါက်ရှိရာသို့သာ သဲသဲ မဲမဲ တိုးနေသည်။

စည်သူ လက်လျှော့ လိုက်သည်။

လူတွေကြားမှာ ခိုင်နှင့်ရန်ပွဲဖြစ်ရန်လည်း မသင့်တော်။

အရှုံးမနှင့်ဖက်ပြိုင်ပြီး ရန်ဖြစ်နေလျှင် မိမိသာ အရှက်ကွဲရလိမ့်မည်။ ထို့ကြောင့်—

"ကဲ....ခိုင် ဒီလောက် ကြည့်ချင်မှ ကြည့်ရမှာပေါ့၊ ကိုကိုလေးလဲ ကြည့်မယ်၊ လာ....ကိုကိုလေး လက်မှတ် ဝယ်ပေးမယ်"

"ခိုင့်ကို အပေါ်ထပ်က ပြရမှာနော်"

"အေးပါ"

"ရေခဲမုန့်လဲ ဝယ်ကျွေးရမယ်"

"အေး....အေး"

ခိုင့် လက်ကိုဆွဲပြီး ဒီစီလက်မှတ်ယူရန် အပြေးအလွှား ထွက်ခဲ့၏။





"အဟား....အဲ့ဒီ စုံတွဲက ရယ်ရတယ်နော်"

"ဆယ်ပြားနဲ့ ငါးပြားပေါင်းတော့ ဆယ့်ငါးပြားကွယ့် အဟဲဟဲ"

ငနာတွေက တယောက်တပေါက်ပြောပြီး ကျန်ရစ်ကြသည်။

ဒီစီကလက်မှတ်ယူ—

ရုပ်ရှင်ရုံအောက်ထပ်မှာ ရေခဲမုန့် ဝယ်ကျွေးပြီးမှ ရုပ်ရှင်ရုံထဲ ရောက်လာကြသည်။

ရုပ်ရှင်ရုံထဲမှာ ခိုင်က အငြိမ်မနေ၊ ထိုင်ခုံပေါ်တွင် တင်ပျဉ်ခွေချိတ်လျက် ထိုင်သည်။

"ဟဲ့....ခိုင်....ဒီလိုမထိုင်နဲ့၊ ခြေထောက်ကို ခုံအောက်ချပြီး ထိုင်"

"ဒီလိုထိုင်တော့ ဘာဖြစ်လဲ"

"လူတွေ ကဲ့ရဲ့မှာပေါ့"

"ကဲ့ရဲ့ပလေ့စေ၊ ကိုယ့်ထမင်း ကိုယ်စားတာ"

ခက်တော့တာပဲ၊ စည်သူ စိတ်ညစ်လှပြီ။

"နေပါဦး၊ ဒီရုပ်ရှင်ရုံကို နင်ဘယ်လို ရောက်လာတာလဲ"

"ခိုင် ကားငှားပြီးလာတာ"

"ငါတော့ အံ့ရော"

"မအံ့ဩနဲ့၊ ခိုင်လမ်းထိပ်ရောက်အောင် ဖေဖေတို့ လ
တာနဲ့ ထွက်ပြေးလာခဲ့တာ၊ လမ်းမကြီးပေါ် ရောက်တော
သုံးဘီးကားကို လက်တားပြီး ပပဝင်းရုံကို ပို့ခိုင်းတာပေါ့"

"နှင့်ကိုယ်နှင့် ဟုတ်လှပြီ ထင်မနေနဲ့ခိုင်၊ ဒါ ရန်ကုန်မြ
သိရဲ့လား၊ လူရှုပ်လူပွေတွေ အင်မတန်များတယ် မှတ်ထား"

"ဘယ်သူ့မှ မကြောက်ပေါင်၊ ခိုင့်ကို လာစမ်းကြည့်
အားလုံးကို ပိတ်တီးပစ်လိုက်မယ်"

ခိုင်က လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီးတော
ဘောက်ဆင် ထိုးသလို လုပ်ပြပြီး ပြောလိုက်ခြင်းကြော
စည်သူပြုံးသွားသည်။

"ကိုကိုလေး"

"ဘာလဲ"

"ခိုင်ခုလို တယောက်တည်း ထွက်လာတာ စိတ်ဆိုးလား
ဟင်"

"ဆိုးတာပေါ့"

"ကိုကိုလေးကလဲ စိတ်မဆိုးပါနဲ့"

"နှင့်အဖေကို နှင်မသနားဘူးလား၊ ခုလောက်ဆို နှင့်
အဖေ ခေါင်းမီးလောင်နေရောပေါ့"

"ဖေဖေက ခိုင့်ကို သိပ်ချုပ်ချယ်တာ ကိုကိုလေးရဲ့"

"အဲ့ဒါနင့်ကို ချစ်လို့ပဲ သိပြီလား၊နင်တယောက်အတွက်
လူတွေ ဘယ်လောက်ဒုက္ခရောက်သလဲ၊ စဉ်းစားကြည့်စမ်း"





"ကိုကိုလေးရော ခိုင့်ကို ချစ်လား"

"မချစ်ဘူး"

"ခိုင်ငိုလိုက်မယ်နော်"

"အရှူးမ နင်ငိုယင် လူတွေရယ်မှာပေါ့"

"ရယ်ပါစေ၊ ရယ်ပါစေ၊ ငိုမှာပဲ"

ခိုင်ငိုမဲ့မဲ့ဖြစ်သွားသည့်အတွက် စည်သူစိုးရိမ်သွားသည်။ မတော် ငိုလိုက်ပါက အရှက်ကွဲတော့မည်။

"ဟဲ့....အလကားစတာ၊ နင့်ကို ငါချစ်တာပေါ့၊ နင့်နဲ့ ငါကမောင်နှမပဲ"

ခိုင်၏ ပခုံးကို ပုတ်ပြီး ချော့လိုက်ရ၏။ မချောက သည်တော့မှ ပြုံးသည်။

"ကိုကိုလေး"

"ဘာလဲ...."

"ခိုင် တို့ ကျောက်ဆည် ပြန် ရတော့မယ်၊ ကိုကိုလေး အလည် လိုက်ခဲ့ပါလား"

"အေး....ငါ စဉ်းစားဦးမယ်"

မှန်ပါသည်။

ခိုင့် ရောဂါ အခြေအနေက လုံးဝ ပျောက်ကင်းမသွား ပေမယ့် သာမန် လူတယောက်အခြေအနေနှင့် သိပ်မခြား တော့ပါ။ ပျောက်ကင်းစပြုပြီဟု ဆို၍ရသော အခြေအနေ သို့ ရောက်ပြီ။

ထို့ကြောင့် ဆေးကို နှစ်လစာ၊ သုံးလစာ ဝယ်သွားပြီး အိမ်တွင် ပြန်အနားပေးရန် ခိုင်တို့ မကြာမီ ပြန်ကြတော့မည်။

စည်သူကျိတ်၍ ဝမ်းသာသည်။

ခိုင်တို့ ရောက်လာကတည်းက မျက်စိရှုပ်၊ နားရှုပ်နှင့် တနေ့မှ အေးအေးမနေရ။

"ကိုကိုလေး"

"ပြော...."

"ခိုင်တို့ ပြန်မယ်ဆိုလို့ ဝမ်းသာ နေပြီလား"

"ဝမ်းမသာပါဘူး"

"ဝမ်းမနည်းဘူးလား"

"ဝမ်းလဲမနည်းဘူး"

"ကိုကိုလေးက ခိုင့်ကိုမှ မချစ်တာ၊ ခိုင်ပြန်ယင်ဝမ်းသာမှာပေါ့"

"ဟာကွာ၊ နင် သိပ် လေကြောရှည်တာပဲ၊ ရုပ်ရှင် ကြည့်တာ တိုးတိုးတိတ်တိတ် ကြည့်စမ်း"

ခိုင် နှုတ်ခမ်းစူပြီး ငြိမ်သွား၏။

ရုပ်ရှင်ပြီးပြီ။

လူအုပ်နှင့်ရောပြီး ရုံထဲမှ ထွက်ခဲ့ကြသည်။

စည်သူ့ ကားရပ်ထားရာသို့ လာခဲ့သည်။

ကားပေါ်တက်ပြီး ကား စက်နှိုးလိုက်သည်။





"ကိုကိုလေး"

"ဘာလဲခိုင်"

"ခိုင့်ကို တိရစ္ဆာန်ရုံ လိုက်ပို့ ပေးစမ်းပါ"

"တော်ပြီ....တော်ပြီ၊ လျှာရှည်မနေနဲ့၊ နင့် အဖေ စိတ်ပူပြီး သေနေတော့မယ်"

"ဖေဖေ့ကို ဒီလိုပြောရသလား၊ အိမ်ရောက်ယင် ပြန်တိုင်ပြောမယ်"

"တိုင်....တိုင်"

ခိုင် စိတ်ကောက်သွားသည်။

တလမ်းလုံး စည်သူ့ကို ရန်တွေ့လာသည်။ စည်သူက အရှုးနှင့် ပြိုင်မပြောတော့။ မကြားဟန်ဆောင်၍ နေလိုက်သည်။

အိမ်ရောက်လေပြီ။

ကားလေးထိုးရပ်လိုက်သည်နှင့် ခိုင်က ဆောင့်အောင့်ပြီး ဆင်းသည်။ ပြီးတော့ စည်သူ့ကို မျက်စောင်း လှမ်းထိုးလိုက်ပြီး ကားတံခါးကို တင်ပါး လှလှလေးဖြင့် ဆောင့်ပိတ်လိုက်၏။

"ဂျိမ်း"

အိမ်ထဲမှ ဦးသာက အူယားဖားယားနှင့် ပြေးထွက်လာသည်။

“သမီး၊ ဘယ်တွေ လျှောက်သွားနေတာလဲ၊ ဖေဖေ လိုက်ရှာတာ နှံ့နေပြီ၊ ရဲဌာနတောင် တိုင်ထားတယ်”

စည်သူ အကျိုးအကြောင်း ပြောပြလိုက်ရသည်။ ခိုင့်ကို ဦးသာ ဒေါပွ၍ မဆုံး။

“လူကြီးတွေကဖြင့်စိတ်ပူလိုက်ရတာ၊ နင် အတော်မိုက်တဲ့ မိန်းကလေး၊ တယ်လေ....ငါ လုပ်လိုက်ရ”

ခိုင့် မျက်နှာကို ဦးသာ လှမ်းရိုက်လိုက်၏။ စည်သူက ဦးသာ လက်ကို လှမ်းဆွဲလိုက်သဖြင့် ခိုင့်ကို မထိ။

“သမီး သွားတတ် လာတတ်ပါတယ် ဖေဖေ၊ သမီး အတွက် မစိုးရိမ်ပါနဲ့”

ခိုင်က လျှာလေးထုတ်ပြီး စပ်ဖြီးဖြီး ပြောလိုက်၏။

“အန်ကယ့်သမီး လည်ပုံတော့လား၊ မြန်မြန် ယောကျ်ား ပေးစားလိုက် အန်ကယ်၊ ဒါမှ ငြိမ်မယ်”

စည်သူ၏ စကားကြောင့် ဦးသာ ပိုပြီး ဒေါဖောင်းသွားသည်။ သို့သော် မိမိသမီးလုပ်ပုံကလည်း အခြားသူတွေ ပြောချင်စရာမို့ မခံချင်လျက်နှင့် ငြိမ်နေလိုက်ရ၏။

*　　　　*　　　　*



## အခန်း ( ၁၉ )

“ပိုင်ရေ”

“ရှင်”

အန်တီ ဒေါ်အောင်မေ့ အသံကြောင့် ပိုင်အခန်းထဲမှ ပြေးထွက်လာ၏။

“ကျောက်ဆည်က ဖုန်းလာတယ်”

အန်တီဒေါ်အောင်မေ့လက်ထဲမှ ဖုန်းခွက်ကို ပိုင်အပြေး ယူလိုက်သည်။

“ဟဲလို....ပိုင်ပါရှင်”

“ပိုင်လား....ကိုယ် အုန်းမြင့်ပါ”

တဘက်မှ ကိုအုန်းမြင့်အသံကို ကြားရ၏။

"ဩော်....ကိုအုန်းမြင့်လား၊ ကိစ္စရှိလို့လားဟင်"

"အန်ကယ်ဦးသာနဲ့ စကားပြောချင်လို့ပါ"

"ဖေဖေနဲ့ ခိုင်အပြင်သွားကြတယ်၊ ပြောစရာရှိယင် ပိုင့်ကို ပြောပါလား၊ ကိုအုန်းမြင့်"

"ကိစ္စကတော့ ပိုင်တို့အန်တီ ဒေါ်စိန်ပွင့် ဆေးရုံတင်ထားရတယ်၊ အဲ့ဒါ"

"ဟင်.... ဟုတ်လား၊ အန်တီဘာဖြစ်လို့လဲ"

"ဖျားတာလေ....အဖျားသိပ်ကြီးလို့ပေါ့"

"ဟယ်....ပိုင်စိုးရိမ်လိုက်တာ"

"သိပ်လဲ မစိုးရိမ်ပါနဲ့ပိုင်၊ အန်တီပွင့်နားမှာ ကိုယ့်မေမေတို့ စောင့်ရှောက် ပြုစုနေကြတယ်၊ အဲ့ဒါ အန်ကယ်ဦးသာနဲ့ ခိုင်တို့ ပြန်လာနိုင်ယင် ပြန်လာဖို့ အန်တီပွင့်က မှာခိုင်းတယ်"

"ဒီ တရက် နှစ်ရက်အတွင်း ကျောက်ဆည် ပြန်မယ်လို့တော့ ဖေဖေပြောနေတာပဲ ကိုအုန်းမြင့်၊ ခိုင့်အတွက် ဆေးတွေရှာဝယ်စုဆောင်းနေလို့ နည်းနည်း ရက်ကြာနေတာ၊ ဖေဖေ အပြင်က ပြန်လာယင် ပိုင် အကျိုး အကြောင်း ပြောလိုက်မယ်လေ"

"အန်ကယ်နဲ့ခိုင့်ကိုကျွန်တော် ဘူတာဆင်းကြိုနေမယ်လို့ ပြောလိုက်ပါပိုင်"





"ပိုင်ပြောလိုက်ပါမယ်"

"ဩော်....ဒါနဲ့ ခိုင့်ရောဂါအခြေအနေ"

"အများကြီး တိုးတက်မှု ရှိပါတယ်ရှင်"

"ကြားရတာ ဝမ်းသာပါတယ်ဗျာ၊ ကဲ.... ကျွန်တော် ဖုန်းချလိုက်တော့မယ်နော်"

အုန်းမြင့် ဖုန်းချသွားသည်။

ပိုင့်ရင်ထဲမှာတော့ မငြိမ်သက်၊ အန်တီအပျိုကြီး ဒေါ်စိန်ပွင့်အတွက် စိုးရိမ်ပူပန်သည်။

ခဏကြာတော့ ဖေဖေဦးသာနှင့်ခိုင် အပြင်မှ ပြန်လာကြ၏။

"ဖေဖေ....ကိုအုန်းမြင့်ဆီက ဖုန်းလာတယ်"

"ဟုတ်လား....ဘာတဲ့လဲ"

"အန်တီပွင့် ဆေးရုံတင်ထားရတယ်တဲ့"

"ဟင်...."

"အဖျားသိပ်ကြီးလို့တဲ့ ဖေဖေ"

ဖေဖေ ပျာယာခတ်သွား၏။ တဦးတည်းသော နှမမို့ ဖေဖေက အန်တီကို အချစ်ပိုသည်။

"ဖေဖေ ညရထားနဲ့ ပြန်မှဖြစ်မယ်သမီး"

"ကားနဲ့ပဲ အေးအေးဆေးဆေး ပြန်ပါလား ဖေဖေ"

"နေပါစေသမီး.... ကားကို အေး အေး ဆေး ဆေး မှ မောင်အုန်းမြင့်လွှတ်ပြီး ယူခိုင်းမယ်"

"ဩော်....ကိုအုန်းမြင့်က ဖေဖေတို့ကို ဘူတာဆင်းကြိုနေမယ်တဲ့ ဖေဖေ"

"အေး....အေး၊ ဒီသူငယ်တော်ပါပေတယ်၊ ဖေဖေတို့အတွက် အားအကိုးရဆုံးပဲ၊ သမီးလဲ သူနဲ့လက်ထပ်ဖို့ သိပ်အချိန်မဆွဲနဲ့"

ပိုင် မျက်လုံးပြူးသွားသည်။

"ဖေဖေပြောတာ ကြားလားသမီး"

"ဟုတ်....ဟုတ်ကဲ့ ဖေဖေ"

ပိုင် အထစ်ထစ် အငေါ့ငေါ့၊

"ကဲ....ညရထားနဲ့ပြန်ဖို့ ပစ္စည်းတွေသိမ်းမှ၊ ညီမလေးခိုင်ရဲ့ အဝတ်အစားတွေ ပိုင်းသိမ်းပေးစမ်းသမီး"

"ဟုတ်ကဲ့ ဖေဖေ"

ခိုင်၏အခန်းထဲသို့ ပိုင်ဝင်လာခဲ့၏။

အခန်းထဲမှာ ခိုင်မရှိ။

"ခိုင်ရေ...."

ပြန်ထူးသံ မကြားရ။

တခန်းလုံးရှုပ်ပွနေသည်။

အပျိုခန်း....

ညိုညိုညက်ညက်နှင့် တကယ်ချောတဲ့ ခိုင်၏ အပျိုခန်းကလေးကိုကြည့်ပြီး ပိုင်တယောက် ကြက်သီးမျှားပင် ထချင်မိပါရဲ့။





ကြည့်လေ။

ခုတင် ခေါင်းရင်းတွင် ဘာရာစီယာနှင့် အောက်ခံ စကတ်တွေက လုံးထွေးပြီး စောင်နှင့် ရောနေသည်။ မှန်တင်ခုံပေါ်တွင် မိတ်ကပ်ဗူးတွေ အားလုံး အဖုံး ဖွင့်ပြီး ဟိုနေရာတခု၊ သည်နေရာတခုနှင့် ရှုပ်ရှက်ခတ်နေ၏။

မှန်ခုံပေါ်တွင် ဝတ်ပြီးသား အင်္ကျီတွေကို လုံးထွေးပြီး တင်ထားလိုက်သေးသည်။

ခုတင်ခြေရင်း ထဘီတန်းပေါ်မှာတော့ မျက်နှာသုတ်ပဝါ ရောက်နေသည်။

အိပ်ရာခင်း အိပ်ရာစွပ်တွေက ညစ်ပေပြီး တွန့်ကြေနေ၏။

စိတ်ပျက်ပျက်နှင့် တခန်းလုံးကို ပိုင် ရှင်းသည်။ ခိုင့်အင်္ကျီ၊ ထဘီတွေကို သားရေသေတ္တာထဲသို့ ထည့်ပေးလိုက်သည်။

အားလုံး လုပ်လို့ပြီးမှ ခိုင် အခန်းထဲ ဝင်လာသည်။

"ဟင်....မမ"

"အမယ်လေး ခိုင်ရယ်၊ အပျိုခန်းတဲ့၊ နင် မရှက်ဘူးလား"

"ဘာရှက်ရမှာလဲ"

"ဒီလောက် ညစ်ပတ်ရသလား၊ မျက်နှာသုတ် ပဝါက ထဘီတန်းပေါ် ရောက်လို့ရောက်၊ ထဘီတွေက ခေါင်းအုံးနား ရောက်လို့ရောက်နဲ့"

"မရှက်ပေါင်၊ ခိုင့် ထမင်း ခိုင် စားတာ ဘာ ရှက်စရာ ရှိလဲ"

"ဒါ သူများအိမ်ဟဲ့၊ နင် ဧည့်သည် လုပ်နေတယ်ဆိုတာလဲ သတိရဦး"

"အို....ခိုင် ကြိုက်သလိုနေမယ်၊ မမ ပြောစရာမလိုဘူး"

"နင် ပြန်မှ အေးမှာပါ ခိုင်ရယ်၊ ညရထားနဲ့ ဖေဖေ ကျောက်ဆည် ပြန်မယ်၊ အဲ့ဒါ နင်ပါ ပြန်လိုက်ရမှာ"

"ခိုင် သိပြီးပါပြီ"

"သိပြီးယင် ပြီးတာပဲ"

"ခိုင်တော့ မလိုက်ပေါင်"

"မလိုက်လို့ ရမလား"

"ဟင့်အင်း....မလိုက်ဘူး၊ ခိုင် ရန်ကုန်မှာပဲ ပျော်တယ်"

"ဗုဒ္ဓေါ...."

ပိုင် မျက်လုံး ပြူးသွားသည်။

ခိုင့်ကို သူလည်း မနိုင်။

ပြန်မလိုက်ပဲ ကတ်သတ်နေလျှင် အခက်။

"အန်တီပွင့် ဆေးရုံ တက်နေရတယ်လေ ခိုင်၊ ခိုင့်ကို အန်တီပွင့်က မှာခိုင်းတာ"

"အို....ဘယ်သူမှာမှာ ပြန်မလိုက်ပေါင်၊ အန်တီစိန်ပွင့်ကို ခိုင် ချစ်တယ် များ ထင် နေ သ လား၊ မချစ်ပေါင် အလကား အပျိုကြီး ဒေါ် စိန်ပွင့်"





"ဟဲ့....ဟဲ့....ဒီလို မပြောနဲ့လေ"

"ပြောမှာပဲ၊ သူ ခိုင့်ကို အား ကြီး ချုပ်ချယ်တယ် သိလား၊ သူ့ကို ခိုင် မုန်းတယ်"

ပိုင် အကြံရခက်သွားသည်။

ပြီးတော့ စိတ်ရှုပ် ထွေးလှသည်။

"ကိုအုန်းမြင့်က ခိုင်တို့ကို ဘူတာ ဆင်းကြိုနေမှာတဲ့၊ ပြန်လိုက်သွားနော် ညီမ"

"မလိုက်ဘူး၊ ဒါ ခိုင့် ဆုံးဖြတ်ချက်"

ပိုင် စိတ်ပျက်ပျက်နှင့် ခိုင့် အခန်းထဲမှ ထွက်ခဲ့သည်။

မျက်ခုံးတွေတော့ ခပ်လှုပ်လှုပ်ပဲ၊ မိခိုင်တယောက်တော့ ဘာတွေ ပြဿနာတက်ဦးမလဲ မသိဘူး–

တကယ့် ပြဿနာ–

ညရထား ဆင်းခါနီး ဦးသာ အခက်တွေ့နေသည်။

ခိုင့်ကို ဘယ်လိုပင် ချော့မော့ခေါ်ပေမယ့် မရ၊ ခိုင်က ပြန်မလိုက်–

အတင်းအကျပ် ခေါ်ပြန်တော့လည်း တအိမ်လုံးမနိုင်အောင် ရှုန်းကန်သည်။

ဝုန်းဒိုင်း ကျဲနေသည်။

နောက်ဆုံးတော့ ကျော်စည်သူ့ ဖခင် ဦးထွန်းဘော်က ဝင်ပြောသည်။

"သူ ဒီမှာ ပျော်ယင် ထားခဲ့ပါ အစ်ကိုကြီး၊ မမစိန်ပွင့် သက်သာတဲ့အခါမှ ခိုင့်ကို တခေါက်လာပြန်ပြီးခေါ်ပေါ့"

ပိုင် သူ့ခေါင်းကို တဗျစ်ဗျစ်ကုတ်သည်။

ဒုက္ခပဲ တဇွတ်ထိုးလုပ်တတ်သည့်ခိုင်၊ သည်မှာ ကျန်ခဲ့ လျှင်တော့မလွယ်၊ ပိုင့်အတွက် တာဝန်ပိုမှာ မုချ။

"ခိုင်လဲ အတော် နေကောင်းနေပြီပဲ အစ်ကိုကြီးရဲ့၊ အတင်းအကျပ်လုပ်ယင် စိတ်ထိခိုက်ပြီး ရောဂါ ပြန်ဆိုးလာ မှာစိုးရိမ်ရတယ်၊ ပိုင်လဲရှိသားပဲ"

ဒေါ်အောင်မေကလည်း ဝင်ပြောသည်။

စည်သူတယောက်ကတော့ စိတ်ပျက်၍မဆုံး၊ သေဟ.... သေဟ၊ နားပူနားဆာမလေးတော့ကျန်ရစ်ခဲ့ပြီ။

ဦးသာခမျှာ သမီးငယ်အတွက် စိတ်မချလျက်နှင့်ပင် ကျောက်ဆည်သို့ ပြန်သွားရပါတော့သည်။

ဦးသာကို ဘူတာကြီးသို့ စည်သူ လိုက်ပို့ပေးသည်။

"စည်သူ"

"ဗျာ....အန်ကယ်"





"မင်းနှမကို ဂရုစိုက်လိုက်ပါကွာ၊ အန်ကယ်သိပ်စိတ်ချ လွန်းလို့ ထားခဲ့ရတာ မဟုတ်ဘူး"

"ဟုတ်ကဲ့"

"သူ ပြန်မလိုက်ချင်ပဲ အတင်းအကျပ် ခေါ်သွားယင် စိတ်ထိခိုက်မှာစိုးလို့"

"ဟုတ်ကဲ့....စိတ်ချပါ"

"သမီးက မင်းတို့မိသားစုကို ချစ်ရှာတယ်၊ မင်းတို့နဲ့နေ ရတာ ပျော်တယ်"

"ကျွန်တော်တို့ မိသားစုကလဲ ခိုင့် ကို ချစ်ကြပါတယ် အန်ကယ်၊ သူ့အတွက် စိတ်ချပါ"

"သူ မပျော်ဘူးဆိုယင် ကျောက်ဆည်ကို ပြန်ပို့ပေး ဟုတ်လား"

"ဟုတ်ကဲ့"

"ငါ ကားကျန်ရစ်တာလဲမင်းသုံးပေါ့၊ သမီးသွားချင်တဲ့ နေရာတွေ လိုက်ပို့ပေးပေါ့ကွာ၊ ရော့.... မင်းတို့ မောင်နှမ သုံးဖို့"

ဦးသာက ငွေသုံးထောင်တိတိပေးသည်။ စည်သူ ပျော် သွားမိ၏။ မပျော်ပဲနေမလား ငွေဆိုတာ သည်းခြေကြိုက် ပဲလေ။

ဦးသာကို ပို့ပေးပြီးအိမ်သို့ပြန်ခဲ့သည်။ ခြံထဲသို့ ကားကို ကွေ့ဝင်လာခဲ့ပြီး ဂိုဒေါင်ရှိရာသို့ တန်းမောင်းသည်။

ကားကို စက်ရပ်လိုက်ပြီး ကားပေါ်မှ ဆင်းသည်။

"ဟာ"

ခိုင်။

ဂိုဒေါင်ထောင့်မှာ ရပ်ပြီး စည်သူ့ကို မျက်လုံးပြူးပြီး ကြည့်နေသည်။

စည်သူလန့်သွား၏။

မလန့်ပဲနေမလား။

ခိုင့်မျက်နှာပေါ်မှာ သနပ်ခါးအဖွေးသားနှင့် ဆံပင်ဖားလျားချပြီး တကိုယ်လုံး အနက်ရောင်တွေဝတ်ထား၏။

"လန့်လိုက်တာဟာ"

"အ ဟား–ဟား၊ ခိုင်က ကိုကိုလေးကို ခြောက်ချင်လို့စောင့်နေတာ၊ အတော်လန့်သွားလား"

"ငါမကြောက်ပါဘူး၊ သရဲဆိုတာ တကယ်မှ မရှိပဲဟာ၊ ဘာလဲ....နင်က လူစင်စစ်က သရဲဖြစ်ချင်လို့လား"

"မဖြစ်ချင်ပါဘူး၊ ကိုကိုလေးကို စချင်လို့"





"အရှုံးမ၊ လာအိမ်ပေါ် သွားမယ်"

စည်သူ ဂိုဒေါင်ထဲမှ ထွက်ခဲ့သည်။ ခိုင်က တခစ်ခစ်ရယ်ယင်း စည်သူ့လက်မောင်းကို ဖက်ပြီး လျှောက်လာသည်။

ဒီကောင်မလေးတော့ မလွယ်ဘူး။

"သူနဲ့ကြာကြာဆက်နေယင်ငါတော့ဒုက္ခပဲ၊ရှုံးလိမ့်မယ်၊ ရှုံးလိမ့်မယ်"

စည်သူ စိတ်ပျက်ပျက်နှင့် ညည်းလိုက်သည်။

* * *

အခန်း ( ၂၀ )

"မမ"

"ဘာလဲ"

"ကျွန်တော်စကားကောင်း ပြောမလို့ပါ"

"ဘာပြောမှာလဲ၊ ငါစာကျက်ပျက်မခံနိုင်ဘူး၊ မနက်ဖြန်စာမေးပွဲ ဖြေရတော့မှာ"

ပိုင်က စာကျက်နေရာမှ စည်သူကို ပြန်ပြောသည်။

စည်သူ့ကို ကြည့်မရသဖြင့် စကားမပြောပဲ နေခဲ့တာကြာပြီ။





စည်သူ့ကားကိုလည်း မစီး။

ဝေယံဦး၏ကားနှင့်ကျောင်းသွား ကျောင်းပြန်သည်။ အန်ကယ်ထွန်းဘော်နှင့် အန်တီအောင်မေ မေးတော့....

"စည်သူက သမီးကျောင်းက ကျောင်းသူတွေကို ပြောင်လိုက် နောက်လိုက်နဲ့ ခဏခဏရန်ဖြစ်ကြလို့ပါ၊ သမီးကို သူလိုက်ပို့တိုင်း ပြဿနာတခုခုနဲ့ကြုံလို့ သမီး သူ့ကား မစီးပါရစေနဲ့"ဟုပြောသည်။

ကြာတော့ လူကြီးတွေ မပြောကြတော့။

"ကဲ....စည်သူ၊ ပြောစရာရှိတာပြောလေ"

ပိုင်၏ စားပွဲရှေ့မှာ စည်သူရပ်နေသည်။

"မမနဲ့ အစ်ကိုဝေယံဦး သိပ်တွဲလွန်းတယ်ဗျာ"

ပိုင့်မျက်နှာ တင်းမာသွားသည်။

"အဲဒါဘာဖြစ်လဲ....နင့်ကိစ္စလား"

"ကျွန်တော် မကြိုက်ဘူးဗျာ"

"ဒီမှာစည်သူ၊ နင်ကအငယ်၊ ငါကအကြီးပဲ၊ နင်ဆရာလုပ်စရာမလိုဘူး"

"ကိုဝေယံဦးအကြောင်း မမဘာသိလဲ"

"နင်ကရော ဘာသိလဲ"

"အများကြီးသိတယ်ဗျ"

"ဘာလဲ ကိုဝေယံဦးကို ချောက်ချဦးမလို့လား၊ လုပ်
မနေနဲ့စည်သူ၊ ငါမယုံတော့ဘူး"

"ဘယ်ယုံမလဲ အချစ်စိတ်မွန်နေပြီကိုး"

"ဟင်....နင်စော်ကားလှချည်လား၊ ကိုယ့်အစ်မကို ဒီလို
ပြောရသလားဟဲ့"

ပိုင် ဒေါ်ဖောင်းသွားသည်။ မျက်နှာတွေ နီမြန်းလာ
သည်။

"မမနဲ့ အစ်ကိုဝေယံဦးက မနေ့တနေ့ကမှ သိကြတာပါ
ကျွန်တော်နဲ့ ကိုဝေယံဦးက ဟို ငယ်ငယ်ကလေးတည်းက သိ
တာပါဗျ၊ သူ့ကိုရွေးယင် မမပဲ စိတ်ဆင်းရဲရမှာ"

"ဆင်းရဲပါစေ"

"ကျွန်တော့်စကားကို မယုံတော့ဘူးလား"

"မယုံဘူး"

"ကျွန်တော့်စေတနာကို စော်ကားတယ်ပေါ့"

"ထင်ချင်သလိုထင်၊ ကဲပါစည်သူ မမစာကျက်ပါရစေဦး
သွားပါတော့"

စည်သူက ပေပြီးရပ်နေသည်။

မျက်နှာက မှုန်ကုပ်ကုပ်။





တလောကလုံးအပေါ် မကျေမနပ်သည့် မျက်နှာ။

ပိုင်က စည်သူ့ကို မျက်နှာထားဖြင့် စိုက်ကြည့်သည်။

စည်သူ့ရင်ထဲမှာ ပြောချင်တာတွေအများကြီး။

ဒါပေမယ့် မပြောရဲ။

ပြော၍မထွက်။

"စည်သူ"

"ဘာလဲ မမ"

"ငါစာကျက်ချင်ပြီ၊သွားတော့"

စိတ်ပျက်လက်ပျက်ဖြင့် လှည့်ထွက် ခဲ့သည်။ ရင်ထဲမှာ
တော့ မချိ။

ရင်ထဲမှာ စကားတွေ အများကြီး ပြောမိသည်။

မမကို ကျွန်တော် သိပ် ချစ်တယ်–

ပိုင်ဆိုင်ချင်တယ်–

ယုယချင်တယ်–

ကျွန်တော့် ရင်ထဲမှာ ခံစားနေရတာတွေ မမနားလည်
ပေးပါလားဗျာ....လို့။

ခုတင်ပေါ် ပစ်လှဲပြီး အိပ်မယ်ကြံကာရှိသေး အနှောင့်
အယှက်က လာပြီ။

"ကိုကိုလေး"

"ဘာလဲခိုင်"

ခိုင်က အခန်းထဲ ပြေးဝင်လာသည်။

"တီဗွီမှာ ကမ္ဘာ့ချန်ပီယံလက်ဝှေ့ ဗိုလ်လုပွဲပြနေတယ်၊ ကိုကိုလေး ကြည့်မလားလို့ လာပြောတာ"

"မကြည့်တော့ဘူးကွာ"

"လာပါ ကိုကိုလေးရဲ့၊သိပ် ကြည့်လို့ကောင်းတာပဲ"

ခိုင်က စည်သူ့လက်ကို အတင်း ဆွဲခေါ်သည်။ စည်သူ ရှုန်း၍ မရ၊ ခိုင်ဆွဲခေါ်ရာသို့ ပါသွားသည်။

* * *



## အခန်း ( ၂၁ )

"ဟယ်....ကိုအုန်းမြင့်"

ပိုင် အံ့သြသွားသည်။

အုန်းမြင့် ရောက်လာသောကြောင့်။

"ခိုင် ကော ဟင်"

အုန်းမြင့်က အိမ်ထဲ ရောက် ရောက် ချင်း ခိုင့် ကို မမြင်သဖြင့် မေးလိုက်သည်။

"ခိုင်ခြံထဲမှာ ပန်းပင်တွေ သွားကြည့်နေတယ်၊ ကိုအုန်းမြင့်၊ ဖေဖေဘာမှာလိုက်သေးလဲ"

"အန်ကယ် ကားယူခိုင်းလိုက်လို့ ကျွန်တော်ရောက်လာတာပါပိုင်၊ ဒီမှာ ပိုင့်တို့အတွက်"

အုန်းမြင့်လက်ထဲမှ လက်ဆောင်ထုပ်များကို ပိုင်လှမ်းယူလိုက်ရသည်။

"ကျောက်ပန်းတောင်း ထန်းလျက်တွေလဲ ဝယ်ခဲ့တယ်ပိုင်"

"အို ကျောက်ပန်းတောင်းနဲ့ကျောက်ဆည်နီးတာမှတ်လို့ တကူးတက ကိုအုန်းမြင့်ရယ်"

"ရွှေဘိုသနပ်ခါးတုံးတွေကြည့်ပါဦးပိုင်၊ပုန်းရည်ကြီးလဲပါတယ်၊မြေပဲဆန်တွေလဲ ယူခဲ့တယ်လေ"

"အို....စုံနေတာပါပဲလား ကိုအုန်းမြင့်ရယ်၊ အားနာစရာရှင်"

"အားနာရမယ့် လူတွေမှ မဟုတ်ပဲ ပိုင်ရဲ့ အဟဲ"

ပိုင့်မျက်နှာနီရဲသွား၏။ ကိုအုန်းမြင့်၏စကားကအနေခ့်အသွားမလွတ်ချင်။

"ဟာ၊ အစ်ကိုအုန်းမြင့်ကြီးရောက်လာတယ်တော့"

ခိုင်က အိမ်ထဲသို့ ပြေးဝင်လာပြီး အုန်းမြင့်၏ လက်မောင်းကို ဖက်တွယ်လိုက်သည်။

"ခိုင်ကဝလာတယ်ဟေ့"





အုန်းမြင့်က ခိုင့်ခေါင်းကို ပုတ်ပြီးပြောသည်။

"လှကောမလှလာဘူးလား အစ်ကိုအုန်းမြင့်"

"လှလာပါတယ်ဗျာ"

"ကဲ–ပြော၊ ခိုင့်အတွက် ဘာတွေပါလာခဲ့သလဲ"

"စုံနေတာပါပဲဗျာ၊ ဟိုမှာ ပိုင့်ဆီမှာ အထုပ်တွေ"

ခိုင်က ပိုင့်လက်ထဲမှ အထုပ်တွေကို လုပြီး ကြည့်သည်။

"အဟား.... ထန်းလျက်ဖြူဖြူလေးတွေပါလား၊ ဟယ်....သနပ်ခါးတွေရော၊ ဟင်–ဒီမှာ ထိုးမုန့်တွေ"

ခိုင်က ထန်းလျက်ခဲတွေကို နှိုက်ယူပြီး ပလုပ်ပလောင်းဝါးသည်။

"ဟဲ့ ခိုင်၊ အန်ကယ်တို့ အန်တီတို့လူကြီးတွေကို အရင်ကျွေးရမယ်"

ပိုင်က ငေါက်လိုက်သည်။

"အို....နားမလည်ဘူး စားမှာပဲ"

ခိုင်က ထိုးမုန့်တထုပ်ကို အတင်းလုယူထားလိုက်၏။ပိုင်က အထုပ်တွေကို သယ်ပြီး မီးဖိုခန်းဘက် ထွက်သွားသည်။

"ဩော်...မောင်အုန်းမြင့် ရောက်နေတာကိုး"

စည်သူ၏မိခင် ဒေါ်အောင်မေက အိမ်ထဲ ဝင်လာယင်းမှ နှုတ်ဆက်၏။

"ဩော်....ဒေါ်ဒေါ် ဘယ်ကပြန်လာပါသလဲ"

"မင်္ဂလာဆောင်သွားပြီး ပြန်လာတာ"

"စည်သူကော မမြင်ပါလား ဒေါ်ဒေါ်"

"ဂိုဒေါင်ထဲ ကားသွင်းနေတယ် မောင်အုန်းမြင့်၊ မင်းညီ လာပါလိမ့်မယ်"

"ဟုတ်ကဲ့ အန်တီ"

"အစ်ကိုကြီး ဦးသာ ဘာမှာလိုက်သေးလဲ"

"အထွေအထူးတော့ မမှာပါဘူး အန်တီ၊ ခိုင် မပျော်ယင် ပြန်ခေါ်ခဲ့ဖို့ မှာလိုက်ပါတယ်"

"ခိုင် မပျော်မှာတော့ မပူနဲ့ မောင်အုန်းမြင့်ရေ၊ ပျော်လွန်းလို့ ခက်နေပြီ၊ သူ ပြန်လိုက်မှာ မဟုတ်ဘူး၊ မေးကြည့်ပါလား"

ဒေါ်အောင်မေက ခိုင့်ကို မေးငေါ့ပြယင်း ပြောသည်။

"ဟုတ်လား ခိုင်"

"သိပ်ဟုတ်၊ အများကြီးဟုတ်၊ အားကြီးဟုတ်"

ခိုင့် အဖြေက ဒေါ်အောင်မေ့ စကားအတိုင်း။

"မစိန်ပွင့်ကော သက်သာသွားပြီလား"

"ဟုတ်ကဲ့ သက်သာသွားပါပြီ ဒေါ်ဒေါ်၊ အန်တီ ဒေါ်စိန်ပွင့် မနေ့ကပဲ ဆေးရုံက ဆင်းပါတယ်"





"ဒေါ်ဒေါ်တို့လဲ မစိန်ပွင့်အတွက် စိတ်ပူနေကြတာ၊ သက်သာသွားပြီ ဆိုတာ ကြားရမှ စိတ်အေးတော့တယ်၊ ကဲ....စကားပြောဦး၊ ဒေါ်ဒေါ် အဝတ်အစား လဲလိုက်ဦးမယ်"

ဒေါ်အောင်မေ အိမ်ထဲဝင်သွား၏။

"ဟာ .. အစ်ကိုရောက်နေပါလား"

စည်သူ ဧည့်ခန်းထဲသို့ ဝင်လာသည်။

အုန်းမြင့်က စည်သူ့ကို ပြုံးပြသည်။

"ဘာလဲ ခိုင့်ကို လာခေါ်တာလား၊ အန်ကယ် ဦးသာ ခေါ်ခိုင်းလိုက်သလား"

စည်သူက အုန်းမြင့်ကို မျက်စိမှိတ်ပြယင်း ခိုင် မခံချင်အောင် ပြောသည်။

"ဟုတ်တယ်၊ အန်ကယ် ခေါ်ခိုင်းလိုက်လို့"

အုန်းမြင့်ကလည်း စလိုက်သည်။

ခိုင် မျက်နှာလေး ပျက်သွား၏။

"မပြန်ဘူး"

"ခိုင့်ဖေဖေက ခေါ်ခိုင်းတာပဲ မပြန်လို့ရမလား၊ မဟုတ်ဘူးလား အစ်ကို အုန်းမြင့်"

စည်သူက ထပ်၍ စသည်။

ခိုင့် မျက်နှာ စူပုပ်သွား၏။

"ဟင့်အင်း မလိုက်ဘူး၊ မလိုက်ဘူး၊ ခိုင် ဒီမှာပဲ ပျော်တယ်"

ခိုင်က ခြေဆောင့်ပြီး ပြောနေသည်မို့ အုန်းမြင့်ရော စည်သူပါ ပြုံးသွားသည်။

"ဟင်"

"ခိုင် မငိုနဲ့လေ၊ အစ်ကိုတို့က စနေကြတာပါ၊ ဒီမှာ ခိုင် ပျော်သလောက်နေဖို့ အန်ကယ်က မှာလိုက်တယ်"

ခိုင် မျက်ရည်ရစ်ဝဲလာတာ မြင်သဖြင့် အုန်းမြင့် ပျာပျာသလဲ ပြောသည်။

ခိုင်က စိတ်ကောက်မပြေ။

"ခိုင် စိတ်ဆိုးနေသလား"

"ဆိုးတယ်၊ ဆိုးတယ်၊ သွား ကျောက်ဆည်ပြန်တော့"

"မပြန်သေးပါဘူး"

"ပြန်....ပြန်"

"ခိုင့်ကို ရုပ်ရှင်ပြပြီးမှ ပြန်မယ် ဟုတ်လား"

သည်လိုဆိုတော့လည်း ခိုင်က ချက်ချင်း ပြုံးသည်။

"တကယ်ပြရမယ်နော် အစ်ကို အုန်းမြင့်"

"တကယ်ပြမှာပေါ့ ခိုင်ရဲ့"

ပိုင်က မီးဖိုခန်းဘက်မှ ပြန်ထွက်လာသည်။





"ကိုအုန်းမြင့် ရေ မိုး ချိုး လိုက် ပါ လား၊ ထမင်းပွဲ ပြင်ပြီးပြီ"

အုန်းမြင့်က ပိုင့်ကို ရွှန်းရွှန်းဝေအောင် ကြည့်ယင်း....

"ဟုတ်ကဲ့၊ ကျွန်တော် ရေချိုးလိုက်ပါ့မယ်" ဟု ပြန်ပြောသည်။

"မမ"

"ဘာလဲ ခိုင်"

"အစ်ကိုအုန်းမြင့်က ခိုင့်ကို ရုပ်ရှင်ပြမယ်တဲ့"

"ညွှန့်သည်ကို ဒုက္ခမပေးနဲ့ခိုင်"

"ရပါတယ်ပိုင်၊ ကျွန်တော်လဲ ရုပ်ရှင်လေး ဘာလေး ကြည့်ဦးမှ၊ ကျောက်ဆည်မှာဆိုတော့ နိုင်ငံခြားကားမကြည့်ရဘူးလေ"

ထိုနေ့ညနေတွင် ခိုင်၊ စည်သူနှင့် အုန်းမြင့်တို့ သမ္မတရုံမှ ကားကို ကြည့်ကြ၏။

ပိုင်က လိုက်မသွား။

ဝေယံဦး စိတ်ဆိုးမှာ စိုးသောကြောင့်။

* * *

ပိုင့်ကို ဝေယံဦးစောင့်နေယင်း အလိုလိုစိတ်တိုနေသည်။

ခြံစပ်ခရေပင်အောက်တွင် ဝေယံဦးရောက်နေတာ နာရီဝက်ကျော်ပြီ။

ခါတိုင်းလဲ ဒီနေရာမှာတွေ့နေကျ။ ယနေ့ညတွေ့ရန်လည်း ချိန်းဆိုပြီးသားဖြစ်ပါလျက် ရောက်မလာသေးသည့် ပိုင့်ကို ဝေယံဦးဒေါပွနေ၏။

သူ့အကောင် ရောက်နေလို့ဖြစ်မှာပဲ....

အုန်းမြင့်ရောက်နေတာကိုဝေယံဦးသိသည်။ ထို့ကြောင့် ပိုင့်ကို ပို၍ သဝန်တိုနေခြင်းဖြစ်သည်။

ပိုင် တော်ရှုံနှင့်ပေါ်မလာ။

မျောက်မီးခဲကိုင်မိသလို ပူစပ်ပူလောင် ဂနာမငြိမ် ဖြစ်နေရသူက ဝေယံဦး။

"မောင်...."

တယောက်တည်း တွေးချင်ရာတွေးပြီး ဒေါပွနေသဖြင့် ပိုင်ရောက်လာတာကိုပင် ဝေယံဦး မသိလိုက်။

ပိုင့်ဘက်သို့ဆတ်ကနဲ လှည့်ကြည့်ပြီး မျက်နှာကို မှုန်ပစ်လိုက်၏။

"ခစ်....ခစ် မောင့်မျက်နှာ မှုကြည့်ပါလား"

"ခင်ဗျားကို ဒီနေရာကနေ စောင့်နေတာ တနာရီနီးပါး ရှိပြီဗျ၊ သိလား"

"ကိုယ့်ချစ်သူကို စောင့်တာပဲ ဆယ်နာရီကြာကြာ စိတ်မဆိုးရဘူး မောင်ရဲ့"

ပိုင်က သဘောကျသလို တခစ်ခစ် ရယ်ယင်းပြောသည်။





ဝေယံဦးမှာက မှုန်ကုပ်ကုပ်။

"ဒီမှာပိုင်"

"ဘာလဲမောင်"

"ခါတိုင်း ပိုင်အချိန်မှန်ပါတယ်"

"အင်းလေ၊ နောက်ကျတာ ဒီတခါထဲ ရှိသေးတယ်၊ စိတ်ဆိုးစရာလား မောင်ရဲ့"

"ဆိုးတယ်ကွာ၊ ဆိုးတယ်"

ပိုင် မျက်နှာလေးငယ်သွားသည်။

"မောင်ကလဲ"

"ခင်ဗျားလူကျောက်ဆည်ကရောက်လာတာမို့ ခင်ဗျား နောက်ကျနေတာ မဟုတ်လားပိုင်"

"ဟင်...."

ပိုင် အံ့ဩသွားသည်။

"မဟာင်နဲ့ပိုင်၊ ဒီလူနဲ့ခင်ဗျား ရှင်းရဲ့လား"

"ဒီမှာမောင်၊ ကိုအုန်းမြင့်နဲ့ပတ်သက်ပြီး ပိုင်ရှင်းပြခဲ့တာ အကြိမ်ကြိမ်ပါပဲ၊ ဒီလောက် ရှင်းပြခဲ့ရက်နဲ့ ပိုင့်အပေါ် မောင် အထင်သေးလှချည်လား"

"သူရောက်နေမှ ပိုင်က မောင့်ဆီချိန်းထားတဲ့ အချိန်အတိုင်း ရောက်အောင်မလာတော့ အထင်လွဲမိတာပေါ့"

ဝေယံဦး၏မျက်နှာက တင်းမာဆဲ။

ပိုင်က လက်ကလေးကို ခါးပေါ်ထောက်လိုက်၏။

"ကဲပါ....မောင်ဒီလောက် အထင်လွဲနေမှ ပိုင့်ကိုမေ့လိုက်ပါတော့"

ပိုင် လှည့်ထွက်ခဲ့၏။

ဝေယံဦးက ဒေါပွသွားသည်။ ပိုင့်နောက်ပြေးလိုက်ပြီး ကိုယ်လုံးကလေးကို ဆွဲညှစ်ပစ်သည်။

"ပိုင်....ငှ"

ပိုင်က နှုတ်ခမ်းစူထားဆဲ။

"မောင့်ကို ရက်စက်တယ်ပေါ့ ဟုတ်လား၊ မောင့်ကို မင်းခွဲနိုင်သလားဟင်"

"အို....ဒီလောက်သဝန်တိုတာ ပိုင်မကြိုက်ဘူး"

"သဝန်တိုအောင် ပိုင်လုပ်ခဲ့တာပဲ"

"ပိုင် ဘာလုပ်လို့လဲ"

"ခုမှ လာတာကိုး"

"အိမ်ပေါ်မှာ အန်ကယ်နဲ့အန်တီ မအိပ်သေးလို့ ပိုင်ခဏစောင့်နေရတာပါ၊ လူလစ်မှ စိတ်ချလက်ချ လာခဲ့ရတာပဲ မောင်ရဲ့"

ဝေယံဦး၏မျက်နှာထား လျော့သွားသည်။





"မသိပါဘူး ပိုင်ရယ်၊ ဟိုကောင် ရှိနေလို့ မောင့်ကိုတမင် စိတ်ဆင်းရဲအောင် ပိုင် ညှဉ်းတာလားလို့ပါ"

"မောင်ဟာလေ၊ ယောကျ်ားဖြစ်ပြီး သိပ်သဘောထားသေးတယ်၊ အတွေးနက်တယ်၊ပိုင် စိတ်ကုန်လာပြီ"

"ကုန်နိုင်ပြီပေါ့လေ၊ ပိုင့် နားမှာ အုန်းမြင့် ရှိနေပြီပဲ"

"တော်တော့ မောင်၊ ပြောလေကဲလေပါလား၊ ဖယ်.... ပိုင်ပြန်မယ်"

ပိုင်က အတင်း ရုန်းထွက်သည်မို့ ဝေယံဦးက ပိုမို တင်းကျပ်အောင် ဖက်ထားပြီး–

"မပြန်ရဘူး၊ပိုင့်ကို မောင်ပြန်မလွှတ်နိုင်ဘူး၊ဟိုကောင်နဲ့ စိတ်မချဘူး" ဟု ပြောသည်။

"လွှတ်ပါ၊ ဖယ်....ဖယ်....ပိုင်ပြန်မယ်"

"မဖယ်ဘူး၊ လွှတ်လဲ မလွှတ်ဘူး"

ဝေယံဦးက ပိုင့် ပါးကလေးကို အားပါးတရ နမ်းနေယင်း တဇွတ်ထိုး ပြောသည်။

ပိုင် ငြိမ်သက်သွားသည်။

"မောင်"

"အချစ်"

"သဝန်တိုတာ ပိုင် မကြိုက်ဘူး"

"ချစ်ယင် သဝန်တိုမှာပဲ"

"သဝန်တိုတဲ့သူဆို ပိုင်မုန်းတယ်"

"မုန်းချင်မုန်းပါ ၊ဒါပေမယ့် မုန်းစရာလား၊ မောင်က တော့ ချစ်နေရယင် ကျေနပ်ပါတယ်"

မျက်နှာငယ်ငယ်နှင့် ပြောလာတော့လည်း သူ့ကို ပိုင် သနားသည်၊သူ့နဖူးပြင်ကို လက်ဖဝါးနုနုလေးဖြင့်ပွတ်သပ် ပေးယင်း—

"မောင်ရယ်....သဝန်တိုယင် မောင်ပဲ စိတ် ဆင်းရဲမှာ ပေါ့" ဟု ဖျောင်းဖျသည်၊

"ပိုင်"

"မောင်"

"မောင်နဲ့ အချစ်အကြောင်း အုန်းမြင့် မသိဘူးလား"

"မသိသေးဘူးမောင်၊ ဘာဖြစ်လို့လဲ ဟင်"

"ပိုင်နဲ့မောင့်အကြောင်း အုန်းမြင့်ကို ပိုင် ဖွင့်ပြောလိုက် စေချင်လို့"

ပိုင်က မျက်လုံးလေးမှိတ်ပြီး စဉ်းစားသည်။ ပြီးတော့ ပြောသည်။

"မောင်က ဖွင့်ပြောစေချင်သလား ဟင်"

"ခုရုပ်မှ နောင်ရှင်းတဲ့ ပိုင်ရဲ့၊ သူ့ကို စောစောဖွင့်ပြော ထားယင် ပိုပြီး အဆင်ပြေမယ် ထင်တာပဲ"





"ပိုင်နဲ့မောင့်အကြောင်း သိသွားပြီးတဲ့အထိ သူကပိုင့်ကို တွယ်ကပ်နေဦးမယ်ဆိုယင် ဘယ့်နှယ်လုပ်မလဲ မောင်ရဲ့"

"ဒါတော့ကွာ၊ သာမန်ယောကျ်ား တယောက်အနေနဲ့ ချစ်သူရှိနေတဲ့ မိန်းကလေးတယောက်ကို အတင်းအကျပ် လက်ထပ်ဖို့ မစဉ်းစား နိုင်ပါဘူး"

"ဒါက မောင့် အထင်လေ"

"ပိုင်နဲ့မောင် ချစ်နေကြတဲ့အကြောင်း ဖွင့်သာပြောလိုက် ပါကွာ၊ အုန်းမြင့်လဲ ပညာတတ်တယောက်ပဲ၊ သူ ရှေ့ဆက် တိုးမှာ မဟုတ်ဘူး၊ နောက်ဆုတ်သွားလိမ့်မယ်"

"မောင်က ပြောစေချင်ယင် ပြော လိုက်မယ်လေ"

"ပိုင်ကာ သိပ် လိမ္မာတာပဲ၊ ဒါကြောင့် ချစ်နေတာဗျ" ဝေယံဦးက နမ်း ပြန်သည်။

"မကဲနဲ့မောင်၊ စကား ကောင်း ကောင်း ပြောနေတုန်း အေးအေးဆေးဆေး နေပါရစေ"

"ပိုင်ကလဲကွာ၊ ဘယ်လိုဖြစ်နေတာလဲ"

"ဘာဖြစ်လို့လဲ"

"စိမ်းကားလွန်းလို့ ပါ"

"မောင့် ဘာသာ သဝန်ကြောင်ပြီး အမျိုးမျိုးထင်နေ၊ ပိုင်ကဖြင့် စိတ်ညစ်လို့ သေတော့မယ်"

"စိတ်ညစ်စရာ ဘာအကြောင်းရှိလို့လဲ"

"ဪ....ကိုအုန်းမြင့်ကို ဖွင့်ပြောပြီးယင် သူက နောက်ဆုတ်သွားယင်တော့ တော်ပါရဲ့၊ အခန့်မသင့်ပဲ ဖေဖေ့ကို တိုင်ပြီး နားပူနားဆာ သွားလုပ်ယင်တော့ ဖေဖေက ချက်ချင်း အုန်းမြင့်နဲ့ပေးစားမှာ"

"ဟူး....မလွယ်ပါလား ပိုင်ရာ"

ဝေယံဦး ညည်းလိုက်၏။

"ကဲပါလေ၊ ပိုင် ဆုံးဖြတ်လိုက်ပါပြီ၊ မောင်က ဒီလောက် တောင် ပြောစေချင်မှ ပိုင် သူ့ကို ပြောပြ လိုက်တော့မယ်"

"ကိုးဆယ်ရာခိုင်နှုန်းတော့ နောက်ဆုတ်သွားမှာ သေချာပါတယ် ပိုင်၊ ကိုယ် မချစ်မနှစ်သက်တဲ့သူကို လက်ထပ်ဖို့ ကြိုးစား ကြတယ်ဆိုတာ ဝတ္ထုတွေ ရုပ်ရှင်တွေ ထဲမှာပဲ ရှိတာပါ"

"မောင် ပြောတဲ့အတိုင်း ဖြစ်လာပါစေလို့ ဆုတောင်း ရတာပဲ မောင်"

ပိုင် စိတ်တထင့်ထင့်။

သို့သော် ချစ်သူစိတ်ချမ်းသာစေရန် အုန်းမြင့်ကို သူနှင့် ဝေယံဦးအကြောင်း ဖွင့်ပြောရမည်။

"ပိုင်"

"မောင်"





"ပိုင် မျက်နှာသိမ်မကြည်ဘူး"

"မောင် ထင်လို့ပါ"

"မောင့်ကို ချစ်ယင် မွှေးမွှေးပေး"

"အိုး....မောင်ကလဲ"

"ချစ်ယင် မွှေးကွာ"

"အိုး....ရှက်စရာ"

"ရှက်စရာလား၊ လာခဲ့ မွှေးမွှေးပေး၊ မပေးယင် မောင် ပြန်မလွှတ်တော့ဘူး"

ဝေယံဦးက တိုး၍ ဖက်သည်။ နောက်ဆုံးတော့ ဝေယံဦး ကို ပိုင် အရှုံးပေးရသည်။

"သိပ်ဆိုးတာပဲ၊ သွား"

ပိုင်က ဝေယံဦးပါးကို ရွှတ်ကနဲ တချက် နမ်းလိုက်ပြီး အရှက်ပြေ ပြောသည်။ ဝေယံက ပိုင့် မျက်နှာအနှံ့ကို အငမ်း မရ နမ်းသည်။

ခရေပင်ထိပ် အရွက်တွေကြားမှာ အသက်ရှူ ရပ်သ ခံစားနေရသူက အုန်းမြင့်။

ဝေယံနှင့် ပိုင်တို့ ပလူးပလဲနေပုံကို ကြည့်ပြီး သူ လုံး တောင့်တင်း အေးစက်နေ၏။ ရင်တွေ ထ သည်။

စည်သူ ပြောပြ၍ သစ်ပင်ပေါ်သို့ ကြိုတင် ရောက်နေပြီး ဝေယံနှင့်ပိုင့်ကို ချောင်းနေခဲ့သည် မဟုတ်ပါလား။

အုန်းမြင့် အတော် စိတ်ပျက်သည်။

အသည်းတွေ ဟက်တက် ကွဲသွားသည်။

ပိုင့်ကို သူ ချစ်နိုင်ပါဦးမလား။

မိမိကို မချစ်မနှစ်သက်ပဲ ဝေယံဦး၏ ရင်ခွင်ထဲမှာ ကြည်နူးနေတဲ့ ပိုင်။

အုန်းမြင့် သိပ်ရှက်မိသည်။ ဩော်.... ကိုယ်က တဘက်သတ် စွဲလန်းခဲ့ရတဲ့ အဖြစ်။

“မောင်”

“အချစ်”

“လွတ်တော့ကွယ်၊ ပိုင် ပြန်တော့မယ်”

“ပြန်စရာလား”

“အန်တီ ဒေါ်အောင်မေ နိုးလာယင် မကောင်းဘူး၊ [illegible]မောင်နဲ့ပိုင်ကို ရိပ်မိသွားကြမယ်”

“[illegible]နွားဖောက်ပြီးသား ဖြစ်တာပေါ့”

ဝေယံဦး “[illegible]နွားဖောက်ပြီးသား ဖြစ်တာတော့ ဖြစ်တာပဲ၊ ဒါပေ[illegible]

“ပိုင်[illegible]တဲ့အတွက်တော့ ပိုင် သိက္ခာကျမှာပေါ့၊ ကဲ....

“မောင်[illegible]





ပိုင်က အတင်း ရုန်းပြီး ပြေးထွက်သွားသည်။ ဝေယံဦးလည်း သူ့ခြံဘက်သို့ ပြန်သွားသည်။

အသည်း ဟက်တက်ကွဲပြီး သစ်ပင် အကိုင်းအခက်တွေကြားမှာ ကျန်ရစ်သူက အုန်းမြင့်။

ဩော်....ပိုင်၊ ပိုင်၊ စောစောကတည်းက ဒီကောင်နဲ့ဖြစ်နေတယ်လို့ ငါ ထင်မိသားပဲ၊ မိန်းမတွေများ သိပ် နားလည်ရ ခက်ပါလားဗျာ၊

* * *

## အခန်း ( ၂၂ )

"ပိုင်"

"ဩော်....ကိုအုန်းမြင့်"

"ကျွန်တော် နေ့လည် ပြန်မယ်"

"ဟင် မြန်လှချည်လား"

အုန်းမြင့် မျက်နှာညှိုးနေသည်။

ပိုင့် မျက်နှာကို မကြည့်။

"ကျွန်တော် ကျောင်းလုပ်ငန်းတွေပစ်ပြီး လာခဲ့ရတာ၊ ကြာကြာနေလို့ မရဘူး ပိုင်"





"ပိုင် ကိုအုန်းမြင့်နဲ့ ဆွေးနွေးစရာရှိတယ်"

"ဘာများလဲ ပိုင်"

အုန်းမြင့်က မသိဟန်ပြု၍ မေးသည်။

ပိုင် ပြောမည့် စကားကို မသိပဲ နေပါမလား။

"ကိုအုန်းမြင့်နဲ့ ပိုင့် ကိစ္စပါ"

ပိုင့် အသံက တည်ငြိမ်သည်။

အုန်းမြင့်ကို အားတော့နာမိ၏။ သို့သော် မပြော၍လည်း ဖြစ်မည် မဟုတ်။

"ပြောပါ ပိုင်"

"ပိုင့်မှာ ချစ်သူရှိနေပြီးသားမို့"

"ကျွန်တော် သိပြီးပါပြီ ပိုင်"

ပိုင့် စကားမဆုံးမီ အုန်းမြင့် ဝင်ပြောသဖြင့် ပိုင် အံ့သြသည်။

"ဩော်....ကိုအုန်းမြင့်က သိနေမှကိုး"

ပိုင် ရှက်တော့ ရှက်မိသား။

"ဟုတ်ကဲ့၊ ကိုဝေယံဦးနဲ့ ပိုင် ချစ်နေကြတာ ကျွန်တော် သိပါတယ်"

ပိုင်က သူ့လက်ဝါးလေးနှစ်ဘက်ကို ပွတ်သပ်နေယင်း ခေါင်းငုံ့ထားသည်။

ညတုံးက ဝေယံနှင့် သူမ ချစ်စကားပြောနေပုံများကို
အုန်းမြင့်ချောင်းကြည့်ခဲ့မှန်းသိလျှင် ပိုင်ဘယ်လိုနေမည်မသိ။

"ပိုင်တို့ကိစ္စအတွက် ကိုအုန်းမြင့်ကူညီပါလားဟင်"

အုန်းမြင့်ရင်ထဲမှာ အောင့်သည်။

ဩော်– စကားတတ်လှချည်လားပိုင်ရယ်။

"ကျွန်တော် ဘယ်လို အကူအညီပေးရမလဲဆိုတာ ပြော
ပါပိုင်"

"ကိုအုန်းမြင့်နဲ့ပိုင့်ကိစ္စ ဖျက်သိမ်းပစ်လိုက်ဖို့ ဖေဖေ့ကို
ပြောပေးပါလားဟင်"

ဩော်....ရက်စက်လိုက်တာ ပိုင်ရယ်ဟုပင် အုန်းမြင့် ထ
အော်ချင်မိ၏။

သူ့အပေါ် လုံးဝမငဲ့ကွက်သောပိုင့်ကို စိတ်ပို၍ကုန်သွား
သည်။

"စိတ်ချပါပိုင်၊ ကျွန်တော် အန်ကယ့်ကို အ ကျိုး
အကြောင်း ပြောပြပေးပါမယ်"

ကိုအုန်းမြင့်က ရင်နာနာဖြင့် ဝန်ခံကတိပေးသည်။

"ပိုင် ကိုအုန်းမြင့်ကို ခင်ပါတယ်၊ ဒါပေမယ့်...."

"ကျွန်တော်နားလည်ပါတယ်လေ၊ ကျွန်တော့်အတွက်
ပိုင် ဘာမှ စိတ်အနှောင့်အယှက်မဖြစ်ပါနဲ့၊ ပိုင်တို့ အဆင်ပြေ





အောင်သာ ကြိုးစားပါ၊ အန်ကယ့်ကို နားလည်အောင်
ကျွန်တော် ပြောပေးပါ့မယ်"

တည်ကြည်သောအုန်းမြင့်အသံ။

ရင့်ကျက်သောမျက်နှာအမူအရာကို ကြည့်ပြီး ပိုင်လေး
စားမိ၏။

"ကိုအုန်းမြင့်၊ ဖေဖေ့ကို စာပေးလိုက်ပါ၊ ပိုင်စာရေး
ထားတယ်"

အုန်းမြင့်က ပိုင် သူ့ဖေဖေကို ပေးသည့်စာ လှမ်းယူပြီး
ထိုင်ရာမှထ၏။

"ဩော်....ခိုင်လဲ မမြင်ပါလား၊ ကျွန်တော် နှုတ်မဆက်
သွားဘူးဆိုပြီး စိတ်ကောက်နေဦးမယ်"

"ခိုင်ရှိပါတယ်၊ ခိုင်ရေ"

ပိုင်အော်ခေါ်လိုက်သဖြင့် ခိုင်အိမ်ထဲမှ ထွက်ခဲ့သည်။

"အစ်ကိုပြန်တော့မယ်၊ ခိုင်မှာစရာရှိသေးလား"

ခိုင့်မျက်နှာမှုန်သွားသည်။

"ဟင်– ပြန်တော့မှာလား၊ ခိုင့်ကို ဘုရားလိုက်ပို့မယ်ဆို"

"နောက်တခေါက်လာမှ သွားပို့ ပေးတော့မယ်နော်၊
ကျောက်ဆည်မှာ အလုပ်တွေပစ်ခဲ့ရလို့ မြန်မြန်ပြန်ရမှာ
ခိုင်ရဲ့၊ ကျောင်းကလဲ တဘက်"

"ဟင့်အင်း....မပြန်ရဘူး"

"ခိုင်ကလဲ လိမ္မာသားနဲ့၊ အစ်ကို မကြာခင် ပြန်လာခဲ့မယ်ဟုတ်လား"

အုန်းမြင့်က ခိုင်စိတ်ကျေနပ်ရန် ချော့သည်။ အုန်းမြင့်နှင့် ခိုင်ကို ကြည့်ပြီး ပိုင်စိတ်မကောင်း။

အုန်းမြင့်က ခိုင့်အပေါ် တကယ်သံယောဇဉ် ရှိသည်။ ညီမအရင်းအချာလေးလို သည်းခံသည်။

"ကဲ....အစ်ကို ပြန်မယ်၊ ခိုင်သုံးဖို့ရော့"

အုန်းမြင့်က အင်္ကျီအိတ်ထဲမှ ရာတန်ဆယ်ရွက်ကိုထုတ်ပြီး ခိုင့်ကို ပေးသည်။

ခိုင်မယူ။

ငွေအလွန်မက်သောခိုင်တယောက် ဘာဖြစ်နေတာ ပါလိမ့်။

နှုတ်ခမ်းစူပြီး မှုန်ကုပ်နေသည်။

"ရော့....ယူလေခိုင်"

အုန်းမြင့်က အတင်းပေးနေသည်။

"မယူချင်ဘူး၊ မယူဘူး"

ခိုင်စွတ်အော်သည်။

"ဟဲ့.... ဘာဖြစ်တာလဲခိုင်၊ ကိုအုန်းမြင့်က အကောင်းပေးနေတာကို ယူလိုက်လေ"





"မယူဘူး၊ အစ်ကို မပြန်ရဘူး၊ ခိုင်ငိုမှာပဲ၊ ခိုင်နဲ့အားရအောင် လျှောက်လည်ပြီးမှပြန်"

အုန်းမြင့်၏ အမူအရာက ခိုင်စိတ်ဆင်းရဲမှာ စိုးရိမ်နေသည်။

ခိုင်ကလည်း နွဲ့ဆိုးဆိုးနေဆဲ။

ပိုင်အံ့ဩနေ၏။ သည်လောက်ကပ်စေးနဲသော အုန်းမြင့်တယောက်ခိုင့်အပေါ်မှာ ရက်ရောလှချည်လားဟု....

"ဟင်...."

ခိုင်ငိုချလိုက်သဖြင့် ပိုင်က အံ့ဩသွားသလို အုန်းမြင့်လည်း ပျာယာခတ်နေသည်။

"မငိုပါနဲ့ညီမရာ"

"မပြန်ရဘူး"

"မပြန်တော့ဘူးဟုတ်လား၊ အခုခိုင့်ကို ရွှေတိဂုံဘုရားလိုက်ပို့မယ်၊ ပြီးမှ ပြန်မယ်"

ခိုင်က ငိုနေဆဲ၊ အုန်းမြင့်က ခိုင့်ခေါင်းကို ပုတ်လိုက်၏။ ပြီးတော့ ခိုင့်လက်ကို ဆုပ်ကိုင်လိုက်ပြီး။

"လာခိုင်၊ ဘုရားလိုက်ပို့ပေးမယ်၊ ရော့ ဒီမုန့်ဖိုးတွေသိမ်းထားလိုက်"

ခိုင်ကသည်တော့မှငွေတွေလှမ်းယူပြီး သူ့အခန်းထဲ ပြေးဝင်သွားသည်။

"ပိုင် အားနာလိုက်တာ ကိုအုန်းမြင့်"

"ခိုင်က သည်လိုပဲ၊ ဆိုးနေနဲ့နေကျပါပဲဗျာ"

ခိုင်က အဝတ်အစားလဲပြီး ထွက်လာသည်။

"လာ....အစ်ကို"

အုန်းမြင့်၏လက်ကိုဆွဲပြီး အိမ်ထဲမှထွက်သွားသည်။

ငေးကြည့်ပြီး ကျန်ရစ်သူက ပိုင်။

ဓာကြာတော့ ကားစက်နှိုးသံကြားရ၏။

နောက်တနေ့ နံနက်စောစောမှပင် အုန်းမြင့် ကျောက်ဆည်သို့ ပြန်ခွင့်ရတော့သည်။

ခိုင် မနိုးခင် အစောကြီးထလစ်ခဲ့ရ၏။

သို့မဟုတ်ပါက လွယ်မည်မဟုတ်....

ဩော်....ခိုင့်လို စိတ်သိပ်မမှန်ရှာတဲ့ မိန်းကလေးကမှ င့် အပေါ် သံယောဇဉ် ရှိပါသေးလား၊ ပိုင်ကတော့ သိပ်စိမ်း ကားရက်စက်တာပဲ။

အုန်းမြင့်၏ရင်ထဲမှာ အမျိုးအမည် မ ကွဲ ပြား သော သံယောဇဉ်တွေက ခိုင့်အပေါ် ရစ်ပတ် နှောင်ဖွဲ့ မိ ခဲ့ ပြီ မဟုတ်ပါလား။

* * *





ဖေဖေ....

သမီးကိုခွင့်လွှတ်ပါနော်....

သမီးနဲ့ကိုအုန်းမြင့်ကိစ္စကို ဖျက်သိမ်းပေးပါ ဖေဖေ၊ သမီးမှာချစ်သူရှိတယ်၊ ဖေဖေ သူ့ကိုသိပါတယ်၊ သမီးချစ်သူက ကိုဝေယံဦးပါဖေဖေ၊ အင်ဂျင်နီယာဘွဲ့ရထားပြီးပါပြီ၊ လွန်ခဲ့တဲ့ ဆယ်ရက်ခန့်ကပဲ အလုပ်ခန့်စာကို သူ ရရှိခဲ့ပြီးပါပြီ၊ နိုင်ငံခြားသဘောာ ကုမ္ပဏီတခုမှာ ဒုတိယအရာရှိအဖြစ်အလုပ်ဝင်ရတော့ မှာပါ။

ကိုဝေယံဦးတို့ မိသားစုမှာ ပစ္စည်း အသင့်အတင့်လဲရှိပါတယ်၊ ပြီးတော့ ကိုဝေယံဦးမှာအပြစ်ဆိုစရာဘာတကွက်မှ မရှိပါဘူးဖေဖေ၊ သမီးအနေနဲ့ ကိုဝေယံဦးကိုပဲ လက်ထပ်ချင်ပါတယ်။

သမီးအပေါ်မှာ ဖေဖေတို့ ကျေး ဇူး တွေ အများကြီး ရှိတယ်ဆိုတာ နားလည်ပါတယ်ဖေဖေ၊ သမီးအနေနဲ့ ဖေဖေ သဘောတူတဲ့ ကိုအုန်းမြင့်ကို လက်မထပ်နိုင်ပေမယ့် ဖေဖေ လက်ခံနိုင်တဲ့ အဆင့်အတန်း အချင်းစာရိတ္တရှိတဲ့ ကိုဝေယံဦးကို ရွေးခဲ့ပါတယ်၊ သမီးနဲ့ ကိုဝေယံဦး အ ကြောင်း ကို လဲ ကိုအုန်းမြင့် သိပြီးပါပြီ။ ဖေဖေ အနေနဲ့ ကိုဝေယံဦး

နဲ့ သမီးကို အတင်းခွဲမယ်ဆိုယင် သမီးကိုယ် သမီး ဒဏ်ခတ်တဲ့အနေနဲ့ ဒီဘဝ အိမ်ထောင်မပြုပါရစေနဲ့ တော့။ ဝတ်ကြောင်ကိုစွန့်ပြီး သီလရှင်ပဲ ဝတ်တော့ မယ်။

ဖေဖေ့ ကျေးဇူးကို
အမြဲသတိရ အောက်မေ့လျက်
သမီး....
ယမင်းပိုင်။

"တောက်"

စာကိုလုံးခြေပြီး ဦးသာလွှင့်ပစ်သည်။

ပိုင့်ကို ဒေါပွ၍မဆုံး။

"မိဘကလက်နဲ့ရေး၊ သူကခြေနဲ့ဖျက်"

"ဒီလောက်လဲ စိတ်မဆိုးပါနဲ့ အန်ကယ်၊ ပိုင်ရွေးတဲ့ ဝေယံဦးဆိုတဲ့ သူကလဲ မဆိုးပါဘူးလေ၊ သဘောမတူနိုင်စရာ တကွက်မှ မရှိဘူး မဟုတ်လား အန်ကယ်"

အုန်းမြင့်က ဦးသာကို ဖျောင်းဖျသည်။

"မောင်အုန်းမြင့်တို့ မိဘတွေနဲ့က စကားလွန်ပြီးသား မဟုတ်လား၊အန်ကယ်သိပ်အားနာတယ်၊ ပြီးတော့ သိပ်ရှက် တာပဲ"





ဒေါ်စိန်ပွင့် အိမ်ထဲမှထွက်လာသည်။

"ပိုင်က မင်းကိုဘယ်နှစ်သက်မလဲ မောင်အုန်းမြင့်၊ မင်း မှာ ဟိုရောဂါတွေ ဘာတွေ ဖြစ်ဖူးတယ်ဆို"

အုန်းမြင့် မျက်လုံးမျက်ဆန် ပြူးသွားရ၏။

"ဘာရောဂါလဲ အန်တီပွင့်"

"အို....ပြောရမှာ အားနာပါတယ်၊ မင်းက တယ်မွေ တယ်ဆို"

"ဘယ်သူပြောလဲ အန်တီရာ"

"ပိုင် ပြောတယ်"

"ဟောဗျာ"

သူ့နဖူးကို သူ့လက်ဝါးဖြင့်ရိုက်မိအောင် စိတ်ပျက်သွား ရသူက အုန်းမြင့်။

"တော်စမ်းစိန်ပွင့်၊ နင့်တူမက အုန်းမြင့်ကို မလိုချင်လို့ ထင်ရာစွတ်ပြောခဲ့တာတွေကို နင်က တကယ်ယုံမနေနဲ့၊ ပိုင် တော့လား၊ ရန်ကုန်လိုက်သွားပြီး သတ်ပစ်မှအေးမယ်"

ဦးသာက ဒေါပွပွဖြင့် ကြိမ်းလိုက်သည်။

"ပိုင် စိတ်ချမ်းသာသလို ခွင့်ပြုလိုက်ပါ အန်ကယ်"

ဦးသာဘာမျှမပြော၊ တိတ်ဆိတ်ငြိမ်သက်စွာ တွေးနေ သည်။

ပိုင့်ကို လုံးဝမကျေနပ်။

ပိုင့်ကို လူမမည်အရွယ်မှစ၍ ကောက်မွေးခဲ့သည်။ သည်အကြောင်းကို သူနှင့် မစိန်ပွင့်တို့ မောင်နှမက ဖုံးဖိခဲ့သည်။

သို့သော် ဆွေမျိုးသားချင်းထဲမှ အချို့က သိကြသည်။

ပိုင့်အနေဖြင့် မသိခဲ့ဟုထင်သည်။ ယခု.... ပိုင့်စာထဲမှာ သမီးအပေါ် ဖေဖေတို့ကျေးဇူးတွေ အများကြီး ရှိတယ်ဆိုတာ သိနားလည်ပါတယ်တဲ့၊ ပိုင် သမီးအရင်း မဟုတ်တဲ့ အကြောင်း ပိုင်သိသွားခဲ့ပြီ ထင်ပါရဲ့။

လူတွေ....လူတွေ....

အတော်ခက်သည်။ ဘယ်လောက်ပဲ ဖုံးခဲ့၊ ဖုံးခဲ့၊ လူ့ ပါးစပ်တပေါက်ကို ပိတ်ဖို့က မလွယ်။

ဝေယံဦးနှင့်အတင်းခဲ့ပြီး အုန်းမြင့်နှင့် အမမှ ပေးစားလျှင် သမီးအရင်းမဟုတ်လို့ ရက်စက်သည်ဟု ပိုင် ယူဆသွားမည်။

ပိုင့်ကို ခိုင်နှင့် တန်းတူချစ်ခဲ့တာ သူ့ ကိုယ်သူအသိဆုံးပါ။

"အန်ကယ်"

"ဟင်း"

"ကျွန်တော်နဲ့ ကျွန်တော့်မိဘတွေအတွက် ထည့် မစဉ်းစားပါနဲ့၊ ပိုင်လဲ ပညာတတ် တယောက်ပဲ၊ ခေတ်အမြင်ရှိတယ် အန်ကယ်....၊ အန်ကယ် အတင်းအကျပ်စီမံလို့ နာခံကြမှာ မဟုတ်ဘူး"





အုန်းမြင့်စကားက မှန်ပေစ့။

"မင်းလို သဘောဖြူအူစင်း လူငယ်မျိုးကို အန်ကယ်သားမက် မတော်ရတာကိုတော့ စိတ်ထိခိုက်မိတယ်ကွာ"

ပြောပြီး ဦးသာမှာ မျက်နှာကြီး နီမြန်းကာ နေရာမှ ထသွားတော့သည်။

"မောင်အုန်းမြင့်"

"ခင်ဗျာ၊ အန်တီ ပွင့်"

"အန်တီ ပြောမိ ဆိုမိခဲ့တာတွေကို စိတ်မရှိနဲ့နော်"

"ကိစ္စမရှိပါဘူး အန်တီ၊ ရပါတယ်"

"ပိုင်က သူ့ ပညာ သူ့ အသိဉာဏ်နဲ့သူမို့ အန်တီတော့ ပိုင့် အတွက် မစိုးရိမ်ပါဘူး၊ စိုးရိမ်ရတာက ခိုင့် အတွက်ပဲ မောင်အုန်းမြင့်ရယ်၊ ခိုင့်ကို ဂရုစိုက်နော်"

"ဗျာ....ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ ကျွန်တော် ပြန်ပါဦးမယ် အန်တီ"

"အေး....ကောင်းပါပြီကွယ်"

အုန်းမြင့်တကိုယ်လုံးရှိန်းဖိန်းပြီး ပြန်ခဲ့ရသည်။ အန်တီပွင့်စကားက တမျိုးကြီးပဲ။

ခိုင်....ခိုင်.... ငါ့အပေါ် အစ်ကိုအရင်း တယောက်လို သိပ်တွယ်တာတဲ့ မိန်းကလေး။

* * *

## အခန်း ( ၂၃ )

"အဟင်း....ဟင်း၊ မင်းက မမ ဒီအကြောင်းကို မသိဘူး ထင်လို့လားစည်သူ"

ပိုင်က သဘောကျစွာ ရယ်သည်။ ပြီး တော့ စည်သူ့ မျက်နှာကို စိုက်ကြည့်သည်။

စည်သူက အံ့ဩသွားသည်။

ထမင်းချက် ဒေါ်ဒေါ်မြ ပြောပြစဉ်က ဒီကိစ္စကို ပိုင် မသိဟု ဆိုခဲ့သည်။

ဦးသာ၏ မွေးစားသမီးဖြစ်ကြောင်း သူ့ ကိုယ်သူ ပိုင်မသိဟု ကြားခဲ့ရ၏။





ယခု ပိုင်က သိနေတယ်တဲ့။

"ဒီမှာ စည်သူ၊ မင်း ဘယ်လိုပြောလိုက်တယ်၊ မင်း စကား ကို ထပ်ပြောပါဦး"

"မမကို ကျွန်တော်က အကောင်းပြောတာပဲ ဗျာ"

"မင်း ပြောခဲ့တယ်နော်၊ မမဟာ မွေးစားသမီး၊ အန်ကယ် ဦးသာရဲ့ ကျေးဇူးကို ထောက်ပြီး ကိုဝေယံဦးနဲ့ အဆက်ဖြတ် ပါလို့"

"ဒါ စေတနာစကားပဲ မမ"

"ဒီမှာ စည်သူ၊ ငါဟာ မွေးစားသမီး ဆိုတာ ငါသိခဲ့တာ ကြာပြီ၊ အမှန်တရားဆိုတာ ဘယ်လိုပဲ ဖုံးကွယ်၊ ဖုံးကွယ်၊ ဖုံးကွယ်လို့ မရပါဘူးကွာ၊ တို့အမျိုးတွေထဲက တချို့ကပြော ပြ ကြတယ်။ ဒါကြောင့် ဒီအကြောင်းတွေ သိခဲ့တာကြာပြီ"

ပိုင့် မျက်နှာတချက်မှ မပျက်။

"ကိုအုန်းမြင့်ကို လက်မထပ်တာနဲ့ ဖေဖေ့ ကျေးဇူးကို မသိတတ်ရာ ကျတယ်လို့မဆိုနိုင်ပါဘူး၊ ဖေဖေ့မျက်နှာ မဖော် ရဲလောက်တဲ့ အတန်းအစားက လူတယောက်ကို မမ ချစ်နေ တာ မဟုတ်ဘူး၊ ကိုဝေယံဦးဟာ အရည်အချင်းရှိတဲ့ လူ တယောက်ပါ၊ ဖေဖေ့အနေနဲ့ ငြင်းကွက်တခုမှ မရှိဘူးလို့ ထင်တယ် စည်သူ"

စည်သူ ခေါင်းငိုက်စိုက် ကျရပြီ။

ရင်ထဲမှာ ဟာသွားသည်။

အမှန်တော့ ပိုင့်ကို ဝေယံဦးနှင့် ပြတ်သွားစေချင်သည်။ အုန်းမြင့်ဘက် တွန်းပေးပြီးမှ အုန်းမြင့်နှင့် ပိုင့် ကြား သို့ ဝင်ရန် ရည်ရွယ်ခဲ့၏။

အုန်းမြင့်နှင့် ပိုင့်ကြားသို့ဝင်ရန် လွယ်သည်။

ဝေယံဦးနှင့် ပိုင့်ကြားသို့ဝင်ရန် မလွယ်။

ခုတော့ပိုင်က ပြတ်ပြတ်သားသား ဆုံးဖြတ်ထားပြီးပြီ။ ဝေယံဦးမှ ဝေယံဦး။

"နေပါဦးစည်သူ မင်းကိုမမနားမလည်လို့ မေးပါရစေ၊ ဘာဖြစ်လို့ မမကိစ္စကို မင်း ဒီလောက် ဝင်ရှုပ်နေရတာလဲ"

စည်သူက မဖြေ။

ပိုင့်ကို မှုန်ကုပ်ကုပ်ကြည့်နေသည်။

"မမမေးတာဖြေလေ၊ ဘာဖြစ်လို့ ဒီလောက်ဝင်ရှုပ်နေရတာလဲလို့"

စည်သူက ဆတ်ကနဲထရပ်သည်။

ပြီးတော့ ပိုင့်ကို ဝါးစားတော့မတတ် စိုက်ကြည့်ပြီး....

"သဘောမကျလို့ဗျ၊ သိပြီလား" ဟု ပြော၏။

ပိုင် သရော်ပြုံးပြုံးသည်။

"မနက်ဖြန် ဖြေပြီးယင် မမစာမေးပွဲပြီးပြီ စည်သူ၊ ကိုဝေယံဦးနဲ့မမ ကျောက်ဆည်ပြန်ပြီး မိဖေ သဘောတူ





အောင် ပြောကြဖို့ ဆုံးဖြတ်ပြီးပြီ။ ကိုဝေယံသဘော်မလိုက်ခင် လက်ထပ်ကြမယ်"

"အန်ကယ် သဘောမတူယင်ကော"

"ကျောက်ဆည်ကနေ တခါတည်း ခိုးရာ လိုက်သွားမှာပေါ့"

ပိုင်က ပြောသလိုလုပ်မည့်သူ။

"တောက်"

စည်သူက တောက်တချက်ကို ပြင်း ပြင်း ခေါက်လိုက်သည်။ ပြီးတော့ ပိုင်၏ပခုံးနှစ်ဘက်ကို ကြမ်းတမ်းစွာ ဆုပ်ကိုင်လိုက်သဖြင့် လန့်သွားရသူက ပိုင်။

"မင်း ဘယ်လိုလုပ်တာလဲ စည်သူ"

"မမကို ဘယ်သူနဲ့မှ ကျွန်တော်သဘောမတူနိုင်ဘူး၊ မမကို ကျွန်တော်ချစ်တယ်"—

"ဘာ...."

ပိုင်လန့်ပြီး အော်လိုက်သည်။

သူမအသံက ကျယ်ကျယ်လောင်လောင်။

မျက်ရည်တွေရစ်ဝဲနေသည့် စည်သူ့ကိုကြည့်ပြီး ပိုင့်ရင်ထဲမှာ ဒေါသဖြစ်ခြင်း၊ ရှက်ခြင်း၊ ယူကျုံးမရခြင်း စသော ဝေဒနာတွေက အနန္တ။

"မမ ကျွန်တော့်ကိုပဲယူရမယ်"

"တော်စမ်း၊ ခွေးကလေး၊ နင့်ကိုမောင်လေးတယောက်လို ခွင့်လွှတ်ခဲ့သမျှ မှားပြီ"

စည်သူက ပိုင့်ကို အတင်းဆွဲဖက်လိုက်၏။

"ကဲ...."

"ဖြန်း...."

စည်သူ၏မျက်လုံးထဲမှာ အလင်းရောင်တန်းကလေးတွေ ဖြာသွားသည်။

"ဟင်....မမ ကျွန်တော့်ကိုရိုက်တယ်ဟုတ်လား၊ ချစ်တာအပြစ်လားဗျ၊ ပြောစမ်းပါ"

ပိုင့်ပခုံးတွေကို ကြမ်းကြမ်းဆွဲခါပစ်သည်။ နမ်းဖို့ ကြိုးစားသည်။

"လွှတ်စမ်းစည်သူ၊ ငါဒေါသဖြစ်လာပြီ"

"မလွှတ်ဘူးဗျာ"

"ကဲ....မိုက်ရိုင်းဦး၊ စော်ကားဦး"

"ဖြန်း....ဖြန်း"

စည်သူ့ပါးတွေ ပူထူသွားသည်။

နာကျည်းစိတ်ကြောင့် ပိုင့်ကိုတွန်းပစ်သည်။

"ချစ်တာ အပြစ်ရှိလားဗျာ၊ ခင်ဗျားချစ်တဲ့လူကျတော့ ဒီထက်မက ကြည်ဖြူနိုင်တယ် မဟုတ်လား"





"တော်စမ်း၊ ခွေးထက်မိုက်တဲ့ကောင်လေး"

ပိုင့်အသားတွေ တဆတ်ဆတ်တုန်နေသည်။

"မင်းကို အန်ကယ်နဲ့ရော၊ အန်တီနဲ့ပါ တိုင်ရမယ်၊ မင်းလောက် ရိုင်းစိုင်းတဲ့လူမျိုး ဒီလောကမှာ ရှိမှာမဟုတ်ဘူး"

"တိုင်စမ်းပါဗျာ၊ ကြိုက်တဲ့လူနဲ့တိုင်၊ ရဲဌာနကိုသွားတိုင်ဦးမလား၊ စည်သူတို့က မကြောက်သေးဘူး၊ ကျုပ်က ချစ်တော့အပြစ်တဲ့၊ ဟိုကောင် စိတ်ကြိုက်ပြုမူ နေသမျှတော့ ကြည်ဖြူတယ်ပေါ့"

"စည်သူ၊ မင်း ငါ့နားကထွက်သွားစမ်း"

"မသွားဘူးဗျာ"

ပိုင်က စည်သူ့နားမှ ပြေးထွက်ခဲ့သည်။

မီးဖိုခန်းထဲသို့ ဝင်လာ၏။

ပိုင်၊ စည်သူနှင့် ထမင်းချက် ဒေါ်ဒေါ်မြတို့သာရှိသည်။ ဒါကြောင့် စည်သူ အခွင့်အရေးသာခဲ့ခြင်းဖြစ်၏။

"ဟင်....ပိုင်၊ ဘာဖြစ်လို့လဲ"

မီးဖိုခန်းထဲ ငိုပြီးဝင်လာသူ ပိုင့်ကိုကြည့်ပြီး ဒေါ်ဒေါ်မြမှာ မျက်လုံးမျက်ဆန် ပြူးသွားသည်။

"ဘာဖြစ်လို့လဲပိုင်"

"စည်သူ.... စည်သူ၊ ပိုင့်ကို ရည်းစားစကား ပြောပြီး အတင်းအကျပ်ဖက်လို့"

"မြတ်စွာဘုရား"

ဒေါ်ဒေါ်မြ မျက်လုံးပြူးရပြီ။

တစ်တရားခံသည် ဒေါ်မြ မဟုတ်လား၊ ပိုင် နှင့် စည်သူ ဘာမျှ မတော်ကြောင်း ဒေါ် မြ ပြောပြခဲ့၍သာ စည်သူ သိရှိခဲ့ရခြင်းပါ၊ ဒေါ်ဒေါ်မြသာ မပြောခဲ့မိလျှင် စည်သူ သိမှာမဟုတ်။

"အန်ကယ်တို့ပြန်လာယင် တိုင်ပြောမယ်"

"အမယ်လေး....မတိုင်ပါနဲ့ ပိုင် ရယ်၊ မောင်ထွန်းဘော် အကြောင်းလဲ ပိုင်အသိသားနဲ့၊ မောင်ထွန်းဘော် ဒေါသ ဖြစ်ယင် စည်သူသေမှာ၊ ပိုင်မပါယင်ပြီးတာပါပဲ၊ သည်းခံပါကွယ်"

ဒေါ်ဒေါ်မြက သူ့ အပြစ်ကို သူ မလုံ၊ ပိုင်နှင့် စည်သူ ဘာမျှ မတော်ကြောင်း ပြောမိခဲ့သည့် အပြစ်အတွက် စိုးကြောက်၍မဆုံး။

"ပိုင်ရယ်.... လိမ္မာပါကွယ်၊ ပိုင်လဲ ဝေယံနဲ့ လက်ထပ်ဖို့ ဆုံးဖြတ်ပြီးပြီ မဟုတ်လား၊ ဒီကိစ္စ လူကြီးတွေ မသိပါစေနဲ့နော်၊ မီးခိုးကြွက်လျှောက် အားလုံး စိတ်ဆင်းရဲကြရမှာစိုးလို့ ပြောရတာပါ"

ဒေါ်ဒေါ်မြက ဖျောင်းဖျသည်။





ပိုင်ငြိမ်နေသည်။

သေသေချာချာ စဉ်းစားသည်။

ဒေါ်ဒေါ်မြ စကားတွေကို တစစ လက်ခံလာမိသည်။

"ပိုင်...."

"ရှင်...."

"ဒေါ်ဒေါ်မြပြောတာ နားထောင်ပါကွယ်နော်"

"ကောင်းပါပြီ ဒေါ်ဒေါ်၊ သန်ဘက်ခါ ပိုင် ကျောက်ဆည်ပြန်မယ်၊ ကိုဝေယံကိုပါ ခေါ်သွားမယ်"

"အေး.... အေး၊ ကောင်း တယ်၊ ပိုင် ဆုံးဖြတ်တာ မှန်တယ်"

နောက်တနေ့ ညနေတွင် ပိုင် အဝတ်အစားတွေ သိမ်းသည်။ ပြီးတော့ ခိုင့်ကို ပြောသည်။

"ခိုင်"

"ရှင်"

"မမ ကျောက်ဆည်ကို ခဏပြန်မယ်၊ ခိုင်လိုက်မလား"

"မလိုက်ချင်ဘူး၊ အန်တီပွင့်ဆီ မပြန်ချင်ဘူး၊ သိပ် ချုပ်ချယ်တယ်"

"ခိုင့်ကို ထားခဲ့ယင် ဖေဖေဆူမလားပဲ"

"ဖေဖေက ခိုင်ပျော်သလောက်နေဖို့ပြောပြီးပြီပဲ မမရဲ့"

"အင်းလေ.... အရာရာလိမ္မာအောင် နေခဲ့နော်ခိုင်၊ သိပ်အလည်မကြူးနဲ့"

"ကောင်းပါပြီတဲ့"

ခိုင် အခန်းထဲမှ ပြန်ထွက်သွားသည်။

အန်ကယ်ဦးထွန်းဘော်နှင့် အန်တီ ဒေါ်အောင်မေတို့ အကျိုးအကြောင်း ဖွင့်ပြောသည်။

ဝေယံဦးကိုပါ တခါတည်းဝင်ပြောစေသည်။

အန်တီ ဒေါ်အောင်မေက ရိပ်မိနေသူမို့ ဘာမျှ မထူးခြားပေမယ့် အန်ကယ်ထွန်းဘော်က စိတ်ဆိုးချင်သည်။

"အစ်ကိုကြီး ဦးသာက သဘောတူပါ့မလား"

"ပိုင် အကျိုးအကြောင်းစာရေးပြီးပါပြီ"

"ပိုင်နဲ့ မောင်ဝေယံဦး နှစ်ယောက်တည်း လွှတ်လိုက်ဖို့ သင့်တော်ပါ့မလား...."

ဦးထွန်းဘော်က ချင့်ချိန်သည်။ ဦးသာအပြစ် ပြောမှာစိုးရိမ်သည်။

"ကျောက်ဆည်ပြန်မယ့် ပိုင့်သူငယ်ချင်းတွေလဲ ပါတယ် အန်ကယ်"

ပိုင်က ဦးထွန်းဘော်စိတ်ချစေရန် ပြောသည်။ နောက်ဆုံးတော့ ပိုင်နှင့် ဝေယံဦး ကျောက်ဆည်သွားမည့် ကိစ္စကို ခွင့်ပြုလိုက်ရသည်။





နောက်တနေ့နံနက်တွင် ဝေယံဦးနှင့်ပိုင် ကျောက်ဆည် ပြန်သွားကြ၏။

အသည်းကွဲပြီး ကျန်ရစ်သူက စည်သူ။

ကုန်ပြီ။

မျှော်လင့်ရသမျှ ပျက်ပြယ်သွားပြီ။

မျှော်လင့်ချက်တို့ ဆုံးရှုံးခဲ့ရပြီ။

ရင်မှာဟာသည်။

အသည်းကနာသည်။

ဆောက်တည်ရာမရ။ အချစ်နာကျလေပြီ။

* * *

## အခန်း(၂၄)

ဦးထွန်းဘော်က သူ့ အလုပ်ကိစ္စဖြင့် ပုသိမ်သို့ သွားသည်။ ဒေါ်အောင်မေက မော်လမြိုင်ဘက် ဘုရားဖူးသွားသည်။

ဖအေရော၊မအေပါမရှိကြသဖြင့် စည်သူ လွတ်ချင်တိုင်း လွတ်နေသည်။

အချိန်ရတိုင်း အရက်ဆိုင်ရှိရာသို့ရောက်သည်။

ယနေ့လည်း ညနေကတည်းက အရက်ဆိုင်ထဲရောက်နေကာ ယခုည ကိုးနာရီခွဲနေပြီ၊ အိမ်မပြန်ရသေး။





တောင်ဥက္ကလာပ တနေရာရှိ ခေါက်ဆွဲဆိုင်တဆိုင်တွင်းမှာ စည်သူရောက်နေခြင်းပါ၊ ခေါက်ဆွဲနှင့်အတူ အရက်ပါ မှာ၍ရသည်။

ရမ်ပုလင်းလေးကိုထောင်ပြီး စည်သူကိုင်ကြည့်သည်။

ပြီးတော့ တဟားဟားရယ်နေသည်။

ပုလင်းထဲမှာတော့ ချစ်သည့်မမ။

ဆံပင်နက်နက်များကို ဖားလျားချပြီး စည်သူ့မျက်နှာကို လက်ညှိုးငေါက်ငေါက်ထိုးနေသည်။

"မင်းလောက် ရိုင်းစိုင်းတဲ့လူ ဒီ လောကမှာ ရှိမှာမဟုတ်ဘူး"

မမ၏ရန်တွေ့သံတွေ စည်သူ့နားထဲမှမထွက်။

"ကဲကွာ....ကဲကွာ"

ချလွှမ်....

ရမ်ပုလင်းကို စားပွဲခောင်းနှင့်ရိုက်ပစ်လိုက်ပြီး ထိုင်နေရာမှ ထသည်။

"ကွဲတဲ့ပုလင်းခ အတွက်ပါ၊ ရော့"

စားပွဲပေါ် ငွေတွေပုံချခဲ့ပြီး ဆိုင်ထဲမှထွက်ခဲ့၏။

ခြေလှမ်းက မမှန်။

ကားပေါ်သို့ ခက်ခက်ခဲခဲ တက်ရ၏။ ကားစက်ကို ပင်ပန်းစွာနှိုးပြီး အိမ်သို့ မောင်းလာခဲ့သည်။

...မိသို့ မည်သို့မည်ပုံ ပြန်ရောက်လာမှန်း မသိအောင် ...ဖြစ်နေသည်။

တံခါးဝမှ လူခေါ်ခေါင်းလောင်းကို ဖိနှိပ်လိုက်၏။

ခိုင် အိမ်ထဲမှပြေးထွက်လာပြီး တံခါးဖွင့်သည်။

"ဟင်....ကိုကိုလေး၊ အရက်တွေ သောက်လာသလား"

"အေး....ဟုတ်တယ်၊ ငါမူးလာတယ်၊ ဒေါ်ဒေါ်မြကို ဖွင့်ခိုင်းပါလား၊ နင် ခုထိ မအိပ်သေးဘူးလားခိုင်"

"ဘွားဘွားကြီးက နေမကောင်းလို့ အိမ် ပေါ် ထပ် ဘွားဘွားအခန်းထဲမှာ ဒေါ်လေးမြ သွားစောင့်အိပ်နေလို့ ခိုင်က စောင့်နေတာ"

"ဝေါ့...."

စည်သူ အန်ချလိုက်၏။

"ဟင်.... ရွံစရာကြီး"

ခိုင် နှာခေါင်းရှုံ့သွားသည်။

တံခါးကို ပြန်ပိတ်နေသည်။

စည်သူက သူ့အိပ်ခန်းရှိရာသို့ ဒယိမ်းဒယိုင်ဖြင့် လျှောက်လာသည်။

ဝုန်း....

မတ်တတ်မှ ဝမ်းလျားထိုး လဲကျသွား၏။





"ကိုကိုလေး၊ ဘယ်နာသွားသလဲ"

"မနာပါဘူးဟာ၊ မီးဖိုထဲသွားစမ်း ခိုင်၊ သံပရာသီး ရှိသလား၊ ရှာပြီးယူခဲ့"

"ဘာလုပ်ဖို့လဲ"

"ငါ့နားထဲညှစ်ထည့်ပေးစမ်း၊ နည်းနည်းအမူးပြေသွားအောင်"

ခိုင် မီးဖိုထဲပြေးဝင်ခဲ့၏။

သံပရာသီးတခြမ်း အခွင့်သင့်တွေ့သဖြင့် စည်သူ့ထံ ယူခဲ့သည်။

"ဒီမှာ သံပရာသီးကိုကိုလေး"

"ညှစ်ထည့်စမ်းခိုင်၊ ငါ့နားထဲညှစ်ထည့်"

ခိုင်ကစည်သူ၏နားထဲသို့ သံပရာရည်ညှစ်ထည့်ပေးသည်။ ပြီးတော့ အနားတွင် ဒူးလေးထောက်ပြီး ထိုင်ကြည့်နေ၏။

"ခိုင်...."

"ရှင်...."

"သွား....အိပ်တော့"

"ဟုတ်ကဲ့"

သို့သော် ခိုင်က နေရာမှမရွေ့။

စည်သူ့ကိုစိတ်မချ။

စည်သူ အရက်မူးလဲကျနေသဖြင့် စိုးရိမ်နေသည်။
စည်သူ ခေတ္တငြိမ်သက်နေသည်။
ခဏကြာတော့ နည်းနည်းသက်သာသွားသည်။
"ခိုင်"
"ရှင်"
"ငါ့ကို တွဲစမ်းဟာ"
"လာ....လာ ကိုကိုလေး"
ခိုင်က စည်သူ့ကို မနိုင့်တနိုင်တွဲပြီး စည်သူ့ အခန်းထဲသို့ ပို့ပေး၏။
ထိုစဉ် ဒေါ်ဒေါ်မြ အပေါ်ထပ်မှ ဆင်းလာသည်။
"ခိုင်ရေ....ခိုင်"
ခိုင့်ကို မတွေ့သဖြင့် စည်သူ့ အခန်းဘက် ရောက်လာ၏။
"ခိုင်ရေ....ခိုင်"
ခိုင် အခန်းထဲမှ ပိုသိပတ်သီ ပြေးထွက်လာသည်။
"ဟဲ့....ခိုင်၊ အို"
ခိုင့်ကို ကြည့်ပြီး ဒေါ်ဒေါ်မြ ရင်ဘတ်ကို လက်နှင့် ဖိလိုက်၏။
"ဘာဖြစ်တာလဲ ဒေါ်လေးမြ"
"ခိုင်ရယ်၊ ညည်း....ညည်း စည်သူ့ အခန်းထဲ ဘာဝင်လုပ်...."





"သူ မူးပြီး အိပ်ခန်းဝမှာ လဲကျနေလို့ ခိုင် တွဲပို့ပေးလိုက်တာပါ ဒေါ်လေးမြ"
ဒေါ်ဒေါ်မြက ခိုင့် တကိုယ်လုံးကို ခြေဆုံး ခေါင်းဆုံး ကြည့်၏။
မယုံကြည်သလိုလို၊ စိုးရိမ်ပူပန်သလိုလို အမူအရာမျိုးဖြင့် အကဲခတ်သည်။
"ကဲ....ကဲ ခိုင်ရယ် သွားအိပ်ချေလေ"
ခိုင်က စပ်ဖြဲဖြဲဖြင့် သူ့အခန်းရှိရာ ပြေးဝင်သွား၏။
ဒေါ်ဒေါ်မြ ရင်ဘတ်ကို လက်နှင့်ဖိပြီး စိတ်ရှုပ်ထွေးစွာ ကျန်ရစ်ခဲ့သည်။

* * *

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း။
ဝေယံဦးနှင့် ပိုင်တို့၏ စေ့စပ်ကြောင်းလမ်းခြင်း သတင်းသည် သတင်းစာတိုင်းမှာ ပါလာသည်။
စည်သူတယောက် ဝေးငိုင်တွေဝေနေသည်။
ဩော်....အနိကယ် ဦးသာ သဘောတူလိုက်ပြီကိုး၊ မနာလိုဝန်တိုမှုက ရင်ထဲမှာ အနန္တ။
ထိုစဉ် အောင်အောင် ရောက်လာ၏။

"ဟော့ကောင် စည်သူ"

"လာ....အောင်အောင်"

"မင်းအစ်မနဲ့ ငါ့အစ်ကိုတော့ အိုကေသွားကြပြီ၊ ငါ အရမ်းဝမ်းသာတယ်ကွာ"

စည်သူ့မျက်နှာက အောက်သိုးသိုး။

"ဟော့ကောင် ဘာဖြစ်နေတာလဲ၊ မျက်နှာကလည်း မှုန်ကုပ်နေတာပဲ"

"ခေါင်းထဲမှာ အုံနေလို့ပါကွာ"

အောင်အောင်က စည်သူ့ တကိုယ်လုံးကို စူးစိုက်ကြည့်သည်။

"မင်း အတော် ပိန်သွားပါလား၊ ကျန်းမာရေးလဲ ဂရုစိုက်ဦး"

"အေးပါကွာ"

"ငါ့ ဒယ်ဒီနဲ့ မာမီတော့ ကျောက်ဆည်ကို လိုက်သွားကြပြီ"

"ဟင် ဘယ်တုန်းကလဲ"

"တနေ့ကကွ"

"ဘာလုပ်ဖို့တဲ့လဲ"

"မမပိုင်နဲ့သူ့ ဖေဖေက သဘောတူတဲ့အကြောင်း အစ်ကို





ဝေယံက ဖုန်းလှမ်းဆက်လို့လေ၊ ဒါကြောင့် စေ့စပ်ကြောင်းလမ်းတဲ့ကိစ္စ ပါလာတာပေါ့"

"ဩော်"

စည်သူ့ ရင်ထဲမှာ မချိ။

အတော်မြေလည်နေကြတာပဲ။

လောကကြီးကိုက မတရားပါဘူးလေ။

ဆုံးရှုံးရပြီ။

သူ့အချစ်ကို ဆုံးရှုံးလိုက်ရပြီကော။

"ကျောက်ဆည်မှာ စေ့စပ်ပွဲလုပ်မှာလား"

"ဟုတ်တယ်၊ ရန်ကုန် ကရဝိက်မှာလဲ လုပ်ပေးဦးမယ်တဲ့"

"အဟား....ငွေပေါတိုင်း ဖြုန်းကြမလို့ထင်ပါရဲ့ကွာ"

စည်သူ အော်ရယ်လိုက်သည်။

"ပစ်ချသွားရအောင်လား စည်သူ"

"ငါမလိုက်ချင်ဘူးကွာ၊ ခွင့်လွှတ်"

"ဒါဖြင့် ငါ သွားမယ်"

အောင်အောင် ထွက်သွားသည်။

စည်သူ မှိုင်ပြီး ကျန်ရစ်၏။ နံရံပေါ်မှ ဂစ်တာကို ဖြုတ်ယူလိုက်ပြီး စိတ်ညစ်ညစ်ဖြင့် ခြံထဲဆင်းလာခဲ့၏။

ပြီးတော့ စိုင်းထီးဆိုင်၏ "ခွင့်မတောင်းပေမယ့် ရပါတယ်" သီချင်းကို ဆိုပြီး ဂစ်တာတီးသည်။ စည်သူ အဆွေးကြီး ဆွေးနေရပြီကော။

....ကိုယ့်ထက် မင်းကို ပျော်ရွှင်အောင်.....
ထားနိုင်မယ့် အစွမ်းရှိသူတွေကို မြင်လာတဲ့
တနေ့ကျယင်.... ခွင့်မတောင်းပေမယ့် ရပါ
တယ်.... ခွင့်မတောင်းပေမယ့် ရပါတယ်.....
ခွင့်မတောင်းပေမယ့် ရပါတယ်.... သွားပါ
ကွယ်....

....ကိုယ့်ထက် မင်းရဲ့လိုအင်တွေ....ဖြည့်နိုင်
မယ့်အစွမ်းရှိသူတွေကို.... ကြုံလာတဲ့ တနေ့
ကျယင် (ခွင့်မတောင်းပေမယ့် ရပါတယ်)၃
သွားပါကွယ်....

........ကိုယ့်လောက် မင်းအပေါ် ကြင်နာ
မယ့် ချစ်သူတော့ရှိလိမ့်မယ်မထင်ဘူး ဆိုတာ
သံသယ ဖြစ် ယင် (ခွင့်မတောင်းပေမယ့်
ရပါတယ်) ၃ သွားပါကွယ်................

* * *



## အခန်း (၂၅)

စေ့စပ်ပြီးစီးသည်နှင့် ပိုင်နှင့် ဝေယံဦးတို့ မိသားတစုလုံး ရန်ကုန် ပြန်ရောက် လာကြသည်။

ဝေယံဦးက နောက်တလတွင် သင်္ဘောလိုက်ရတော့မည်။

ဝေယံဦး သင်္ဘောတခေါက်လိုက်ပြီး ပြန်လာမှလက်ထပ်ကြရန် နှစ်ဘက်မိဘများက စီစဉ်ခဲ့ကြ၏။

ပိုင် ကျောင်းပြီးရန်လည်း အချိန်လိုသေးသဖြင့် စည်သူတို့ အိမ်မှာပင် ပိုင် ဆက်နေလေသည်။ ကျောင်းဆက်တက်သည်။

စနေနေ့....

"မပိုင်၊ဖုန်းလာတယ်"

စည်သူ၍ လှမ်းအော်သံကို ကြားရသည်။

ယမင်းပိုင်က သူ့အခန်းထဲမှ ဖုန်းကို လှမ်း ကိုင် လိုက်သည်။

ဖုန်းက နှစ်လုံး၊ တလုံးက ယမင်းပိုင် အခန်းထဲမှာ ကျန်တလုံးက ဧည့်ခန်းထဲမှာ ရှိသည်။

စည်သူက ဧည့်ခန်းထဲမှ ဖုန်းကိုမချ၊ ကိုင်ထားဆဲ။

"ဟဲလို"

"မမထွေးပါ ပိုင်"

"ဩော်....မမထွေးလား၊ ပြော....ပြော"

"မနက်ဖြန် ဆန်းဒေး မဟုတ်လားပိုင်"

"ဟုတ်တယ်လေ မမထွေး"

"သာဓုကန်ကို ပစ်ကနစ် ထွက်ကြမလို့၊ လိုက်မလား"

ယမင်းပိုင် စဉ်းစားနေသည်။

"စဉ်းစားလှချည်လား ပိုင်၊ မမထွေးကိုယ်တိုင် စီစဉ်တာနော်၊လိုက်ခဲ့ရမယ်"

ယမင်းပိုင် ပြုံးလိုက်မိသည်။ အပျိုကြီး ဘာ စိတ်ကူးပေါက်ပါလိမ့်၊ မမထွေးက မာလာဆောင်မှ လက်ထောက်အဆောင်မှူး၊အပျိုကြီးမို့ ယမင်းပိုင်တို့ အပျိုတွေအားလုံးက လေးစား ချစ်ခင်ကြသည်။





"လိုက်ခဲ့မှာပါ၊ မမထွေးရဲ့"

"ကောင်းပြီ၊ဒါဆို မနက် ခြောက်နာရီတိတိ ပိုင့်အိမ်ကိုလာခေါ်မယ်"

"ကောင်းပါပြီ မမထွေး၊ ပိုင် စောင့်နေပါ့မယ်"

ပိုင်တို့ကို စာသင်သည့် ဆရာမလည်း ဖြစ်၊ ပိုင်နှင့် လည်း ရင်းနှီးပြီးသားမို့ မမထွေးက ပိုင့် အိမ် သို့ မကြာခဏ ဝင်ထွက်လေ့ရှိသည်။

တနင်္ဂနွေနေ့ နံနက်(၆)နာရီ တိတိ–

"ပိုင်ရေ....ယမင်းပိုင်"

"ဟော....မမထွေးတို့ လာပြီ ထင် တယ်၊ ခိုင် ခဏသွား ဧည့်ခံထားစမ်း၊မမ ဒီမှာ မပြီးသေးလို့"

ခိုင်က ပိုင့် အလှကို ငေးမော ကြည့်နေရာမှ အိမ်ရှေ့သို့ ထွက်သွားသည်။

ပိုင်က စလင်းဘက်အနက်ရောင်၊ခုံမြင့်ဖိနပ် အနက်ရောင်ကို ရွေးယူပြီး အင်္ကျီနှင့် လက်ကိုင်ပဝါကို ရေမွှေးဆွတ်လိုက်သည်။ ပြီးတော့ အိမ်ပေါ်မှ ပြေးဆင်းလာသည်။

မမထွေးတို့တစုလုံး ကားပေါ်မှပင် စောင့်နေကြ၏။

ပိုင်သည် မမထွေးတို့ ကားပေါ်သို့ တက်ပြီး လိုက်လာခဲ့သည်။ကားက ခြံနှင့်အတော်လှမ်းလှမ်းသို့ရောက်မှ ဝေယံဦးကို မပြောခဲ့မိတာ သတိရသည်။

ဝေယံဦးက သဝန်ကြောင်နိုင်လွန်း—

စေ့စပ်ပြီးမှ ပိုင် ဘယ်သွားသွား၊ သူ့ကိုခေါ်မှ ကြိုက်သည်။သူ့ကို အသိပေးရသည်။

ခု အသိမပေးပဲ ပိုင်ထွက်လာမိပြီ။

သည်အုပ်စု တစုလုံးက ကြီးကြီးကျယ်ကျယ် အပျိုကြီးအုပ်စုမို့ ယောကျ်ားတွေကို ခေါ်လို့မဖြစ်။

ယောကျ်ားဆိုလို့ တယောက်မျှပင် မပါ။

သာခုကန်သို့ ရောက်လာ ကြသည်။

ဘုရားပေါ် အယင်တက်ပြီးမှ ကုန်းမြင့်၏ ဆင်ခြေလျှောပြေပြေလေးတွင် စုပြီးထိုင်ကြသည်။

ပိုင်တို့ ထိုင်နေတာ ကုက္ကိုပင်ရိပ်မှာ—

ပါလာသော ထမင်းချိုင့်တွေကို နေရာချသည်။

"ခုလို အပျော်ခရီးထွက်လာတုန်း စုပြီး ချက်စားယင် ကောင်းမှာ" ဟု နှင်းယုဝေကပြော၏။

"အမယ်လေး.... အပျော်ခရီးပါဆိုနေမှ ထမင်းချိုင့်နဲ့ ယူလာတာပဲ ကောင်းပါတယ်နှင်းရယ်၊ ဘာလိုသလဲကွာ၊ ဓာတ်ဗူးတွေမှာလဲ ကော်ဖီက အပြည့်နဲ့၊ မုန့်တွေကလည်း မျိုးစုံ"

သီတာက ပြောလိုက်ပြီး သူ့ဓာတ်ဗူးကို ဖွင့်၍ ကော်ဖီငှဲ့ထည့်နေသည်။ အခြားသူများကလည်း ဓာတ်ဗူးတွေဖွင့်ပြီး ကော်ဖီသောက်ရန် ပြင်ဆင်ကြ၏။





ထိုစဉ်....

"မမ"

"ဟင်....မင်း–မင်း ဘာလာလုပ်တာလဲ စည်သူ"

စည်သူ့ကိုမြင်၍ ပိုင်အံ့ဩသွားသည်။

"ပိုင့် မောင်လေးလိုက်လာတာကိုး"

စည်သူ ကျောင်းလာကြိုတာကို မြင်ဖူးသည့် သူတွေက လှတ်ကနဲပြောသည်။

"အရေးတကြီးကိစ္စနဲ့ မေမေက လွှတ်လိုက်တာပါ မမ"

"ဟင်....တကယ်လား"

ဘယ်နှဲ့ပါလိမ့်၊ ထွက်လာတာဖြင့် မကြာသေး။

ခုမှ ရောက်ယုံရှိသေး၊ ကော်ဖီပင် မသောက်ရသေးပါ။

"မမ၊ ဟိုနားခဏလိုက်ခဲ့ပါ၊ ကျွန်တော်ပြောစရာရှိလို့"

စည်သူ့အမူအရာက မလုံမလဲ။

ပိုင့်သူငယ်ချင်းများ၏ မျက်နှာကို ခွင့်တောင်း သလိုကြည့်တော့ အားလုံးက။

"လိုက်သွားလေပိုင်" ဟု ပြောကြ၏။

ပိုင်ထိုင်ရာမှထပြီး လိုက်လာခဲ့သည်။

ခပ်လှမ်းလှမ်းသစ်ပင်အောက်ရောက်တော့ ရပ်ပြီး စည်သူ့ကို ကြည့်သည်။ စည်သူ့ ကားက ခပ်လှမ်းလှမ်းမှာ ရပ်ထား၏။

ပြီးတော့မေးသည်။

"ဘာကိစ္စတဲ့လဲ စည်သူ"

"ဘာကိစ္စမှ မဟုတ်ဘူး"

"ဘာ"

ပိုင် အော်ပစ်လိုက်တော့၏။ စည်သူက မဖြုံ။ နှုတ်ခမ်းတွေ တင်းတင်းစေ့ပြီး ပိုင့်ကို ငေးကြည့်နေသည်။

"ဒီမှာ စည်သူ၊ ဒါသက်သက် မမလာတဲ့ခရီးကို နှောင့်ယှက်တာပေါ့၊ ဟုတ်လား"

ပိုင်က ဒေါသဖြင့် မေးလိုက်၏။ စည်သူ၏ မျက်နှာက မှုထိတရိမြုံးနေသည်။

"မင်းမှာကိစ္စအထူးမရှိယင်ပြန်ပါတော့၊ မမသွားမယ်"

စည်သူ့နားမှ လှည့်ထွက်ရန် ဟန်ပြင်လိုက်၏။ စည်သူက ပိုင့်ရှေ့မှ ဆီးရပ်လိုက်ပြီး။

"မမရယ်၊ ကျွန်တော့်ကို ဘာလို့ ဒီလောက် မုန်းနေရတာလဲဗျာ"

ပိုင်က သူ့ကို စည်သူချစ်ရေးဆိုသည့်နေ့မှစပြီး စကားလည်း မပြော၊ မျက်နှာချင်းလည်းမဆိုင်သဖြင့် စည်သူခံပြင်းနေသည်။ ထို့ကြောင့် မေးလိုက်ခြင်းဖြစ်၏။

"ကျွန်တော် မေးတာ ဖြေပါမမ၊ ကျွန်တော် သိပ်ခံစားရတယ်ဗျာ"





"စည်သူ....မင်းပြန်ပါတော့"

"မပြန်ဘူးဗျာ၊ မနှင်ပါနဲ့"

စည်သူ၏ အသံက ငိုသံပေါက်နေသည်။

အခြောက်တိုက် မျက်ရည်ဝဲနေတာကြည့်ပြီး ယမင်းပိုင် အံ့သြသွားရသည်။

"စည်သူ"

"ဘာလဲဗျာ"

"မင်း ဘာဖြစ်လို့ အကြောင်းမဲ့ လိုက်လာရတာလဲ"

"မနေနိုင်လို့ပါ"

"ဘာ"

"ခြော်....မမကို သိပ်တွေ့ချင်၊ စကားလဲ ပြောချင်လို့ပါမမ"

"မင်းနဲ့ မမနေ့တိုင်းအိမ်မှာ တွေ့နေတာပဲ မဟုတ်လား စည်သူရယ်"

ပိုင်က စိတ်နောက်ကျိစွာပြောပြီး ရင်မောသွားသည်။

"အိမ်မှာ တွေ့နေရတာကမြင်နေရက်နဲ့စကားမပြောရတဲ့ ဘဝပဲကိုး မမရဲ့၊ ဒါကြောင့် ခိုလိုက်လာတာ အိမ်မှာဆို အစ်ကိုဝေယံဦးကြီးကလဲ တမှောင့်၊ မမကျောင်းအသွားအပြန် သူချည်းပို့နေတယ်၊ ကျွန်တော်လေ မမကို မြင်ယုံသာ မြင်ရပြီး စကားမပြောပဲ မနေနိုင်ဘူး မမရယ်"

မျက်ရည်လေး ကလယ်ကလယ်နှင့် မကျေမနပ်ပြောနေသည့် စည်သူ။

ဆံပင်တွေက ခါတိုင်းလို ကောက်ကွေးတွန့်လိမ်ပြီး ပခုံးပေါ် ကျနေတာ မတွေ့ရတော့သဖြင့် ပိုင်အံ့ဩသွားသည်။

ဘယ်တုန်းက ညှပ်လိုက်ပါလိမ့်၊ အင်း လေ– သူ့မျက်နှာကို တခါမှ မကြည့်မိအောင် နေခဲ့မိတာကိုး။

တအိမ်တည်းဆိုပေမယ့် သူ့မျက်နှာကို မကြည့်ပဲခပ်ကင်းကင်းနေခဲ့မိသည်ကိုး လေ။

"မမ ကျွန်တော်မေးတာဖြေလေ"

"ဘာဖြေရမှာလဲ၊ ပြောစမ်း"

"ကျွန်တော့်ကို ဘာလို့ မမဒီလောက် မုန်း နေ ရတာလဲလို့"

"တို့ဘယ်သူ့မှ မမုန်းပါဘူးစည်သူ၊ မင်းဘာသာထင်နေတာ"

"မမုန်းယင် ကျွန်တော့်ကို ဘာလို့ အမြဲဥပေက္ခာပြုထားရက်သလဲမမ၊ ကျွန်တော်ဆွေးလှပြီဗျ"

ယမင်းပိုင်က သက်ပြင်းချပြီး ကြံရာမရဖြစ်နေသည်။ စည်သူ့ကို ဘယ်လိုနားဝင်အောင် ပြောရမှန်းမသိ။ ပြီးမှ ဆုံးဖြတ်ချက်ချလိုက်သလို ပြောသည်။

"စည်သူ"

"ဗျာ....မမ"





"မမအပေါ်မှာ မင်းက အစ်မတယောက်လိုသဘောမျိုးမထားနိုင်လို့ မင်းကိုမမ ကင်းကင်းရှင်းရှင်း နေခဲ့တာပါ"

စည်သူ၏မျက်နှာ မှိုင်းမှုန် သွားသည်။ ပိုင့် မျက်နှာကိုမျက်ရည်ဝဲဝဲဖြင့် စိုက်ကြည့်၏။

"မင်းဘာဖြစ်လို့ ဒီလောက် ရှေ့တိုးချင်ရတာလဲစည်သူ၊ တကယ်ဆို မမ က စေ့စပ်ပြီးပြီ၊ မင်းနောက်ဆုတ်သင့်ပါတယ်၊ ပြီးတော့ မင်းအပေါ်မှာ မမ မောင်တယောက်လိုကလွဲယင် ဘယ်လိုမှသဘောမထားနိုင်ဘူး"

ယမင်းပိုင်၏အသံက ပြတ်သား မာကျော လွန်းသည်ဟု စည်သူထင်မိလေသည်။

"ဒီမှာစည်သူ၊ မမပြောတာတွေ သဘော ပေါက်ယင် မင်းပြန်ပါတော့"

"မပြန်ဘူးဗျာ"

"မပြန်ယင်လဲ မင်းသဘောပဲ၊ တို့တော့ မင်းနဲ့ ဆက်ပြီး စကားမပြောနိုင်တော့ဘူး"

စည်သူက ယမင်းပိုင်ရှေ့တွင် အတင်းအကျပ် ဆီးရပ်နေပြီး....

"မမကို ကျွန်တော်ချစ်တယ်၊ မမအတွက် ခံစားနေရတာ သေလုပါပြီ၊ မမကျွန်တော့်ကို ပြန်ချစ်ပါဗျာ"

"မင်းကို မောင်တယောက်လိုကလွဲပြီး မပိုနိုင်ဘူးလို့ပြောပြီးပြီ မဟုတ်လားစည်သူ၊ ဒါတို့ရဲ့ ယတိပြတ်အဖြေပဲ"

"မရဘူးမမ၊ ထပ်စဉ်းစားပါဦး"

ယမင်းပိုင်၏ လက်မောင်းနှစ်ဘက်ကို ဆုပ်ကိုင်ပြီး စိတ်အား ထက်သန်စွာပြောလိုက်သဖြင့် ယမင်းပိုင် ဆတ်ကနဲ လန့်သွားလေသည်။

"မင်း....မင်း ရိုင်းလှချည်လား၊ ငါ့သူငယ်ချင်းတွေကြားမှာ ငါ့ကို အရှက်ကွဲအောင် လုပ်တာလားစည်သူ"

ယမင်းပိုင်သည် ဒေါသလည်းဖြစ်၊ ရှက်လည်း ရှက်နှင့် စည်သူ့ကို တွန်းပစ်လိုက်လေသည်။

"မမ ကျွန်တော့်ကို ဘာလို့ဒီလောက် မုန်းနေတာလဲ ပြောဗျာ....ပြောဗျာ"

"စည်သူ နင်ဟာ အလကားဆန်ကုန်မြေလေးပဲ၊ နင့်ကို ငါသိပ်မုန်းတယ်"

"မမကြောင့် အခု ကျွန်တော်ကြိုးစားနေပြီဗျာ သိလား၊ ကျွန်တော် ဆယ်တန်းအောင်ဖို့ သိပ်ကြိုးစားနေတယ်"

ပိုင် အံ့ဩသွားသည်။ ပြီးတော့ ရယ်ချလိုက်၏။

"မင်း စိတ်ကူးတွေ ယဉ်လိုက်ပါဦးကွာ"

"ကျွန်တော့်ကို ဒီလိုမပြောနဲ့ဗျာ"

"မင်း ငါ့ကို တကယ်ချစ်ယင် ငါ စိတ်ချမ်းသာအောင် သွားပါတော့ စည်သူ၊ သွားပါတော့ကွာ"





ယမင်းပိုင်မှာ ဒေါသဖြစ်လွန်း၍ မျက်ရည်လေးတွေရစ်ဝဲလာသည်။ ပြီးတော့ စည်သူ၏ အနားမှ မပြေးယုံတမယ် ထွက်ခဲ့၏။

တော်ပါသေးသည်။ သစ်ပင်များ ကွယ်နေ၍ ပိုင်၏ သူငယ်ချင်းတွေက မမြင်ကြပါ။ ပိုင်က ဣန္ဒြေဆောင်ပြီး သူငယ်ချင်းတွေအနားသို့ ဟန်မပျက် ပြန်လာခဲ့၏။

မမထွေးက ပိုင့်ကိုလှမ်းမေး၏။

"ဘာအရေးကြီးလို့ တဲ့လဲဟင် ပိုင်၊ ပိုင့်မောင်လေး ဘာကိစ္စလိုက်လာတာလဲ"

ယမင်းပိုင်က မညာချင်သောကြောင့်....

"အလကား လာရှုပ်တာ မမထွေး၊ သူ ပိုင်တို့နောက် သက်သက်လိုက်ခဲ့တာ"

"ဩော်....သူ့ အစ်မကိုစိတ်မချဘူးထင်ပါရဲ့၊ ကေန္တတော့ သူ့ယောက်ဖကြီးက လွှတ်လိုက်တယ်နဲ့တူပါတယ် ဟဲ....ဟဲ"

ခင်ခင်လေးက ရည်ရွှမ်းပတ်ရွှမ်း ပြောလိုက်၏။

"ခေါ်လိုက်ပါလားပိုင်၊ ကော်ဖီလေး မုန့်လေး ကျွေးလိုက်ရအောင်"

မမထွေးက ကြည်ကြည်ဖြူဖြူပြောနေပေမယ့် ယမင်းပိုင်က မလှုပ်၊ ပျော်ရွှင်ချင်လို့ ပစ်ကနစ် လိုက်လာပါတယ် စည်သူ့ကြောင့် စိတ်အနှောင့်အယှက် ဖြစ်ရပြီကော....

ပိုင်တို့ ထမင်းစားချိန်တွင် မမထွေးက စည်သူ့ကိုပါ ထမင်းလာစားရန် ခေါ်သည်။

စည်သူက ခေါင်းတွင်တွင် ခါလိုက်ပြီး—

"မမမှ ကျွန်တော့်ကို မခေါ်ပဲ၊ မစားချင်ပါဘူးဗျာ" ဟု ပြောလိုက်သည်။ မမထွေးက ပိုင့်ကို ဖျောင်းဖျသည်။

"ခေါ်လိုက်ပါ ပိုင်ရယ်။ ယူ့ မောင်လေးက စိတ်ကောက်နေတာ၊ ပိုင်ကိုယ်တိုင် ခေါ်မှတဲ့လေ"

ပိုင်က အဆိပ်ပင်ရေမလောင်းချင်သဖြင့် စည်သူ့ချစ်စိတ်ကို အားမပေးပေ။

"ပိုင့်နောက် တမင်လိုက်ပြီး အနှောင့်အယှက် ပေးတဲ့ကောင်လေး ဆားပြီးသေပစေ"

ပိုင်က တကယ်မခေါ်၊ စည်သူက သူ့ကား ရပ်ထားသည့် သစ်ပင်အောက်တွင် မလှုပ်မယှက်၊ အတန်ကြာတော့ ကားကူရှင်ပေါ်တက်ပြီး တရေးတမော အိပ်၍ စောင့်နေသည်။

ညနေစောင်း ပိုင်တို့အိမ်အပြန် ကားထွက်မှ သူက ကားစက်ကိုနှိုးပြီး ပိုင်တို့ မိန်းကလေးတသိုက်စီးသည့် ကားနောက်မှ သူ့ကားကို ကပ်၍လိုက်လာလေသည်။

ပိုင် ဦးနှောက်ခြောက်လိုက်သည်မှာ သေချင်စော်ကို နံရောပဲ—





အရေးထဲ ရန်ကုန်မြို့ထဲအဝင်မှာ ကားကပျက်သွားသည်။

"ကဲ....ကိုယ့်အိမ်ကိုယ် ကားငှားပြီး ပြန်ကြမှဖြစ်မယ်"

စည်သူ့ကားက ခပ်လှမ်းလှမ်းတွင် ရပ်ထားရာမှ စည်သူက ပိုင်တို့ ကားနားသို့ လျှောက်လာ၏။

"ကျွန်တော့်ကားနဲ့ပဲ လိုက်ခဲ့ကြပါလား၊ အားလုံးအိမ်တိုင်း အိမ်တိုင်း ကျွန်တော် လိုက်ပို့ ပေးမယ်"

"ကောင်းသားပဲ၊အဲဒီအစီအစဉ် ကောင်းတယ်"

မိန်းကလေးတွေ အားလုံးက ထောက်ခံလိုက်၍ ပိုင် စိတ်ညစ်သွားလေသည်။ သို့သော် အများ၏ဆန္ဒမို့ ပိုင်မငြင်းသာတော့။

ပထမဦးဆုံး မြင့်မြင့်ကြည်အိမ်သို့ ပို့သည်။ ပြီးတော့ ခင်ဝင်းအောင်အိမ်၊ ပြီးမှ သီတာနှင့်စီတာတို့ ညီအစ်မအိမ်သို့ ပို့သည်။ နှင်းယုဝေနှင့် မမထွေးတို့ အိမ်များသို့ နောက်ဆုံး လိုက်ပို့ပြီးမှ မိမိတို့အိမ်သို့ ပြန်လာကြရ၏။

"မမ"

ယမင်းဖိုင်က စည်သူ့ဘက်သို့ လုံးဝ လှည့်မကြည့်။

"မမ"

"ဘာလဲ"

"ကျွန်တော်လေ ဒီနေ့သိပ်ပျော်တာပဲ၊ မမကော မပျော်ဘူးလား ဟင်"

"ငါ့ပျော်ရွှင်မှုအားလုံး မင်းကြောင့် ပျက်သွားရတယ် စည်သူ၊ ကဲ....အိမ်ရောက်အောင် ကားကို မြန်မြန်မောင်းပါ၊ အတော်မှောင်နေပြီ"

စည်သူက ခပ်ပြုံးပြုံး ခေါင်းညိတ်ပြလိုက်ပြီး ကားကို အရှိန်မြှင့် မောင်းလိုက်သည်။

ပိုင်တို့ကား ခြံထဲဝင်လာတော့ အိမ်ရှေ့ ဆင်ဝင်အောက်မှာ ဝေယံဦး ရပ်စောင့်နေတာ တွေ့ရလေသည်။

စည်သူနှင့် ပိုင့်ကို အံ့ဩသလို ကြည့်နေ၏။

ကားရပ်ပြီး ကားပေါ်မှ ပိုင် ဆင်းလာသည်နှင့် ဝေယံဦးက ပိုင့်နား လာရပ်ပြီး....

"မိုးချုပ်လှချည့်လား ပိုင်၊ ဒါနဲ့ သာခုကန်သွားတာဆို"

ဝေယံဦး အသံရော မျက်နှာပါ အလိုမကျ ဖြစ်နေပြီ။

"ဂျိမ်း"

စည်သူက ကားတံခါးကို တမင် ဆောင့်ပိတ်ပစ်လိုက်၏။ စည်သူ၏ အပြုအမူကြောင့် နှစ်ယောက်လုံး လှည့်ကြည့်လိုက်ကြသည်။ ဝေယံဦးက ပို၍ ဒေါပေါင်းသွား၏။

"ပိုင်.... မောင် မေးနေတယ်၊ သာခုကန် ထွက်သွားတာဆို"





"ဟုတ်....ဟုတ်တယ် မောင်"

ပိုင့်အသံက မှုမမှန်ချင်။

သူမကိုယ်သူမ မလုံမလဲ ဖြစ်နေသည်။

"သာခုကန်သွားတာ မောင့်ကို ဘာလို့ ပြောမသွားရတာလဲ ပိုင်"

"မမထွေးတို့ လာခေါ်တော့ ကမန်းကတန်းနဲ့မို့ မပြောဖြစ်ခဲ့ဘူး မောင်"

"စည်သူကော ပါသွားတာလား"

ပိုင် ဘယ်လို ဖြေရမှန်း မသိ၊ စေ့စပ်ကာနီးမှ ပိုင်သည် သမီးအရင်းမဟုတ်ကြောင်း မောင်သိသွားခဲ့သဖြင့် မောင်က စည်သူနှင့် ပိုင့်ကို စိတ်မချချင်။ ထို့ကြောင့် အဖြေရခက်နေ၏။

"စည်သူကော ပါသွားတာလားလို့ မေးတယ် ပိုင်"

ဝေယံဦး၏အမေးကို ပိုင် မဖြေခင် စည်သူက ဆတ်ကနဲ လှည့်ကြည့်ပြီး....

"ဟုတ်တယ် ကိုဝေယံဦး၊ မမနောက် ကျွန်တော် ပါသွားတယ်၊ အဲဒါ ဘာဖြစ်လဲ" ဟု မေးလိုက်သည်။

ဝေယံ ဘာမှ အဖြေမပေးနိုင်မီ စည်သူ ဒေါနှင့်မောနှင့် အိမ်ပေါ်သို့ တက်သွားလေသည်။

ပိုင် မျက်စိမျက်နှာပျက်ဖြင့် ဝေယံဦးကို မော့ကြည့်နေမိ၏။

"မောင့် ခြံထဲ ခဏလိုက်ခဲ့ပါလား ပိုင်၊ မောင် စကား နည်းနည်း ပြောချင်လို့"

ပိုင် သက်ပြင်းချလိုက်ပြီး မောင့်နောက်လိုက်လာခဲ့သည်။

ဝေယံဦးက သူ့ခြံကျယ်ကြီး အတွင်းရှိ ပုန်းညက်ပင်ကျွေ ကြားမှာ ပိုင်နှင့်အတူ ထိုင်လိုက်သည်။

"ပိုင်"

မျက်စိမျက်နှာ မကောင်းသော ပိုင့် ကိုယ်လေးကို သိုင်း ဖက်ပြီး ညင်ညင်သာသာ ခေါ်လိုက်၏။

"မောင်"

"စည်သူနဲ့ပိုင် ဘာမှ မတော်ကြဘူးဆိုတာ ပိုင့် ကိုယ်ပိုင် အသိသားနဲ့၊ ခုတော့ မောင် ဘယ်လို နားလည်ရမှာလဲ အချစ်ရယ်"

"မောင် ဘာကို ဆိုလိုတာလဲ ဟင်၊ ပိုင်တော့ အံ့ဩလို့ မဆုံးဘူး"

ပိုင့်အနေဖြင့် စည်သူ့အပေါ် ဝေယံဦး အထင်မလွဲစေလို ပါ၊ သူမအပေါ် စည်သူ ချစ်နေကြောင်းလည်း ဝေယံ မသိ အောင် ဖုံးကွယ်ထားခဲ့၏။

"မောင့်ကိုတော့ အသိမှုပေးပဲ စည်သူ့ကို သာဓုကန် ခေါ်သွားတာကို ပြောတာ အချစ်ရဲ့"





"မောင်က ဒီကောင်လေး အကြောင်းလဲ သိသားနဲ့၊ ဘယ်ကလာ ခေါ်သွားရမှာလဲ၊ သူနဲ့ အပြန်ကျမှ မြို့ထဲမှာ တွေ့တာ၊ ပိုင်တို့ကားပျက်တာနဲ့ သွားဆုံမိလို့ သူ့ကားနဲ့ မိန်းကလေး အားလုံးရဲ့ အိမ်ကို လိုက် ပို့ ခဲ့ ရ သေး တယ်၊ ဒါကြောင့် ပိုင် နည်းနည်း မှောင်သွားတာပါ"

ပိုင် ဟန်မပျက် ရှင်းပြလိုက်တော့ ဝေယံဦး မျက်နှာ အနည်းငယ် ကြည်လင်လာလေသည်။ ပိုင့် ပခုံးစွန်းလေးကို သူ့နှာခေါင်းဖြင့် ထိကပ် ကြည်စယ်လိုက်ပြီး....

"တကယ်ပြောတာလား ပိုင်ရယ်" ဟု မေးသည်။

"ပိုင်က မောင့်ကို ညာရမလား မောင်ရယ်"

မျက်နှာနှစ်ခု နီးကပ်သွားလေသည်။ ရင်တွေခုန်အောင် ချစ်သက်သေတွေ ပြလိုက်ပြီးမှ နှစ်ယောက်လုံး သက်ပြင်း မောကို ချမိကြသည်။

"မောင်"

"ပိုင်"

"စည်သူဟာ ပိုင့်မောင်လေးပါမောင်ရယ်၊ ပိုင့်ကို သူနဲ့ အထင်မလွဲနဲ့နော်ကွယ်"

ပိုင့်စကားကို ဝေယံဦးက လက်မခံချင်၊

"ပိုင်ကသာ သူ့ကို မောင်လေးလို သဘောထားနေ၊ ဒီကောင့်မျက်လုံးတွေကဖြင့် ပိုင့်အပေါ် လုံးဝ မရိုးသားဘူး

ဗျ၊ မောင်ကတော့ ယောကျ်ားချင်းပဲ၊ မြွေ–မြွေချင်းခြေမြင်ပါတယ်နော်”

ဝေယံဦးက မှကျေမနပ်နှင့် ပြောနေလေသည်။

“အိုကွယ်....မောင်ထင်လို့ပါ၊ စည်သူက ရိုးပါတယ်”

“ပိုင်နဲ့ မောင်ချစ်ကာစက ဒီကောင်အမျိုးမျိုး နှောင့်ယှက်ခဲ့တာတွေကို ပိုင်အသိသားနဲ့၊ အဲဒီတုန်းကတော့ မောင်က ပိုင်နဲ့ ဒီကောင် မောင်နှမတော်တယ်လို့ဆိုပြီး စိတ်ထဲမှာ ဘယ်လိုမှ မဖြစ်မိပါဘူးဗျာ၊ဒါပေမယ့် ခုတော့ မောင်သဝန်တိုတယ်ပိုင်၊ ဘာဖြစ်လို့လဲဆိုတော့ စည်သူက ပိုင်နဲ့မောင်စေ့စပ်ပြီး ကတည်းက မောင့်ကို ရန်သူတယောက်လို ဆက်ဆံနေတယ်ပိုင်”

“အိုကွယ်....မောင်ကလဲပိုင့်စကားကိုယုံစမ်းပါ၊ဒီကောင်လေးက ဂျစ်ကပ်ကပ်လေးဆိုတာ အသိသားနဲ့မျာ းကွယ်၊ ဇွေယူမနေစမ်းပါနဲ့မောင်ရယ်”

“အဲဒီလို မိုက်ရူးရဲလေးတွေက ပိုပြီး ကြောက်စရာကောင်းတယ်နော်ပိုင်၊ သူတို့ လိုချင်တာတခု၊ ဖြစ်ချင်တာတခုကို တဇွတ်ထိုးမဖြစ်ဖြစ်အောင် လုပ်တတ်ကြတာမို့ ပိုင့်ကို မောင် စိတ်မချနိုင်ဘူးကွာ၊ မောင်သဘောမလိုက်ခင် လက်ထပ်ထားကြပါစို့နော်”





ဝေယံဦးတကယ်စိတ်မချနိုင်။

စည်သူ၏ မိုက်ကန်းကန်း အမူအရာနှင့် ပိုင့်ကို မြင်လျှင် ငေးမောကြည့်တတ်သည့် ဆွေးဆွေးမြေ့မြေ့ မျက်လုံးတွေကို သူ နားလည်ခဲ့တာ ကြာပြီကော။

“အို....မောင်ကလဲ၊ ဘာမဟုတ်တဲ့ အကြောင်းကလေးနဲ့ များကွာ၊ လူကြီးတွေက ပိုင့်ကို မဟာသိပ္ပံပြီးအောင် တက်စေချင်တာရယ်၊ မောင်သဘောတခေါက်လောက် လိုက်ပြီးမှ ယူကြဖို့ စီစဉ်ထားရက်နဲ့၊ လူကြီးတွေရဲ့ အစီအစဉ်တွေကို မလွန်ဆန်ပါနဲ့”

“မောင်မှ ပိုင့်ကို စိတ်မချနိုင်ပဲ”

“ဒါတော့ မောင်ကလေးဆန်တာပါ၊ ကလေးအတွေးမျိုးတွေးနေတာပါ၊ ပိုင်ဒီလောက်တော့ ရင့်ကျက်ပါတယ်မောင်၊ ပြီးတော့.... စည်သူက ပိုင့်ထက် အများကြီးငယ်ပါတယ်”

“ပိုင်က နှစ်ဆယ့်လေးနှစ်၊ စည်သူက နှစ်ဆယ့်တစ်နှစ်၊ ဒီလောက်ကွာတာလေးများ ပိုင်က အဆမတန် ကွာတယ်ထင်နေသလားပိုင်ရဲ့”

ပိုင်သက်ပြင်းချရပြန်ပြီ။

စည်သူတို့အိမ်ကို ပိုင်ရောက်လာစဉ်က ပိုင့် အသက်က နှစ်ဆယ့်သုံး၊ စည်သူက နှစ်ဆယ်ပဲ ရှိသေးသည်။ ခု စည်သူတို့အိမ် ရောက်ခဲ့တာ တနှစ်ကျော်ခဲ့ပြီလေ။

"ပြီးတော့ စည်သူ အခုအချိုးပြောင်းနေတာ ပိုင်သတိထားမိသလား"

"ဟင့်....အင်း"

"ဆံပင်ရှည်ကြီး ဖြစ်ပစ်လိုက်ပြီလေ၊ ဘောင်းဘီ တေတီရှပ်တွေလဲ မဝတ်တော့ဘူး၊ ရှပ်လက်ရှည်လေးနဲ့ ချည်ချောပုဆိုးလေးတွေ ဝတ်ပြီး လူပျိုကြီးဂိုက် ဖမ်းနေတာဗျ၊ သိရဲ့လား"

"မောင်ကလဲ ဒါများကွယ်"

"ဒါတင်မကဘူး ပိုင်ရဲ့၊ ခုဆယ်တန်းပြန်ဖြေဖို့ ကျူရှင်တွေ ဘာတွေလိုက်တက်ပြီး အပြတ် ကြိုးစားနေတယ် ဆိုပဲ"

"ဟင်....ဟုတ်လား"

ပိုင်အံ့ဩသွားသည်။ သူ့နားကိုပင် သူမယုံချင်။

"အောင်အောင် ပြောပြလို့ မောင် အားလုံး သိပြီးပြီ ပိုင်၊ ဒီကောင်တခါမှ အချိုးပြောင်းတဲ့ အစားမှ မဟုတ်ပဲ၊ ခု အကြောင်းတခုခုကြောင့် အချိုးပြောင်းတာနေမှာ"





"သူ့အဆက်က ပြောင်းခိုင်းတာ ဆိုယင်ကောမောင်၊ ဒီအရွယ်ရောက်နေမှ ချစ်သူမရှိဘူးလို့ ပြောနိုင်လား"

"အောင်အောင့်ကို မေးကြည့်တော့ စည်သူဆိုတဲ့ကောင်မှာ ရည်းစားမပြောနဲ့၊ ဇီးပြားတောင်မရှိဖူးဘူးတဲ့၊ ဒီကောင်က တခြားနေရာမှာသာ ရှုပ်တာ ပိုင် ရဲ့၊ မိန်းမ ကိစ္စတော့ ကင်းသတဲ့လေ"

"ဒါဆိုလဲ ပိုင်နဲ့ အထင်ဘာလို့ လွဲနေသေးလဲကွယ်"

"ဟာ အချစ်ကလဲ နားဝေးလိုက်တာကွာ၊ ဒါကြောင့် အချစ်နဲ့ စိတ်မချဖြစ်နေရတာပေါ့ကွ၊ စည်သူဆိုတဲ့ကောင်က ဘယ်မိန်းကလေးကိုမှ မချစ်ဘူးလို့ ပိုင့်ကို စွဲလမ်းနေမှာ စိုးရိမ်ရတာ"

"ဩြော်"

ပိုင့်ရင်ထဲမှာ တမျိုးလေးခံစားလိုက်ရ၏။

နေ့လည်က စည်သူ၏အမူအရာတွေကို သတိရသည်။

မျက်ရည်တွေ ကလယ်ကလယ်နှင့် လေး နက် နေ သည့် မျက်လုံးလှလှများ၊ လေးနက်နေသည့် အကြည့်များနှင့် တမ်းတမ်းတတစွဲလန်းနေသည့် အမူအရာများကို မြင်ယောင်နေမိသည်။

"ပိုင်"

"ရှင်"

"ငိုင်လှချည်လား၊ ဘာလဲ၊ မောင် ပြောတာတွေ မှန်နေပြီ ထင်တယ်"

"အို....မောင်ကလဲ၊ ပြောလေ ကဲလေပါလားကွယ်"

"မဖြစ်ဘူးဗျနော်၊ ဝ အောင် ချစ်ထားမှ တော်ကြာသူများဦးသွားယင် အခက်"

ပိုင့် ပါးလေးတွေ ကြေထွက်သွားမတတ် မောင်ကကြိုနမ်းနေသည်မို့ ပိုင်တယောက် မောင့် ရင်ခွင်ထဲမှာ ခွေကျမတတ် ဖြစ်နေရပါတော့သည်။

* * *



## အခန်း (၂၆)

စည်သူတယောက် ပုံစံ ပြောင်းသွားသဖြင့် တအိမ်လုံး အံ့ဩနေကြသည်။ စည်သူက ယခင်က စည်သူနှင့်လုံးဝမဆိုင်တော့ပါ။

ကျူ ရှင်မှန်မှန်တက်သည်။

စာကြည့်ခန်းထဲမှ မထွက်တော့၊ တခါတရံ ပျင်းလျှင် ခြံထဲသို့ဆင်း၍ဂစ်တာတီးပြီး အေးအေးဆေးဆေး နေတတ်လာသည်။

တအိမ်လုံးမှာ ဝမ်းအသာရဆုံးလူက ဖခင် ဦးထွန်းဘော်ဖြစ်သည်။ မိခင်ကတော့ သူ့သားကို ချီးမွမ်း၍မဆုံး။

"အင်း....အချိန်တန်တော့လဲ ဘယ်သူမှ ဆုံးမစရာ မလိုပါလား၊သူ့အသိဉာဏ်နဲ့သူ ကြိုးစားလာတာပဲ"

မိခင်က အထင်တကြီး ပြောသည်။

စည်သူက ယခင်ကလို ပိုသီပတ်သီ လမ်းသရဲပုံစံမဟုတ်တော့ သဖြင့် ပိုပြီးချောမောလှပလာသည်။

အင်္ကျီလက်ရှည်အဖြူနှင့် ပုဆိုးအကွက် စိပ်စိပ် လေးတွေကို ရွေးဝတ်သည်။

အင်္ကျီကော်လန်ကိုလည်းကြည့်။ လည်ကတုံး ကော်လန်နှင့်ဆိုတော့ ပိုပြီးရင့်ကျက်ခန့်ငြားလာသယောင်။

အသား လတ် လတ်၊ အရပ် မြင့် မြင့် နှင့် ဆံပင်ကောက်ကောက် စည်သူ တယောက် အခုမှ အချောကြီး ချောလာသည်။

သူ့ အမူအရာက အကြောင်း မရှိလျှင် စကားပင်ဟဟ မပြောတတ်။ ဖခင်ဖြစ်သူ ဦးထွန်းဘော်မှာ ဝမ်းသာလွန်းသဖြင့်—

"သား စာမေးပွဲအောင်ယင် ဖေဖေ ဟွန်ဒါတစီး ဝယ်ပေးမယ်၊ကင်မရာအသစ်တလုံးလဲ ထပ်ရမယ်၊အောင်—အောင်ဖြေနော်သား" ဟု ပြော သည် ကို ပင် စည်သူက ခေါင်းတခါခါဖြင့်—၊

"နေပါစေဖေဖေ၊ ကျွန်တော်ဘာမှ မလိုချင်ဘူး၊ တော်ကြာ ကျွန်တော့်အသိနဲ့ ကျွန်တော်လိုလိုချင်ချင် ကြိုးစား





တာတွေဟာ တခုခုလိုချင်လို့ဆိုပြီး အလကားဖြစ်ကုန်မယ်၊ နေပါစေဖေဖေ၊ ကျွန်တော်ပညာကို တကယ် လိုလားနေပါပြီ၊ ကုန်ခဲ့တဲ့အချိန်တွေ၊ အလဟဿဖြစ်သွားတဲ့ အချိန်တွေကို နှမြောလို့မဆုံးပါဘူး"

"ဝမ်းသာလိုက်တာ သားရယ်၊ သားအသက် ခုမှ နှစ်ဆယ့် တနှစ်ရှိပါသေးတယ်၊ တချို့မျာဆို အသက် အစိတ်ပြည့်မှ ကောလိပ်ရောက်တာတွေပုံလို့၊ ခု ငါ့သား ကြိုးစားယင် အသက်အစိတ်မှာ ဘွဲ့ရမှာပါ"

အားပေးနေသည့် ဖခင်ဦးထွန်းဘော်ကို စည်သူဆတ်ကနဲမော့ကြည့်လိုက်သည်။ ပြီးတော့ သံပြတ်ဖြင့်ပြော၏။

"ကျွန်တော် ရိုးရိုးဘွဲ့လောက် မလိုချင်ဘူးဖေဖေ"

"ဟေ...."

"ကျွန်တော် ဆရာဝန်ဖြစ်ချင်တယ်၊ဆရာဝန်ဖြစ်အောင်ကျွန်တော် ကြိုးစားနေတာ"

သားဖြစ်သူ၏စကားကြောင့် မိခင်၊ ဖခင်နှင့် အဘွားဖြစ်သူတို့ အံ့အားသင့်ကုန်ကြသည်။

ဦးထွန်းဘော်က တပြုံးပြုံး။

"ငါ့သားဖြစ်ချင်တာ ဖြစ်ရမှာပေါ့ကွာ"

စည်သူက သိပ်ကြာကြာလေကြောမရှည်နိုင်။ စာကြည့်ခန်းထဲ တန်းဝင်လာခဲ့၏။

စာမေးပွဲက ရက်ပိုင်းပဲ လိုတော့သည် မဟုတ်ပါလား....

စည်သူ့ရင်ထဲမှာ မာနတွေက တင်းခံနေသည်။

ငါဟာ ယောကျ်ားတယောက်ပဲ၊ မမက ငါ့ကို မချစ်တော့ ငါပိုပြီး လေလွင့်သင့်သလား၊ ငါ့ကို မမက အထင်မကြီးလို့ မချစ်ခဲ့တာပဲလေ၊ တကယ်တော့ ငါ့မှာ မမအထင်ကြီးစရာ ဘာတခုမှ မရှိခဲ့တာအမှန်ပဲ၊ မမရဲ့ ချစ်သူထက်သာအောင် ကြိုးစားပြရမယ်။

စည်သူ၏ရင်ထဲမှ မာနစိတ်က စည်သူ့ဘဝကိုပြောင်းလဲသွားစေပြီကော....

စိတ်အာရုံအားလုံးကို ကျောင်းစာထဲမှာ နှစ်ထားသည်။ ဆယ်တန်းကို အခါခါ ရှုံးခဲ့၍ ကျောင်းမှ ထွက်ခဲ့ရတာကြာပြီ။ အပြင်လူအနေဖြင့် ဝင်ဖြေရမည် မဟုတ်လား။

ကျူရှင်အားကိုး၊ နုတ်ဘုတ်တွေအားကိုးဖြင့် မိမိကိုယ်ကို ယုံကြည်စိတ်ချမှုတခုတည်းဖြင့် ကြိုးစားရခြင်းပင်ဖြစ်သည်။

စည်သူ့ရင်ထဲမှာ စာမေးပွဲကို ဂုဏ်ထူးများများဖြင့် အောင်မြင်ဖို့ တခုမှ လွဲ၍ အခြားဘာအကြောင်းမှ မထား။





နေ့လည်း စာမေးပွဲအောင်ဖို့၊ ညလည်းစာမေးပွဲ အောင်ဖို့၊ ဒီအသိပဲရှိတော့သည်။

စာမေးပွဲစဖြေဖြေချင်းနေ့မှာ စည်သူ ဝမ်းသာမဆုံးနိုင်၊ သူထင်ထားသည်ထက်ပိုပြီး ဖြေဆိုနိုင်သောကြောင့် နောက်ဆုံးနေ့ဖြေပြီးသည့် အချိန်မှာတော့ မိမိကိုယ်မိမိ ဆေးတက္ကသိုလ်သို့ ဝင်ရောက်နိုင်လောက်အောင် ဖြေဆိုနိုင်ခဲ့ကြောင်း စိတ်ချယုံကြည်မိပေပြီ။

"သား၊ အခြေအနေဘယ်လိုလဲကွ"

စည်သူ ပြန်အလာကို ဖခင်က ဝမ်းသာအားရ စောင့်ပြီး မေးတတ်သည်။

"ကျွန်တော်ဆေးတက္ကသိုလ်တက်ဖို့ အဆင်သင့် စီစဉ်ပေးထားကြဖို့ပဲ လိုပါတယ်ဖေဖေ"

စည်သူခပ်ကြွားကြွားပြောတော့ အားလုံးက မယုံကြည်သလိုဖြစ်ကြရ၏။ သို့ပေမယ့် တအိမ်လုံး ဝမ်းသာကြသည်။ ပိုင်လည်း စည်သူ့အတွက် ဝမ်းသာမိ၏။

"သား၊ ဖေဖေနဲ့ခဏလိုက်ခဲ့စမ်း"

ဦးထွန်းဘော်က စည်သူ့ပခုံးကို ဖက်ပြီး စာကြည့်ခန်းထဲသို့ ခေါ်ဆောင်သွားသည်။

"ကဲ....အဲဒါသားအတွက် ဖေဖေဝယ်ထားတာ"

စည်သူ အံ့သြရပါဘိ။

အသစ်စက်စက်အဝါနုရောင် တွန်ဒါလေးတစီး။

"ဘယ်တုန်းက ဝယ်လိုက်တာလဲဖေဖေ"

"သားစာမေးပွဲသွားဖြေတုန်း ဒီအခန်းထဲမှာ သွင်းထားတာကွ၊ ဝယ်ထားတာတော့တပတ်ရှိပြီ၊ ဖေဖေ့သူငယ်ချင်းအိမ်မှာ ထားတာလေ၊ မင်းဝမ်းသာအောင် ခုမှယူလာတာ"

"ကျေးဇူး....ဗြော်.... ကျွန်တော့်အတွက် ဒုက္ခရှာလို့ ဖေဖေရယ်"

"သားက သိပ်လိမ္မာလာပြီကိုးကွ၊ ဒက်ဒီ.... အဲလေ.... ဖေဖေတို့ ဝမ်းသာရတာပေါ့၊ နေပါဦး၊ ခု ဒက်ဒီကို ဘာလို့ ဖေဖေလို့ ပြောင်းခေါ်နေရတာလဲ၊ ပြောစမ်း"

"ကျွန်တော်မြန်မာပီသတဲ့လူတော်လူကောင်းတယောက် ဖြစ်ချင်လို့ပါ ဖေဖေ"

"အဲ....ကောင်းတယ်ကွာ၊ ရော့....ဒီမှာ ဆိုင်ကယ်သော့"

စည်သူက ဆိုင်ကယ် အသစ်စက်စက်လေးကို တွန်းပြီး ထွက်လာခဲ့၏။

ဝမ်းသာစိတ်ကြောင့် နေ့လည်စာ ထမင်းစားဖို့ပင် မေ့နေ၏။

ဆိုင်ကယ်ကို စက်နှိုးပြီး တက်စီးလာခဲ့သည်။





သူတို့ခြံနှင့် ခပ်လှမ်းလှမ်းရောက်တော့ ရင်ထဲမှာ တုန်ယင်လာပြီး ခေါင်းက မိုက်ကနဲ....မိုက်ကနဲ ဖြစ်သွားသည်။

စည်သူ အိမ်ဘက် ပြန်လှည့်မည် စိတ်ကူးပြီးမှ ဆက်၍ မောင်းထွက်လာခဲ့၏။

နေကပူပူ၊ ခေါင်းထဲက မူးကနဲ....မိုက်ကနဲ သူ့ကိုယ်သူ မထိန်းနိုင်တော့ပါ။ ဆိုင်ကယ်ရော လူပါ အရှိန်လွန်ပြီး လမ်းဘေး အုတ်တံတိုင်းတခုကို ဝင်ဆောင့်လိုက်၏။

"ဂျိမ်း....ဒိန်းဒလိန်း"

ဆိုင်ကယ်ရောလူပါ ခွေကနဲ ပစ်ကျသွားတော့၏။

* * *

## အခန်း ( ၂၇ )

ဝေယံဦး သဘော်ာလိုက်ရန် သုံးရက်ခန့်သာ လိုတော့သည်မို့ ဘန်ကောက်သွားကာနီး ပိုင်နှင့် လည်၍ မဆုံးကြ။

စေ့စပ်ပြီးသူတွေမို့ လူကြီးတွေရှေ့မှာ ပြောင်ပြောင်တင်းတင်း တွဲခုတ်နေကြတာက နေ့စဉ်။

လက်မထပ်သေးခင် ချစ်၍ကောင်းတုန်း အချိန်မို့ တဦးနှင့်တဦး မခွဲနိုင် မခွာရက်ကြသလို ရှိနေသည်။

တဦး၏ အပြုအစုအယုအယကို တဦးက မရိုးနိုင်၊ ခုံမင်စုံမက်လှန်းနေသည်။





အားအားရှိ တနေရာသို့ အတူသွား၊ ရုပ်ရှင်ကြည့်ပြီးတော့ လူရှင်းသည့် အင်းလျားကန်စောင်း၊ ကန်တော်ကြီးစောင်း စသည့် နေရာများသို့ ကားတစီးဖြင့် လျှောက်လည်။

ကားကို သစ်ပင်ရိပ်အောက်မှာ ထိုးရပ်ပြီး နှစ်ဦးသားကျီစယ်ရတာကလည်း နေ့စဉ် မဝ နိုင်။

အချစ်စိတ်ကို လွှတ်မပေးနိုင်ပဲ ထိန်းထားရလေ ဒီဂရီတွေ တက်လေ....တသိမ့်သိမ့် တငြိမ့်ငြိမ့် ရင်ခုန်ရလွန်း၊ ကြည်နူးရလွန်းပါတိ။

"မောင့်အနမ်းလေးတွေ သိပ်ချိုတာပဲ" ဟု ပင် ပြောမိသည်အထိ ဝေယံဦး၏အယုအယတွင် ပိုင်တယောက် နစ်မူး၍ မဝ၊ မောင်နှင့် တတွဲတွဲ လုပ်နေရသမျှ ကြည်နူးမဆုံးနိုင်ဖြစ်နေ သည်။

သည်နေ့လဲ မောင်နှင့် အင်းလျားစောင်းမှာ ပလူးပလဲလုပ်ပြီး ပြန်လာကြသည်။

မောင်က အိမ်မပြန်ချင်သေးသလို ညုနေသေး၏။

"ပိုင်နဲ့ခွဲရမှာ အကြာကြီးဗျနော်၊ တွေးပြီး မလွမ်းဘူးလားအချစ်ရယ်....ဟင်"

တိုးညှင်းစွာမေးပြီး ပခုံးလေးများကို လက်ဝါးနှင့် ဖွဖွလေး ပွတ်ကာ လည်ကုပ်သားလေးပေါ်ရှိ ဆံနွယ် များကို

ဖယ်ရှားပေးနေသည်။ ပြီးတော့ သူ့ရင်ခွင်မှာ ထွေးပိုက်ထားပြီး....

သိပ်လှတဲ့ပိုင်၊ မောင့်အပေါ် သစ္စာရှိဘို့၊ လူချင်းဘယ်လောက်ပဲဝေးဝေး ချစ်နေကြဘို့၊ ပြီးတော့သူက ပိုင့်အပေါ်ဘယ်၍ဘယ်မျှအထိ နှင့်နှံစွာ ချစ်ရပါကြောင်း တွေကိုတတွတ်တွတ်ပြောပြီးမှ အိမ်သို့ပြန်လာခဲ့ကြသည်။

အိမ်နှင့်နီးကပ်လာတော့ မောင်ရော ပိုင်ပါ မြင်ကွင်းတခုကြောင့် အံ့သြထိတ်လန့်ကုန်သည်။

တနေရာအရောက်မှာ လူတွေဝိုင်းအုံနေကြ၏။

ဝေယံဦးက ကားရပ်ပြီး ငဲ့ကြည့်လိုက်သည်။ လူအုပ်အနည်းငယ် ရှဲသွားခိုက် မြင်ရသည်မို့ "ဟင်.... စည်သူပါလားပိုင်၊ ဆိုင်ကယ်နဲ့လဲနေတာ"

"ဟုတ်လားမောင်၊ ဟင်....လုပ်ပါအုံး"

ကားပေါ်မှ နှစ်ယောက်လုံး ပြေးဆင်း လာကြသည်။

"စည်သူ....စည်သူ"

လူအုပ်ကြားသို့ အတင်းတိုးဝင်ပြီး ပိုင်ကခေါ်လိုက်၏။

"ဘာဖြစ်တာလဲ၊ ကားတိုက်တာလား"

ဝေယံဦးကလည်း အပူတပြင်းမေးသည်။

"မဟုတ်ဘူး၊ ဆိုင်ကယ်ရောလူပါ အုတ်နံရံကိုဝင်ဆောင့်ပြီး သတိမေ့သွားတာ၊ ခုပဲ အခုချက်ချင်းဖြစ်တာ"





ပိုင်မှာ ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်နေသည်။

"မောင်....ဘယ်လိုလုပ်ကြမလဲဟင်"

"အိမ်ပြန်ခေါ်သွားကြမယ်လေ"

အနီးရှိလူတွေ အကူအညီဖြင့် စည်သူ့ကို ဝေယံဦးကားပေါ်သို့ တင်ကြသည်။ ဆိုင်ကယ်ကို ကားနောက်ဖုံး ဖွင့်ပြီး ထည့်ယူလာရသည်။

"ဟင်....သားလေးဘယ်လိုဖြစ်လာတာလဲ"

"သား ဘာဖြစ်လို့လဲ မောင်ဝေယံဦး"

"လမ်းမှာလဲနေတာတွေ့လို့အန်ကယ်၊ ဆိုင်ကယ်နဲ့ အုတ်တံတိုင်းကို ဝင်ဆောင့်တာတဲ့"

စည်သူ့ကို ပွေ့ချီချကြရ၏။

"ဖုန်းမြန်မြန်ဆက်စမ်း၊ ဆရာဝန်ဆီကို"

ဦးထွန်းဘောက ဇနီးဖြစ်သူကို ပြောလိုက်ပြီး စည်သူ့ကို သူ့အခန်းထဲပို့သည်။

ခဏကြာတော့ ဆရာဝန်ရောက်လာ၏။

စည်သူ့ကိုစမ်းသပ်ကြည့်ပြီး....

"ကိစ္စမရှိပါဘူး၊ အားနည်းလွန်းလို့ ဖြစ်တာပါ" ဟု ပြောလေသည်။ ဆေးတလုံးထိုးပေးပြီး စောင့်ကြည့်နေလေသည်။

"ဒီနှစ်စာမေးပွဲအတွက်သိပ်ကြိုးစားတာ၊ ဒီနေ့ စာမေးပွဲပြီးပြီးချင်း ဆိုင်ကယ်အသစ်ဝယ်ထားတာ ပြလိုက်မိတယ်၊ ဘာမှမစားပဲထွက်သွားတော့ စိတ်ထဲက စိုးရိမ်မိသား"

ဒေါ်အောင်မေက စဉ်းစဉ်းစားစားပြောလိုက်သည်။

ခဏကြာတော့ စည်သူ သတိရလာ၏။

"မ....မ၊မ....မ"

ယမင်းပိုင်က စည်သူ့ခုတင်ဘေးရှိ ခုံတွင် ထိုင်နေရာမှ ရင်ထဲမှာ ထိတ်ကနဲဖြစ်သွား၏။ ဝေယံဦးလဲ မျက်နှာ ကွက်ကနဲ ပျက်သွားသည်။

"မမ....မမ....မမ"

စည်သူ့နှုတ်မှအလန့်တကြားအော်ခေါ်နေ၏။ သူစွဲလန်းလန်းသည့်သူကို သတိရရချင်းအချိန်မှာ ယောင်ယမ်း ခေါ်လိုက်မိခြင်းပင် ဖြစ်လေသည်။

"ဟဲ့....ဟဲ့....သား စည်သူ"

ဒေါ်အောင်မေက စည်သူ့ရင်ဘတ်ကိုစမ်းပြီး စိုးရိမ်စွာခေါ်နေသည်။ ကယောင်ကတမ်းအော်နေသည့် စည်သူမှာ ခုမှပင် ငြိမ်ကျသွား၏။

သူ့မျက်လုံးကို အသာအယာဖွင့်ပြီး အချစ်ဆုံး မမကို စည်သူရှာကြည့်သည်။ မမကို ဝေယံဦးနှင့်တွဲလျက် မြင်လိုက်





ရတော့ စည်သူ၏မျက်နှာမှာ ဆွေးရိပ်သန်းပြီး မျက်လုံးကို ဇွတ်ပြန်မှိတ်ပစ်လိုက်မိ၏။

"မောင်ပြန်မယ်ပိုင်"

ဝေယံဦးမှာထိုင်ရာမှထရပ်ပြီး ပိုင့်ကို ခပ်တိုးတိုးနှုတ်ဆက်လိုက်သည်မို့ ပိုင်လည်း ဝေယံဦးနောက် လိုက်လာခဲ့သည်။

အိမ် ဝ ရောက် တော့ ဝေယံဦး က မျက် စိ မျက် နှာ ပျက်ဖြင့်....

"မောင်မပြောဘူးလားပိုင်၊ ခု မြင်ပြီမဟုတ်လား"

"မောင်ရယ်၊ ဒီလိုလဲ သေချာပေါက် မစွပ်စွဲနဲ့လေ"

"ပိုင် မင်းကို မောင် လက်ထပ်သွားချင်ပြီကွာ၊ မောင်သွားဖို့ သုံးရက်ပဲ လိုတော့တယ်နော်၊ မင်း စဉ်းစားပါ"

ပြောပြီး မောင် ချာကနဲ ပြန်လှည့်သွားသည်မို့ ပိုင် စိတ်မကောင်းဖြစ်ပြီး ကျန်ရစ်ခဲ့သည်။

"ကိုကိုလေး မူးလဲသွားတာ မှတ်မိလား ဟင်"

ခိုင်က စည်သူ၏ခုတင်ဘေးမှာ ရဲရဲတင်းတင်းပင် ဝင်ထိုင်နေပြီး မေးနေသည်။ ခိုင့် အမေးကို စည်သူ ခေါင်းညိတ်အဖြေပေးလိုက်သည်။

"ခိုင်က ကိုကိုလေး ချက်ချင်း ပြန်လာမယ်ထင်လို့ မတားလိုက်မိတာ၊ ဆိုင်ကယ်ကို ခြံနား တပတ်စီးကြည့်တာ ထင်နေတာ"

ခိုင့် အမူအရာက ရယ်ရွှင်နေပေမယ့် ခိုင့် မျက်နှာလေးမှာ ချောင်ကျနေ၏။ နှုတ်ခမ်းလေးတွေမှာ ဖြူပြီး အတော်ပိန်သွားသည်။ စာမေးပွဲအတွက် လုံးပမ်းနေရသဖြင့် ခိုင်နှင့် စည်သူမှာ မျက်နှာချင်းမဆိုင်မိကြတာ ကြာပြီကော။

"ကိုကိုလေး နေကောင်းယင် ခိုင်နဲ့ ကိုကိုလေး ရုပ်ရှင်သွားကြစို့နော်၊ (TAKE ME AWAY) တဲ့ ကိုကိုလေး၊ ကားက သိပ်ကောင်းတာတဲ့"

ခိုင်၏မျက်နှာလေးကို မော့ကြည့်ပြီး စည်သူ ခေါင်းညိတ်ပြလိုက်၏။ မမကို ရှာပေမယ့် မမက သူ့အခန်းထဲသို့ ပြန်မလာ။

ဦးထွန်းဘော်က စည်သူ၏ မျက်နှာရိပ် မျက်နှာကဲကို အကဲခတ်နေပြီး စည်သူ့ ခံစားချက်ကို ရိပ်မိသလိုရှိသည်။

ဒါကြောင့် ဒီကောင် ပြောင်းလဲသွားတာ ဖြစ်မှာပဲ၊ သို့သော် ပိုင်က ဝေယံဦးနှင့် စေ့စပ်ပြီးပြီမို့ ဦးထွန်းဘော် စိတ်မကောင်းဖြစ်သွားလေသည်။

"သား၊ အားရှိသွားအောင် ဟောလစ်လေးသောက်လိုက်ပါဦး"

ဒေါ်အောင်မေက ဟောလစ်သွားဖျော်ပြီး ယူလာခဲ့၏။

"ဒီမှာ သားကြိုက်တဲ့ ဆိတ်သားမုန့်"





အစားအသောက်ခွက်တွေကြည့်ပြီး စည်သူ ခေါင်းခါပစ်လိုက်သည်။

"အားရှိသွားအောင် စားလိုက်ဦးနော် သား"

"ကျွန်တော့် ရင်ထဲမှာ ပြည့်နေတယ် မေမေ"

မိခင်က သဘောရိုးမှတ်ပြီး....

"ရင်ပြည့်ယင် လျှော့ပွတ်ဆေးလေး စားမလား သား"

"ဟင့်အင်း"

ဆရာဝန်က နှုတ်ဆက်ပြန်သွားသည်။

ဒေါ်အောင်မေ၊ ဦးထွန်းဘော်နှင့် ခိုင်တို့ ဘယ်လိုပဲ ချော့ချော့ စည်သူ ဘာမှ မစား။

အဘွား ဒေါ်မြစီက ချော့ကျွေးပြန်၏။

စည်သူ မစား၊ ဘာတခုမှ မစားပဲ တင်းခံနေသည်။

"စာမေးပွဲ ပြီးလို့ စိတ် လျှော့ လိုက် တာ လား သား၊ ယောကျ်ားပဲကွာ၊ အားတင်းမှပေါ့"

ဖခင်က အဓိပ္ပာယ်နှင့်ပြောပေမယ့် စည်သူက မသိ။

"တနှစ်လုံး ကြိုးစားလာသမျှ ခုမှ အားပြတ်သွားတာလေ၊ သူ စိတ်လျှော့လိုက်တာကိုး"

ဘွားအေနှင့်မိခင် နားလည်အောင် ဦးထွန်းဘော် ရှင်းပြသည်။

ညနေစာ စားသည့်အချိန်ထိ စည်သူ ဘာမှမစားပဲ အချစ်နာရောဂါ တက်နေသဖြင့် ဦးထွန်းဘော် မနေသာတော့ပဲ ပိုင့်ကို အကူအညီတောင်းရသည်။

ချစ်ရလွန်းသည့် တဦးတည်းသောသား ဆိုတော့လည်း သိလျက်နှင့် မသိဟန်ဆောင်ပြီး ပြောရသည်။

"ပိုင်ရေ၊ သမီး မောင်လေးကို ဝိုင်းပြောပါဦးကွယ်၊ ဘာမှလဲ မစားဘူး၊ သိပ်အားပြတ်သွားမှာစိုးလို့"

ပိုင့်မှာ မနေသာတော့ချေ။

စွပ်ပြုတ်ပန်းကန်လေးနှင့် စည်သူ့ အခန်းထဲ ဝင်လာခဲ့၏။ စည်သူက မျက်လုံးမှိတ်ပြီး ငြိမ်နေလေသည်။

"စည်သူ"

စည်သူ မျက်လုံးဖွင့်ကြည့်၏။

"သက်သာရဲ့လား ဟင်"

သူ့ကို လုံးဝ စကားမပြောပဲ သူစိမ်းပြင်ပြင်နေသူ၏နှုတ်မှ ခုလို ကြားရတော့ စည်သူ့ ရင်ထဲမှာ လှိုက်ကနဲ ဝမ်းသာ ကြည်နူးသွားလေသည်။

"စည်သူ သက်သာရဲ့လားလို့"

စည်သူ့ ခုတင်နံဘေးရှိ ဆိုဖာပုပုလေးပေါ်တွင် ဝင်ထိုင်လိုက်ပြီး မေးသည်။

"ခေါင်း နည်းနည်း မူးသေးတယ် မမ"





ပိုင်၏မျက်နှာကို မကြည့်ပဲ သူ ဖြေလေသည်။

"စွပ်ပြုတ် ပူပူလေး သောက်လိုက်ဦးနော်"

"ကျွန်တော့် ရင်ထဲမှာ ပြည့်နေတယ် မမ၊ မသောက်ချင်ဘူး"

စည်သူ၏ အသံက အက်ကွဲ တုန်ယင်နေလေသည်။

ပိုင်ဘယ်လို ဖျောင်းဖျရမှန်းမသိ။ ပြီးမှ....

"စည်သူ"

"ဘာလဲ မမ"

"ကလေးဆိုးကြီးလို မလုပ်နေပါနဲ့ကွယ်၊ အန်ကယ်နဲ့ အန်တီ စိတ်ချမ်းသာအောင် သောက်လိုက်ပါ"

"မသောက်ချင်ဘူး မမ"

စည်သူ ခေါင်းမာနေသည်။

ပိုင် စည်သူ့ကို ကြည့်ပြီး စိတ်ညစ်နေရ၏။

"မမ စကား မင်း နားမထောင်ဘူး ပေါ့"

"နားထောင်စေချင်လို့လား မမ"

ပြန်မေးလိုက်သည့် သူ့အသံမှာ ဆို့နင့် ကြေကွဲမှုတွေ ပါလာသည်။

"နားထောင်စေချင်တာပေါ့ စည်သူ"

စည်သူ ငိုင်တွေသွား သည်။

ပြီးတော့ ပိုင့်လက်ကို ဖျပ်ကနဲ လှမ်းကိုင် လိုက်၍စွပ်ပြုတ်ခွက်လေး ယမ်းခါသွားရ၏။

"မှောက်ကုန်ပါ့မယ် စည်သူ၊ မမကို ကာယကံမြောက် မလွန်ကျူးချင်ပါနဲ့ ကွယ်"

"မမက ကျွန်တော် ခံစားနေရတာကို ကြည့်ရက်သလားဟင်၊ ပြောစမ်းပါဗျာ၊ ပြောစမ်းပါဗျာ"

အိပ်ရာမှ ဝုန်းကနဲ ထထိုင်ပြီး ပိုင့်မျက်နှာကို အားမလိုအားမရ ကြည့်ကာ မေးလိုက်မိသည်။

ပိုင်က အထိတ်ထိတ် အလန့်လန့်ဖြင့် စွပ်ပြုတ် ပန်းကန်ကလေးကို စားပွဲခုံလေးပေါ် လှမ်းတင်လိုက်၏။

"မမ"

..................

"ပြောစမ်းပါဗျာ၊ ကျွန်တော့်ကို ဘာလို့ မချစ်နိုင်တာလဲလို့၊ ကျွန်တော်က အညတြ တယောက်မို့လား၊ မမနားမှာ ကျွန် တော့် ထက် သာ တာ တွေ ဝိုင်းဝိုင်းလည် နေလို့ ကျွန်တော့်ထက် သာတဲ့ ဝေယံဦးကို ရွေး လိုက်တာ ပေါ့ဟုတ်လား"

"တိုးတိုးပြောပါ စည်သူရယ်၊ အန်ကယ်တို့ ကြားသွားယင် မကောင်းပါဘူးကွယ်"

ပိုင်က ခပ်တိုးတိုးတောင်းပန်လိုက်သည်။

"ကျွန်တော် သိပ် ခံစားနေရတယ်ဗျ၊ သိလား၊ မမကို ကျွန်တော် မြင်နေရ ရက်နဲ့ မျိုသိပ်ထားရတာ သေလုပြီဗျ နော်၊ ဒီကောင့်ရင်ထဲမှာ ကျွမ်းကုန်ပြီဗျ၊ ကျွမ်းကုန်ပြီ"





ပိုင်၏ ပခုံးတွေကို ဆုပ်ကိုင်ပြီး ငိုမလို အသံမျိုးဖြင့် သူ ပြောသည်မို့ ပိုင်ပါ စိတ်လှုပ်ရှားသွားမိ၏။

"စည်သူ၊ မမကို မင်း အဲဒီလို မလုပ်ပါနဲ့၊ မမ တောင်းပန်ပါတယ်၊ လွှတ်စမ်းကွယ်"

"မလွှတ်ဘူးဗျ၊ ကျွန်တော် ခံစားနေရတာ ခင်ဗျား ကြည့်ရက်သလားဟင်.... ကြည့်ရက်သလား"

ပြောပြောဆိုဆို ပိုင့် ပါးပြင်အနှံ့ကို ကြမ်းကြမ်းရမ်းရမ်း နမ်းပစ်လိုက်သည်မို့ ပိုင်မှာ ရှက်ရွံ့ ဝမ်းနည်းပြီး စည်သူကို တအားတွန်းပစ်လိုက်မိ၏။

"မင်း....မင်း....ရိုင်းပျလှချည်လား စည်သူ"

"ကျွန်တော် ရိုင်းယင် ဆုံးမလိုက်ပါလားဗျာ၊ ဟောဒီ ပါးတွေကို ရက်ရက်စက်စက်ရိုက်ပစ်လိုက်ပါလား မမရယ်"

ပြောယင်း စည်သူ မျက်ရည်တွေ အိုင်ပြီး စီးကျလာသည်။

"မင်းကြောင့်တော့ ခက်ကုန်တော့မှာပဲ စည်သူ၊ မမကို လွှတ်၊ ကိုဝေယံဦး မြင်သွားယင် မမတော့ ခက်ပြီ"

"မြင်ပစေ....သူမြင်မှ မမကို စိတ်ပျက် သွားမှာ"

"မင်း....ဒီလောက်အကျင့်မယူတ်ပါနဲ့စည်သူ၊ လွှတ်စမ်း"

ပိုင်တအား ဆောင့်တွန်းပစ်လိုက်၏။ စည်သူကအား နည်းနေသူမို့ ခုတင်ပေါ် ပက်လက်လန် ကျသွားသည်။

ပိုင် စည်သူ့နားမှ လှည့်ထွက်ရန် ထိုင်ရာမှ ထလိုက်ပေမယ့် မရ၊ စည်သူက ပိုင်၏ လက်ကောက်ဝတ်ကို ဆုပ်ကိုင်ထားသည်။

"မမရယ်၊ ကျွန်တော့်ကို ပြန်ချစ်ယင် မမသိက္ခာကျမှာ စိုးသလားဟင်၊ မမ လက်မထပ်ရဘူး၊ မမ လက်ထပ်တဲ့နေ့မှာ ကျွန်တော့် အလောင်းကို မြင်ရမယ်မှတ်"

အခက်ကြုံနေရသူက ယမင်းပိုင်။

အတင်းအကျပ် အော်ဟစ် ရုန်းကန်ပြီး ပြေးဖို့ကလည်း မဖြစ်၊ စည်သူကလည်း သူ့လက်တွေကို မလွှတ်၊ ကျစ်ကျစ်ပါအောင် ဆုပ်ညှစ် ထားလေသည်။

စည်သူ့ကို အချိုသပ်ရန် စဉ်းစားရသည်။

"မမကို ချစ်ယင် မမ စကား နား ထောင် ပါ လား စည်သူ"

"ဘာ နားထောင်ရမလဲ ဗျာ"

"မင်း နေကောင်းအောင်နေ ပညာကို ဆက်ကြိုးစား"

"ဒီလိုဆိုယင် မမက ကျွန်တော့်ကို ပြန်ချစ်မှာလား ဗျာ"

စည်သူက မျှော်လင့်ချက်ကြီးစွာဖြင့် မော့ကြည့်၍ မေးနေသည်။ ပိုင် မဖြေရက်။

"ကျွန်တော် မေးတာဖြေလေဗျာ"





"မမဘာယ်လို ဖြေရမလဲ စည်သူ၊ မမမှာ စေ့စပ်ထားတဲ့ လူရှိနေပြီဆိုတာ မင်း အသိပဲ မဟုတ်လား"

"အိုဗျာ....နားမလည်ဘူး၊ ကျွန်တော် မမကို သိပ်ချစ်တယ်၊ မမကို မရယင် သေပစ်လိုက်မှာပဲဗျ"

"ခက်ပါလား စည်သူရယ်"

"မခက်ပါဘူးဗျာ"

"အရေးကြီးတာက ဘာလဲ"

"ကျွန်တော်ဘာယ်လို ဖြေရမှာလဲ"

"မင်းကျန်းမာရေးက အဓိကပဲ မဟုတ်လား၊ ကဲ—စွပ်ပြုတ်သောက်လိုက်ပါဦး"

"မသောက်ချင်ဘူးဗျာ"

"မမစကားကို နားထောင်ယင် သောက်"

"မမကိုယ်တိုင် ခွံ့ပေးမှာလား"

ပိုင်၏မျက်နှာလေးမှာ ရှက်သွေးတွေ ဖျန်းသွားသည်။ ဒီချာတိတ်ကြောင့် ရင်တွေတုန်လှုန်းရပါဘိ၊ ပိုင့်ကို အမျိုးမျိုးခရာနေ၊ တာ နေသည်။

ထိုစဉ်အခန်းထဲသို့ ဝေယံဦးဝင်လာသဖြင့် ပိုင်လန့်သွားလေသည်။ စည်သူက ပိုင့်လက်ဖျားလေး တွေကို ကိုင်ထားတာမြင်ရ၍ ဝေယံဦး၏မျက်နှာကြီး ညိုပုပ်သွားလေသည်။

"ဩော်....မောင်၊ လာလေ"

ပိုင်က ပျာပျာသလဲ လှမ်းခေါ်လိုက်ပေမယ့် ဝေယံဦး မှာ ချဉ်ချဉ်ရှိသွားသည်နှင့် စည်သူ့ခုတင်နား ကပ်မလာ တော့ပဲ။

"ပိုင့်ကို မောင်လာစခေါ်တာပိုင်၊ လမ်းလျှောက်မလို့"ဟု မျက်နှာတင်းတင်းဖြင့် ပြောလိုက်၏။

"ပိုင် လိုက်ခဲ့မယ်နော်မောင်"

ဝေယံဦးစိတ်ဆိုးသွားမှန်းသိ၍ ပိုင်က ထိုင်ရာမှ ချက်ချင်းထပြီး လိုက်လာခဲ့သည်။

စည်သူ၏ ခုတင်ဘေး စားပွဲပုလေးပေါ်တွင်တော့ စွပ်ပြုတ်ပန်းကန်လေးကျန်ခဲ့လေသည်။

"အပြင်သွားမယ် ပိုင်လိုက်ခဲ့"

ဝေယံဦး၏အသံက ဒေါသကြောင့် တုန်ခိုက်နေသည်။

ပိုင်က ခပ်ကုပ်ကုပ်ဖြင့် ဝေယံဦးကားပေါ်သို့ ပါလာခဲ့ သည်။ မျက်နှာလေးမှာ ဇီးရွက်လောက်သာ ကျန်တော့၏။

မောင်က ကားကို ရန်ကုန်မြစ်ရှိရာ ဦးတည် မောင်းခဲ့ သည်။ ကမ်းနားတွင် ကားရပ်ပြီး စီးကရက်တလိပ် ထုတ် သောက်နေ၏။ ပိုင့်ကို အတန်ကြာစကားမပြောပဲ စေ့စေ့ ကြည့်နေ၍ ပိုင်အနေခက်လှသည်။ ပိုင်မနေတတ်လွန်းသဖြင့်။

"မောင်"

ဝေယံဦးက ပိုင့်ကို မျက်မှောင်ကုပ်ကြည့်ပြီး။





"ပိုင်....မင်း ဘာ စောဒက တက်ချင်သေးလဲ"

"ဘာကို ဆိုလိုတာလဲ မောင်"

"အိပ်ချင်ဟန်ဆောင်တဲ့လူကို အနှိုးရ ခက်တယ်ကွ"

ဝေယံဦး၏ အသံ မာမာထန်ထန်ကြောင့် ပိုင့်ရင်ထဲမှာ နင့်သွားသည်။

"ပိုင့်ကို ပွင့်ပွင့်လင်းလင်းပဲ ပြောပါမောင်၊ ကွေ့ကွေ့ ကောက်ကောက်ပြောယင် ပိုင်နားလည်မလွယ်ဘူး"

"စည်သူနဲ့မင်း ပလူးနေတဲ့ကိစ္စလေ"

"အို....မောင်ဘယ်လို ပြောလိုက်တာလဲ"

"မင်းလက်ကို မြတ်မြတ်နိုးနိုးကိုင်ပြီး မင်းမျက်နှာကို အချစ်မျက်လုံးတွေနဲ့ တစိမ့်စိမ့်ငေးကြည့်နေတာ ငါ့မျက် မြင်ပဲပိုင်၊ မင်းဘာငြင်းချင်သေးသလဲ"

"မောင်....မောင်မှားနေပြီ"

"မမှားနိုင်ပါဘူးကွာ၊ မျက်စိနဲ့ တပ်အပ် တွေ့တာပဲ– တောက်"

ယမင်းပိုင်၏မျက်လုံးအိမ်မှာ မျက်ရည်တွေ စို့လာသည်။ ဝေယံဦးက အထင်တသေးစိုက်ကြည့်နေ၍ ခေါင်းငုံ့ချထား မိ၏။

"မြွေဟောက်လို လျှာနှစ်ခွနဲ့ လာသမျှ လက်ခံနေတာ လားပိုင်၊ ပြောစမ်းပါ"

"ပိုင်မရှင်းပြတတ်တော့ဘူး မောင်၊ ပိုင်နဲ့ စည်သူဟာ ရိုးသားပါတယ်လို့ ဘယ်နှစ်ခါ ရှင်းပြရမလဲ"

"ဟား....ဟား....ဟား ဒါလားကွရိုးသားတာ၊ လက်ဖျားလေးကို ဆုပ်ကိုင်ပြီး သာယာနေကြတာ ရိုးသားသလားကွ"

ပိုင်ဘုရားတလိုက်မိ၏။ လက်ဖျားကိုင်ယုံတောင်ဒီလောက် ဒေါသဖြစ်နေတာ၊ စည်သူဖက်ရမ်းနမ်းရှုံ့တာတွေသာမြင်ခဲ့ယင်....

"ပိုင့်ကိုခွင့်လွှတ်ပါ၊ အန်ကယ်တို့က စည်သူ ဘာမှမစားလို့ စွပ်ပြုတ်သွားတိုက်ခိုင်းလို့ပါ မောင်ရယ်"

ဝေယံဦးအပေါ်မှာ မှန်မှန်နှစ်နှစ် ချစ်ရသူမို့ ပိုင်စိုးရိမ်တကြီး တောင်းပန်နေမိ၏။ သို့သော် ဝေယံဦးက....

"မင်းကို ငါမယုံနိုင်ဘူးပိုင်၊ ငါနဲ့တခါတည်း လိုက်ခဲ့တော့၊ တို့ဒီညကစပြီး လင်မယားလိုနေမယ်"

ဝေယံဦး၏စကားက ရင့်သည်းလွန်းသဖြင့် ပိုင် ငိုချလိုက်မိ၏။

"မင်းက ငါ့ကို အငွေ့ပဲ ပေးနေတာ ဘာသဘောလဲ၊ ဟိုကောင့်အတွက် ချန်ထားတာလား"

"မောင်ရယ်၊ ဒီလောက်ပဲ ရင့်ရင့်သည်းသည်း ပြောရက်သလားဟင်....မောင်နဲ့ပိုင် လက်မှ မထပ်ရသေးတာကွယ်၊ ဒါကြောင့်ပါ"





ဝေယံဦးက ပိုင့်၏မျက်နှာကို ဂရုဏာဒေါသဖြင့် လှည့်ကြည့်ပြီး....

"ဟော့ပိုင်....လက်မထပ်ရသေးပဲ လင်မယားဘဝ ရောက်နေတဲ့ ချစ်သူတွေ တပုံကြီးပါကွ၊ တဦးအပေါ်တဦးယုံကြည်ယင် ပုံအပ်ကြတာချည်းပဲ၊ မင်းနဲ့ငါ အခုလက်ထပ်မယ်ဆိုလဲ မင်းဘက်ကမှ လက်မခံတာ၊ ဒါသက်သက် ငါ့ကို ကြိုးရှည်ရှည်နဲ့ လှန်ထားတာ မဟုတ်လား"

"ပိုင့်ကို နည်းနည်းမှ မယုံတော့ဘူးလားမောင်"

ပိုင် စိတ်ညစ်ညစ်ဖြင့် အော်ပစ်လိုက်လေသည်။

"မယုံဘူးကွာ၊ ယုံစေချင်ယင် ဒီနေ့ကစပြီး အတူနေမယ်၊ မင်းနဲ့ သုံးရက်နေပြီးတာနဲ့ ငါ နိုင်ငံခြားသွားရတော့မှာ၊ ဒီသုံးရက်အတွက် မင်း ငါ့အပေါ် အစွမ်းကုန် မလိုက်လျောနိုင်ဘူးလား"

ဝေယံဦးက အရူးတယောက်လို သူဖြစ်ချင်တာတွေကို အားမနာတမ်း တောင်းဆိုနေပေပြီ။

ပိုင့်မှာသာ မရှုနိုင်၊ မကယ်နိုင်။

အခြေအနေက တင်းမာသည့်အဆင့်သို့ ရောက်ပြီ။

"မောင်...."

ဝေယံဦး၏လည်ပင်းကို သူ့ လက် နုနုလေး များဖြင့် သိုင်းဖက်ပြီး ပိုင်ခေါ်လိုက်တော့ ဝေယံဦးက သူ့အလိုလိုက် မည်ထင်ပြီး ပိုင့်မျက်နှာကို ငုံ့ကြည့်သည်။

"မောင့်ကို ပိုင် မချစ်လို့မဟုတ်ပါဘူး၊ ဒါပေမယ့်လေ ပိုင်တို့မင်္ဂလာဦးညကို ပိုင် တန်ဖိုး ထားပါရစေလား ကွယ်နော်"

"တော်စမ်းပိုင်၊ စည်သူနဲ့ မငြိစွန်းခင် မင်းကို ငါအပိုင်ယူသွားချင်တယ်၊ ဒါပဲ"

ဝေယံဦး၏ အမူအရာကြောင့် ပိုင်လန့်သွားသည်။

ကြမ်းကြမ်းရမ်းရမ်း အမူအရာကို အချစ် သက်တမ်းတလျှောက်မှာ တခါမျှမမြင်ခဲ့ရဘူး၍ အံ့သြထိတ်လန့်ရလွန်းပါဘိ။

ပိုင် ခေါင်းငုံ့ပြီး မျက်ရည်တွေ တုတ်တုတ်ကျနေသည်။

"ပြောစမ်းပိုင်၊ မောင့်ဆန္ဒကိုလိုက်လျောမလားဆိုတာ"

....................

"မေးနေတယ်ကွာ"

ပိုင့်မျက်နှာကို သူ ဆတ်ကနဲဆွဲမော့သည်။

"ပိုင်ဘယ်လိုဖြေရမလဲမောင်၊ ပိုင်မဖြေတတ်ဘူး"

"လိုက်ခဲ့ကွာ၊ တနေရာကို ခေါ်သွားမယ်"

"မလုပ်ပါနဲ့မောင်၊ ပိုင့်ကို ဒီနည်းနဲ့တော့ အနိုင်မယူပါနဲ့"

"မင်းကိုမင်း အတော်လည်း တန်ဖိုးထားနေပါကလားဟင်၊ မင်း ငါ့ကိုတကယ်နှစ်နှစ်ကာကာချစ်ယင် ငါ့တောင်း





ဆိုချက်ကို မလိုက်လျောနိုင်စရာ မရှိဘူး၊ ဒါသက်သက် ကပ်သပ်နေတာ"

ရှင်းပြပေမယ့်မရ။

ဝေယံဦးက ပြောတာခံလေ ပြောလေပင်။

ပိုင် ထောင်းကနဲ ဒေါသထွက်ရပြီ။

သဝန်ကြောင်လွန်းသော ဝေယံဦးကို မုန်းမိပြီကော။

"မောင်"

ခပ်ဆတ်ဆတ် ခေါ်လိုက်သည်။

"ဘာလဲ ပြော"

"ပိုင့်ကို ဒီလောက်မယုံယင်လဲ ရှိပါစေတော့၊ ပိုင့်ကို အိမ်ပဲပြန်ပို့ပါတော့ မောင်"

"ဩော်....ဒီလိုလား ဟား....ဟား"

ဝေယံဦး၏အမူအရာကဒေါသတကြီးဖြစ်နေပါပကော။

"မောင့်ဘာသာ သဝန်ကြောင်ပြီး အမျိုးမျိုးစွပ်စွဲနေတာပါ၊ ပိုင် ဆယ်ကျော်သက် မဟုတ်ဘူး၊ ပိုင့်ကို ပြန်ပို့တော့"

"ပို့မယ်....ပို့မယ်၊ စိတ်ချပိုင် ဒီအတိုင်းတော့ မပြန်ရဘူး၊ မင်းကို ငါ့စိတ်ကြိုက်...."

"မောင်"

ပိုင် စွပ်အော်ပစ်လိုက်ပြီး ဝေယံဦး၏ ရင်ခွင်ထဲမှာ မျက်နှာနှစ်ချလိုက်၏။ သည်းသည်းထန်ထန် ငိုနေသည်။

ဝေယံဦးက မချော့ပဲ တင်းခံထား၏။အတန်ကြာမှ ဝေယံဦး နည်းနည်းစိတ်ပြေသွားသည်။

"ဒီလောက် ငိုနေယင် မောပြီးသေမယ် ပိုင်ရဲ့"

"သေပစေ၊ မောင် မုန်းနေတဲ့ ပိုင် သေမှ အေးမှာပါ"

သည်လိုဆိုတော့လည်း ဝေယံဦး စိတ်ပြေသွားရပြီ။

မိန်းကလေးတို့ရဲ့ အထက်မြက်ဆုံး လက်နက်က မျက်ရည် မဟုတ်ပါလား။

"အချစ်ရယ်"

ပခုံး လုံးဝန်းဝန်းလေးကို ဆွဲမပြီး မျက်နှာချင်း ဆိုင် လိုက်၏။

"မောင် သိပ်စိတ်ဆိုးသွားတယ်ကွာ၊ ခွင့်လွှတ်"

ဝေယံဦးက သည်လောက်ကြီး ချော့နေစရာပင် မလို။ ပိုင် တယောက် စိတ်ပြေသွားပြီ။ ဝေယံဦး၏ အယုအယတွေ ကြောင့် နစ်နစ်မွှန်းမွှန်း ချစ်နေရသူမို့ ဝေယံဦးကို တင်းတင်း ကျပ်ကျပ် ပြန်ဖက်ထားလိုက်သည်။

ဝေယံဦးကို တရှိုက်မက်မက် ပြန်နမ်းလိုက်မိ၏။

ဝေယံဦးပင် သူ့အပြုအမူကို အံ့သြနေရ၏။

"အထင်မလွဲပါနဲ့ မောင်ရယ်၊ ပိုင်လေ မောင့်တယောက် ကိုပဲ ချစ်ပါတယ်ကွယ်"

"ယုံပါပြီ အချစ်ရယ်၊ ဒါပေမယ့် စည်သူက ပိုင့်အပေါ် မရိုးဘူးနော်"





"ပိုင် သတိထားပြီး နေထိုင်ပါ့မယ် မောင်၊ စိတ်ချပါ"

ဝေယံဦး ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး ပိုင့် ကိုယ် လေးကို တင်းတင်းကျပ်ကျပ် ပြန်ဖက်ထားလိုက်၏။

ပြီးတော့ မျက်နှာအနှံ့၊ နေရာအနှံ့။

အို....ပိုင်က သူ့ကို အပျိုဘဝတခုလုံး မပေးအပ်ပေမယ့် တတ်နိုင်သမျှ လိုက်လျောချစ်နိုင်ခဲ့တာပဲ မဟုတ်ပါလား။

အတတ်နိုင်ဆုံး ရှူးရှူးမူးမူး မွှန်မွှန်နှစ်နှစ် ချစ်ချင်တိုင်း ချစ်ခွင့်ပေးခဲ့သည်ကော။

ပိုင့် အလှမာန၊ ပညာမာန အားလုံးက သူ့ရှေ့မှာ ဒူးထောက်ကျခဲ့တာလည်း သူ အသိဆုံးသာ။

လက်မထပ်ရသေးမီကပင် သူက ပိုင့် အပေါ် စိုးမိုးပိုင်နိုင် လှပြီ၊ အနိုင်ယူတတ်နေပြီ။ ပိုင်က ခွင့်လွှတ် ကြည်ဖြူပြီး သည်းခံ အလိုလိုက်တတ်သူ။

ပိုင့်ကို လက်တွေတော့ မခွဲခွာနိုင်။

သဝန်ကြောင်ပြီး ထင်ရာ ပြောနေခြင်းသာ။

* * *

## အခန်း (၂၈)

စာမေးပွဲ ဖြေပြီးတာ တလ ရှိပြီ၊ စည်သူက ခုထိ နေမကောင်းနိုင်။

မှောက်လျက်ကြီး ပုံပျက်ပန်းပျက် အိပ်နေသော စည်သူ့ကို မေမေက ပခုံးကိုင်လှုပ်ပြီး ခေါ်သည်။

စည်သူက မထူးပဲ မျက်လုံးပြူးပြူးလှန်ကာ ပြန်မော့ကြည့်သည်။

"သား....စည်သူ"

"ဗျာ"





"ဘာမှ မစားတာ နှစ်ရက်ရှိပြီ၊ သား ဒီလိုသာ လုပ်နေယင် အားပြတ်ပြီး သေဖို့ပဲ ကျန်တော့တယ်"

ဒေါ်အောင်မေက စိတ်တိုတိုနှင့် ပြောလိုက်မိ၏။

စည်သူက ဘာမှ မစား၊ ဟောလစ်ကိုပင် ချော့တိုက်နေရသည့် အခြေအနေ၊ အစာမစားလေ အားပြတ်လေ၊ အားပြတ်လေ မူးနောက်ပြီး၊ မစားနိုင်လေနှင့် သံသရာလည်နေ၏။

"မေမေ ပူတင်းဖုတ်လာတယ်၊ စားလိုက်ပါဦး"

"မစားချင်ဘူးဗျာ"

ဒေါ်အောင်မေ စိတ်ပျက်သွားသည်။

"ဟဲ့....စည်သူ၊ နင် ဘာဖြစ်နေတာလဲ၊ မာမီ့ကို ပြောစမ်း...."

"ဘာဖြစ်လို့လဲ မေမေရဲ့၊ ကျွန်တော် နေမကောင်းတာပဲ"

"မှိုင်လှချည်လား စည်သူ၊ ဘာဖြစ်နေသလဲ၊ မာမီ့ကို မှန်မှန် ပြောစမ်း"

စိုးရိမ်ပူပန်မှုတို့နှင့် ဖိတ်လျှံနေသော မေမေ့၏မျက်နှာကို စည်သူ ကြည့်ပြီး သက်ပြင်းချသည်။

"သားဖြစ်နေပုံက ဘာနဲ့တူသလဲ၊ သိလား"

"ဟင့်အင်း"

"ရည်းစားပူမိနေတာနဲ့ တူနေပြီ"

"အာ....မေမေကလဲ"

စည်သူ့ မျက်နှာတခုလုံး ရှက်ငွေ့တို့ ရှိန်းကနဲ ဖြတ်သွားရပြီ။ မေမေ့စကားက မှန်လွန်းသည်မို့ မျက်နှာ မထားတတ်။

"မာမိ့ကို ဖွင့်ပြောစမ်း၊ မျိုသိပ်မထားနဲ့"

"မဟုတ်ပါဘူး မေမေ"

"မေမေလဲ ငယ်ရာက ကြီးလာတာပဲ သား၊ မေမေ့ကို ပြောစမ်း၊ သား ဘယ်ကောင်မလေးကို ကြိုက်နေသလဲ၊ ငါ့သား စိတ်ချမ်းသာမယ်ဆိုယင် မေမေ ကိုယ်တိုင် တောင်းပေးမယ်"

မေမေ့ မျက်နှာကိုမလုံမလဲ စိုက်ကြည့်မိတော့ မေမေက စည်သူ့ကို သံသယစိတ်ဖြင့် ကြည့်သည်။

"စည်သူ....၊သား....ဒီအတိုင်း လိုမ့်ပြီး ခံစားနေယုံနဲ့တော့ သားကျန်းမာရေး အခြေအနေက ထူးခြားလာမှာ မဟုတ်ဘူးကွဲ့၊ မှန်ရာကို ဖွင့်ပြောစမ်း၊ မေမေ ကူညီနိုင်တာရှိယင် ကူညီမယ်"

မေမေက သူငယ်ချင်းတယောက်လို ဆွေးနွေးမေးမြန်းနေပေမယ့် စည်သူ ဖွင့်မပြောရဲ။

"မေမေ မေးတာပြောစမ်း သား"

"အာ....မေမေကလဲ၊စိတ်ပူရန်ကော ဗျာ"

"ပူရတယ် စည်သူ၊မင်းက တဇွတ်ထိုး လုပ်တတ်တာတွေ မေမေ သိထားလို့ စိုးရိမ်တာ၊ပြီးတော့ သားက သိပ် အစွဲ





အလန်း ကြီးလွန်းတယ်၊ တခုခုကို လိုချင်ယင် မရမချင်း သိပ်ဇွဲကြီးတာ၊ ပြီးတော့ သိပ် ခံစားတတ်တယ်ဆိုတာ မေမေ့သားပဲ၊မေမေ နားလည်တာပေါ့ကွယ်"

"မေမကလဲ အခြောက် တိုက် ထင်နေပြန်ပြီ၊ ဒီမှာ နေမကောင်းရတဲ့ အထဲ"

စည်သူ ညည်းပစ်လိုက်မိသည်။

"ဒီမှာသား၊ သားဟာ ငယ်ငယ်ကတည်းက ကျန်းမာရေး သိပ်ကောင်းခဲ့တယ် မဟုတ်လား။ သားရင်ထဲမှာ ခံစားချက် တခုခုရှိမှ ဖျားနာတတ်တာ မေမေ့ အသိပဲလေ၊ ပြီးတော့ သားအခြေအနေက အစစပြောင်းလွဲခဲ့တာ သားအသိပဲ မဟုတ်လား၊နေတာ ထိုင်တာ၊ပြောဆိုတာ၊ ဝတ်ဆင်တာကအစ အားလုံးပြောင်းလွဲသွားတဲ့ သားမှာအကြောင်း တခုခုရှိမှာပေါ့"

"မရှိပါဘူးဆို၊မေမေကလဲ ဗျာ"

"ကဲ....ထ၊ပူတင်းစား"

"ရင်ခံနေ...."

"တော်စမ်း စည်သူ၊ နင်ဘာဖြစ်နေသလဲ၊ရည်းစားပူမိနေတာ မဟုတ်လား၊ထစမ်း....ထစမ်း"

စည်သူ အိပ်နေရာမှ အားယူထ လိုက်ရ၏။

မေမေ ကမ်းပေးသည့် ပူတင်းပန်းကန်ကို စိတ်မပါစွာ

လှမ်းယူပြီး တဇွန်းခပ်စား လိုက်သည်။ ပါးစပ်ထဲမှာအရသာမရှိ၊ မနည်းကျိတ်မှိတ်မျိုချရသည်။

"စားလို့ ကောင်းရဲ့လား"

ပူညံပူညံ ထပ်လုပ်မှာ စိုး၍ ခေါင်းညိတ် ပြလိုက်ရ၏။ တကယ်တော့ စည်သူ ဆွေးနေခြင်းပါ။

ဝေယံဦး နိုင်ငံခြားသွားသည့် နေ့က ပိုင် လေဆိပ်သို့ လိုက်ပို့ပေးသည်။ လေဆိပ်မှ ပြန်လာပြီးကတည်းက ပဲခူးမှ သူ့ သူငယ်ချင်းမတွေ့နောက် အလည် လိုက်သွားတာ ခုထိ ပြန်မရောက်။

ငါးရက်တိတိရှိပြီ။

ရက်စက်လိုက်တာ မမရယ်၊ မမအိမ်မှာမရှိတော့ကျွန်တော်ပိုပြီး ခံစားရပါတယ်ဗျာ....

သူ့ရင်ထဲမှ တမ်းတချက်တွေကို မမ သိနိုင်မှာမဟုတ်ပါဘူးလေ....

"မေမေ"

"ဘာလဲသား"

"ခိုင်ရောမမပါ မရှိတော့ သား ပိုပျင်းတယ်"

ခိုင်ကလည်း မနေ့ညက ညရထားနှင့်ကျောက်ဆည် ပြန်သွား၏။ သူ့အဒေါ် အပျိုကြီးက အုန်းမြင့်နှင့် အခေါ်လွှတ်လိုက်သည်။





အုန်းမြင့်အပေါ်တွင် တူသား အရင်းအချာလို ယုံကြည်ကြပုံက သြချယူကြရ၏။ ပြန်သွားပုံကိုလည်းကြည့်။

နှစ်ယောက်တည်း ညရထားနှင့်–

ခေါ်သည့်လူတွေ အခေါ် ခိုင်းတော့လည်း ထည့်လိုက်ကြရသည်။ စိတ်ထဲမှာတော့ အို....မဖြစ်လောက်ပါဘူးလေ၊ မောင်အုန်းမြင့်က ခိုင် ငယ်ငယ်ကတည်းက ထိန်းကျောင်းလာရတာပဲဟု တွေးမိကြ၏။

"သားက အစကတည်းက တဦးတည်းသော သားပဲ မဟုတ်လား၊ ဘာ ပျင်းစရာရှိလဲကွယ်"

"မမ ဘယ်တော့ ပြန်လာမယ်လို့ ပြောသွားသလဲဟင် မေမေ"

ဒေါ်အောင်မေက သူ့သားကို မယုံနိုင်သလို အကဲခတ်နေသည်။ ပြီးမှ....

"ပိုင် ဘာမှမပြောသွားဘူး"

"မမကို ပြန်လာဖို့ မှာပေးပါလား မေမေ"

"အို....သားကလဲ၊ သူ ကလေးမှ မဟုတ်ပဲကွယ်၊ ပြန်ချင်တဲ့ အခါ ပြန်လာမှာပေါ့"

"သားတယောက်ထဲ ပျင်းလို့ပါမေမေရယ်နော်"

ဒေါ်အောင်မေ သည်လောက်ဆို နားလည်ပြီ။

ငယ်ရာကကြီးလာတဲ့သူပဲလေ၊ ရိပ်မိတန်သလောက် ရိပ်မိပြီပေါ့၊ ဆိုင်ကယ်နှင့် လဲသည့်နေ့ကလည်းကြည့်–

သတိရရချင်း မမဟု ကြုံးပြီး အော်ခေါ်ခဲ့သည်။

"စည်သူ"

"ဗျာ.... မေမေ"

"မင်းတော့ စိတ်အလိုလိုက်ယင် မှားလိမ့်မယ်"

"မေမေကလဲဗျာ၊ ဘာတွေပြောနေတာလဲ"

"မေမေတော့ မင်းအတွက် မောတယ်ဟေ့"

မေမေစိတ်တိုပြီး စည်သူ့နားမှ ထသွားတော့၏။ သို့တော် စည်သူစိတ်ချမ်းသာစေရန် ပိုင့်ထံသို့ ဖုန်းဆက် ဖြစ်အောင်တော့ ဆက်လိုက်၏။ ပိုင်က ပြန်မလာချင်၊ ခပ်တင်းတင်းဖြစ်နေ၍။

"အန်တီက အားကိုးလို့ အကူအညီတောင်းတာပါပိုင်ရဲ့၊ ခိုင်အနားရှိရှိနေယင် ပိုင့်ကို မမှာပါဘူးကွယ်၊ စည်သူက တတွတ်တွတ် မေးနေလို့ပါ၊ ပြီးတော့ ရောဂါကလဲ မသက်သာတဲ့အပြင် အဖျားပါဝင်လာလို့ပါ ပိုင်ရေ၊ ဆက်ဆက်ပြန်လာပါကွယ်"

လောလောဆယ် သူ့သားစိတ်ချမ်းသာဖို့က အဓိကမဟုတ်လား။

နောင်ခါလာ နောင်ခါစျေးပေါ့၊ ပိုင်ပြန်လာဖို့သာ အဓိကပဲလေ။

နောက်တနေ့ညနေ ပိုင် ပြန်ရောက်လာသည်။

စည်သူက အဖျားတက်လို့ ကောင်းနေ၏။





တကိုယ်လုံးချစ်ချစ်တောက်ပူနေသည်။ ပါးစပ်မှ တဟီးဟီးညည်းနေပြီး သတိလစ်သွားလိုက်၊ သတိ ရလိုက် ဖြစ်နေသည်။

အန်တီဒေါ်အောင်မေပါ အဖျားကူးပြီး အိပ်ရာထဲလဲနေပြီမို့ ပိုင် စိတ်ရှုပ်သွားသည်။ အန်ကယ် ထွန်းဘော်က ဆရာဝန်နှင့် ပျာယာခတ်မျှ တိုင်ပင် ဆွေးနွေးနေရ၏။

"စိတ်လဲပါတယ် ဦးထွန်းဘော်၊ ကောင်လေး ကြည့်ရတာ တခုခုသောကရောက်နေသလိုပဲဗျ၊ အစားအသောက်ဂရုမစိုက်ပဲတေနေတော့ အားပြတ်ပြီး အဖျားဝင်လာတာ"

ဆရာဝန်က ရေခဲဇလုံဖြင့် ရေခဲအုပ်ရန် ပြောသည်။

အန်တီဒေါ်အောင်မေကဖျားနေပြီး အန်ကယ်ကလည်း လူကြီးမို့ ပိုင်ပဲ လုပ်ပေးရတော့၏။

စည်သူ့၏ နဖူးပေါ်မှာ ရေခဲအဝတ်ဖြင့် အုပ်ပေးနေသည်။

အန်ကယ်နှင့်ဆရာဝန် အခန်းပြင် ပြန်ထွက်သွားကြ၏။ ဆရာဝန်အပြန်အန်ကယ်လိုက်ပို့ပေးခြင်း ဖြစ်သည်။

"မမ....မမ"

စည်သူ၏နှုတ်မှ တချက်တချက် အော်ခေါ် တတ်သည်။

"မမ"

ပိုင်လန့်ပင်လန့်သွားရတာက အကြိမ်ကြိမ်။

စည်သူ့ မျက်နှာ ချောင်ကျနေပုံကြောင့် ကရုဏာ ဖြစ်မိသလို ခံစားရသည်။

"မမရယ်၊ ပြန်လာပါတော့"

"ဟင်"

စည်သူ့ကို ပိုင်မသနားပဲ မနေနိုင်တော့ပါ။ သူ အလူးအလဲခံစားနေရတာ ပိုင့်ကြောင့်လား။

"စည်သူ....စည်သူ"

စည်သူ၏မျက်နှာကို ငုံ့ကြည့်ပြီး ခေါ်လိုက်သည်။

စည်သူက ကောင်းကောင်း သတိမရသေး။ ဗယ်ညာလူးလွန့်ပြီး အဖျားဒဏ်ကို အလူးအလဲခံစားနေရသည်။

"မမ–မမ"

"မမ မင်းအနားမှာ ရှိပါတယ် စည်သူ"

မိန်းမဆိုတာ မိခင်မျိုးပင် မဟုတ်လား၊ ကြင်နာတတ်တဲ့ အသည်းနှလုံးနဲ့လေ၊ ကရုဏာမဖြစ်ပဲ မနေနိုင်တာတော့ အမှန်ပါ....

စည်သူ၏ နဖူးပေါ် ရေခဲအုပ်ပေးနေပြီး အတော်ကြာမှ စည်သူသတိရလာသည်။ ပိုင့်ကို မြင်တော့ မျက်လုံး မလွှဲပဲ ငေးကြည့်နေလေသည်။

"စည်သူ....အဖျားသိပ်ကြီးပြီး သတိလစ်သွားတယ်"

ပိုင်က စည်သူ့ကို ပြောပြလိုက်သည်။

"ကျွန်တော်–ကျွန်တော်သေမှ အေးမှာပါဗျာ"





"အိုကွယ်....ဘယ်လို ပြောလိုက်တာလဲ စည်သူ"

"မမ"

ရေခဲအုပ်ပေးနေသည့် ပိုင့်လက်ကလေးကိုသူကိုင်ပြီး စိတ်ပျက်အားငယ်စွာခေါ်သည်၊

"မမ"

ပိုင်မထူးသဖြင့် ထပ်ပြီး ခေါ်ပြန်၏။

"ဘာလဲ စည်သူရယ်"

"မမ အကြာကြီးတာဖြစ်လို့သွားရှောင်နေရတာလဲဗျာ"

"မရှောင်ပါဘူးကွယ်၊ မမသူငယ်ချင်းက ဆွဲထားလို့ကြာနေတာပါ"

"မမ့ရယ်၊ ကျွန်တော့်ကို မသနားဘူးလားဗျာ"

စည်သူက ပက်လက်အိပ်နေရာမှ ပိုင့်လက်မောင်းသားဝင်းဝင်းမွတ်မွတ်လေးတွေကို ပွတ်သပ်နေသည်။

"မမ"

ငိုသံဖြင့် ဆောင့်၍အော်လိုက်သည်။

"ဘာ....ဘာလဲ စည်သူ"

"ကျွန်တော့်ကို နည်းနည်းလောက် စိတ်ကူးထဲ ထည့်ကြည့်ပါလား မမရယ်၊ ကျွန်တော်လေ မမကိုပဲ ချစ်တာပါ၊ ကျွန်တော့်ရင်ထဲမှာ မမကလွဲယင် ဘယ်သူ့အပေါ်မှ မချစ်နိုင်ဘူး မမ"

"မမ ဘယ်လိုဖြေရမလဲ စည်သူ၊ မမမှာ စေ့စပ်ထားတဲ့ ချစ်သူရှိနေပြီဆိုတာ မင်းအသိပဲ မဟုတ်လား"

ပိုင်က သက်ပြင်း ရှိုက်ပြီး ဖျောင်းဖျနေမိ၏။ စည်သူက တကယ့် တဇွတ်ထိုးသမား။

"သူ့ကို မမမုန်းလိုက်ပါဗျာ၊ ကျွန်တော့်ကိုပဲ ချစ်"

"မဖြစ်နိုင်လိုက်တာ ကလေးရယ်"

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲဗျာ၊ ကျွန်တော့်ကိုကလေးတဲ့၊ ကျွန်တော် မမထက်သုံးနှစ်ပဲငယ်တာပါနော်၊ ကလေးလို့ သတ်မှတ်ချင်သလား"

ပြောယင်းဆိုယင်း ပိုင့် ကိုယ်လေးကို တအား ဖက်နေပါပြီကော။ လက်မောင်းသား ဝင်းမှည့်မှည့်လေးတွေကို သူ့လက်ဖဝါးဖြင့် ဆုပ်နယ်နေသည်။ သူ့လက်တွေက ချစ်ချစ်တောက် ပူလောင်လွန်းသဖြင့် ပိုင် စိတ်မောလူမောဖြင့် သူ့ကို ပြန်ကြည့်နေမိ၏။

ပိုင့် ရင်ခွင်ထဲ သူ့မျက်နှာကို တအားထိုးထည့်ပြီး–

"မမ....မမရယ်" ဟု တညည်းညည်း တညူညူ အငမ်းမရ ခေါ်သည်။ မျက်ဝန်းမှာ မျက်ရည်တွေက ကလယ်.... ကလယ်။

"ကျွန်တော်လေ မမနဲ့ ကိုဝေယံဦး မစေ့စပ်မီ အထိ ဒီလောက်မခံစားရပါဘူး မမရယ်၊ မမနဲ့သူ စေ့စပ်လိုက်တော့ ကိုယ့်ချစ်သူ တပါးသူ လက်ထဲရောက်သွားရပြီဆိုတာသေချာ





ပြီပေါ့၊ ဒါကြောင့် သိပ်ခံစားရတာ၊ သူနဲ့မမချစ်နေတာ သိကတည်းက ကျွန်တော့်ကိုယ် ကျွန်တော် တစေအားမရ ဖြစ်လာတာ၊ ကြိုးစားပြီး စာမေးပွဲ ပြန်ဖြေဖို့ ကျူရှင်တွေ ဘာတွေ ပြန်ယူခဲ့တာ၊ စာမေးပွဲဖြေကာနီး မမ စေ့စပ်လိုက်တော့ ကျွန်တော်လေ စာမေးပွဲတောင် မဖြေတော့ဘူးလို့၊ ဒါပေမယ့် ဝေယံဦးထက် ကျွန်တော် သာချင်တယ်၊ မခံချင်ဘူးဗျာ၊ အဟုတ်"

"မောနေပါ့မယ် စည်သူရယ်၊ နောက် နေကောင်းမှပြောပါ"

မမောမပန်းစကားတွေကို စီကာပတ်ကုံး ပြောနေသည့် စည်သူ့ကို ပိုင်က ဖျောင်းဖျ ချော့မော့လိုက်မိသည်။

"မမ သူ့ကို မယူရဘူး၊ စည်သူဆိုတဲ့ကောင် သေတာကို မြင်ချင်ယင် မမသဘောပဲဗျာ"

"အန်ကယ်တို့ ကြားသွားပါ့မယ် စည်သူ၊ မင်းကိုမမ ဘယ်လိုတောင်းပန်ရမလဲ ဟင်၊ မင်းကြောင့် ကိုဝေယံဦးကို ဖြတ်ပစ်ယင် လူ တွေ အားလုံးက မမကို ကတိသစ္စာမဲ့တဲ့ မိန်းကလေးလို့ ပြောကြမှာပေါ့ကွယ်"

"တလောကလုံးကို ရင်ဆိုင်ပစ်လိုက်စမ်းပါ မမရယ်၊ ကျွန်တော် မမကိုတသက်လုံးအမြတ်တနိုးပြုစုသွားမှာပါဗျ"

"ဒီအကြောင်းတွေကို ဖြေးဖြေးမှ ဆွေးနွေးပါလား စည်သူ၊ ခုလောလောဆယ် မင်း နေကောင်းဖို့ပဲ စဉ်းစားပါ နော်၊ ပြီးတော့ မင်း ကျန်းမာရေးကို မင်းဂရုစိုက်ရမယ်"

စည်သူက မျက်မှောင်ကုပ်ပြီး ဇာခြင်ထောင်မိုးကို စိုက်ကြည့်နေ၏။ ပိုင်က စည်သူ၏ နဖူးပေါ်မှရေခဲအဝတ်ကို အပြီးသတ် ဖယ်ပစ်လိုက်ပြီး ထိုင်ရာမှ ထလိုက်လေသည်။

"စည်သူ"

စည်သူ တမင်တကာ လှည့်မကြည့်။

"မမ ခေါ်နေတယ်လေ"

သည်တော့မှ လှည့်ကြည့်သည်။

"မမကိုချစ်ယင် နေကောင်းအောင် ကြိုးစားနော်၊ မမ စကားကို နားထောင်တာ မမကိုချစ်တာပဲပေါ့"

ပြောပြီး စည်သူ့အခန်းထဲမှ ထွက်လာခဲ့၏။ စည်သူ ငေးကြည့်ပြီး ကျန်ရစ်ခဲ့သည်။

* * *





အခန်း ( ၂၉ )

ယမင်းပိုင် ကျောက်ဆည်မှ ပြန်ရောက် လာသည်။ ဦးသာ ရန်ကုန်သို့ကိစ္စဖြင့်လာစဉ် လိုက်လာခဲ့ခြင်းဖြစ်၏။

"မမရေ၊ မမ.... ကိုကိုလေးကော"

ယမင်းပိုင်နှင့်စည်သူ့ကို အော်ခေါ်ပြီး အိမ်ထဲပြေးဝင်လာသည်။

"ဟော....၊ ရောက်လာပြန်ပြီလား"

စည်သူက နေကောင်းကာစ ဧည့်ခန်းထဲမှ ၁မဂ္ဂဇင်း ထိုင်ဖတ်နေရာမှ လှမ်းနှုတ်ဆက်လိုက်၏။

ပိုင်က ကျောင်းသွားကာနီး အလုပြင်နေရာမှ ခိုင်တို့သားအဖ အသံကိုကြား၍ ထွက်လာခဲ့သည်။

"ဟင်....ခိုင်ပါ ပြန်ပါလာပြန်ပြီ"

"ဘာလဲ မမက ခိုင် ပြန်လိုက်လာတာ မကြိုက်ဘူးလား၊ ခိုင်က ရန်ကုန်မှာပဲ ပျော်တာ"

"ဖေဖေ အလုပ်ကိစ္စနဲ့ ရန်ကုန်လာမယ် ဆိုတာနဲ့ ခိုင်လဲ အတင်းကပ်လိုက်လာတာပဲ ဟေ့၊ သူ့အန်တီ မစိန်ပွင့် တားတာတောင် မရဘူး၊ ဖေဖေလဲ လက်မြှောက် နေ ရ တယ် ပိုင်ရေ"

ဦးသာက ခိုင့် အတွက် ဦးနှောက်ခြောက်သလို ပြောသည်။

ဒေါ်အောင်မေက အပြုံးမပျက်၊ တူမချောကို ဆီးကြိုသည်။

"သူ ပျော်တဲ့ဆီ နေပါစေ အစ် ကို ကြီး ရယ်၊ ခိုင် တယောက်လာနေလို့ မေတို့အတွက် ဘာတခုမှ တာဝန်မကြီးပါဘူး"

"အန်တီ့အတွက် ခိုင် သနပ်ခါးတုံးကြီးတွေ ဝယ်လာခဲ့တယ် အန်တီ မေ၊ ပြီးတော့ ကျောက်ပန်းတောင်းကလာတဲ့ ထန်းလျက်ခဲဖြူဖြူတွေလဲ ဝယ်ခဲ့တယ်"

"ခိုင်က အန်တီ့ အကြောင်း သိနေပြီလေ၊ သူ့ အန်တီ အကောင်းကြိုက်မှန်း။ ဟင်း....ဟင်း....ဟင်း စည်သူကလဲ





သူ့အစ်မနဲ့ညီမ အနားမှာ မရှိယင် တမေးထဲ မေးနေတာ၊ ပျင်းတတ်နေပြီလေ"

စည်သူက မဂ္ဂဇင်းစာအုပ်ကို ပိတ်ပြီး ခိုင့်ကို လှမ်းနောက်သည်။

"ကျောက်ဆည်က အဆက်က ခိုင် ရန်ကုန် ခဏခဏ လာလို့ မဆူဘူးလား"

"ခိုင့်မှာ အဆက်မှမရှိပဲ ကိုကိုလေးနော်"

ခိုင် ရှက်ကိုးရှက်ကန်းအမူအရာဖြင့် စည်သူ့နား ပြေးလာပြီး တဘုံးဘုံး ထုနေသည်။

"ဟ....ခုမှ ငါ နေကောင်းကာစ ရှိသေးတယ်၊ အရိုးတွေ ကျိုးကုန်ပါမယ်ကွာ၊ တော်ပါတော့"

စည်သူက ခိုင့် လက်တွေကို ဆွဲဖယ်ပြီး တောင်းပန်လိုက်သည်။

ခိုင်ပြန်ရောက်လာသဖြင့်တအိမ်လုံးဆူညံစည်ဝေသွားရ၏။

"စည်သူကော စာမေးပွဲ ဖြေနိုင်လား"

ဦးသာက စာမေးပွဲ ကိစ္စကို စိတ်ဝင်တစား ပြောသည်။

"ဖြေနိုင်ပါတယ် အန်ကယ်"

"မင်း အောင်ယင် ကြိုက်တာပြောကွာ၊ ငါ ဝယ်ပေးမယ်၊ အဟုတ်"

"အန်ကယ်က ကျွန်တော့်ကို အောင်မယ် မထင်လို့ ပြောတာလား"

"ဒီလို မဟုတ်ပါဘူးကွဲ့"

"ကျွန်တော် အောင်ယင် ကျွန်တော် လိုချင်တာ အန်ကယ် ပေးနိုင်မလား"

"ပေးမှာပေါ့ကွ"

စည်သူကအဓိပ္ပာယ်နှင့်ပြောသည်ကို ဦးသာက အဓိပ္ပာယ်မသိပဲ ကတိပေးကောင်းတိုင်း ပေးနေလေသည်။

ပိုင်တယောက်သာ မလုံမလဲ ဖြစ်နေရ၏။

ဩော်....စည်သူက ပိုင့် စကားကို တကယ် နားထောင်တဲ့သူ။ ပိုင်က ထိုင်ဆို ထိုင်၊ ထဆို ထသည်။

ပိုင်က စည်သူ၏ ကျန်းမာရေးအတွက် ဂရုစိုက်သည့်အတိုင်း စည်သူ နားထောင်ခဲ့သည်။

စည်သူက မမ....မမ နှင့် အနားမှာ တောက်တဲ့ကပ် ကပ်နေ၍ ပိုင် ရင်မောရသည်။ သို့သော်လည်း စည်သူ၏ ကျန်းမာရေးကို ရှေ့ရှု၍ မတင်းမာရက်။

ပိုင် အခန်းထဲ ပြန် ဝင် လာ ပြီး အလှဆက်ပြင်သည်။ ပြီးတော့ ကျောင်းသွားရန် ထွက်ခဲ့၏။ စည်သူက ထိုင်ရာမှ ထ၍....

"မမ....ကျွန်တော် လိုက်ပို့ပေးမယ်"

"မနေ့က မမကို လိုက်ပို့ပေးပြီး မင်း အတော် မောနေတယ် မဟုတ်လား စည်သူ၊ မမဘာသာ သွားမှာပါနော်"





စည်သူ ဘာမှ မပြော။ အိမ်ပေါ်မှ မပြေးရုံတမည် ဆင်းလာသည်။ ကားဂိုဒေါင်ထဲမှာ ကားကိုထုတ်ပြီး ပိုင့်အနားသို့ မောင်းလာခဲ့၏။ ပိုင့်နားရောက်တော့ ကားတံခါး ဖွင့်ပေးသည်။

"စည်သူ၊ မမစကား ဘာလို့ နားမထောင်တာလဲ"

"ချစ်လို့...."

စည်သူက သူ့ဘေးတွင် ဝင်ထိုင်လိုက်သည့် ယမင်းပိုင်ကြားသာရုံ တိုးတိုးလေး ပြောလိုက်သည်။

ယမင်းပိုင်က မကြားချင်ဟန်ပြုနေ၍ စည်သူက....

"မမ၊ ကျွန်တော်ပြောတာ ကြားတယ်နော်"

"မကြားဘူး၊ မမ မင်းဆီက ဒီစကားမျိုး မကြားချင်ဘူး စည်သူ"

ယမင်းပိုင်က လေသံမှာမာဖြင့် ပြောလိုက်၍ စည်သူ ဟက်ကနဲ ရယ်ပြီး ကားကို ဆက်လက် မောင်းနှင်လာခဲ့၏။

* * *

## အခန်း (၃၀)

စည်သူ ပြန်လည် ကျန်းမာခဲ့လေပြီ။

စာမေးပွဲဖြေပြီး အောင်စာရင်းမထွက်မီ အားလပ်နေသည့်အချိန်များတွင် စည်သူက အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးချသည်။

ခြံအနောက်ဘက် မြေကွက်လပ်တွင် ကြက်ခြံတွေဆောက်ပြီး ကြက်မွေးသည်။ အမေရိကန်ကြက်ပေါက်ကလေးတွေက တခြံ၊ ကြက်ကြီးတွေကိုတခြံ ကျကျနနမွေးမြူရေး လုပ်နေ၏၊





သစ်ခွမျိုးတွေကို တိုးစိုက်သည်။ နှင်းဆီအိုးတွေကို အပွင့်လှအောင် ပြုပြင်သည်။ စပယ်ပင်တွေ ထပ်စိုက်သည်။

သူ့ကိုကြည့်ရတာ တစက်မှမမော....

သည်ကြားထဲ ပိုင့်ကို နေ့စဉ် ကျောင်းပို့ ကျောင်းကြိုသည်။ ပိုင့်မှာ အားနာနာဖြင့် စည်သူမောင်းသည့် ကားပေါ်တွင် ပါသွားတတ်လေသည်။

ကြာတော့လည်း ယခင်ကအတိုင်း ပြန်ပြီး အသားကျလာ၏။

ဝေယံဦးပြန်လာချိန်ကို မျှော်လင့်စောင့်စားယင်း ပိုင့်အဖို့ ကျောင်းပြီးရန် အချိန်တွေကို ကုန်လွန်စေရ၏။

"မမအတွက်"

ပိုင့် ကျောင်းသွားကာနီးတိုင်း စည်သူက သစ်ခွပန်းလေး တပွင့်ကို လာပေးတတ်သည်။

ကြာတော့ ပိုင့်ရင်မှာ ကြည်နူးသလိုလို ခံစားရမိ၏။

စည်သူ၏အပြောအဆို အနေအထိုင်နှင့် အပြုအမူများကို ကျိတ်ပြီး ချီးကျူးရသည်။

"မမရယ်....မမသာ ကျွန်တော်နဲ့ မောင်နှမ မတော်ဘူးဆိုတာ စောစောထဲကသိရယင် အကောင်းသား နော်ဗျာ၊ ကိုဝေယံ မမကိုချစ်ရေးဆိုပြီးမှကျွန်တော်သိခဲ့ရလို့ နောက်ကျ

ခဲ့ရတာ၊ မမဟာ အန်ကယ်ဦးသာရဲ့ မွေးစားသမီး ဆိုတာ သိရတဲ့ အချိန်ကစပြီး မမကို ကျွန်တော် သိပ်ချစ်ခဲ့တာဗျ၊ သိလား၊ ဒါပေမယ့်မမရဲ့ သိက္ခာကြီး တခွဲသားကိုလန့်ပြီး မပြောထွက်ခဲ့တာလေ၊ ခုတော့ ကျွန်တော်နောက်ကျရပြီ"

ဤသို့ ခဏခဏပြောပြီး မျက်ရည်ဝဲတတ်တဲ့ စည်သူ၊ လေးလေးနက်နက် ချစ်တတ်တဲ့စည်သူ။

ပိုင် ကျောင်းဆင်းချိန်တွင် ကားကိုမှီရပ်ပြီး ပိုင်၏ လွယ်အိတ်ကို ဆီးယူတတ်ပါသောစည်သူ၊ ပိုင့်အတွက် နေ့စဉ် ပန်းတော်ဆက် စည်သူ၊ ပိုင်လိမ်းဖို့ သနပ်ခါးကို လှူမမြင်အောင်ခိုး၍သွေးထားပေးတတ်တဲ့စည်သူ၊ ဩော်....ယခင်က တေလေဂျပိုးစည်သူနှင့် ဘာမှ မဆိုင်တော့ပါလား။ ယခု စည်သူက ချစ်စရာကောင်းတဲ့ စည်သူ။ ပြီးတော့ ကြိုးစားတဲ့ စည်သူ၊ အလုပ်နဲ့လက်နဲ့ မပြတ်တဲ့စည်သူ....

လူလိမ္မာဖြစ်လာသောစည်သူ အောင်စာရင်းထွက်သည့်နေ့က တအိမ်လုံး မယုံနိုင်အောင် ဖြစ်ခဲ့ကြရသည်။

စည်သူက ဆယ်တန်းစာမေးပွဲကို ဂုဏ်ထူး ငါးဘာသာဖြင့် အောင်မြင်သဖြင့် မယုံနိုင်အောင်ဖြစ်ရသည်။

"ခုံနံပါတ် မှားနေသလားမှ မသိတာ"ဟု ပိုင်ကစသောအခါ စည်သူကဒေါ်နှင့်မောနှင့်မျက်နှာကြီးနီမြန်းလာပြီး....





"ကျွန်တော့်ကို ဒီလောက်လဲ အထင်မသေးပါနဲ့ မမရဲ့၊ ဘာလဲ ကျွန်တော်ဆယ်တန်း ခဏခဏရှုံးခဲ့တာ ဉာဏ်တုံးလို့ ဆိုပြီး မမထင်နေသလား၊ မအောင်ချင် သေး လို့ အောင်အောင် မဖြေခဲ့တာဗျ၊ သိရဲ့လား"

ယမင်းပိုင်ကိုရန်တွေ့ပြီး ထိုင်ရာမှ ဝုန်းကနဲ ထသွားလေသည်။

"ဟေ့ သား၊ ပိုင်က နောက်တာပါကွယ်၊ ခဏနေပါအုံး"

ဖခင်ကချော့လိုက်၍ စည်သူ၏ ခြေလှမ်း တန့်သွား၏။ ဆိုဖာ နောက်မှီကို လက်ဝါးနှစ်ဘက်ဖြင့် ဆုပ်ကိုင်ပြီး ရပ် လျက် အနေအထားမှ ယမင်းပိုင်ကို စူးစိုက် ကြည့်နေသည်။

"ကဲပါ၊ စာမေးပွဲအောင်တဲ့နေ့ ဝမ်းသာနေတုန်း စိတ်မဆင်းရဲအောင် ပြန်ချော့လိုက်ပါ ပိုင်ရယ်"

ဒေါ်အောင်မေကပါ ဝင်ပြောသဖြင့်....

"မမက စည်သူ့ကိုတမင်စတာပါ၊ မောင်လေးတော်မှန်းသိပါတယ်ကွာ၊ ကဲပါ၊ လာထိုင်ပါအုံး"

ပိုင်ကဲ တဟင်းဟင်းရယ်ယင်း ပြောလိုက်တော့မှ ဆိုဖာတလုံးတွင် ပြန်ထိုင်၏။

"ငါ့သားဖြစ်ချင်တဲ့ ဆရာဝန်ကြီးဖြစ်ဖို့ သေချာပြီသား၊ ဖေဖေ သားအတွက် အများကြီးဂုဏ်ယူပါတယ်"

ဦးထွန်းဘော်မှာ မျက်ရည်စို့လောက်အောင် ဝမ်းသာလှုံး ဆို့နေ၏။ ဒေါ်အောင်မေက ဝမ်းသာလွန်း၍ အသံတွေပင် တုန်နေသည်။

"မေမေ့သားက ငယ်ငယ် တုန်းက သိပ်တော်ခဲ့တာ၊ ၉ တန်းအောင်တဲ့အထိ တနှစ်တတန်း မှန်မှန်အောင်ခဲ့တယ်၊ အတန်းတိုင်းမှာ ပထမရခဲ့တာ၊ ဂုဏ်ထူးနဲ့တောင် အောင်ခဲ့တာချည်းပဲ၊ ဆယ်တန်းရောက်မှ အပေါင်း အသင်းတွေကြောင့်စာမေးပွဲတွေကျခဲ့တာလေ၊ ခုလို လူတော်တယောက်ပြန်ဖြစ်လာတော့ မေမေ ဝမ်းသာမဆုံးပါဘူးကွယ်"

"သားအသက် အခု နှစ်ဆယ့်တစ်၊ ဆရာဝန် ပညာက ခုနစ်နှစ်ဆိုတော့ အသက် နှစ်ဆယ့်ရှစ်နှစ်မှာ အလုပ်သင်ဆရာဝန်ဖြစ်မယ်၊ အသက်သုံးဆယ် မပြည့်ခင် ဆရာဝန်ဖြစ်မယ်လေ"

ဦးထွန်းဘော်က တွက်၍ ပြောလိုက်၏။

"မမ"

ပိုင်က ဘာမှ မချီးမွမ်း၍ စည်သူမှာ မကျေမနပ်နှင့် ခေါ်လိုက်သည်။





"ဘာလဲ စည်သူ"

"ကျွန်တော့်အတွက် ဝမ်းမသာဘူးလား"

"ဘယ်လို မေးလိုက်တာလဲ စည်သူရယ်၊ ဝမ်းမသာပဲ နေပါ့မလားကွယ်"

"ဒါဖြင့် ကျွန်တော့်ကို ဆုချရမယ်"

"ဘာဆုလဲ၊ ပြောလေ"

"နောက်မှ ပြောမယ်၊ ခု ရုပ်ရှင်လိုက်ပြဗျာ"

ပိုင်က ခပ်တွေတွေပြုံးနေသည်မို့ ဒေါ်အောင်မေက....

"လိုက်ပြလိုက်ပါ ပိုင် ရယ်၊ စည် သူ့ ရဲ့ အောင်မြင်မှု အထိမ်းအမှတ်ပေါ့"ဟု ပြောလိုက်သည်။

ပိုင်ဆုံးဖြတ်မနိုင်သလို ဖြစ်နေပြီးမှ။

"ခိုင့်ကိုပါ ခေါ်သွားရအောင်နော်"

စည်သူက နှာခေါင်းကို မသိမသာရှုံ့လိုက်ပြီးမှ။

"ခေါ်ချင်ခေါ်ပေါ့ မမရဲ့"ဟု စိတ်မပါသလိုပြော၏။

ပိုင် ထိုင်ရာမှ ထပြီး ခိုင့်အခန်းထဲဝင်လာခဲ့သည်။

"ခိုင်ရေ"

ခိုင်က အိပ်ရာပေါ်မှာ ခွေနေ၏။

ခုတလောခိုင့်ကို ကြည့်ရတာ ကောင်းကောင်း နေမကောင်း။ အိပ်ရာထဲတွင် အနေများသည်။

ပြီးတော့ အမြဲလိုလို ငေးမောတွေးတောနေတတ်၏။ ခိုင်အတော် ချောင်ကျသွားသည်။

စကားလည်း သိပ်မပြောပဲ တယောက်တည်း သီးခြားနေတတ်လာသည်မို့ ခိုင့်အတွက် ပိုင်စိုးစိမ်ရသည်။

"ခိုင်ရေ–ခိုင်"

ခိုင်က ရုတ်တရက် မကြားသလို လုပ်နေ၍ ပိုင်ထပ်ခေါ်လိုက်ရသည်။ သည်တော့မှ ခိုင်က။

"ရှင် မမ"

"စည်သူ စာမေးပွဲအောင်လို့ ရုပ်ရှင်သွားကြည့်ကြမလို့၊ ခိုင်ပါလိုက်ခဲ့နော်"

"ဟင့်အင်း၊ ခိုင်မလိုက်ချင်ဘူး"

ခိုင်ငြင်းလိုက်သည်။

"လိုက်ခဲ့ပါ ခိုင်ရာ"

"ခိုင်မှ မလိုက်ချင်ပဲ"

"မမတယောက်ထဲ စည်သူနဲ့ မသွားချင်ဘူးကွယ်"

"ဒါဖြင့်လဲ မသွားကြနဲ့ပေါ့၊ ခိုင် နေလို့မှ မကောင်းတာ"

ပိုင် လက်မြှောက်သွားသည်။ ခိုင်က ငယ်ငယ်လေးကတည်းက ဗူးဆို ဖရုံမသီးတတ်ကြောင်း ပိုင်သိသည်မို့ ဆက်မပြောဖြစ်တော့။





"သွားမယ်ဗျာ မမ"

ခိုင့်၏အခန်းဝမှာ လာရပ်ပြီး စည်သူက ခပ်ကျယ်ကျယ်အော် ပြော လိုက်၍ ပိုင် အခန်းပြင်သို့ ကမန်းကတန်း ထွက်ခဲ့သည်။

"သွားစို့လေ"

"အဝတ်လဲပါရစေဦးကွယ်"

"ဒါပဲနော်၊ ဆယ်မိနစ်ပဲ အချိန်ပေးမယ်"

ပိုင်မျက်စောင်းထိုးလိုက်မိသည်။

ကြည့်စမ်း၊ ပြောပုံက ပိုင်စိုးပိုင်နင်း၊ လူကဖြင့် ခုမှ ဆယ်တန်းအောင်ရုံရှိသေးတယ်။

ပိုင်သူ့အခန်းထဲ ဝင်လာခဲ့ပြီး နီညို ရင့်ရောင်ထိုင်းစစ်ဝမ်းဆက်ကို ဝတ်လိုက်သည်။ ဆံပင်ကို သေသေ သပ် သပ် ထုံးပြီး ခုံမြင့် ဖိနပ်အဖြူ၊ စလင်းဘက် အဖြူတို့ကို ယူ၍ ထွက်လာခဲ့သည်။

ကားတံခါးကို ဖွင့်ပြီး စည်သူက စောင့်နေသည်။ ပိုင်ကားပေါ် ရောက်သည်နှင့် ကားလေးမှာ ရှောကနဲပြေး ထွက်ခဲ့၏၊

"မမ"

ကားမောင်းနေယင်း ပိုင်၏ ဆံနွယ်ကို သူ့ပါးစပ်ဖြင့် လှမ်းမှုတ်ပြီး ကျီစယ်ပျော်ရွှင်နေသည်။

ခြောက် ပျော်ပါစေ— စာမေးပွဲကို ထူးထူး ချွန်ချွန် အောင်တာဆိုတော့လဲ ပျော်ပါစေလေ။

နီးစပ်မှုကြောင့်လားတော့ မသိ။

ပိုင့်အနေဖြင့် စည်သူ့ အပေါ်တွင်ယခင်ကထက်သံယောဇဉ်ပိုနေမိပြီ။ ဂရုတစိုက်ရှိနေရပြီကော။

ပပဝင်း ရုပ်ရှင်ရုံလှေကား အတက်နားတွင် စည်သူက ရေခဲမုန့်ဝယ်ကျွေးသည်။

"ကလေးလဲမဟုတ်ပဲနဲ့ မစားချင်ဘူးဆိုတာ ရအောင်ဝယ်ရသလားကွာ"

"မမက ကလေးပဲရှိပါသေးတယ်၊ ကျွန်တော်ကျွေးတာစားရမှာပေါ့"

စည်သူက ပြုံးနောက်နေသည်။

ရုပ်ရှင်ရုံထဲမှာ လူသူရှင်းနေ၏။

သည်ကားက ပြတာကြာနေပြီမို့ လူမရှိသလောက်။

နောက်ဆုံးတန်းမှာ နှစ်ယောက်တည်းရယ်ပါ။

ပိုင် စိတ်ညစ်ရသလောက် စည်သူပျော်နေသည်။

ပိုင့်ကိုယ်လေးကို တင်းတင်း ဖက် ပြီး ပိုင့် ပါးပြင်မှာ နှာခေါင်းလေး အသာအယာထိကပ်ထားသည်မို့ သူ့ ထွက်သက်ဝင်သက်က ပိုင့်ပါးပြင်ကိုရော၊ လည် တိုင် နုနုကိုပါ ထိကပါး ရိကပါးရှိလှသည်။





"မမကို ရုပ်ရှင်ကြည့်ဖို့ခေါ်လာပြီး ဒီလို မလုပ်ပါနဲ့၊ မမတောင်းပန်ပါတယ် စည်သူ"

ပိုင်က ခပ်တိုးတိုး တောင်းပန်သည်။

"ချစ်လို့ပါ မမရယ်"

"ဟင့်အင်း၊ မမသိက္ခာကျအောင် လုပ်တာလားစည်သူ၊ ရုပ်ရှင်ရုံထဲမှာ တေလေဂျပိုးတွေမှ ဒီလိုလုပ်တာ"

"ဘယ်လိုလုပ်တာလဲ၊ ပြောလေမမ"

"အိုး....တော်ပြီ....တော်ပြီ စည်သူရယ်"

ပိုင် အတင်းရုန်းလိုက်သည်။ စည်သူက ပိုင့်၏ပခုံးကို သူ့လက်ဖြင့် သိုင်းဖက်ထားမြဲမို့ ရုန်း၍မရ။ ရှေ့ခုံတန်းများမှာ လူတယောက် နှစ်ယောက်စသာ ရှိသော်လည်း သူတို့ပြောဆိုနေတာတွေ ကြားမည်ဆိုး၍ ပိုင် သည်းခံရပြန်သည်။

စည်သူက အခွင့်ကောင်းယူ၍ကောင်းတုန်း....

ပိုင်၏ ဆံနွယ်စလေးတွေကို သွားဖြင့်ကိုက်ပြီး သူ့ဘက် ဆွဲယူတတ်သည်။ ပိုင်ကနာလွန်း၍ သူ့ဘက် ခေါင်းငဲ့ပြီး ပါသွားလျှင်တော့ ပိုင့်မျက်နှာအနှံ့ သူ့နှုတ်ခမ်းဖြင့် နမ်းလေသည်။

အတော်ချစ်တတ်တဲ့ ချာတိတ်ပဲ....

သူ့ ချစ်ပုံလေးတွေက ဆန်းဆန်းကျယ်ကျယ်၊ သိမ့်သိမ့်တုန်အောင် ကြီစယ်တတ်သည်။

အမှောင်ထဲမှာ ဆိုတော့လဲ သတိထားပြီး မကြည့်လျှင် ဘယ်သူမှမမြင်။

"မမရယ်၊ နည်းနည်းလောက် ပြန်ချစ်ပါလားဗျာ"

"......................"

"ကျွန်တော့်ကို နမ်းပါ မမရယ်"

"အိုကွယ်....မမရှက်လှပြီစည်သူ၊ ပြန်ကြပါစို့ကွာ"

"ပြန်စရာလား မမရဲ့၊ ချစ်တယ်ဗျာ"

စည်သူ့အသံက လှိုက်မောတုန်ယင်ပြီး ကတိမ်းကပါး နိုင်လှချေသည်။

"ချစ်မယ်ပြောပါလားမမရဲ့၊ အစ်ကိုဝေယံ ပြန်မလာခင် အချိန်အပိုင်းအခြားအထိပဲ ကျွန်တော့်ကို ပြန် ချစ် ပါ၊ လက်ခံပါနော်၊ ကျွန်တော့်ဘက်ကရပါတယ်၊ မမကြည်ဖြူ သလောက်ပဲ ချစ်မှာပါ"

အချစ်လွန်ပြီး တွေ့ရာလျှောက်ပြောနေသည်။

"မင်း....မင်း မမကို ဘယ်လိုအစား ထင်နေပြီလဲဟင်၊ မင်းအပေါ် မမလိုက်လျောတာတွေဟာ မှား ပြီ ထင် တယ် စည်သူ"

ပိုင်က ပြောယင်း ငိုသံပေါက်လာသည်။ ဒေါသ ပါ လာ၏။





"အို....မမကလဲဗျာ၊ ဘာဖြစ်သွားရတာလဲ"

"မှင်း မမသိက္ခာကို စော်ကားတယ်မဟုတ်လားစည်သူ"

"ဘာ စော်ကားလို့လဲဗျာ"

"ကိုဝေယံပြန်မလာခင် မင်းတောင်းဆိုသမျှ လိုက်လျော ပါလို့ ပြောတာက ဘာသဘောလဲ စည်သူ၊ မမသိက္ခာ ဒီလောက်ပဲ မရှိတော့ဘူးလားကွယ်"

ပိုင် ရင်ထုမနာ ပြောလိုက်မိသည်။

"မမကိုဝေယံဦးကိုမှ မဖြတ်နိုင်ပဲ၊ သူပြန်လာတာနဲ့သူနဲ့ပဲ လက်ထပ်ရမှာ မဟုတ်လား၊ ဒါကြောင့် သူပြန်မလာခင်လို့ တောင့်တောင့်တတ ပြောမိတာပါဗျာ၊ မမကို အထင် မသေးရဲပါဘူး၊ အထင်ပဲကြီးပါတယ်"

"......................"

"မငိုနဲ့မမရယ်၊ မငိုနဲ့....မငိုနဲ့ဗျာ"

ပိုင့်မျက်နှာကို သူ့လက်ဝါးဖြင့် အတင်း မျက်ရည် သုတ် ပေးပြန်သည်။ ပြီးတော့ လက်မောင်းတွေကို ငုံ့၍နမ်းပြန် သည်။ ပခုံးဝိုင်းကလေးတွေကိုလည်း နမ်းပြန်သည်။

ပိုင်တယောက် ရုပ်ရှင်ဘာတွေပြနေမှန်းပင်မသိ။ စည်သူ လုပ်သမျှ၊ ဆိုးသမျှ အသည်းတထိတ်ထိတ်။ ရင်ခုန်လှစွာဖြင့် ငြိမ်နေရပါတော့သည်။

ဪ....ချာတိတ်က အချစ်မှာတော့ ပညာပါသည်။ နှုးညံ့လိုက်၊ ကြမ်းတမ်းလိုက်၊ ညင်သာပျော့ပျောင်းလိုက်၊ အသည်းခိုက် ထိတ်လန့်စရာဖြစ်လိုက်နှင့် ပိုင့်ရင်ထဲမှာတသိမ့်သိမ့် တဖြိမ့်ဖြိမ့် နှစ်သက်ကြည်နူးအောင် တမင်ဆွဲဆောင်နေရော့သလား၊ ဟုတ်မှာပါလေ ပိုင်စွဲအောင် တမင်အစွမ်းကုန် ချစ်ပြနေတာပဲ ဖြစ်ရမယ်....

ရုပ်ရှင်အပြီး အိမ်ပြန်လာတော့ ပိုင်ထိန်းမနိုင် သိမ်းမရလောက်အောင် မူပျက်နေသည်။ သူ့အခန်းထဲ တန်းဝင်သွားပြီး အိပ်ရာပေါ် ပစ်လှဲနေမိ၏။ ထမင်းလဲ ထစားချင်စိတ် မရှိတော့။

ရင်ဖိုနေသည်။

စည်သူ၏ အယုအယတွေက စွဲမက်ချင်စရာပါလား၊ ပိုင့်အပေါ် ဘာလို့ ဒီလောက် ဆွဲဆောင်နေရပါလိမ့်၊ ပိုင့် ရင်ထဲမှာ ဘာလို့ ဒီလောက် နူးညွတ် ဆူဝေနေရပါသလဲ။

အတွေ့ကိုယစ်မူးသည်ပြောရလောက်အောင်လည်း ဝေယံဦးနှင့် ချစ်သက်တမ်းတလျှောက် ပိုင် အတွေ့အကြုံ ရင့်လှပေပြီ။

ဝေယံက တတွတ်တွတ် ရန်တွေ့သည်။ သဝန်ကြောင်သည်။ တရှိုက်မက်မက် နမ်းတတ်သည်။





စည်သူက သူ့အချစ်စိတ်အာရုံ တခုလုံးကို ပိုင့် ရင်ခွင်မှာ နှစ်မြှောနေခဲ့သည် မဟုတ်လား။ စည်သူ့ အချစ်က ပိုပြီး လေးနက်ပြင်းထန်လွန်းလှသည်။

သည်တော့ စွဲမက်ချင်လာသည်။

အနေကလည်း နီးသည် မဟုတ်လား။

ကယုကယင် ပြုနေတာ ခံနေရတာကလည်း အချိန်တိုင်း၊ နေ့စဉ်နေ့တိုင်း ပိုင့် ရင်ထဲမှာ စိတ်မကောင်းစရာတခု ဖြစ်ခဲ့ရ၏။

ရုပ်ရှင်ရုံက အထွက်တွင် ရုံထဲဝင်ရန် လက်မှတ်ဝယ်နေသည့် အောင်အောင်နှင့် ပက်ပင်းတိုးကြ၏။

ပိုင်က ပျာပျာသလဲ မလုံမလဲ အမူအရာဖြင့်....

"အောင်အောင်ပါလား၊ ရုပ်ရှင်လာကြည့်သလား"

"ဟုတ်ကဲ့ မမ၊ မမတို့ ကြည့်ပြီးပလား"

"ဟိုလေ စည်သူ စာမေးပွဲအောင်လို့ မမကို ပူဆာတာနဲ့ လာလိုက်ပြတာ၊ သွားမယ်နော် အောင်"

စကားကို ရေပက်မဝင်အောင် ဖာဖာထေးထေး ပြောပြီး စည်သူ့နောက်မှ သုတ်ခြေတင်လစ်ခဲ့မိသည်။

စည်သူကတော့ ဣန္ဒြေပင်မပျက်၊ အောင်အောင့်ကိုပါ နှုတ်မဆက်၊ သူစိမ်းပြင်ပြင် ကြည့်သည်။

အောင်အောင့် ရင်ထဲမှာ လုံးဝ မကျေနပ်နိုင်။

ဝေယံဦးက ပိုင်နှင့် စည်သူ့ အခြေအနေ စောင့်ကြည့်ရန် သေသေချာချာ မှာထားခဲ့သည် မဟုတ်ပါလား။

သူ့ အစ်ကိုထံရေးမည့်စာထဲမှာ သည်အကြောင်း ပါမည်ဆိုတာကို ပိုင်သာ ကြိုတင်သိလျှင် ဘယ်လိုနေမလဲ မသိ။

အောင်အောင်ကတော့ ရှုပ်ရှင်ကြည့်ပြီး အိမ်ပြန်ရောက်သည်နှင့် ထိုအကြောင်းကို ဝေယံဦးထံ စာလှမ်းရေးသည်။

* * *



အခန်း (၃၁)

"ခိုင်"

"မမ"

"ခိုင် ဘာဖြစ်နေလဲ မမကို ပြောစမ်း"

"ဘာ....ဘာမှ မဖြစ်ပါဘူး မမ"

"မညာပါနဲ့ ခိုင်၊ နင် တခုခု ဖြစ်နေတဲ့ပုံပဲ"

"အို....ဘာဖြစ်ရမှာလဲ"

"နင် အရမ်း ပိန်သွားတယ်၊ ပြီးတော့ ထမင်းလဲ သိပ်မစားဘူး၊ နေမကောင်းယင်လဲ ကျောက်ဆည် ပြန်ရအောင်ဟုတ်လား၊ မမလဲ ကျောက်ဆည်မှာ ပြန်နေမယ်လေ"

"ဟင့်အင်း၊ ခိုင် မပြန်ချင်ဘူး"

"ကျောက်ဆည်မှာ နေကောင်းအောင် ကုပြီးယင် ပြန်လာလို့ရတာပဲ ခိုင်ရယ်"

"ဟင့်အင်း၊ မပြန်ချင်ဘူး"

ခိုင်က ဇွတ်ငြင်းနေသည်။

စည်သူ သူ့ခေါင်းသူ တဗျစ်ဗျစ် ကုတ်လိုက်မိ၏။

ညီအစ်မနှစ်ယောက် ပြောနေသည့် စကားကို အတိုင်းသား ကြားနေရသည်မို့ စိတ်မချမ်းသာနိုင်။

ခုတလော ခိုင် အခြေအနေ ဆိုးသည်။

တမှိုင်မှိုင် တတွေတွေ။

ဘာမျှ မည်မည်ရရ မစား၊ မျက်နှာလေးက ချောင်ပြီး ပိန်လှီနေသည်။

"ဝေါ်"

"ဟင်"

ခိုင် အန့်လိုက်သဖြင့် ပိုင် လန့်သွားသည်။

"ဝေါ့"

ခိုင်က ရင်ဘတ်ကို လက် ဖြင့် ထောက် ယင်း အော့အန်နေသည်။





"ခိုင် နင် ရိုးမှ ရိုးရဲ့လား"

ပိုင် စိုးရိမ်စွာ မေးသည်။

အော့အန်နေသည့် ခိုင့်ကို ကြည့်ပြီး ပိုင် တယ်လီဖုန်းနား ရောက်လာသည်။

"ဟဲလို....ဒေါက်တာဖွေးလား"

"...................."

"ပိုင်ပါ၊ ဖွေးအားယင်ခဏလာခဲ့ပါလား၊ ပိုင့်ညီမလေး နေမကောင်းလို့"

ပြောပြီး ပိုင် ဖုန်းချလိုက်သည်။

"ခိုင် ဘာဖြစ်တာလဲ ပိုင်"

ဒေါ်အောင်မေက လှမ်းမေးသည်။

"အန်နေတယ်၊ ဒေါက်တာခေါ်ပြမလားလို့ ဖုန်းဆက်တာပါ အန်တီ"

"ကောင်းသားပဲ၊ ထမင်းလဲကောင်းကောင်းမစားဘူး၊ အစာအိမ် အချဉ်ဖောက်တာထင်ပါရဲ့"

ဒေါ်အောင်မေက ခပ်ပေါ့ပေါ့ပင်တွေးသည်။

ခဏကြာတော့ ဒေါက်တာရောက်လာ၏။

"ဟင့်အင်း....ဟင့်အင်း၊ ခိုင် ဆရာဝန်နဲ့ မပြချင်ဘူး"

ခိုင် အကြောက်အကန်ငြင်းသည်။

ပိုင်က အတင်းအကျပ် ဆွဲခေါ်လျက် ဆရာဝန် ဖွေးကို စမ်းသပ်စေသည်။

ဒေါက်တာဖွေး မျက်နှာပျက်သွားသည်။

"ဘာရောဂါလဲဟင် ဖွေး"

"ပြောရမှာ ခက်လိုက်တာ ပိုင်ရယ်"

ဖွေးက အားနာဟန်ပြော၏။

"ပြောသာပြောပါဖွေး၊ ပိုင့်ကို ဘာမှအားမနာပါနဲ့"

"ပိုင့်ညီမမှာ ကိုယ်ဝန်ရှိနေတယ်"

"ဟင်...."

ပိုင် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

"အို....မဟုတ်ဘူး....မဟုတ်ဘူး"

ခိုင်က အော်ပစ်သည်။ ပြီးတော့ ရှိုက်ငိုသည်။

"ခိုင် မမကို မညာနဲ့တော့၊ခိုင့် အခြေအနေပျက်နေတာ ကြာပြီ၊ မမကခိုင့်ကိုကြည့်ပြီး တမျိုးထင်နေတာလဲ ကြာလှပြီခိုင်၊ အမှန်ကိုပြောပြမှပေါ့"

ပိုင်ချော့သလို မာန်သလိုပြောလိုက်ပေမယ့် ခိုင်က ရှိုက်ငိုနေဆဲ...."

"ကဲ....ဖွေးကို ပြန်ခွင့်ပြုပါဦး ပိုင်"

"ဖွေးရယ်၊ ပိုင်ဘယ်လိုလုပ်ရမလဲဟင်"





စိတ်ပျက်အားလျော့စွာဖြင့် ပိုင်ပြောလိုက်မိ၏။

"အကောင်းဆုံးကတော့ ကလေးအဖေဘယ်သူလဲဆိုတာ ရအောင်မေးပေတော့ပိုင်၊ ကလေးဖအေသိယင် လက်ထပ်ဖို့ စီစဉ်ပေးလိုက်တာ အကောင်းဆုံးပဲ"

ပိုင် စဉ်းစားမတတ်သလို မျက်စိမျက်နှာ ပျက်နေလေသည်။ ဖွေးကို အိမ်ဝအထိ ပိုင် လိုက်ပို့၏။

"ဖြစ်လာမှတော့ ခေါင်းအေးအေးနဲ့ ဖြေရှင်းပါပိုင်"

ဖွေးက အားပေးလိုက်သည်။

ခဏကြာတော့ ဒေါက်တာ ဖွေး၏ ကားလေး ခြံထဲမှ ထွက်သွားသည်။

စည်သူ အိမ်ပေါ်ပြန်တက်ခဲ့ပြီး ခိုင့်အခန်းနားမှာ ကပ်ပြီး နားထောင်သည်။

"မမ မေးတာ ဖြေစမ်း ခိုင်၊ ကလေးအဖေ ဘယ်သူလဲ"

"ခိုင် မသိဘူး"

"ခိုင် မညာနဲ့၊ မိန်းကလေးတိုင်းဟာ ကိုယ်နဲ့မှားတဲ့လူကို မသိပဲနေပါ့မလား၊ အမှန်ကိုပြောစမ်း ခိုင်"

"မသိဘူး၊ ခိုင် မသိဘူး"

ခိုင် ရှိုက်ငိုလိုက်သဖြင့် ပိုင် မမေးရဲတော့။ လောလောဆယ် သူ့ညီမအကြောင်း အန်တီ ဒေါ်အောင်မေတို့ သိမှာစိုးသည်။ အရှက်ကွဲမှာစိုးသည်။

နောက်မှ ချော့မော့ မေးတော့မည်။
ခိုင့်ကို ကော်ဖီပူပူလေးဖျော်တိုက်ပြီး ချော့မော့နေသည်။
"ခိုင်၊ အားရှိအောင် အိပ်လိုက်နော် ဟုတ်လား၊ ဒီကိစ္စအတွက် မမ ကူညီမယ်၊ ခိုင် စိတ်ညစ်ပြေတဲ့အခါ မမကို ဖွင့်ပြောပြ"
ခိုင် ငြိမ်နေသည်။ စည်သူက သူ့အခန်းရှိရာသို့ ပြန်လစ်ခဲ့၏။ ပိုင်က ခိုင့်နားမှာ ဝင်လှဲပြီး အိပ်လိုက်၏။
ညအတော်နက်နေပြီမို့ အိပ်ချင်ချင်နှင့် ပိုင် ခဏလေး အိပ်ပျော်သွားသည်။
ပိုင် အိပ်မောကျမှ ခိုင် ထလာခဲ့သည်။ စေ့ထားသော တံခါးကို တွန်းဖွင့်ပြီး အိမ်ကြီး၏အပြင်ဘက်သို့ တယောက်တည်း ထွက်လာခဲ့လေသည်။

* * *



အခန်း (၃၂)

နောက်တနေ့နံနက် ခိုင့်ကို မတွေ့ရ။
တအိမ်လုံးအနှံ့ရှာပေမယ့် ခိုင် မရှိတော့ပါ။
ခိုင်တယောက် ရှက်ရှက်နှင့် ထွက်ပြေးသွားလေပြီ။
ညီမအတွက် သောကဖြစ်ပြီး ပိုင့်မှာ ငိုလို့ မဆုံး။
တအိမ်လုံးလည်း ပျာယာခတ်ကုန်သည်။
ခိုင့်ကို နေရာအနှံ့ လိုက်ရှာကြ၏။ မတွေ့။
"ဘာမှ မစားပဲ ငိုမနေပါနဲ့ ပိုင်ရယ်၊ ခိုင် ကျောက်ဆည် ပြန်သွားသလားမှ မသိတာ"

ငိုနေသော ပိုင့်ကို ဒေါ်ဒေါ်မြက ဖျောင်းဖျနေသည်။

"ကျောက်ဆည်ကို ဖုန်းဆက်မေးတော့ မလာဘူးတဲ့ ဒေါ်ဒေါ်မြရဲ့၊ ခိုင်က သိပ်စိတ်ကောင်းတဲ့သူ မဟုတ်လို့ ပိုင် စိတ်ပူတာ"

"မပူပါနဲ့ ခိုင်ရယ်"

"ဒေါ်ဒေါ်မြ"

"ဘာလဲ ပိုင်"

"ခိုင်နဲ့ဖြစ်တာ ဘယ်သူလဲဆိုတာ ဒေါ်ဒေါ်မြ မရိပ်မိဘူးလား၊ ပိုင်တော့ သိပ်စဉ်းစားရကျပ်တာပဲ"

ဒေါ်ဒေါ်မြ သူ့ထင်ကြေးကို ပြောချင်နေသည်။

ပြောရမှာလည်း အခက်တွေ့နေရ၏။ တခါက စည်သူ အရက်မူးလာပြီး ခိုင်က စည်သူ့ အခန်းထဲမှ ထွက်လာတာ သူ့မျက်စိနဲ့ တပ်အပ်မြင်ခဲ့ရသည်ကော....

"ပိုင်ရယ် ပြောရမှာလဲ အခက်၊ ဒေါ်ဒေါ် ပြောချင်တာလဲ ရှိတယ်"

"ပြောစမ်းပါ ဒေါ်ဒေါ်၊ ပြောပြစမ်းပါ ရှင်"

ပိုင်က အတင်းအကျပ် တိုက်တွန်းနေမိသည်။ ဒေါ်ဒေါ်မြက အတန်ကြာ စဉ်းစားပြီးမှ ဖြစ်ကြောင်းရယ်ကုန်စင်ကို ပြောပြလိုက်မိပါတော့သတည်း။





"ဟင် ဒါဖြင့်....ဒါဖြင့် ဒီကောင်လေးနဲ့ ဖြစ်တာပေါ့၊ ဟုတ်လား ဒေါ်ဒေါ်မြ"

"တိုးတိုးပြောပါ ပိုင်ရယ်၊ တော်ကြာ သူ့မိဘတွေကြားသွားပါ့မယ်၊ ဒေါ်ဒေါ်မြကို အပြစ်ဖို့နေကြမှာ"

"အို.... အမှန်ကို ပြောတာပဲ ဘာကြောက်စရာလိုသလဲ"

စည်သူ....စည်သူ....အတော်မကောင်းတဲ့ကောင်ပါလား။ ပိုင့်လိုလူကိုတောင်အရှုးအမူးကျလောက်အောင်နှူးနေသေးတာပဲ၊ ခိုင့်လို မနူးမနပ်ကလေးအဖို့တော့ စည်သူ့လိုကောင်မျိုး ရင်ခွင်ထဲ ပစ်ကျခဲ့ပြီပေါ့လေ....တောက်။

ပိုင် ဒေါသဖြစ်ဖြစ်နှင့် စည်သူ့အခန်းထဲ ဝင်လာခဲ့သည်။

စည်သူက သူ့အခန်းထဲမှာ တခုခုကို ရှာနေ၏။ ပိုင့်ကို မြင်တော့....

"မမ"

"စည်သူ၊ မင်း....မင်း တို့ညီအစ်မအပေါ် အတော် ဒုက္ခပေးတာပါလား၊ မင်းကို ငါသိပ်ရွံသွားပြီ၊ သိလား"

စည်သူက ပိုင့်ကို နားမလည်နိုင်သလို ပြန်ကြည့်သည်။

"ဟာဗျာ၊ မမကလဲ၊ ကျွန်တော့်မှာ ဘာအပြစ်ရှိလို့လဲ ကျွန်တော့်မှာ အပြစ်မရှိပဲ ရမယ်ရှာပြန်ပြီဗျာ၊ ဒီမှာ ဗီရိုသော့ ပျောက်ရတဲ့အထဲဗျာ"

"မင်းနဲ့ ခိုင့်ကိစ္စ စည်သူ၊ မမ အားလုံး သိပြီးပြီ"

"ဗျာ"

မမျှော်လင့်ပဲ ကြားရသည့် ပိုင့်၏စကားကြောင့် စည်သူ မျက်လုံးပြူးသွားသည်။

"မင်း ဘယ်လို ဆုံးဖြတ်မှာလဲ၊ ပြောပါဦး"

"ကျွန်တော်နဲ့ ခိုင့်ကို စွပ်စွဲနေတာလား မမ"

"စွပ်စွဲတာ မဟုတ်ဘူး၊ သေချာပြောနေတာ၊ မင်း ခိုင့်ကို စော်ကားခဲ့ပြီပေါ့၊ ခိုင့်ကို ဘာလို့ လက်မထပ်တာလဲ"

"မမ မှားနေပြီ"

"မညာချင်ပါနဲ့ကွာ၊ မင်း ညာရက်သလား ဟင်၊ ခိုင်က မင်း ညီမ နှစ်ဝမ်းကွဲပါ စည်သူ၊ မမနဲ့က ငယ်ငယ်ကတည်းက တအိမ်ထဲနေလာရတဲ့ ညီအစ်မ ဖြစ်ပေမယ့် သေချာစပ်ယှဉ် သွေးမတော်ဘူး"

"ခက်တာပဲ မမရာ၊ ကျွန်တော် ခိုင့်ကို လက်ဖျားနဲ့တောင် မတို့ဖူးပါဘူး၊ စိတ်နဲ့လဲမဖြစ်မှားမိဘူး"

"မင်း ယောကျ်ား မဟုတ်ဘူးလား ဟင်၊ ယောကျ်ား ဆိုတာ အမှန်ကို ဝန်ခံရဲရတယ်ကွ သိလား"

"ဟာဗျာ....မမ စကားတွေက ကျွန်တော့် သိက္ခာကို စော်ကားနေပြီ၊ တော်ပါတော့ဗျာ၊ ခိုင့်ကို တွေ့အောင် ရှာပြီး မျက်နှာစုံညီရှင်းကြမှ အေးမှာပါ"





"မင်း....မင်း သိပ်လူမဆန်တဲ့ ကောင်"

ပိုင်က လက်သီးငေါက်ငေါက်ထိုးပြီး ရန်တွေ့နေ၏။

"ဒီမှာ မမ၊ ခိုင်က အုန်းမြင့်နဲ့ ငြိစွန်းတာ မဖြစ်နိုင်ဘူးလား ဗျာ"

"မင်း သက်သက် အကြောင်းရှာ စွပ်စွဲနေတာလား စည်သူ၊ တကယ်တော့ ကိုအုန်းမြင့်ဟာ ခိုင့်အပေါ်မှာ ညီမ အရင်းအချာ တယောက်လို အမြဲ ကြည့်ရှု စောင့်ရှောက်တဲ့ လူပဲ၊ မင်းလို အလေနတော လိုက်ချင်တဲ့ ကောင်မျိုး မဟုတ်ဘူး"

"တော်တော့ဗျာ မမ"

"မတော်နိုင်ဘူး၊ မင်းကို ငါ သိပ်မုန်းတယ်"

"ဘာ"

ပိုင်၏ လက်မောင်းနှစ်ဘက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး ပိုင့်ကိုယ်လေးကို လှုပ်ယမ်းပစ်လိုက်လေသည်။

"ကျွန်တော့်ကို မုန်းတယ်ဆိုတဲ့စကား မကြားချင်ဘူး၊ ကျွန်တော့်ကို မကျေနပ်ယင် သတ်လိုက်ဗျာ"

ပိုင့်ကိုယ်လေးကို ဆောင့်တွန်းပစ်ပြီးခြာကနဲ လှည့်ထွက်သွားတော့၏။ အိမ်ပေါ်မှ ခြေသံပြင်းပြင်းနှင့် ဆင်းသွားသည်။

ခဏကြာတော့ သူ့ကားစက်သံ ကျယ်ကျယ် လောင်လောင်ကို ကြားလိုက်ရ၏။ သူအပြင်ထွက်သွား၏။

ညနေစောင်းချိန်ထိ ပြန်မလာ။

ဒေါ်အောင်မေနှင့် ဦးထွန်းဘော်လည်းမရှိကြ။ ဦးထွန်းဘော်က အရေးတကြီး အစည်းအဝေးတခုသို့ သွားရသည်။ မတက် မဖြစ်သည့် အစည်း အဝေးမို့ သွား တက် ရ ၏။ ဒေါ်အောင်မေက ခိုင့်ရှာပုံတော် ဖွင့်နေသည်မို့ အိမ်မကပ်နိုင်။

မှောင်ရီပျိုးချိန်တွင် မော်တော်ဆိုင်ကယ်နှင့် စည်သူ့နှင့် ရွယ်တူကောင်လေးတယောက် ရောက်လာသည်။

"မမယမင်းပိုင် ရှိပါသလားခင်ဗျာ"

"ရှိပါတယ်၊ ဘာကိစ္စလဲကွယ်"

"စည်သူ စာပေးခိုင်းလိုက်လို့ပါ"

ပိုင်က စာအိတ်လေး လှမ်းယူပြီး ဖွင့်ကြည့်လိုက်၏။

မမ....

ခိုင့်ကိုပြန်တွေ့ပြီ၊ ကျွန်တော်ပြန်ခေါ်တာ စိတ်ကောက်ပြီး ပြန်မလိုက်ဘူးလုပ်နေလို့၊ မမလိုက်ခဲ့ပါ၊ ကျွန်တော် လမ်းသုံးဆယ်ထိပ်မှာ စောင့်နေတယ်။ ကျွန်တော် ခိုင့်ကိုလက်ထပ်ယူပါတော့မယ်မမ။

စည်သူ။





အို....ပိုင် ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။

တကိုယ်လုံး တဆတ်ဆတ်တုန်အောင် ဝမ်းသာကြည်နူးရပါဘိ။ စည်သူကသူ့အမှားကို သူဝန်ခံပြီပေါ့၊ ခိုင့်ကို ပြန်ချော့ခေါ်တာ မရဘူးဆိုတော့ ခိုင်က မူနေတာ ဖြစ်မှာပါ။

ပိုင်က မစဉ်းစားနိုင်ပဲ စည်သူစောင့်နေသည့်နေရာ လိုက်သွားရန် ဆုံးဖြတ်မိ၏။

"ကျွန်တော်နှင့် တခါတည်းလိုက်ခဲ့ပါမမ"

လာခေါ်သူကပြော၏။

"မမ တက္ကစီနဲ့ပဲ လိုက်ခဲ့မယ်နော်"

တက္ကစီထွက်ငှားပြီး မော် တော် ဆိုင် ကယ် နောက်မှ မောင်းစေရသည်။ လမ်းသုံးဆယ် ထိပ် မှာ စည်သူ စောင့်နေသည်။

"ခိုင်ရောစည်သူ၊ ခိုင်ဘယ်မှာလဲ"

"မမညီမက ရှက်ပြီးပြန်မလိုက်ဘူး အတင်း ငြင်းနေလို့ ထားရစ်ခဲ့ရတယ်၊ မြောက်ဥက္ကလာပမှာ"

"ဟင်....ဟုတ်လား"

"မြောက်ဥက္ကလာမှာ ခိုင်နဲ့ကျွန်တော် ချိန်းတွေ့နေကျ အိမ်တအိမ်ရှိတယ်၊ အဲဒီကိုရောက်နေတာ၊ သူ့အဲဒီကို ထွက်

သွားမယ်ထင်လို့ ကျွန်တော်လိုက်သွားတော့ အဲဒီမှာ ခိုင်ရှိနေတယ်"

"မမ ဝမ်းသာပါတယ် စည်သူရယ်"

ပိုင်က ဝမ်းသာအားရ ပြောလိုက်သည်။

"ခိုင့်ဆီ မမပါ လိုက်ခေါ်မှာလား"

"လိုက်ခဲ့မယ်လေ"

စည်သူက သူ့ကားဖြင့် ပိုင့်ကိုခေါ်လာခဲ့သည်။

မြောက်ဥက္ကလာ မြို့စွန် ခြံကျယ်ကြီးတခုရှေ့တွင်စည်သူ့ကားထိုးဆိုက်လိုက်တော့ မှောင်နေပြီ။

ခြံထဲရှိ အိမ်ခပ်သေးသေး တလုံးပေါ်တွင် လျှပ်စစ် မီးရောင် လဲ့လဲ့ကိုသာမြင်ရ၏၊ ကားပေါ်မှ ဆင်းလာခဲ့ကြသည်။

စေ့ထားသော တံခါးကိုတွန်းဖွင့်ပြီး ပိုင်နှင့်စည်သူ ဝင်လာခဲ့ကြသည်။

"ခိုင်ရေ၊ ခိုင်၊ မမလိုက်လာတယ်ဟေ့"

အိပ်ခန်းဘက်သို့ လှမ်းပြီး စည်သူအော်ပြောလိုက်သည်။

"ခိုင်....ထွက်လာလေ"

ခိုင်က အသံမပေး၊ ခိုင့်အသံကိုမကြား၍ ပိုင် အားမလိုအားမရ ဖြစ်နေမိသည်။





"ခိုင်၊ မမလိုက်လာတယ်၊ ထွက်ခဲ့ပါအုံး"

ပိုင်ကပါ လှမ်းခေါ်ပေမယ့် ခိုင် ထွက်မလာ။

"မမညီမက သိပ်ရှက်နေတာဗျ"

စည်သူက ခပ်တိုးတိုးပြောလိုက်ပြီး ပိုင့် ကို အကူအညီတောင်းသလို ကြည့်လိုက်သည်။

"မမကိုယ်တိုင် ဝင်ခေါ်ဗျာ"

ပိုင့်စိတ်ထဲတွင် စနောင့်စနင်းဖြစ်ပြီး အခန်းထဲဝင်လာခဲ့သည်။ အခန်းထဲမှာ ခိုင်မရှိ၊ ဘယ်သူမှမရှိ။

"ဟင်....စည်သူ"

ပိုင့်နောက်မှ ထပ်ကြပ်မကွာ လိုက်ဝင်လာသည့် စည်သူ့ကို ပိုင်ထိတ်လန့်တကြီး မော့ကြည့်လိုက်သည်။

"သိပ် လန့်သွားသလားမမ၊ဟား....ဟား....ဟား"

စည်သူက အခန်းတံခါးကို ချက်ထိုးပိတ်လိုက်ပြီး တဟားဟား ရယ်နေသည်။

"မင်း....မင်း....မမကို...."

"ဟုတ်တယ်၊ချစ်လို့ ခေါ်လာခဲ့တာ၊ပြီးတော့ နာကျည်းလွန်းလို့၊ မခံချင်လွန်းလို့"

ပိုင်၏ လက်မောင်းနှစ်ဘက်ကို ဆုပ်ကိုင်ပြီး အံကြိတ်၍ပြောသည်။

"မင်း နာကျည်းအောင် မမ ဘာလုပ်ခဲ့မိသလဲ စည်သူ"

"ခိုင့်ကို မကြံခဲ့ပဲ စွပ်စွဲခဲ့တာလေ မမ"

"ဒါကတော့ မင်းနဲ့ခိုင့်ကို မမက သံသယဖြစ်ခဲ့တာကိုး"

"ခိုင်နဲ့ဖြစ်တာ အုန်းမြင့်ပဲ မမ၊ အုန်းမြင့်နဲ့ခိုင် ညရထား နဲ့ ကျောက်ဆည်ပြန်သွားခဲ့တာ မေ့ပြီလားဗျ၊ တဆိတ်ရှိ ဒီကောင့်ကိုပဲ စွပ်စွဲချင်ကြတယ်၊ ဘယ်လောက် ကောင်း အောင် နေနေ ဒီလောက်မကောင်းထင်ခံရတဲ့အတူတူ၊ မထူး တော့ဘူး ဗျာ"

ပိုင် ထိတ်လန့်လွန်းသဖြင့် ခြေဖျား လက်ဖျားတွေ အေး စက်လာသည်။ စည်သူ့ မျက်လုံးတွေက စူးရှလွန်း၍ ပိုင် ရင်တုန်နေလေသည်။

"စည်သူ"

"ဘာလဲမမ"

"လာပြန်စို့၊ မင်း ငါ့ကို ဒီလိုမလုပ်နဲ့"

"ဟောဗျာ၊ ဘာလုပ်လို့လဲ"

"ဘာလို့ ညာပြီး ခေါ်လာရသလဲ"

"ဩော်....ဒါလား၊ စည်သူ့အကြောင်းကို သိစေချင် လို့ပါ"

"ဘာရယ်"

စည်သူက ဟက်ကနဲ ရယ်ချပစ်လိုက်လေသည်။





"သိပ်လဲ လန့်မနေပါနဲ့လေ၊ စည်သူဆိုတဲ့ ကောင် ဘယ်လောက် စိတ်နိုင်တယ်ဆိုတာ မမ သိစေချင်လို့ ခေါ် လာတာဗျ"

ပိုင်က မယုံနိုင်သလို စည်သူ့ကို ကြည့်နေမိ၏။

စည်သူက ပိုင့်ကို အခြောက်တိုက် ထိုင်ကြည့်နေသည်။ တဦး၏ရင်ခုန်သံကို တဦးက ကြားလောက်အောင်ပင် တခန်း လုံး တိတ်ဆိတ် ငြိမ်သက်နေ၏။

ပိုင်က သူ့လက်မှ နာရီကို ငုံ့ကြည့်လိုက်မိ၏။

ည(၉)နာရီထိုးတော့မည်။

"စည်သူ"

စည်သူက ခပ်ထေ့ထေ့ ပြန်ကြည့်လာ၏။

"ပြန်ကြပါစို့ကွယ်၊ အန်ကယ်တို့ စိတ်ပူနေကြမယ်"

"ကျွန်တော့်ကို နားလည်ပြီလား မမ၊ ပြောပါ"

"နားလည်ပါပြီ၊ စည်သူဆိုတဲ့ ဝါတော် ရှစ်ဆယ် ကိုယ်တော်လေးရယ်၊ နားလည်ပါပြီ"

ပိုင်က ခနဲ့တဲ့တဲ့ ပြောလိုက်၏။

"မမလောက် ကျွန်တော်ချစ်ရတဲ့သူ ဒီကမ္ဘာမှာ မရှိဘူး ဗျ၊ ကျွန်တော် အသည်းနင့်အောင် ချစ်ရတဲ့သူကိုတောင်

အလှကြည့်ရုံသက်သက် စိတ်ထိန်းနိုင်ယင် ခိုင့်လို မောင်နှမ တော်တဲ့ မိန်းကလေးကို ပြစ်မှားပါ့မလား မမ"

"ယုံပါပြီကွယ်၊ ပြန်ကြပါစို့"

စည်သူက ထိုင်ရာမှထပြီး အခန်းပြင်သို့ ထွက်ခဲ့သည်။ အိမ်ပေါ်မှတန်းဆင်းသွားပြီး ကားတံခါးဖွင့်ပြီး ရပ်စောင့်နေ၏။ ပိုင်က ကမန်းကတန်း ကားပေါ် တက်လိုက်မိသည်။

စည်သူက ကားစက်ကို နှိုးလိုက်၏။

"စည်သူ"

"ဘာလဲ မမ"

"ဒါ....ဒါ ဘယ်သူ့အိမ်လဲ"

"ကျွန်တော့် သူငယ်ချင်း တယောက် အိမ် ပါ မမ၊ ဒီကောင်က တယောက်ထဲသမား၊ သူ ခဏ ရှောင်ပေးနေတာ ပါ၊ ပြန်လာပါလိမ့်မယ်"

ပိုင် သက်ပြင်းမောလေး ချလိုက်၏။

သူတို့ကားကို တနေရာမှ စောင့်ကြည့်နေသူက အောင်အောင်၊ ခိုင်ပျောက်သွားကြောင်းသိရကတည်းက သည်ဘက် အိမ်ကို မသကာ၊ ပိုင့်ကို မော်တော်ဆိုင်ကယ်ဖြင့် ကောင်လေး လာခေါ်တာကိုလည်း အောင်အောင် တွေ့သည်။





ပိုင့်နောက်သို့ နောက်ယောင်ခံလိုက်လာပြီး စည်သူနှင့် ပိုင့်ကို အမိအရတွေ့သွားလေပြီ။ အောင်အောင့် ခံပြင်းစိတ်က တားမနိုင်ဆီးမရတော့ပါ၊ ဝေယံဦးထံ စာချက်ချင်း ရေးရမည်–

ပိုင်နှင့်စည်သူ ပြန်ရောက်သည်နှင့် ဦးလေးထွန်းဘော်တို့ လင်မယားမှာ စိတ်ပူပင်နေရာမှ စိတ်အေးသွား ဟန်ဖြင့်–

"ဒီမောင်နှမ ဘယ်တွေ လိုက်လျှောက်သွားနေတာလဲ" ဟု မေးကြသည်။ စည်သူက ခပ်တည်တည်ဖြင့်....

"ခိုင့်ကို လိုက်ရှာနေကြတာဖေဖေ"

"ခိုင် ကျောက်ဆည်ရောက်နေပြီတဲ့၊ ခိုင်က ကျောက်ဆည် က အုန်းမြင့်ဆီ တန်းပြန်တာကိုး၊ ခုပဲ ဦးသာဆီက ဖုန်း လာတယ်"

စည်သူက ပိုင့်ကို အဓိပ္ပာယ်နှင့် ကြည့်လေသည်။

"ကဲ ကျွန်တော် မပြောလား မမ"

ပိုင် ရှက်ပြုံးပြုံးနေမိသည်။

"အုန်းမြင့်နဲ့ မှားကြတာလို့ နှစ်ယောက်စလုံး ဝန်ခံကြ တယ်တဲ့၊ မနက်ဖြန်မနက်ရုံးမှာ လက်မှတ်ထိုးပြီး ယူကြလိမ့် မယ်၊ မင်္ဂလာပွဲကို အကျဉ်းရုံးပြီး ကျောက်ဆည်မှာပဲ လက် ထပ်မှာလေ....အစ်ကိုကြီး ဦးသာက အကျိုးအကြောင်းတွေ ကို ဖုန်းနဲ့ခုပဲပြောတာ။

ဒေါ်အောင်မေက ဝမ်းသာအားရ ရှင်းပြနေသည်။

"ခိုင်သိပ်မိုက်တာပဲ"

ပိုင်အပြစ်တင်နေမိသည်။

"မိုက်ပေမယ့် ကံကောင်းပါတယ်၊ မောင်အုန်းမြင့်တို့ဘက်က ခိုင့်ကို အတော်စုံစုံမက်မက်ရှိကြတယ် ဆိုပဲ"

"ကြားရတာ ဝမ်းသာပါတယ် အန်တီရယ်"

ပိုင်ပြောပြီး သူ့အခန်းထဲ ဝင်လာခဲ့သည်။

မင်းကို ဘယ်လိုနားလည်ရမလဲ စည်သူရယ်ဟု တယောက်တည်းညည်းနေမိသည်။

* * *



အခန်း ( ၃၂

"ဟင်"

ပိုင်အံ့သြသွားသည်။ ပြီးတော့ မျက်နှာကို လက်ဝါးနှင့် အုပ်ပြီး ရှိုက်ငိုမိ၏။

တအိမ်လုံးလည်း အံ့သြနေကြသည်။

သတင်းစာအားလုံးတွင် ဝေယံဦးဘက်မှ သူနှင့်ပိုင်၏ စေ့စပ် ကြောင်းလမ်းခြင်း ကိစ္စကို ဖျက် သိမ်း လိုက် သော ကြောင့်....

ထိုနေ့မှာပင် ဝေယံဦးထံမှ စာကို လက်ခံရရှိသည်။ ယမင်းပိုင်....

မင်းနဲ့ လက်တွဲဖို့ကိစ္စကို ဖျက်သိမ်းလိုက်ပြီ၊ဘာ ဖြစ်လို့လဲဆိုတာကိုတော့ ရှင်းပြစရာ မလိုတော့ဘူး ထင်ပါတယ်၊ မင်းနဲ့စည်သူမြောက်ဥက္ကလာ မြို့စွန်က အိမ်တအိမ်ကို နှစ်ယောက်တည်း ညအချိန်မတော်မှာ သွားခဲ့ကြတဲ့ ဇာတ်လမ်းကို မင်းသိမှာပါနော်.... ဒါပါပဲ။

ဝေယံဦး

စာက လွန်ခဲ့သည့် တလ နီးပါးခန့်က ထည့်လိုက်သည့် စာဖြစ်လေသည်။

ပိုင်ဆို့နင့် ကြေကွဲစွာ ငိုနေမိသည်။

လူကြီးတွေက ပိုင်တို့အဖြစ်ကို နားမလည်။

ဝေယံဦးသက်သက်မဲ့ သစ္စာပျက်သည် ဟု ထင်ပြီး စိတ်နာသွားကြသည်။

စည်သူကသူ့ပယောဂမှန်းသိ၍ပိုင့်အတွက်စိတ်မကောင်း ခြင်းကြီးစွာ ဖြစ်မိရသည်။





မမရယ်၊ ကျွန်တော်လေ ဒီလိုဖြစ်လာပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်ခဲ့တာ မဟုတ်ပါဘူးဗျာ....

..................................

"ကျွန်တော့်ကို ခွင့်လွှတ်ပါနော်"

စည်သူ့ကို ပိုင်စူးစိုက် ကြည့်လိုက်၏။ ပိုင့်မျက်နှာတွင် အမြိုး ထားခြင်း၊နာကျည်းခြင်းတွေလဲ မရှိတော့ပြီ၊ ခွင့်လွှတ်ခြင်း အရိပ်အရောင်တွေသာ မြင်ရသည်။

"ကျွန်တော့်ကို ခွင့်လွှတ်ပါနော်"

"မမ ဘယ်လိုမှ သဘောမထားပါဘူး စည်သူ၊ ကိုဝေယံဦးဟာ သိပ်သဘောထားသေးသိမ်တဲ့သူပါကွယ်၊ တကယ်ဆို မမကို မေးသင့်ပါသေးတယ်"

"သူ့ဘက်က ကြည့်ယင်တော့ မှန်ပါတယ်မမရယ်"

"မမနားလည်ပါတယ်ကွယ်"

"ကျွန်တော့်ကို မမ ပိုမုန်းသွားပြီလားဗျာ"

"မမုန်းပါဘူးစည်သူ၊ တကယ်တော့ မမရဲ့စိတ်ကို မမ လှည့်စားနေခဲ့မိတာပါ၊ မမရင်ထဲမှာ စည်သူ အမြဲရှိနေခဲ့တာ ကြာပါပြီကွယ်"

"အို....တကယ်လား မမရယ်"

ပိုင့်ကိုယ်လေးကို ဝမ်းသာ အားရဆွဲဖက်လိုက်သည်။ နှစ်ယောက်လုံးမျက်ရည်တွေ ရစ်ဝိုင်းလာကြသည်။

"မမ– ကျွန်တော့်ကို ချစ်ပြီလားဟင်"

.... .... ....

"ဖြေစမ်းပါဗျာ"

.... .... ....

"ကျွန်တော့်ကို ချစ်ပြီလားလို့"

"အို မမ....မဖြေချင်ဘူးကွယ်"

"ဖြေစမ်းပါ မမရယ်.... ဖြေပါဗျာ"

ပိုင့်ပါးပြင်လေး နှစ်ဘက်ကို ကြမ်းကြမ်းရမ်းရမ်း နမ်းပစ်လိုက်သဖြင့် ပိုင်က သူ့မျက်နှာကို ရှုန်းလိုက်ပြီး....

"မင်းကြောင့် သိပ်စိတ်ညစ်ရတာပါပဲလားစည်သူရယ်"

ဟု ခပ်တိုးတိုး ညည်းလိုက်မိ၏။





နောက်ထပ်သုံးလခန့်အကြာတွင်တော့ လူတိုင်း အံ့သြကြမည့် သတင်းတခုသတင်းစာတိုင်းမှာ ပါလာခဲ့လေသည်။

ကျော်စည်သူ (1st. Year MB..B.S. Rgn.)

နှင့်

ယမင်းပိုင် (M.Sc.Q)

တို့၏ စေ့စပ်ကြောင်းလမ်းခြင်းသတင်းပေတည်း....

စာရှုသူအပေါင်းကို ခင်မင်လေးစားလျက်....



တ/ဆ ဉာဏ်ဝင်းစာပေ

စာမူး ၁၄၀၇

...ကြီး၊ရန်ကုန်။

ကြည်ကြည်မြင့်

စာပေ

...တိ(၂)၃ လမ်းနှင့်တောငလမ်းထောင့်၊...

ဉာဏ်ဝင်းစာပေ